# လိုင်းကြာဖြူ (ဟေးရှိုး)

# အမုန်းသင့်ကျိန်စာ



(အချစ်လုံးချင်းဝတ္ထု၊သစ်)

## ပုံနှိပ်မှတ်တမ်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
**'ရွှေပဒေသာအော့ဖ်ဆက်'**
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

အမုန်းသင့်ကျိန်စာ
လှိုင်းကြာဖြူ (လားရှိုး)
ရွှေပဒေသာစာဝေ၊ ၂၀၁၅၊ ရန်ကုန်။
၂၈၈ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) အမုန်းသင့်ကျိန်စာ

# အမုန်းသင့် ကျိန်စာ

လှိုင်းကြာဖြူ (လားရှိုး)

# အခန်း (၁)

“နောက်တစ်စင် ပြောင်းမယ်။ ကင်မရာမင်း…ဟိုဘက်ရွှေ့၊ ဖိုးတုတ် မင်းသားကို ခေါ်လိုက်၊ ပြီးရင် ခဏနားမယ်”

“ဟုတ်ကဲ့ ဆရာ”

ဖိုးတုတ်က မင်းသားကိုခေါ်ဖို့ ခပ်သုတ်သုတ် ထွက်သွား၏။

ကင်မရာအနေအထား၊ မှန်ထိုး၊ မီးထိုး အားလုံး ပြင်ဆင်ပြီးချိန် မင်းသား ရောက်လာသည်။

မင်းသားက စိမ်းစိုအုံ့မှိုင်းသည့် ရေတမာပင်အောက်၌ မတ်တတ် ရပ်နေ၏။ ခုံတန်းဖြူလေးကို ကျောခိုင်းလျက် ဖြစ်၏။ တစ်နေရာသို့ ငြိမ်သက်စွာ ငေးနေသည်။

“စမယ်”





“နေဦး”

ကင်မရာမင်းအသံနဲ့ သူ့အသံက တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။ သူ့အသံကြောင့် ကင်မရာမင်းက မတ်ခနဲ ပြန်ရပ်လိုက်သလို မင်းသားကော အားလုံးပါ သူ့ကို ကြည့်လာသည်။

‘ဒါရိုက်တာမဟူရာ’ ဆိုတာ တိကျသူလေ။

ဘယ်ဇာတ်ကိုပဲရိုက်ရိုက် အနုဖြစ်ဖြစ်၊ အကြမ်းဖြစ်ဖြစ် ဟာကွက်မရှိအောင် အကောင်းဆုံး ကြိုးစားသည်။ ထို့ပြင် ဒါရိုက်တာထဲ၌လည်း အသက်အငယ်ဆုံးဟုဆိုလျှင် မမှားချေ။

တစ်ခေတ်မှာ တစ်ယောက်ရယ်ဟု ပြောစမတ်တွင်လောက်အောင် တော်သူဖြစ်၏။ ပထမဆုံးသောဇာတ်ကားသည် အကယ်ဒမီဆု မရခဲ့သော်လည်း ပရိသတ်ကို အမှတ်တမဲ့မှ အမှတ်တရအဖြစ် ပေးအပ်ခဲ့သည်။

သို့သော်…

မဟူရာသည် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကို စိတ်မဝင်စားပေမဲ့ ဘာကိုလုပ်လုပ် အကောင်းဆုံးနဲ့ စေတနာထားပြီးလုပ်သည်။ သူ့ရဲ့ဆောင်ပုဒ်က…

“ဝါသနာပါရာလုပ်၍ စိတ်ချမ်းသာသည်”

“ဘာမှားလို့လဲ မဟူ”

“ခဏ…”

သူ မင်းသားရပ်နေရာသို့ လျှောက်သွားသည်။ မင်းသားက ဘောကပ်ရပ်ပေး၏။ ဒီရဲ့ဇာတ်ကွက်ကို လုပ်ပြမည်ဆိုတာ သိနေသည် ကိုး။

"တေဇာ မင်း ငေးနေပုံက လုံးဝ mood မဝင်ဘူး"

"ဟုတ်ကဲ့"

"ဒီမှာကြည့် ငေးနေတဲ့နေရာမှာ ကိုယ်တို့တင်ပြချင်တာက စိတ်ဝင်စားပြီး ငေးနေတာ မဟုတ်ဘူးလေ။ ကိုယ့်ချစ်သူကို လမ်းခွဲစကားပြောဖို့ အားယူနေတယ်။ အာရုံနဲ့စိတ် ထပ်တူမဖြစ်တဲ့သဘောရုတ်တရက် ရောက်လာတဲ့ ချစ်သူခေါ်သံကြောင့် လန့်သွားရမယ်၊ ပြန်ပြောရဦးမလား"

"ရပါပြီ ကိုမဟူ"

"အိုကေ"

သူ လက်ဖှေ့ယမ်းပြပြီး စတင်ရန် အချက်ပြလိုက်သည်။

စိမ်းလန်းစိုပြေနေသည့် တက္ကသိုလ်ဝန်းထဲသို့ ငေးနေသည်။

ကဲ…မင်းသမီး ရောက်လာပြီ။

ဒီမင်းသမီးကတော့ အသက်အရွယ် လုပ်သက်ရင့်ကျက်နေပြီမို့ ပြောစရာမလိုချေ။ သူမနာမည်က 'အင်ကြင်းခိုင်'။ သူမမျက်နှာလေးက ပြုံးလို့ ချစ်သူရဲ့လမ်းခွဲစကားကို မမျှော်လင့်သူရယ်။

"မောင်"

"ဟင်"

ထိတ်လန့်သလို လှည့်ကြည့်လိုက်သည်။ တေဇာ့မျက်နှာ၌ ချွေးတွေပြန်နေသည်။

"မောင်…ဘာဖြစ်နေတာလဲ"

"ဘာ…ဘာမှမဖြစ်ပါဘူး…ဘယ်သူလိုက်ပို့တာလဲ မ…"

"ကျော် လိုက်ပို့တာ မောင်"





ပျက်ယွင်းသွားသော ချစ်သူမျက်နှာကိုကြည့်ပြီး ပျာပျာသလဲ တောင်းပန်သည်။

"ဟင်း"

"မောင်"

"မောင့်ကို ခွင့်လွှတ်ပါ။ မောင်တို့ လမ်းခွဲရအောင်…ဘယ်လိုမှ ရှေ့ဆက်မရမယ့်အတူတူ ဒီမှာပဲ ရပ်ကြပါစို့"

"ဘယ်လို…ပြောရက်လိုက်တာ မောင်ရယ်"

"မောင့်ကို ခွင့်ပြုပါ"

လှည့်ထွက်သွားသည့် ချစ်သူရဲ့ကျောပြင်ကို ငေးပြီး လှုပ်လီးလှုပ်လဲ့ မျက်ရည်စတွေ။

"ကပ်"

"ဟုတ်ပြီ…ကဲ မင်းသမီးအခန်း…အင်း… ၁ နာရီ ပြန်စမယ်"

သူ နာရီကြည့်ပြီးပြောတော့ သိမ်းစရာရှိတာသိမ်းနဲ့ စက်အဖွဲ့တွေ အလုပ်ရှုပ်နေကြသည်။

မင်းသားနဲ့မင်းသမီးဘေးမှာ Auto ထိုးခိုင်းနေသူများ ဝိုင်းဝိုင်းလည်လို့။ သူက နောက်ရိုက်မည့်အခန်းကို အနည်းငယ်ဖတ်ပြီး တော်တတ်ထရပ်လိုက်သည်။

"မဟူ…စားရအောင်"

"ကျွန်တော် မစားသေးဘူး။ စားကြ…စက်အဖွဲ့တွေ ဘယ်မှ သွားစေနဲ့နော်။ ခဏနေ ကျွန်တော် ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့"

သူ ရိုက်ကွင်းနဲ့ဝေးရာ ကျောင်းနောက်ဘက်သို့ လျှောက်လာခဲ့သည်။

သူ ပညာနှင့်ရည် သောက်သုံးခဲ့သည့်ကျောင်းက မန္တလေးတက္ကသိုလ်။ ဒါတောင် အဝေးသင်စာပေးစာယူနဲ့ ကျောင်းပြီးခဲ့တာ။

သူက စာကျက်အရမ်းပျင်းသည်။

လူအများကြား ထင်ထင်ပေါ်ပေါ်နေဖို့ ဘယ်တော့မှ စိတ်မကူးခဲ့သည့်သူဟာ လူတွေ တရုန်းရုန်းနဲ့ အလုပ်ရှုပ်နေရသည်။ ဒီအနုပညာလောကထဲဝင်လာတော့ ကိုနောင်က အံ့လည်းအံ့သြ၊ တားလည်းတားခဲ့ပါသည်။

အရပ်မြင့်မြင့် ခေါင်ကောင်းပြီး ပြေပြစ်သည့်ရုပ်ရည်ရှိသောသူ့ကို ကိုနောင်က ဒါရိုက်တာထက် မင်းသားလုပ်ဖို့သာ တိုက်တွန်းခဲ့သည်။

တစ်ခါမှ ကိုနောင်အပေါ် မဆန့်ကျင်ဖူးသော်လည်း ဘဝရေးမှာတော့ သူအားသန်ရာ လျှောက်လှမ်းခဲ့သည်။

'မျက်ရည်နဲ့အလွမ်း'၊ 'တမ်းတခဲ့ပါသော်လဲ'၊ 'ဝေးနေတာပဲကောင်းပါတယ် ခင်'၊ 'ချစ်သော အိုပြည့်ရှင်'၊ 'ဟန်ဆောင်အပြုံး' ထိုဇာတ်ကား (၅) ကားလုံးကို ကိုယ်တိုင် producer လုပ်ပြီး ရိုက်ခဲ့သည်။

ထိုက်သင့်သော အောင်မြင်မှုလည်းရခဲ့ပါသည်။ ဒီထဲမှာ အစိမ်းသက်သက်နဲ့ ရာဇဝင်ကား 'ချစ်သော အိုပြည့်ရှင်' ကို ရိုက်ကူးခဲ့သည်။ သူ့ကို လူတွေက အံ့သြနေကြသည်။

"အဲဒီလို ငေးမနေပါနဲ့ဟာ"





"မငေးလို့ ကနေရမှာလား ညီရ"

"ဟိုမှာ ရိုက်ကွင်းရှိတယ်။ နင်ကြိုက်တဲ့ မဟူရာလေ"

"ဘာ...နင် ဘာပြောတာလဲ။ မဟူရာကို ကြိုက်တာမဟုတ်ဘူး။ သူရိုက်တဲ့ဇာတ်ကားတွေကို သဘောကျတာ"

"ငါလည်း ဘာပြောလို့လဲ...လာတွန်းလာခိုက် သွားကြည့်ပါလား။ နင် သူ့ကို မမြင်ဖူးဘူးလေ"

"ဟင့်အင်း...မမြင်ဖူးလည်း ဘာမှမဖြစ်ဘူး။ ကြည့်လည်း မကြည့်ချင်ဘူး"

သူ့အကြောင်းကို ပြောနေသည့်စကားမို့ သူ မသိမသာ လှည့်ကြည့်မိသည်။

သူနဲ့ ခပ်လှမ်းလှမ်းမှာ ထိုင်နေသည့် ကောင်မလေး (၂)ယောက်။

တစ်ယောက်က ရှပ်အင်္ကျီအဖြူပေါ်မှာ ဝေ့စ်ကုတ်အနက်ထပ်ဝတ်ပြီး စတိုင်လ်ပင်နီ ချောကလက်ရောင်နဲ့ ခပ်ချောချော။

နောက်တစ်ယောက်က ကွာတားပင်နီအနက်ကို တီရှပ်အဖြူနဲ့ တွဲဝတ်ထားပြီး True ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။

"ဟော"

လျှာထိုးဦးထုပ်ကို ပင့်လိုက်တော့ ဝင်းဖန့်ဖန့်မျက်နှာလေးကို မြင်ရသည်။ မိန်းမချော ချောသူလေး။

သူ ရှေ့သို့ပြန်လှည့်ကာ ငြိမ်နေမိသည်။

မင်းသား၊ မင်းသမီးကို အလေးအနက်ထားနေသည့် ပရိသတ်ကြားမှာ ရုပ်ချော၊ အသက်ငယ်ရွယ်သော ဒါရိုက်တာအနေနဲ့ သူ့ကို Auto ထိုးခိုင်းတတ်ကြသည်။

စောစောက ချာတိတ်ရဲ့အယူအဆကို သူ သဘောကျသည်။ သူလိုချင်တဲ့ Main point က ဒါပဲလေ။ မဟူရာရိုက်တဲ့ကားလို့ မကြည့်ဘဲ ဒီဇာတ်ကားက မဟူရာရိုက်တာကို သဘောကျသည်။

“ဒါနဲ့ နင် ငါ့ကို ပြဿနာရှင်းပေးဦး”

“ဘာလဲဟ”

“နင် ကောင်မလေးတွေ ငါ့ကို အလကားနေ လာခွပ်နေတယ်”

“ဟား…ဟား…ကောင်းကွ”

“ကောင်းတယ် လုပ်မနေနဲ့…သူတို့မျက်စိထဲမှာ ကျားနဲ့မတောင် မခွဲတတ်ကြဘူး”

“ဟင်”

သူ့ရဲ့ခေါင်းကို ကြိုးနဲ့ဆွဲလှည့်လိုက်သကဲ့သို့ ထိုချာတိတ် (၂)ယောက်ထံသို့ လှည့်သွားသည်။

ဦးထုပ်ကို ချွတ်လိုက်စဉ် ဆံပင်အလယ်ခွဲတိုဝဲဝဲနှင့် ထိုချာတိတ်လေးသည် အမှန်တကယ်ပင် ယောကျ်ားလေးနဲ့ တူလှသည်။

“ရုပ်ရှင်သွားကြည့်မလား”

“လေးလေးဆူပါဦးမယ်”

“နင်ကတော့ မေမေက ဘယ်တုန်းက ဆူတတ်လို့လဲ”

“ဒါပေမဲ့ ငါ အလိုက်သိရမယ်လေ မဟုတ်လား…ငါ့ကြောင့် လေးလေး ဆူခံရမှာ မကြည့်ရက်ဘူး”

“မလကား…မလိုက်ချင်တိုင်း”

“မလိုက်ချင်ရှိမလား ညီရာ ‘ထားရစ်ခဲ့ပေတော့’ မဟုတ်





လား။ ကြော်ငြာမြင်ကတည်းက ငါ ကြည့်ချင်နေတာ။ နင့်ဘာသာ အောင်မင်းတို့နဲ့ သွားဟာ…ငါ မော်တို့နဲ့နေခဲ့မယ်”

“ဟာ…ခွဲခြားခွဲခြားနဲ့”

“ညီရယ်…ငါတို့နင်တို့သာ မောင်နှမလို့ သိနေကြတာ။ သူစိမ်းတွေအမြင်မှာ အဲဒီလို မြင်ပေးကြမှာ မဟုတ်ဘူး”

“ပြီးတာပဲ”

“နင် သွားတော့မလို့လား”

“ဟုတ်တယ်…ရိုက်ကွင်းဘက် ခဏသွားလိုက်ဦးမယ်။ မှန်ကြောင်တို့ကတော့ သွားတာကြာပြီ။ ဒါရိုက်တာက ငါတို့ထက် (၁၀)နှစ်လောက်ပဲ ကြီးတာတဲ့။ ချောလည်းချောတယ်တဲ့”

“ဟဲ့…ဟဲ့ ဘယ်သူကပြောတာလဲ”

“ချောစုတို့လေ ဘာလဲ နင် စိတ်ဝင်စားသွားပြီမဟုတ်လား။ သွားစမ်းပါဟာ…ငေးငေးငိုင်ငိုင်နဲ့ နင့်မြင်ရတာ အပူသည်ကျနေတာပဲ။ ဘာဖြစ်လဲ…ဒါရိုက်တာချောချောလေးဆိုတော့ အာရုံလန်းတာပေါ့…လိုက်မလား”

“No…No…အသန့်ရှင်းဆုံး သူရဲ့ဖန်တီးမှုကို အားပေးတာ ငါ့ဘဝကို နင် သိပါတယ် ညီရာ…ငါ… ငါလေ”

ဝို့နင့်သွားသည့်အသံကြောင့် သူ မျက်မှောင်ကုတ်သွားရသည်။

“Sorry သွေး…လေးလေးသန့် မကြိုက်မှန်းသိရဲ့နဲ့ ငါ ပြောမိတာ။ ငါကတော့ လေးသန့်ကို လုံးဝ နားမလည်နိုင်ဘူး။ အမှန် နင် ငယ်ငယ်လေးကတည်းက ငါတို့အိမ်မှာနေရမှာ။ ဒါမှ နင် နေချင်တဲ့ ဘဝကိုရမှာလေ”

"သွားပါတော့ ညီ…ငါ မေ့ထားတာတွေ"

"အင်းလေ…ကဲ…သွားပြီ။ ဒီမှာ လှူပြတ်တယ်။ ခဏနေ အတန်းဝင်တော့"

"အင်းပါ"

ဝေးကွာသွားသည့် ခြေသံအဆုံးမှာ ငိုရှိုက်သံတိုးတိုးလေးကြောင့် သူ ငုံ့စောင်းကြည့်မိပြန်သည်။

သစ်ပင်လေးကို မော့ကြည့်ပြီး မျက်ရည်မကျအောင် တားဆီးနေသည့် 'သွေး' ဆိုသည့်ချာတိတ်။

ခြော်…သူမဘဝမှာ ချူပ်နှောင်မှုတွေနဲ့ ကြီးပြင်းလာရသတဲ့လား။ သူ့ဘဝနဲ့တော့ ကွာခြားလှသည်။ သူကတော့ ဘာပဲဖြစ်ဖြစ် ကိုနောင်က သူ့သဘော။

ထိုချာတိတ်လေးသည် မထင်မှတ်ဘဲ သူ့အတွေးထဲသို့ ဝင်ရောက်စိုးမိုးလေသည်။

သူကတော့ တိုက်ဆိုင်သည့်အချိန်တွေတိုင်းမှာ ပြင်ဆင်ထားခြင်းမရှိသည့် ဝင်းဖန့်ဖန့်မျက်နှာလေးကို အမှတ်ရမိတတ်သည်။

မျက်ခုံးထူထူ၊ မျက်လုံးဝိုင်းဝိုင်းနဲ့ နှာတံချွန်မြမြ၊ နီမြန်းသောနှုတ်ခမ်းပါးနှင့် သွယ်လျသည့်မျက်နှာကို ဖျောက်ဖျက်၍မရချေ။





# အခန်း (၂)

"ဟုတ်ရဲ့လား…ပြည့်ရာ"

"ကိုနောင်က မယုံတာလား"

ထိုချာတိတ်နဲ့ပတ်သက်သည့် အကြောင်းအရာကို ဘယ်အရာမဆို မချွင်းမချန် တိုင်ပင်နေကျ ကိုနောင်ကို တစ်လုံးမကျန် ပြန်ပြောပြမိ၏။

ကိုနောင်က မယုံသလိုမေးလာတော့ သူ စိတ်ဆိုးရသည်။

ကိုနောင်က ဆူပုပ်နေသည့် သူ့မျက်နှာကိုကြည့်ပြီး ရယ်ဟာဟနှင့်…

"ဒါလား…ဒါရိုက်တာမဟုတ်ရာ ခတ်ပုံရိုက်ပြီး တစ်ကမ္ဘာလုံးကို ပြလိုက်ချင်ရဲ့"

"ကိုနောင်နော်…ပြည့်ကို မစနဲ့"

"မစပါဘူးကွာ…နောက်တာ…ဟဲ…ဟဲ"

ကိုနောင်နဲ့သူသည် (၁၀)နှစ်နီးပါး ကွာသဖြင့် ကိုနောင်က ညီတစ်ယောက်လို၊ သားတစ်ယောက်လို သူ့အပေါ် အစစအရာရာ ဦးစားပေးသည်။

ဖေဖေနှင့်မေမေက သူ့မွေးပြီး သိပ်မကြာခင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားသည်။

သူ မူလတန်းစတက်ချိန် ကိုကြီးတစ်ယောက်တည်း ကလေးကြီးက ကလေးငယ်ကို ထိန်းရသကဲ့သို့ မနိုင်မနင်းဖြစ်ကာ တောင်ကြီး၌ရှိသော ဒေါ်ကြီးက သူ့ကို ခေါ်ထားသည်။

ကိုနောင်က လာရင်လာ၊ မဟုတ်ရင် သူက နွေရာသီကျောင်းပိတ်ရက်ဆို သွားသည်။

သို့သော် သူ (၅) တန်း စတက်သည့်နှစ်တွင် ကိုနောင်က အပြီးအပိုင်ခေါ်၍ မခွဲမခွာ နေခဲ့ကြသည်မှာ ယခုထက်တိုင်။ ဒီကြားထဲ သူ ဘွဲ့ရပြီး စင်ကာပူမှာ အင်ဂျင်နီယာဘွဲ့ သွားယူတော့လည်း လိုက်ပါရင်း တစ်ကိုယ်တည်း နေထိုင်ခဲ့သည်။

တစ်ခါတစ်ရံ…

"ကိုနောင် မိန်းမလေး ဘာလေး ယူပါလား။ ပြည့်တို့ ဆိုင်က ဟင်းတွေစားရတာ ညည်းငွေ့တယ်"

ဟု စနောက်လျှင် မျက်စိမျက်နှာပျက်၍…

"ဒီလိုတော့ မစပါနဲ့ကွာ"

ဟု တားယူရသည်အထိ။





သူ့ကို ဟိုး…ငယ်ငယ်လေးကတည်းက ကျောင်းနာမည်က မဟူရာဖြစ်သော်လည်း ကိုနောင်က ပြည့်…ငပြည့်…ခွေးစုတ်လေး စသဖြင့် အမျိုးမျိုး ခေါ်တတ်သည်။

တစ်ခါမှ မတို့ဖူးသည့်စိတ်က တိုလျှင်တော့ 'မဟူရာ' ဟု အသံနက်နဲ့ ကုန်းအော်တတ်သည်။ ကိုနောင်ကော ဘာထူးလဲ ကလေးလိုပဲ။

"ပြည့် မေးတာဖြေလေ"

"မယူတာ မဟုတ်ပါဘူး ပြည့်ရာ…ဒီလောက် ငယ်ရွယ်တဲ့ ချာတိတ်မလေးစကားကို ပြည့်က ရေးကြီးခွင်ကျယ် ပြောနေတာ အံ့သြလို့ပါ"

"အသက်အရွယ်နဲ့ မဆိုင်ပါဘူး ကိုနောင်ရာ၊ အဓိကက လူတွေရဲ့ စဉ်းစားဆင်ခြင်ဉာဏ်ပဲ"

"ရှိုးနေတာပဲနေမှာ"

"မဟုတ်ဘူး"

ကိုနောင်ရဲ့မှတ်ချက်ကို သူ ငြင်းပယ်မိ၏။ စူးရှနေသည့် မျက်ဝန်းတွေနှင့် တင်းတင်းစေ့နေသည့် နှုတ်ခမ်းပါးတွေက ရှိုးတတ်သူ မဟုတ်တာ သူ အလိုလိုသိနေသည်။

"သူ လေထွားနေတာ မဟုတ်ဘူး၊ အနုပညာကို ဝေဖန်တာ ငယ်တာကြီးတာနဲ့ မဆိုင်ပါဘူး။ ကိုနောင်ရဲ့ တချို့ အသက်အရွယ်ကြီးပေမဲ့ ကိုယ် ကြည့်ရှုပေးနေတဲ့ အနုပညာရဲ့ အတိမ်အနက်ကို မသိ၊ အပေါ်ယံရုပ် အပျင်းပြေရုံကြည့်နေတဲ့သူတွေ တစ်ပုံကြီး၊ ဒီခေတ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အနုပညာကို သေချာ ဝေဖန်နိုင်တဲ့သူက

ရှားပါးပစ္စည်း ဖြစ်နေပြီ"

"ဟုတ်ပါပြီ…အဲဒါ ကိုနောင် လက်ခံပါတယ်"

ကိုနောင်က အလျှော့ပေးသလိုပြောတော့ သူ ပြုံးလိုက်မိသည်။

"ကဲ…ထမင်းစားရအောင်"

"စောင့်နေတာလား"

"စောင့်နေရတာပေါ့…ဒါပဲနော် ကိုနောင်ကတောင် ထမင်းစားဖို့ အဆောခ်စောင့်နေတာ၊ မင်း ဟိုမှာစားခဲ့တယ်၊ ဒီမှာစားခဲ့တယ်ပြောရင် ကိုယ် စိတ်တိုမှာ"

"သိပါတယ် ကိုနောင်ရာ…အင်း…ဒီစကားတွေကို ကက်ဆက်ထဲ အသံသွင်း၊ ထမင်းစားခါနီးတိုင်း ဖွင့်ထား…မဟုတ်ရင် ကိုနောင် မောနေရဦးမယ်။ အစ်ကိုချစ်ညီပါ…ကိုနောင်ရာ ဒီလို ညီမျိုး ထမင်းထုပ်ထမ်းရှာလိုက်"

"ရိုက်သတ်လို့မကုန်ဘူး…လာ…စားမယ်"

ကိုနောင်က စနောက်ကာ ထမင်းစားခန်းထဲဝင်သွားသည်။

"ဘာချက်လဲ…ကြီးကြီး"

"မြည့်အကြိုက် ကြက်သားကုန်းဘောင်ကြီးကြော်၊ ငါးခေါင်းဟင်းချို၊ ချဉ်ရည်က အချဉ်ပေါ့ထားတယ်"

"ကောင်းတာပေါ့…ယော…သခွားသီးလည်း ပါသေးသကိုး"

စကားများလှသည့် သူ့ကို ကိုနောင်က မကြည်သလို ကြည့်၏။

"နယ်သွားရဦးမှာလား"

"သွားရမှာ"





"ထုံးစံအတိုင်း ပြင်ဦးလွင်လား"

"မဟုတ်ဘူး…မှောင်ခိုကားဆိုတော့ ကျိုင်းတုံ၊ ဝ ချိုလိတ်ဘက် ရောက်လိမ့်မယ်။ တစ်ကားလုံးနီးပါးက ဟိုမှာ ရိုက်ရမှာ"

"ပင်ပန်းလိုက်တာ မြည့်ရာ"

"မပင်ပန်းပါဘူး…ကိုနောင်ရာ မြည့် ဘယ်လောက်ဝါသနာပါလဲ သိရဲ့သားနဲ့"

"နောက်တစ်ကားမရိုက်ခင် နားဦးလေ"

"ရပါတယ်"

"ညီလည်း အသက်မငယ်တော့ဘူးနော်…(၃၀)တောင်ရောက်တော့မယ်"

ဖရဲသီးစားနေရာမှ သူ ထရယ်မိ၏။

"ဟား…ဟား…ကိုနောင်က ဘာတွေ တွေးနေတာလဲ"

"မိန်းမယူသင့်ပြီကွ"

"ကိုကြီးလား"

"ဟာ…ခွေးစုတ်လေး…ငါ့အသက်အရွယ်ကြီးနဲ့ ပြောစရာလား။ မင်းကိုပြောနေတာ…မတွေ့သေးဘူးလား"

"ကိုနောင်ကလည်း မြည့်တို့မြန်မာထုံးစံမှာ အကြီးပြီးမှ အငယ်လေ နောက်ကားကျော်တက်လို့ မရဘူး။ ကိုနောင် ယူမယ်သေချာမှ မြည့် ရှာမယ်"

"ယူမနေနဲ့ကွာ"

"ကောင်းတယ်"

"အဲဒါဘယ်သွားမလို့လဲ"

မတ်တတ်ထရပ်လိုက်သည့် သူ့ကို ကိုနောင်က မကြည်သလို မေး၏။

"ကားဆက်ရဦးမယ်"

"ပြည့်နော်…ကိုနောင် သိပ်သဘောကျတော့တာ မဟုတ်ဘူး။ တို့ညီအစ်ကိုတွေ ဘယ်တုန်းမှ အေးအေးဆေးဆေး စကားပြောခွင့် ရမှာမဟုတ်ဘူး"

ကိုနောင်က ပွစိပွစိနဲ့ ကျန်ခဲ့၏။ သူ အိပ်ခန်းဘက် ထွက်လာခဲ့၏။ အိပ်ခန်းအတွင်းမှာ တစ်ဘက်သို့ တွန်းဖွင့်လိုက်တော့ ဖလင်ကူးခန်းရိုက်ကွင်းမှာ ယူလာသည့် ဖလင်တွေထုတ်သည်။ အခန်းတံခါးချက်ချလိုက်တော့ မှောင်မည်းသွား၏။

ဖန်သီးလေးသာထွန်းထားသဖြင့် အလင်းရောင်က ဝိုးတဝါး။

ဖလင်ကူးပြီး ဓာတ်ပုံတွေ ပြန်ကြည့်သည်။ ပြင်ဖို့လိုသည်များကို ဖယ်ပြီး ကျန်သည့်ပုံတွေ ဆက်ကြည့်သည်။

"ဒီနားမှာ (၃)ခန်းလောက် ပြတ်နေတယ်"

တွေးလည်းတွေး ခပ်စောစောက ဖယ်ထားသည့်ပုံတွေကြည့်တော့ မပါချေ။

အခန်းပြင်ပြန်ထွက်ကာ တိုးဝေဆီ ဖုန်းဆက်သည်။

"ဟယ်လို"

"တိုးဝေလား…ဖလင်တစ်လိပ် ကျန်သေးတယ်"

"ဗျာ…ဟုတ်ကဲ့၊ ခဏလေး ကိုမဟူ ကျွန်တော် ကြည့်လိုက်ဦးမယ်"

သိပ်မကြာခင် ပြန်ရောက်လာသည်။





"တွေ့လား"

"ကျွန်တော့်ဆီမှာ မပါဘူး။ ထွန်းထွန်းဆီမှာ ပါသွားတယ် ထင်တယ်။ အားလုံးသိမ်းကြတော့ သူ့အိတ်ထဲ ထည့်လိုက်တာ၊ အရေးကြီးရင် ကျွန်တော် လှမ်းမေးပေးပြီး ရှိရင်ယူလာခဲ့မယ်လေ"

"အေးဗျာ…ကျေးဇူးပဲ၊ ဒါဆို ကျွန်တော် စောင့်နေမယ်"

သူ ဖုန်းချပြီး ဖလင်ကူးခန်းထဲ ပြန်ဝင်လာသည်။ လျှပ်စစ်မီးချောင်းကိုဖွင့်ပြီး မီးသီးကို ပိတ်သည်။ မင်ဘူးတွေကို အဖုံးပြန်ပိတ်ပြီး စင်ပေါ်တင်သည်။ ဓာတ်ပုံတွေကို အမှတ်စဉ်အတိုင်း ထပ်ပြီး အံဆွဲထဲထည့်သိမ်းလိုက်၏။ မနက်ဖြန်၊ သန်ဘက်ခါ အပြီးဆက်ရသည်။ နောက်တစ်ပတ် နယ်ထွက်ရမှာမို့ အကုန်လုံး လက်စသတ်ခဲ့ရမည်။

# အခန်း (၃)

"အပေါ်တက်"

"ရှုံးတော့မယ် ညီ…ကူပါဦး…နန္ဒက ညစ်ပတ်တယ်"

"ဟား…ဟား…ငါညစ်တာ မဟုတ်ဘူး"

ပြေးပေါက်ပိတ်နေသည့် လေပြည်သွေးကို ညီမင်းနဲ့နန္ဒက လှောင်နေကြသည်။ ငြိမ်သက်စွာ ချွေးတွေထွက်နေသည့် သွေးကို ကြည့်၍…

"အရှုံးပေးပြီလား"

"No…ပြေးပြီ"

"ဟာ"

"ဟင်"

"သွေးပါကွာ"





လှောင်ပြောင်နေသည့် ညီတို့အလစ်မှာ လက်ပစ်ဗုံး (၄)လုံးလောက် ကျွေးပစ်လိုက်သည်။ အပေါ်တဖြည်းဖြည်း တက်၍စားသွားသဖြင့် နန္ဒ ဘယ်လိုလိုက်လိုက် မမီတော့ချေ။

"နန္ဒ ဖြိုကွာ"

"မရဘူးနော် ညီ…အဲဒီလိုညစ်လို့ ကြိုးစားရင် အရှုံးပဲ"

"ခဏနေပါဦး"

"သနားပါတယ်…သနားပါတယ်"

သီချင်းလေးတအေးအေးနဲ့ သွေးကို ညီက ယောက်ျားတန်မဲ့ချောက်စောင်းထိုး၏။

"ဂိုးပါပြီခင်ဗျား"

"ဖြည်းဖြည်းအော်ပါဟ"

"စားလေ…နင်ကလွဲရင် ဘယ်သူမှ နားလေးတဲ့လူ မပါဘူး"

"ပြောကြပါကွယ်…လောကနီတိမှာ ပညာရှိတို့သည် လေးဘက်လေးတန်မှာ လာတဲ့ လေးမြှားတွေကို မတုန်လှုပ်သကဲ့သို့ ပညာရှိတို့မည်သည် ဘယ်လိုကဲ့ရဲ့ ချီးမွမ်းခြင်းကိုမှ မတုန်လှုပ်ဘူးတဲ့"

"ဖနောင့်စာ"

"အေးလေ သူ့ကိုယ်သူများ ပညာရှိတဲ့"

သွေးက ထိုင်နေရာမှ ထလိုက်၏။ ညီနဲ့နန္ဒကလည်း လက်ဖက်သုပ်ပန်းကန်နဲ့ ဝင်လာသည့် လေးလေးကို မြင်တော့ ထိုနေရာမှ အလုအယက် ထကြသည်။

ဘယ်ရမလဲ သွေးပါနော်။

ရှေ့ကပြေးနေသည့် နန္ဒ ရှေ့ခြေထိုးခံလိုက်တော့…

"ဝုန်း"

"အောင်မလေးဗျာ"

"ကျွတ်...ကျွတ်"

လက်ဖက်သုပ်ပန်းကန်ကို အေးဆေးလှမ်းယူတော့ ညီက နန္ဒကို ကျော်ခွပြီး ပြေးလာသည်။ သွေးက ဆိုဖာပေါ် ခုန်တက်လိုက်တော့

"အောင်မလေး...သေပါပြီ"

"အား"

ဖြစ်ပုံကတော့ ပြောမပြောချင်တော့ပါ။ သွေးထံ ပြေးလာသော ညီက လက်ဖက်သုပ်ဇောနဲ့ လှဲကျနေသည့် နန္ဒကို ငုံ့မကြည့်ဘဲ ခြေသလုံး ပလွေရိုးကို ချစ်ခင်နှစ်သက်စွာနဲ့ သက်သက်သာသာ နင်းလိုက်ရာ ခံပြီးရင်းခံနေရသည့် နန္ဒကတော့ သနားစရာ။

လေးလေးကတော့ မြင်နေကျပုံစံမို့ မပြောချင်ပါပုံစံနဲ့ လှည့်ထွက်ဖို့ပြင်စဉ်...

"ကလင်...ကလင်"

"ဟော"

လေးလေးပဲ သွားကိုင်သည်။ သွေးကတော့ လဲကျနေသည့် နှစ်ယောက်နား ဟန်ကျပန်ကျ သွားထိုင်၍...

"တောင်းပန်မလား"

"ဆရာကို အထင် small တဲ့အတွက်ပေါ့"

"တောင်းပန်တယ်"

"No"

အလွန်တည့်ကြသည်။ ညီနဲ့နန္ဒ တစ်ယောက်နဲ့တစ်ယောက်





မျက်စောင်းခဲကြသည်။

သွေးက နန္ဒလက်ထဲ လက်ဖက်ပန်းကန်ထိုးပေးတော့ ညီက တံတွေးကို ဂလုခနဲ မြည်နေ၏။

"ဟား...ဟား"

"သွေးရေ...မန္တလေးက"

"ဟင်"

"ကောင်းတယ် လေးသန့် များများဆူပါစေ"

ငိုမဲ့မဲ့ ဖြစ်သွားသည့် သွေးကိုကြည့်ပြီး ညီက လက်ခုပ်တွေ ဘာတွေ တီး၍ ပျော်နေသည်။

"ဟယ်လို ဖေဖေ"

"လေပြည်သွေး"

"ဟုတ်ကဲ့"

"ဒီတစ်လအတွင်း ငါ ရန်ကုန်တက်လာစရာ ရှိတယ်"

"ဗျာ"

"အချိုးတွေ ပြင်ထား...ခဏလေးဝေးတာနဲ့ ထောင့်မကျိုးဖြစ်ချင်တာဖြစ်နေတာမျိုး ငါ မမြင်ချင်ဘူး"

"ကျွန်တော် လိမ္မာပါတယ် ဖေဖေ"

"မလိမ္မာကြည့်ပါလား အသက်ဘယ်ကထွက်ရမှန်းတောင် မသိဖြစ်သွားရမယ်"

ဖေဖေရယ်...

သွေးကို ဘယ်ကတည်းက မုန်းနေတာလဲ။

"ငါ လာတဲ့အချိန်မှာ မျက်စိနဲ့ မတွေ့တာရှိရင် မင်း ပြန်လိုက်

ရမယ်"

"ကျွန်တော် ဒီမှာ ပျော်တယ် ဖေဖေ"

"ဘာပျော်တာလဲ…မအေလိုပဲ စိတ်ကို အလိုလိုက်ချင်တဲ့ မိန်းမ ထပ်ပြီး အထွန့်တက်ရဲတက်ကြည့် ငါ့ကို ဘာမှတ်နေသလဲ။ ကြည်ဖြူ လွန်းလို့ မင်းကို ရန်ကုန်လွှတ်တယ် ထင်မနေနဲ့။ နှင်းဆီက မရမက လာခေါ်ထားလွန်းလို့ ထားရတာ"

"ကျွန်တော် နားလည်ပါတယ်"

"ငါ ထုတ်ထားတဲ့စည်းကမ်းတွေ မှတ်မိရဲ့လား"

"မှတ်မိပါတယ်"

"ရွတ်ပြစမ်း"

"သနပ်ခါး မလိမ်းရဘူး။ ဆံပင်အရှည်မထားရဘူး။ မိန်းကလေး အပေါင်းအသင်း မထားရဘူး။ သီချင်းဆိုကခုန်တာ မလုပ်ရဘူး"

"နှင်းဆီကို ဖုန်းပေးလိုက်"

"လေးလေး ဖေဖေက ပြောမယ်တဲ့"

လေးလေးလက်ထဲ ဖုန်းထည့်ပေးပြီး ခြံထဲဆင်းခဲ့၏။ ပို့ နှစ်ကောင်က အုံ့သြစွာ လှမ်းကြည့်နေကြ၏။

ဖေဖေရယ်…

သွေးဟာ ဖေဖေ သမီး မဟုတ်ဘူးလား။ တင်းမာလွန်းသော မျက်နှာထားနဲ့ ဖေဖေ၊ သွေးအပေါ်မှာလွဲလျှင် ကျန်သောသူတွေအပေါ် ဖော်ရွေလှသည်။

ငယ်စဉ်ကတည်းက ယုယကြင်နာဖို့ မပြောနဲ့။ သွေးကို ပွေ့ပိုက် ချော့မြူခဲ့ခြင်း မရှိခဲ့ချေ။





တစ်ခါကလည်း သွေး မှတ်မှတ်ရရ အမာရွတ်နဲ့အတူ ဘယ် …ဘူမှ မမေ့ခဲ့ချေ။

"ငိုမဲ့မဲ့နဲ့ အဲဒါဘာဖြစ်တာလဲ လေပြည်သွေး"

"မင်းတင်နဲ့ ရန်ဖြစ်လာတာ ဖေဖေ"

"ဟာ…အဲဒါခံလာရသလား"

"ကျွန်တော်က မိန်းကလေးပဲ။ ဘယ်လိုလို့ ပြန်ထိုးရဲမှာလဲ"

"ဘာ…ဘာမိန်းကလေးလဲ။ အဲဒီအတွေး ဝင်ရဲဝင်ကြည့်၊ …နိုင်မနိုင်နိုင် တွေ့တာနဲ့ ကောက်ထုပစ်ပါလား…လာစမ်း"

"ငွမ်း"

"အား"

"ငွမ်း"

"အသံမထွက်နဲ့"

တင်ပါးပေါ်ကအနာဟာ ပျောက်ပျက်သွားပေမဲ့ နှလုံးသားထဲ၌ အမှတ်သညာကြီးခဲ့သည်။

ထို့နောက် သွေးကို ဆရာ အကျအနခေါ်၍ ဂျူဒို၊ ကရာတေး၊ ဆိုင်းများကို သင်ကြားစေခဲ့သည်။ ခံလာတာမလိုချင်၊ ပြန်ချလို့ ဆွန်းလွှတ်သဖြင့် သွေးဟာမိန်းကလေးတန်မဲ့ ကြမ်းတမ်းသောသူ ဖြစ်လာသည်။

စကားကို နူးညံ့ပြေပြစ်စွာ မပြောတတ်။ တစ်ခွန်းနဲ့ နားလည် သဘောမပေါက်လျှင် လက်ကပါသွားပြီ။

သွေးငယ်စဉ်ကတည်းက မေမေ ဆုံးသွားသည်ဆိုတာ …လေးလေး ပြောပြ၍ သိရခြင်းဖြစ်သည်။

ဖေဖေကတော့ မေမေ့အကြောင်းမေးလျှင် အလွန်တရာမှ ဒေါသကြီးတတ်သူရယ်။ ဒီလိုတွေကြောင့် ဖေဖေ့ကို လူကြမ်းကြီးဟု မထင်စေချင်ပါ။ ဖေဖေဟာ ရတနာပုံတက္ကသိုလ်က ဓာတုဗေဒဌာန မှူးဖြစ်ပြီး စကားနည်း၍ အေးချမ်းသူရယ်လို့ လူအများက သိထား ကြသည်။

"သွေး"

"..............."

"လေးသန့်က ဘာပြောလဲ"

သွေး ထိုင်နေသည့် ဒန်းနောက်ဘက်ကနေ ညီက မေးသည် နန္ဒက သွေးရှေ့ဘက်က ကျောက်ပုံပေါ်မှာ ထိုင်နေသည်။

သွေး မဖြေဘဲ မြေကြီးမှာထောက်ကာ ဒန်းကို လွှဲနေတော့ ညီက ဘေးထွက်ရပ်နေသည်။

မျက်ရည်ကျဖို့ ရှက်ရွံ့လှသည်မို့ အံကြိတ် မျက်နှာတင်းတာ အကျင့် ဖြစ်နေသည်။

ယောကျ်ားတန်မဲ့ နူးညံ့တတ်သော ညီတို့ကြားမှာ သွေးဟာ Hero သဖွယ် ဖြစ်နေသည်။ လေးလေးက ညီကို ဘာမှမခိုင်း။ စာနဲ့ သာမွေ့လျော်စေပြီး သိုင်းလည်းမသင်ပေး။ ဒါကြောင့်လည်း ဖြူနုဖတ် ဖတ်နဲ့ ညီက မိန်းမတောင် ဆန့်ချင်သေးသည်။

"သွေး"

"ဘာလဲ"

"မင်းကလဲ"

"ငါ ဒေါသဖြစ်နေတယ်"





"လေးသန့်ကိုလား"

"ဖြစ်စရာလား၊ ဖေဖေ့ကို ဒေါသဖြစ်ရင် ငါ ငရဲကြီးမှာပေါ့"

"ဒါတော့ သိသားပဲ"

"ညီမင်း...မင်း"

"ခွပ်"

ဒေါသက ထွက်ပေါက်ရသွားသလိုဖြစ်ကာ ညီရဲ့လက်မောင်း ကို ပိတ်ထိုးပြီး ဒန်းပေါ်က ဆင်းခဲ့သည်။

"အ"

"ကျွတ်"

"ကဲကွာ"

ဒေါသများနှင့် လမ်းမှာ မြင်မြင်တွေ့သမျှကို ကန်ထုတ်လိုက် သည်။

ခလုတ်တိုက်မိသွားသည့် ခဲလုံးကို အားပါးတရ ကန်ထုတ်ပြီး နောက်ပြန်လှည့်ပြီး-

"sorry ...နောက်မှ ဆေးထည့်ပေးမယ်"

"ရပါတယ်"

ညီက မြက်ခင်းစပ်မှာထိုင်ပြီး လက်မောင်းကိုဆုပ်ကာ ရှုံ့မဲ့လျက် ဒန်းဘက်သို့ သွေး ပြန်လျှောက်လာသည်။ ဒီတစ်ခါတော့ ဘယ်သူမှ စနောက်ရဲတော့။

"အမိပွားယ်ကို မရှိဘူး"

"..............."

"ငါက ဘာတွေလုပ်နေလို့လဲ"

တစ်ယောက်တည်းပြောပြီး နန္ဒအနီးသို့ လျှောက်သွားတော့ နန္ဒက မျက်လုံးပြူး၍-

"ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲကွ…ကျွတ်…"

သွေးက နန္ဒဘေးမှ ဖြတ်၍ အိမ်ဘက်သို့ လျှောက်သွားသည်။

ညီနဲ့နန္ဒ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကြည့်၍ သက်ပြင်းချမိတော့သည်။

"ဟင်း"





# အခန်း (၄)

"သွေးရေ လေးလေးကို ကြေးအိုးသွားဝယ်ပေးပါဦး…နင့်လေးညိုက စားချင်လို့တဲ့…အားရဲ့လား"

"အားပါတယ် လေးလေးရ…ပေးလေ ပိုက်ဆံ"

လေးလေးလက်ထဲက ပိုက်ဆံကိုယူ၍ ရှပ်အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီး အပြင်ထွက်ခဲ့သည်။

ဒီနေ့ ညီ အိမ်မှာမရှိချေ။ ပဲခူးမှာရှိသော ဦးညိုမင်း၏မိဘတွေထံ သွားလည်သည်။

ညီမင်းက ခေါ်ပေမဲ့ သွေး မလိုက်ဖြစ်ချေ။ အချိန်မရွေး ရောက်လာနိုင်သည့် ဖေဖေ့ကြောင့် စာတွေ ကြည့်နေရသည်။

ကားဂိုထောင့်ထဲမှာ ထောင်ထားသည့် နီညိုရောင်ဖြိုင်ဘီးလေးကို ထုတ်ပြီး စက်ဘီးစီးဦးထုပ် ဆောင်းလိုက်သည်။

ဘယ်နေရာမှ မိန်းကလေးနဲ့မတူတာ သေချာသည်။ ဒါကြောင့်လည်း မကြာခဏ ညီရဲ့ အရွဲ့အစောင်း အထေ့အငေါ့လေးတွေကို ခံရသည်။ အစိမ်းသက်သက် မသိသူဆိုလျှင် တကယ့်ယောကျ်ားလေး အမှတ်နဲ့ အရေးပေးတတ်သော မဒီလေးတွေကြောင့်…

"နင်လာမှ ဘူပိတ်တယ် သွေး"

ဟု ပြောရလောက်အောင် သွေးက ယာယီကံကောင်းနေသူပါ။ အလယ်ခွဲဆံပင်တိုအုပ်အုပ်နဲ့ အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ်ဆိုတော့ ယခုခေတ် မော်ဒယ်ဘွိုင်းတွေကဲ့သို့ နွဲ့နှောင်းလျက်။ ဂျင်းပန်များ၊ တီရှပ်များ မချွတ်စတမ်း ဝတ်တတ်သော သွေးဟာ ရုတ်တရက်မြင်လျှင် ဘယ်သူမှ မိန်းကလေးဟု မှတ်ချက်မချနိုင်ချေ။

မိန်းမချောချောတဲ့ ကောင်လေးငယ်ငယ်လေးဟု ထင်တတ်ကြသည်။

မြေနီကုန်း၊ စမ်းချောင်းဘက်ရောက်တော့ ဝယ်နေကျဆိုင်မှာ ကြေးအိုးဆီချက် (၂)ပွဲ မှာသည်။ များပြားလှသော စားသောက်သူတွေနဲ့ စောင့်ရမှာ စိတ်မရှည်တတ်သော သွေးက မှာထားပြီး ထိုကြေးအိုးဆိုင်ဘေးက ဝက်သားကုတ်ထိုးဆိုင်ဝင်ခဲ့သည်။

ယခုလို ဝက်သားတုတ်ထိုးကို တရှုးရှုး တရှဲရှဲနှင့် စားသောက်နေတာ ဖေဖေမြင်လျှင် မတွေးရဲလောက်အောင် ကျောချမ်းစရာပင်။

"ကဲ…ရှင်းမယ်"

သူ ကြေးအိုးဆိုင်မှာ အထုပ်ဝင်ယူပြီး ပြန်ထွက်လာသည်။ ရပ်ကွက်ထဲဝင်ခါနီးရောက်မှ…

"သွေး"





ခေါ်သံကြောင့် သူ လှည့်ကြည့်မိသည်။ သူ့ကို ယောကျ်ားလေးဟုထင်နေသော ညီရဲ့ဘော်ဒါမလေး အသစ်တစ်ယောက်။

"ချိုပါလား"

"ဘယ်ကလာတာလဲ"

"ကြေးအိုးသွားဝယ်တာလေ"

"မကျွေးတော့ဘူးလား"

"………………"

"အမလေး…သွေးရယ် မျက်နှာကလည်း ဖြစ်နေလိုက်တာ ဘယ်သူမှ တကယ်မစားပါဘူးနော်…ဟွန်း"

စူနွဲ့နွဲ့ မျက်နှာလေးနဲ့ သဒ္ဒါချိုကို သူ ရယ်ချင်ပက်ကြည့်နဲ့ကြည့်၍-

"ညီ မရှိဘူး။ ချို ကျွန်တော် ဒိုးပြီ"

တားတာဆီးတာ မလုပ်ခင် သူ စက်ဘီးကို အသားကုန်မောင်းလာခဲ့သည်။

Sorry ညီမင်း။

ငါက အီတာမဟုတ်ဘူးနော်။ မင်းကောင်မလေးတွေက မခွဲခြားတတ်တာ။

"အမလေး"

စိတ်ကူးနဲ့ စက်ဘီးကို ခပ်အေးအေးနင်းလာရမှာ လမ်းကွေ့မှာ လူ (၂)ယောက် ထွက်လာသဖြင့် အလျင်အမြန် ဘရိတ်အော်၍ စက်ဘီးပေါ်မှမဆင်းဘဲ ခြေတစ်ဖက်ထောက်ရပ်၍-

"အဲဒါဘာလုပ်တာလဲ"

"မမြင်ဘူးလား"

"မြင်လို့မေးနေတာပဲ…အလကား…လာဖောင်းမနေနဲ့၊ ကိုယ့်လိုင်းနဲ့ကိုယ် အေးဆေးဖယ်ပါ"

"ငါတို့က အလကားဖောင်းနေတယ် ဟုတ်လား၊…ရှင်းပြလိုက်စမ်းပါ မင်းမင်းရာ…ဒီ ဟိုမရောက် ဒီမရောက်ကို"

သွေး ဒေါသက ထောင်းခနဲ ထွက်သွားရ၏။ ဇာတ်ကားတွေထဲက လူကြမ်းအိုက်တင်နဲ့ သန်းနိုင်ကို ခပ်ရူးရူးကြည့်ပြီး မင်းမင်းဘက် လှည့်လိုက်သည်။

"ဘာလဲ…မင်းတို့နဲ့ ငါ ဘယ်မှာငြိခဲ့လို့လဲ"

"ငြိခဲ့ပါသကော…ဟိုတစ်လောက နင်တို့ရပ်ကွက်ထဲက ကောင်တွေနဲ့ ဖြစ်တော့လေ"

သွေးက မျက်မှောင်ကုတ် ငြိမ်သက်နေရာမှ ဖျတ်ခနဲ လင်းသွားသည်။

မှတ်မိတာပေါ့…

အဲဒီနေ့က မိုးတွေရွာလာသဖြင့် ညီနဲ့သွေး အတန်းတက်ဖို့ရာ မှတ်တိုင်ရောက်မှ ပြန်လှည့်ကာ အတန်းလစ်ခဲ့ခြင်း ဖြစ်သည်။

မိုးကိုအကြောင်းပြပေမဲ့ မိုးက ထင်သလောက်ရွာတာမဟုတ်။ သိပ်မကြာခင် ပြန်တိတ်သွားပေမဲ့ ပြန်လှည့်ဖို့ပျင်းသော ညီက-

"မသွားတော့ဘူးကွာ"

"အေး"

တက်ညီလက်ညီ သဘောတူပြီး အေးအေးဆေးဆေး လျှောက်လာစဉ် တိုက်ပွဲတစ်ခုနဲ့ ကြုံလိုက်ရသည်။





လူ (၂)ယောက်နဲ့ လူ (၃)ယောက် ဖြစ်နေသောတိုက်ပွဲတွင် သွေးက ဆရာကြီးစတိုင်နှင့် ဘက်မညီဟု သတ်မှတ်လိုက်သည်။

ထို့ကြောင့် လူနည်းနေသောဘက်မှာဝင်၍-

"ဟိတ်…ဘာဖြစ်နေကြတာလဲ"

"ဟာ သွေး"

"ကျော်ကျော်ပါလား…ဘာဖြစ်တာလဲ"

"အလကား ရန်လာစနေတာ"

"ကိုယ့်လမ်းကိုသွားတာ အေးဆေးသွားပါလား"

"အေးဆေးမသွားလို့ ယိုင်တီယိုင်တိုင် သွားရမှာလား"

'ဟုတ်သားပဲ' ဟု တွေးနေဆဲ ဟိုဘက်က ကောင်တွေက ဘာဘာညာညာ မပြောတော့ဘဲ ဆော်ပလော်ချိတ်တော့သည်။ ညီက သွေးရဲ့လက်ကို အတင်းဆွဲပြီး-

"လာပါကွာ…သူတို့ဟာသူတို့ ရှင်းပလေ့စေ"

"မလာဘူး…လေပြည်သွေးက မတရားတာ လက်ပိုက်ကြည့် မနေနိုင်ဘူး…ဟိတ်"

သွေးကို စကားပြောနေသည့် လူတစ်ယောက်၏မျက်နှာကို အရှိန်နဲ့ ထိုးချလိုက်သည်။

"ဟိတ်ကောင်…ရပ်စမ်း"

"ထိုးတယ်ကွာ"

"ခွပ်"

"အ"

ဆောင့်ကြွားကြွားနိုင်သည့်ကောင်၏ဂုတ်ကို ဆောင့်ဆွဲကာ

ခါးကို ဒူးနဲ့တိုက်ပေးလိုက်ရာ ခါးကော့သွားပြီး-

"အိး"

"ဖောင်း"

"ချ…ချ…ဒါမှ သွေးကွ…ဟေး"

ညီက လက်ခုပ်လက်ဝါးတီးကာ အားပေးနေသည်။ 'ကုလား မနိုင် ရခိုင်မည်း' သူက ညီမင်းဆီ တုတ်ကောက်ပြီး ပြေးသွား၏။

"ဟာ…ဟာ…လုပ်ပါဦး"

သိုင်းဆိုလျှင် နကန်းတစ်လုံးတောင်မသိသော ညီမင်းသည် ပြောပြောဆိုဆို ဆော်ပလော်ချိတ်နေသည့် လူတွေကြားထဲ ပတ်ပြေးနေသဖြင့် သွေး ရယ်ချင်သွားသည်။

မခေသော ညီမင်းက ချနေသည့် သူတို့အဖွဲ့သားတစ်ယောက်၏ခါးကို ကလိပြီး ပတ်ပြေး၏။

"ဟာ…ဘာဖြစ်တာလဲ"

သူ့ကို ကလိထိုးသူကို လှည့်ထောင်းတော့ ထိုသူမှာ ညီမင်း နောက်ကိုလိုက်သည့်ကောင် ဖြစ်နေတော့…

"အား"

ပွဲစဉ်မပြီးဆုံးခင်မှာ ရပ်ကွက်လူကြီးတွေကို မြင်သဖြင့် ကိုယ့်နေရပ်ဌာနေကို ကစဉ့်ကလျား ပြေးခဲ့ကြသည်။

"ဟိတ်…လစ်ဖို့ကြိုးစားနေတာလား"

ငြိမ်နေသည့် သွေးကို မင်းမင်းက လှမ်းကလိလိုက်သည်။ ယောကျာ်းလေးနဲ့ မိန်းကလေးပေမဲ့ သွေးက ဟန်ကိုယ်ဖို့၍-

"မင်းတို့လောက်တော့ သွေးက လှည့်မကြည့်ဘူး…ရှင်းလား"





"လေကတော့ ဖင်ဝတစ်နေပြီ"

"အေးလေ…ပြောတယ်ဆိုတာလည်း အခြေအနေကြည့်ပြီး ပြောရတယ်ကွ။ အခု မင်းအခြေအနေ မင်းသိ၊ အခု တောင်းပန်ရင် အချိန်မီသေးတယ်နော်"

"လာထား…ဟိတ်"

စက်ဘီးကို အရှိန်နဲ့နင်း၍ ထို (၂)ကောင်နားရောက်တော့ ခြေထောက်နှစ်ဖက်လုံး ဆန့်ထုတ်၍-

"ဖောင်း"

"အား"

"ဗုန်း"

"အိး"

လေကြောရှည်၍ စက်ဘီးပေါ်မှာဆင်း၍ ချနေလျှင် ကျော်ကောင်းကြားမကောင်းဖြစ်၍ ရုံးရောက်၊ ဂတ်ရောက်ဖြစ်နေရလျှင် လေးလေး ဆူမည်ဆိုးသဖြင့် ဒါလောက်နဲ့ပဲ လက်စသတ်ခဲ့လေတော့သည်။

လေပြည်သွေးဆိုတာ ထိုသို့တည်း။

# အခန်း (၅)

“ချိန်းပွဲရှိတယ် သွေး”

ဂျာနယ်ကို ဖတ်နေရာမှာ သွေး မော့ကြည့်တော့ နန္ဒက အိမ်ပေါ် တက်လာသည်။ အားကစားဝတ်စုံအပြည့်နှင့် ဖြစ်၏။

“ညီမင်း ဘောလုံးကွင်းသွားမယ်”

“အေး”

“ဒါနဲ့နေပါဦး…ဘယ်သူတွေနဲ့လဲ”

“ကျော်နိုင်တို့အုပ်စုနဲ့”

“ဟာ…အဲဒီကောင်တွေနဲ့ဆို ငါ မလိုက်ဘူး။ ဒီကောင်တွေက စုတ်တီးစုတ်ပဲ့ ညစ်တီးညစ်ပတ်ကောင်တွေ။ ဟိုတစ်နေ့ကလည်း ငါ့ကို ဖားတစ်ပိုင်း ငါးတစ်ပိုင်းလို့ မထိတထိ စသွားတာ လုံးဝ





ကျေနပ်ဘူး။ ပြီးတော့ ကိုယ့်လူရင်းတွေဆို အကြောင်းမဟုတ်ဘူး။ အခုက ငါတို့နဲ့မသိတဲ့ မျက်နှာစိမ်းတွေပါမှာ…တော်ပြီ…မလိုက်တော့ဘူး။ မင်းတို့ပဲ သွားတော့”

ဂျာနယ်ကို ပြန်ကောက်ဖတ်တော့ နန္ဒက သွေးလက်ထဲက ဂျာနယ်ကို ဆွဲယူပြီး-

“အဲသလိုမလုပ်ပါနဲ့ သွေးရာ”

“ဟုတ်တယ်ဟ…နင်မပါရင် လူတစ်ယောက် အလိုလိုလျော့သွားမှာ…ဘာဖြစ်လဲ ပြောချင်တာ ပြောပလေစေပေါ့”

“ဟာ…မလိုက်ချင်ဘူးကွာ”

“နင်ကလည်း ငါတို့အဖွဲ့ လှလှပပရှုံးတာ ကြည့်ချင်နေတာလား”

“မြှောက်နေတာလား…ပင့်တာလား နန္ဒ”

“မဟုတ်ပါဘူးဟ…ခတ်မသိတဲ့သူဆို ငါတို့ ဘယ်တုန်းက နင့်ကို မရမက ခေါ်ဖူးလို့လဲ…အခု အရျော်ပဲ”

“လုပ်ပါဟာ”

“ဘာလုပ်ရမှာလဲ”

“လုပ်ဖို့…ဟာ…ကဲ…ယောင်လို့…ဘောလုံးကန်ဖို့ပြင်နိုင်းတာ…ဟိုမှာ ညီတောင် ထွက်လာပြီ”

နန္ဒက ဘောလုံးကန်ဝတ်စုံပြည့်နဲ့ ထွက်လာသော ညီကို မေးငေါ့ပြသည်။

“ဒါဆို သွားမယ်”

“ဟာ…နင်က ဝတ်စုံမလဲတော့ဘူးလား”

"ဒါလည်းဖြစ်ပါတယ်..လွတ်လပ်တယ်လေ"

ရှပ်အင်္ကျီအဝါကြားကို ကွာတားပန်အမွှနဲ့ တွဲဝတ်ထားတာကို ငုံ့ကြည့်ပြီး ပြောလိုက်သည်။

ညီက ဂိုထောင်ထဲမှာ ဘောလုံးနှစ်လုံး သွားယူသည်။ အလဲအလှယ်ဖြစ်စေရန်အတွက် ဖြစ်သည်။

ဘောလုံးကွင်းက သိပ်မဝေးသောကြောင့် လမ်းလျှောက်၍ လာခဲ့ကြသည်။ ကွင်းရောက်တော့ လူတော်တော်စုံနေကြသည်။

"ကျော်နိုင်...မင်းက ကန်မှာလား...ဖမ်းမှာလား"

"ဖမ်းမှာ"

"အေး...ကြိုက်တယ်"

"ဟာ...သွေး ဘာတွေပြောနေတာလဲ"

"လာစမ်းပါ"

နန္ဒနဲ့ညီမင်းရဲ့လက်မောင်းကို ဆွဲပြီး တိုးတိုးပြောမိတော့ (၂)ကောင်သား ပြုံးစိစိနဲ့။

"စိမ်လိုက်လေ"

"ဖြန်း"

လက်ဝါးချင်းရိုက်လိုက်တော့ ကျော်နိုင်က မယုံသင်္ကာနဲ့...

"ဟိတ်...သွေး...မသမာမှုနဲ့ ကစားရင် အရှုံးပဲနော်"

"နင်တို့လို ငညစ်များမှတ်နေလား"

"ကဲ...လူစုံပြီ"

ကျော်နိုင်တို့ ဂိုးတိုင်က လမ်းဘေးဘက်ကျ၏။ သွေးတို့ ညာဘက်မှာ စာသင်ကျောင်းပဲ ရှိသည်။





"ကန်"

"ဖောင်း"

"ကိုမိုး ဒီဘက်"

"နန္ဒ လိမ်မာ"

"ဆွဲ..ဆက်ဆွဲ"

ပထမပိုင်းမှာတော့ သွေးတို့က အချိတ်အဆက်မိမိနဲ့ ကစားကြသည်။ (၃)ဂိုးတောင် အကြောရနေသဖြင့် လူတွေက ဘဝင်လေတွေ ဟပ်ပြီး လွတ်ကုန်၏။

"အောင်ပြီ...ဟာ...ဘယ်လိုကန်တာလဲ"

"အေးလေ...ဟိုမှာပါသွားပြီ"

ဘောလုံးက ကျော်နိုင်ခြေထောက်ထဲ ရောက်သွားသည်။ အဖွဲ့သားအားလုံး အောင်ကြီးကို စိတ်တိုကုန်ကြသည်။

အနီးအနားမှာရှိသော လူကိုမပေးဘဲ ကျော်နိုင်ခြေထောက်အောက်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ကန်လိုက်၏။ ကျော်နိုင်က တဖြည်းဖြည်း ဆွဲပြီး သူ့အဖွဲ့ မိုးကောင်းဆီ ပို့သည်။

"မိုးကောင်း...ဒီကို"

"ရှော"

"ဂိုး"

"ဟေး"

(၃)ဂိုး (၁)ဂိုးဖြစ်သွားတော့ နိုးရိမ်လာကြသည်။ တဖြည်းဖြည်း (၃)ဂိုး (၂)ဂိုး ဖြစ်လာသည်။

"မောင်မောင်"

"အေး…နန္ဒ ဒီမှာ"

"ရှေ့တက်"

အကြိတ်အခဲ ကစားရတော့သည်။ သွေးက လည်ပင်းတွေနာအောင် ကုန်းအော်၏။ ဒါပဲတတ်နိုင်သည့်ကိုး။ ဘောလုံးက တော်တော်ဝေးဝေးမှာလေ။

"နန္ဒ…ကန်"

"အား"

"ကျော်နိုင်ကွာ…ဆွဲထား"

"ဂိုး"

"ဟေး"

သူတို့တွေက ဂိုးညီလို့ ပျော်နေကြပြီး အားလုံး ရှုပ်ယှက်ခတ်နေသည်။ နန္ဒက ရှုံးမဲ့စွာ ထော့နင်းထော့နင်းနဲ့ ရောက်လာသည်။

"နန္ဒ ဘာဖြစ်လာတာလဲ"

"ကျော်နိုင် မတရားလုပ်တာ"

"ဘာလုပ်တာလဲ"

"ငါ ခြေထောက်ကို တမင်တက်နင်းပြီး တွန်းတာ"

"ဟိတ်…ကျော်နိုင် မင်းတို့ မတရားဘူး"

"ဟာ…ငါတို့ ဘာလုပ်လို့လဲ"

"မရဘူး…ဒီဂိုး လုံးဝ မပေးနိုင်ဘူး။ ပင်နယ်တီ ပြန်ဆွဲမယ်။ လက်မခံရင် အရှုံးပဲ"

မိုးကိုက နည်းလဲမ်းတကျ ပြောသည်။ ထိုဘက်က မကျေမနပ် အုတ်အုတ်ကျက်ကျက် ညီက သွေးနားကပ်၍-





"လက်ယားလာပြီ"

"အမလေး…နင် ငါ့ကို လူမိုက်အားပေး မလုပ်စမ်းပါနဲ့။ ဒီက အပြတ်ချချင်ပြီ"

"ညီစေနော်"

ညီမင်းနဲ့နန္ဒက လက်ဝါးချင်းရိုက်လိုက်သည်။ ဒီကန်ခြင်းက အနိုင်အရှုံး အဆုံးဖြတ်ဆိုပေမဲ့ လုံးဝရှုံးပြီဆိုတာ အလိုလိုသိနေတော့ အားလုံး ရှုံ့မဲ့လျက်-

"သွေး သေချာပစေနော်"

"မလွဲစေနဲ့"

"လုပ်မနေနဲ့…အရှုံးပဲ မိုးကို"

"ဟုတ်တယ်…အရှုံးပေးရမယ်"

"ကြည့်ထားပါ"

ကျော်နိုင်တို့က အားရပါးရ လှောင်နေကြသည်။

"ဖောင်း"

"အား"

"ခွမ်း"

"ဟာ"

အသံတွေ စုံပလုံဖြစ်သွားသည်။ မျက်စိစုံမှိတ် အားကုန်ကန်လိုက်သည့် သွေး မျက်လုံးမြန်မြန်ဖွင့်ကြည့်တော့ ကျော်နိုင်က ပခုံးကို ဆုပ်ကိုင်၍ ရှုံ့မဲ့လျက်-

"ဟေး"

"ဟေး…လုပ်မနေနဲ့၊ သွေး ပြဿနာ"

"ဟင်…ဘာပြဿနာလဲ"

"ကျော်နိုင်လည်း ခိုက်မိတယ်။ ဟိုဘက်လည်း ခိုက်မိတယ်"

"ဘယ်ဘက်လဲ…ဘယ်သူမှ မတွေ့ပါလား"

"ဘယ်တွေ့မလဲ…ဟိုအုတ်တံတိုင်းနောက်ဘက်မှာ ရိုက်ကွင်းရှိတယ်။ ဘောလုံးက ကျော်နိုင်ကိုမှန်ပြီး အဲဒီထဲ ဆက်ဝင်သွားတာ ဘာဖြစ်တာလဲတော့ မသိဘူး။ အသံစုံကြားရတယ်။ ပြဿနာဖြစ်ပြီ။

"ဟင်…ဟုတ်လား"

"ဟုတ်ပါ့…တော်တော် ကန်ချက်ပြင်းတယ်"

နန္ဒနဲ့ညီတို့ရဲ့စကားကို နားထောင်ပြီး သွေး ရင်တထိတ်ထိတ်နဲ့ ကြောက်ရွံ့မိတော့သည်။

ဒုက္ခပါပဲ။

"ဟော့…ဘောလုံးကန်တာ ဘယ်သူလဲ"

"ဟော"

ကတုံးပြောင်ပြောင်နဲ့ ပုဆိုးခပ်တိုတို ဝတ်ထားသည့် လူကြီးတစ်ယောက်က မျက်နှာတင်းတင်းနဲ့ ရောက်လာသည်။

"ဒီကောင်"

ကျော်နိုင်က မကျေနပ်ချက်နဲ့ သွေးကို လက်ညှိုးထိုး၏။ ထိုခါမှ မိန်းမဗီဇက အသေအချာဝင်လာကာ ကျော်နိုင်ကို အမြင်ကတ်စွာ မျက်စောင်းပိတ်ထိုးမိသည်။

"ညီ"

"ဘာမှမကြောက်နဲ့ ငါတို့ရှိတယ်"

"လာခဲ့စမ်း…ကလေးတွေ၊ တော်တော်ဆိုးတဲ့ကောင်တွေ။





ဒီလောက် ကွင်းကျယ်ကြီးမှာတောင် ဆော့ရတာ အားမရဘူး။ ပတ်ဝန်းကျင်ကိုပါ ဒုက္ခပေးချင်ကြတယ်။ ဟိုကောင်လေး…လာခဲ့"

နှုတ်ခမ်းမွှေးကားကားနဲ့ ပွစိပွစိ ရေရွတ်နေသော လူကြီးက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။ သွေးကို ခပ်ငေါက်ငေါက် ဆိုလေသည်။

"လာ…ဘာမှစိတ်မပူနဲ့"

ညီက သွေးကို အားပေး၍ ခေါ်လေသည်။

# အခန်း (၆)

"ကဲ…Ready ပြီ"

ကင်မရာမင်းကို ခေါင်းဆတ်ပြကာ သူ့လက်ထဲမှာ (ဒိုင်ယာလော့ခ်) စကားပြောတွေကို ငုံ့ကြည့်နေစဉ်-

"ဖောင်း"

"ခွမ်း"

"ဟာ"

အော်သံတွေကြောင့် သူ ခေါင်းမတ်ပြီး ကြည့်လိုက်တော့ မှန်ချပ်ကွဲကြီးကို ကယောင်ကတန်း ကြည့်နေသည့် ဖိုးတုတ်။



"ဘာဖြစ်တာလဲ…ဘာပေါက်ကွဲတာလဲ"

"မှန်ကို ဘောလုံးလာမှန်တာပါ ဆရာ"

"ဘာ…ဘောလုံး…ဟုတ်လား"

ဖိုးတုတ်က သူ့ခြေရင်းအောက်ဘက်ကို လက်ညှိုးထိုးပြသဖြင့် သူ ငုံ့ကြည့်မိ၏။

"ဒါ ဘယ်သူလုပ်တာလဲ။ သွားခေါ်…ဦးညို"

လုပ်ငန်းကို နှောင့်ယှက်သဖြင့် သူ အတော်လေး ဒေါသဖြစ်သွား သည်။ တစ်ရက်၊ တစ်နေ့ဟာ သူများအတွက် ဘယ်လိုအရေးကြီးသလဲ မသိပေမဲ့ သူ့အတွက်တော့ အသက်ထက်အရေးကြီးသည်။

ဒီဝင်းထဲကို မဝင်ခင် အပြင်ကို လှေ့လာပြီးသား။ ဘတ်စကတ်ကွင်းဟောင်းဘေးမှာ လိုင်းပျက်တစ်ခု…ထိုရှေ့မှာ ပေ (၅၀) လမ်းမကြီး၊ လမ်းရဲ့ဟိုဘက်မှာသာ ဘောလုံးကွင်းနဲ့ အတော်ဝေးသည်။

ဒါကို ဒီထိရောက်အောင် ကန်သူသည်…

သူ မျက်နှာနီရဲကာ ဒေါသဖြစ်နေသဖြင့် ဘယ်သူမှ စကားမပြောချေ။

မှခင်းဇာတ်ကားရိုက်နေတာမို့ ဒီချောင်ထဲကို တမင်ရွေးခဲ့ခြင်းဖြစ်သည်။ အဖြစ်မှန်အားလုံးကို သိနေသည့် မင်းသမီးကို သတ်ဖို့ကြိုးစားနေသည့် မူးယစ်ရာဇာအကြောင်းရိုက်ဖို့ ပြင်နေခြင်းဖြစ်သည်။ သွေး အိတ်တွေဘာတွေနဲ့ မင်းသမီးကို ပြင်ဆင်ပြီးချိန် မင်းသမီးကတော့ ချွေးပြန်နေသည်။ ဟော…ဒီပြဿနာလည်းဝင်လာရော မင်းသမီးအဒေါ်က ချွေးတွေပြေးသုတ်ပေးနေလေသည်။

စကားပြောသံတွေကြောင့် သူ လှည့်ကြည့်ပြီး-

“ပါလာပြီလား ဦးညို”

“ဟုတ်ကဲ့…(၃)ယောက်တောင်ပါ ဆရာ”

“ဘာ…(၃)ယောက်..ဟုတ်လား။ ဘောလုံးတစ်လုံးကို (၃)ယောက်က ကန်တာလား”

“ဟီး…ဟီး”

ရိုက်ကွင်းမှ လူအားလုံး ရယ်ကြလေသည်။ သူ လှည့်ကြည့်တော့ မျက်နှာပိုးသတ်လိုက်ကြသည်။

“လာခဲ့…အဲဒီသုံးကောင်”

အားကစားဝတ်စုံဝတ် ချာတိတ် (၂)ယောက်နဲ့ ရိုးရိုးအဝတ်အစားနဲ့ ချာတိတ်က နောက်မှာ ခပ်ကွယ်ကွယ် ရပ်နေသည်။

“မင်းတို့က ဘာလဲကွ…တာမင်လုပ်တာလား”

“မဟုတ်ပါဘူး”

“ဒါဆို ဘယ်လိုဖြစ်တာလဲ”

“ဒီလိုပါ…”

နောက်ဘက်မှာ ခပ်ကွယ်ကွယ် ရပ်နေသည့်ချာတိတ်က ရှေ့တက်လာပြီး မော့ကြည့်သည်။

“ဟင်”

သူ အံ့သြကာ ဘာမေးခွန်းမှ ဆက်မမေးဖြစ်ချေ။

တက္ကသိုလ်ထဲမှာ တွေ့ခဲ့သည့် ချာတိတ်မလေး။ သူမလေးဟာ ‘ဇော်’လား၊ ပုံစံလေးကတော့ မိုက်တိမိုက်ကန်း။

“ကျွန်တော်”

“နေဦး…ဦးညို ဒီနေ့ညနေတော့ ရိုက်လို့မရတော့ဘူး။ သိမ်းဖို့





ပြင်နိုင်းတော့။ ကဲ…လာ…မင်းတို့”

သူ့ရဲ့နောက်ကို (၃)ယောက်သား လိုက်လာသည်။ လူရှင်းသောနေရာရောက်တော့ သူက အုတ်ခုံပေါ်တက်ထိုင်၍ လှည့်ကြည့်တော့-

“ဟိုဘက်ကကောင်က မတရားဂိုးသွင်းလို့ ကျွန်တော်တို့က သူ့ကို ဆွဲမှာ တမင် သူ့မျက်နှာကို မှန်အောင်ကန်တာပါ”

“ဟာ…တကယ်နိုက်မိမှာဖြင့်”

“ပန်းပဲနိုက်မိလို့ မကျေနပ်တာပဲ။ အဲဒါဆက်ပြီး ဒီဘက်ကို လွှင့်လာပြီး…”

အာဂ ကောင်မလေးပါလား။

နိုက်မိသွားရင် နောက်ဆက်တွဲဆိုးကျိုးတွေကို ဒီချာတိတ်လေး တွေးမိဘူးတဲ့လား။ သူ စိုးရိမ်စိတ်ဝင်သွားရသည်။

“ကိုယ်က ဒါရိုက်တာမဟုတ်ရာ”

သူ့စကားအဆုံး ချာတိတ်လေးက ဖျတ်ခနဲ မော့ကြည့်သည်။ နူးရဲသောအကြည့်တွေထဲမှာ ကြောက်ရွံ့မှုက အနည်းငယ်မှ ရှိမနေချေ။

“ကျွန်တော် တောင်းပန်ပါတယ် ကိုကြီး၊ ဘယ်လိုပြန်လုပ်ပေးရမလဲ ပြောပါ၊ အားမနာပါနဲ့။ တမင်သက်သက် ဖျက်စီးလိုတဲ့စိတ်နဲ့ လုပ်ခဲ့တာ မဟုတ်ပါဘူး”

ကိုကြီးတဲ့လား ချာတိတ်…

“သူတို့က…”

ချာတိတ် (၂)ယောက်ဆီ သူ မေးဆတ်ပြတော့-

“ကျွန်တော့်သူငယ်ချင်းတွေပါ”

ပြောလိုက်တဲ့စကားလုံးတွေကတော့ အပီအပြင်။ မသိတဲ့သူတွေ

ကတော့ ဒီချာတိတ်မလေးကို မိန်းကလေးဟု ထင်ကြမှာမဟုတ်။

ဒီကောင်မလေးက ယောကျ်ားလေးတွေနဲ့တွဲပြီး ဘောလုံးကန်သတဲ့လား။ အလိုမကျမှု ဖြစ်သွားရသည်။ မင်းဟာ မိန်းကလေးပါဟု တိုက်ရိုက်ပြော၍ကလည်း မဖြစ်သေးချေ။

"ကိုကြီး"

"ဪ...အင်း...ဘာလုပ်ပေးရမလဲဆိုတာ ထားဦး။ ဒါနဲ့ မင်းတို့နာမည်တွေကော ကိုယ်တောင် မိတ်ဆက်ပေးပြီးပြီ"

ငြိမ်သက်နေရာမှ စကားစပြောသည်။ ကောင်လေးသည် ကျောင်းမှာ တွေ့ခဲ့ရသူ။

"ကျွန်တော့်နာမည်က ညီမင်းပါ။ သူက နန္ဒမိုး။ ဒါက ကျွန်တော်တို့ရဲ့ဆရာ လေပြည်သွေး"

ဆိုသည့်စကားကို ရယ်ကျဲကျဲနဲ့ပြောတော့ သူမမျက်နှာက ဆူတင်းတင်းဖြစ်သွားကာ-

"ညီနော်"

"လေပြည်သွေး...မင်းနာမည်က မိန်းမဆန်တယ်နော်"

သူ့စကားအဆုံး ကောင်မလေး မျက်နှာရဲသွားသည်။ ချာတိတ် (၂)ယောက်က တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီးရယ်ကာ သူ့ကို မသိမသာ ကြည့်ပြီး လေသံနဲ့-

"သွေး ပြောလိုက်မယ်နော်"

"ဘာလဲကွ...မပြောနဲ့"

"ပြောမှာပဲ"

"အစ်ကိုက သူ့ကို ဘယ်လိုထင်လဲ"





"နန္ဒနော်...အတွင်းရေးတွေပါကုန်ပြီ"

"ဘာကိုထင်ခိုင်းတာလဲ ချာတိတ်ရ"

"အထီးလေးလား...အမလေးလား"

"ညီ...မင်း"

နီရဲသောမျက်နှာနဲ့ ကုန်းအော်ဟစ်လိုက်သည့် ကောင်မလေးရဲ့ ပုံစံကို သူ သဘောကျသွားသည်။

"သူက မိန်းကလေးဗျ။ ဒါပေမဲ့ အထင်မသေးနဲ့"

"မသေးရဲပါဘူးကွာ...ဘောလုံးကန်လိုက်တာ သက်သေပဲ လေ"

"ဟား...ဟား...ဟား"

"ကဲ...မှန်ကွဲတာတော့ ထားလိုက်ပါ"

"မဟုတ်တာ ကိုကြီးရယ်...အစားပြန်ဝယ်ပေးပါရစေ"

"မလိုပါဘူး ချာတိတ်၊ ကိုယ်က ကလေးတွေဆီက ငွေမညှစ်တတ်ပါဘူး။ ဒါနဲ့ မင်းတို့လေးတွေက ဒီရပ်ကွက်ကပဲလား"

"ဟုတ်ကဲ့"

"ကျောင်းကောနေကြသေးရဲ့လား"

Interview ဆရာလို ဖြစ်နေသည်။ သူ့ကို ချာတိတ်မလေးက ခပ်စူစူ ဖြစ်သွားသည်။ မကျေနပ်ဘူးဆိုသည့်သဘော။ စပ်စုတာ ကြိုက်သည့်သဘော။

ဘာပဲဖြစ်ဖြစ် ချာတိတ်ရယ် မင်းဟာ လတ်တလောမှာ တို့ကို စိတ်ဝင်စားမှုပေးစေတယ်လေ။ ဒီစိတ်ဝင်စားမှုထဲမှာ မရိုးသားခြင်းတွေ ပေါ်တာကိုတော့ တို့ အာမခံတယ်။ လူတစ်ဦးတစ်ယောက်ကို စိတ်ဝင်

စားခြင်းဟာ သာမန် မထူးခြားသည့်ဖြစ်ရပ်လေး တစ်ခုပါပဲလေ။

“Physic မေဂျာ နောက်ဆုံးနှစ်ပါ အစ်ကို”

ကောင်လေးကတော့ စိတ်ရှည်လက်ရှည် ဖြေပြီးတော့ ခဏ နားသည်။ ထို့နောက်…

“အစ်ကို မေးပြီးရင် ကျွန်တော်တို့ မေးအလှည့်နော်။ ပြန်မေး ချင်တယ် စိတ်မဆိုးနဲ့နော်”

“ရပါတယ် မေးလေ”

“အစ်ကိုရဲ့ဇာတ်ကားတွေအားလုံးက ဒီကသွေးက အရမ်း အားပေးခဲ့တာ”

“ဟုတ်လား”

သူက ကြိုတင်သိပြီးပြီဖြစ်သော်လည်း အံ့ဩသည့်လေသံနဲ့ မေးတော့ ချာတိတ်မက ခေါင်းညိတ်ပြ၏။

“ဒါဆို ကိုယ့်ရဲ့အမာခံပရိသတ်ပေါ့”

“………………”

“ဟုတ်တယ် အစ်ကို…ဟို…တမ်းတခဲ့ပါသော်လဲဆိုတဲ့ကား လေး လူကသာကြည့်တော့ ကျားကျားလျားလျားနဲ့ အဲဒီကားလည်း ကြည့်ပြီးရော မျက်ရည်ကကျသေး၊ ငိုကငိုသေး အဲဒီလောက် အသဲနု တာ”

“ညီနော်…နင် ငါ့ကိုပဲ ဖွဲ့ချင်နေတာ ငါ စိတ်တိုလာပြီနော်”

“ဒီဇာတ်ကားတွေက လူငယ်ကြိုက် မဟုတ်ဘူးလေ။ ခပ်ဆွေး ဆွေးဇာတ်ပါ”

“သွေးက အဲဒါကို ပိုသဘောကျတာ။ ဇာတ်ကားတစ်ကားကို





ငါးရက်နဲ့ အပြီးရိုက်။ ဘာအနှစ်သာရမှမပါဘဲ တစ်ကားလုံး နေရာ ဟိုနေရာနဲ့ ပြီးသွားတာ။ လူငယ်တွေ ကြိုးစားချင်အောင် ဗဟုသုတမှ မပေး၊ ခပ်ပေါပေါကားတွေကို မကြည့်ချင်ဘူး။ ကိုယ့်အချိန်ဖွဲ့ပေးလိုက်ရပြီဆိုကတည်းက ကိုယ် ပြုလုပ်လိုက်တဲ့အရာ ကြည့်ရှုလိုက်တဲ့ ရုပ်ရှင်၊ စာပေထဲက ဗဟုသုတ တစ်ခုခုတော့ ပြန်ရ ရာဖြစ်မယ်လို့ ကျွန်တော်က ယူဆတယ်။ ပြီးတော့ ပရိသတ်သဘော ကျတဲ့ မင်းသားနဲ့ မင်းသမီး မပေါင်းသင့်ဘဲ ပေါင်းပေးတာလည်း သဘောမကျဘူး။ ယေဘုယျဆန်ဆန် ပြောရရင် ဖြစ်သင့်တာကို အလေးထားတာကို ပိုနှစ်သက်တယ်”

“ဒါနဲ့ မင်းသမီးလုပ်ဖို့ ဝါသနာမပါဘူးလား…ချာတိတ်တို့ တော”

“ဟင့်အင်း…သွေးက အဲဒါတွေ ဝါသနာမပါဘူး။ ကိုကြီးလို ဒါရိုက်တာဖြစ်ချင်တာ။ စိတ်ကူးရုံပါ”

“မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး”

“နန္ဒ…နင်ပဲ မင်းသမီးတွေနဲ့ တွဲချင်တယ်ဆို”

“ဟာ…အလကားပြောတာ။ ကျွန်တော်လည်း ဝါသနာမပါ ဘူး”

“အင်းပါ…မင်းတို့ကို ကိုယ် ခင်တယ်။ မိတ်ဆွေဖြစ်တာပေါ့၊ ရိုက်ကွင်းတွေ လာကြည့်လေ”

“ကိုမဟူ…ကိုနောင်ဆီက ဖုန်းလာတယ်”

“ခဏ…ဦးညို ကဲ…ကိုယ် သွားမယ်။ ကျောင်းမှာ ရိုက်ကွင်းလုပ်ဖြစ်ရင် လာကြည့်ပေါ့…ဟုတ်လား”

"ဟုတ်ကဲ့"

ချာတိတ်ကို တစ်ချက်ကြည့်ပြီး သူ လှည့်ထွက်လာခဲ့သည်။ သူ ဖုန်းနားထောင်ပြီး လှည့်ကြည့်တော့ ချာတိတ်မလေးက လက်သီးဆုပ်ကို ကောင်းကင်ပေါ်ထောင်ပြီး ခုန်သည်။ ပြီးတော့ ပြေးထွက်သွား၏။

သြော်...ရိုးရှင်းလှသော ပုံစံလေး၊ ဘာအပူအပင်ကြောင့်ကြမှု မရှိသလိုနဲ့ တကယ်တမ်း စကားပြောကြည့်ချိန်မှာ သေချာသိလိုက်ရတာ ဒီချာတိတ်မလေးဆီမှာ ရင်နဲ့မဆံ့သော အပူတွေနဲ့...။

သြော်...ချာတိတ်ရယ်။





# အခန်း (၇)

"နားနား ဘေးမှာ ရှိနေချင်လို့ပါ×××မင်းအချစ်က ငါ့အတွက် ဟော့တ်တောင် စာနာပါ၊ နားနားဘေးမှာ ရှိနေချင်လို့ပါ"

နန္ဒက ဂစ်တာတီးပြီး ညီက ဆိုနေခြင်းဖြစ်သည်။ သွေးကတော့ ဘေးနားမှာထိုင်ပြီး စည်းဝါးလိုက်ရုံသက်သက်သာ ဖြစ်သည်။

ညပေမယ့် ခြံထဲမှာလည်း မီးတိုင်တွေရှိနေသဖြင့် မှောင်မည်း နေချေ။

သွေးက ညီတို့ဆိုသော လွမ်းပိုင်တို့၊ ကျော်ထွဋ်ဆွေတို့ရဲ့သီချင်း တွေကို ကြိုက်လည်းမကြိုက်၊ ရလည်းမရသဖြင့် လိုက်မဆိုတတ်ပါ။

တစ်ခါတလေ ဘန်နီဖြိုးနဲ့ ဆိုတေးတို့ရဲ့ သီချင်းတွေတီးလျှင်တော့ လိုက်ညည်းဖြစ်ပါသည်။

"ဒီမှာ ငါ့တစ်ယောက်တည်း××× အဖော်မဲ့လွမ်းနေရတဲ့နေ့ရက်တွေ×××"

"ဟာ…ဆက်ဆိုလေ"

"မသိတော့ဘူး…အဲဒီလောက်ပဲရတယ်…ဟီး…ဟီး"

"အရူး"

နန္ဒက တီးလက်စ တစ်ဝက်တစ်ပျက်ဖြစ်ကာ ဆက်မဆိုတတ်တော့သော သွေးကို 'အရူး' ဟု ထောပနာပြုလေသည်။

"အတိတ်တွေက မှုန်ဝါးပေမယ့်×××ငါတို့နှစ်ဦးဇာတ်လမ်းမှာတချို့နေရာက အကောင်းအတိုင်း ရှိနေဆဲပါ×××ဟိုတစ်ကွက် ဒီတစ်ကွက် ပိတ်သားထက် အရင်လို ကြည့်မကောင်းပေမယ့်×××မြင်ရတယ်×××အဓိပ္ပာယ်မရှိတာ သိပေမယ့်×××တစ်ခါတလေ တိုက်ဆိုင်မှုတွေ ရှိလာတော့လည်း အမှတ်တမဲ့ လွမ်းနေဆဲပါပဲ"

လေးဖြူရဲ့သီချင်းတွေကတော့ သူတို့သုံးယောက်လုံးရဲ့ ခရေစ်နှိုးသုံးယောက်သား တက်ညီလက်ညီ ဆိုဖြစ်ကြပါသည်။

ညစာစားပြီးပြီမို့ အေးဆေးစွာ ထိုင်နေကြခြင်းဆိုလျှင်လည်း မမှားချေ။

"နန္ဒ မင်း ဆုလဲ့ကို လိုက်နေတယ်ဆိုတာ အဆင်ကောပြေရဲ့လား"

"ငါတော့ မထင်ဘူး ညီ"

ညီက စာသားမဲ့တီးလုံးတွေ ငုံ့တီးနေသော နန္ဒကို လှမ်းမေးလိုက်သဖြင့် သွေးက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ သွေးရဲ့စကားကြောင့် ဂီတာကို ငုံ့တီးနေသော နန္ဒက အတီးမပျက် သွေးကို မော့





ကြည့်သည်။

ညီကလည်း ဘာကြောင့် မထင်ရသလဲဆိုသောပုံစံနှင့် သွေးကို လှည့်ကြည့်သည်။

သွေးကတော့ ဒန်းကို ခြေထောက်နှင့်ထောက်၍ လွှဲနိုင်သမျှ လွှဲရင်း-

"ဆုလဲ့ မုန်းထားတဲ့ ယောကျ်ားလေးဟာ ဘယ်လိုပုံစံလဲဆိုတော့ ငါ ပြောမယ်နော်။ နန္ဒ နင် စိတ်မဆိုးနဲ့"

"ပြောစမ်းပါ"

"သူကိုယ်တိုင်က သွက်သွက်လက်လက် ထက်ထက်မြက်မြက်ကွာ…နောက်ဆုံး ကုန်ကုန်ပြောမယ်။ သူ ယာယီတွဲနေပါတယ်ဆိုတဲ့လူတွေတောင် ရိုးရိုးသာမန် တို့လိုကျောင်းသားတွေ မပါတာတော့ အသေအချာပဲ။ စီးပွားရေးအင်အားတောင့်တင်းတဲ့လူဖြစ်တဲ့အခါဖြစ်ပြီး တချို့ကျတော့ ဘော်ဒီ structure တောင့်တောင့်နဲ့ စမတ်ဖြစ်တဲ့ယောကျ်ားမျိုးကွ"

နန္ဒက ခေါင်းကို လျှင်မြန်စွာ ခါယမ်းရင်း-

"တကယ်အချစ်ဖြစ်လာရင် အဲဒါတွေ မလိုပါဘူးကွာ"

သွေးက နန္ဒလက်ထဲမှ ဂီတာကို ဆွဲယူပြီး ကြိုးတွေကို လိုက်တို့ထိရင်း-

"သိပ်မှန်တာပေါ့…ဒါပေမယ့် ဆုလဲ့က အချစ်ကို ကိုးကွယ်တဲ့လူလို့ နင်က ထင်လား"

ဒီလိုကျတော့လည်း နန္ဒ အသံမထွက်နိုင်ပါချေ။ ဟုတ်ပါတယ်။ ဆုလဲ့ဆိုတာ အချစ်ကို ကိုးကွယ်တတ်သော မိန်းကလေးမဟုတ်မှန်း

ကိုတော့ သူ အလိုလိုသိနေပါသည်။

"မင်းက လှမ်းကတည်းက အချိုကြီးလှမ်းတာကိုး…နန္ဒရ ကင်းတောင် အနားကပ်လို့မရတဲ့ ကွင်းကို မင်းက အချိုကြီးလှမ်းလိုက် တော့ တစ်ဖက်သတ်ဇာတ်လမ်း အလိုလိုဖြစ်လာတာပေါ့"

ညီကလည်း ဝင်ပြောသည်။

ဘယ်သူတွေဘာပြောပြော စက္ကူအာရုံနှင့် မြင်လိုက်ရသည့် တစ်ဒင်္ဂမှာ နှလုံးသားထဲ အချစ်ဆိုတဲ့အရာက မဖိတ်ခေါ်ဘဲ အလိုလို ဖြစ်တည်လာတာကိုတော့ မည်သို့ တတ်နိုင်မည်နည်း။

အဲဒီလူက ရုပ်ချောလို့၊ ရုပ်ဆိုးလို့၊ ပိုက်ဆံရှိလို့၊ ဆင်းရဲလို့ အကြောင်းအမျိုးမျိုးပြပြီး ကိုယ်စေလိုရာ ညွှန်ပေးလို့မရတာက အချစ် ပဲလေ။

"ကဲပါကွာ…ဒီလိုအချိန်မှာ အဲဒါတွေ အသာထားစမ်းပါ နန္ဒ ရာ…ဖြစ်နိုင်မယ်ဆိုရင် မင်းအတွက် တို့တာတွေလည်း ဆုတောင်းပေး ပါ့မယ်"

"ကျေးဇူးပဲ ညီရာ"

ညီက အားပေးနိုင်ပေမယ့် သွေးကတော့ အားမပေးနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သွေးကလည်း ဆုလှဲ့လို မိန်းမသား တစ်ယောက် ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

နန္ဒက ဘယ်လိုပဲချဉ်းကပ်ကပ် ဘာတွေပဲပေးပေး ဆုလှဲ့ရှေ့ ရောက်သွားရင် အသုံးမဝင်တဲ့၊ မက်မောစရာတွေမဟုတ်ဘဲ ဖြစ်သွား ရခြင်းရဲ့။ အဓိကအကြောင်းရင်းကတော့ အဲဒီမိန်းကလေးရဲ့စိတ်ထဲမှာ ထိုယောကျ်ားလေး ရှိမနေလို့ဆိုတာ သွေးကတော့ အတတ်ပြောရဲပါ





သည်။

ဒါကြောင့် ညီကဲ့သို့ နန္ဒကို အားမပေးဖြစ်ခြင်း ဖြစ်ပါသည်။

"နန္ဒရေ…ဖုန်းလာတယ်ဟေ့"

သွေးတို့နှင့် ခြံချင်းကပ်လျက် နန္ဒတို့အိမ်က "နန္ဒရေ…ဖုန်းလာ တယ်" ဟု လှမ်းပြောသောအခါ -

"ဟော…ဖုန်းလာတယ်တဲ့…ဘယ်သူလဲမသိဘူး။ ငါ ပြန်တော့မယ် ညီနဲ့သွေး…မနက် ကျောင်းရောက်မှ ဆုံတော့မယ်"

"အေး…အေး"

"ရှေ့"

သွေးက ရင်ခွင်တွင် ပိုက်ထားသော နန္ဒရဲ့ဂီတာကို လှမ်းပေး လိုက်သည်။

နန္ဒက ဂီတာကို ပခုံးထက်တွင်တင်ပြီး ခြံနှစ်ခြံကြားမှာ ဖောက် ထားသော သံတံခါး အသေးလေးကို တွန်းဖွင့်ဝင်သွားပြီး ပြန်ပိတ်ခဲ့ ကာ သူတို့ခြံဘက်ဝင်သွားသည်။

သွေးက ပခုံးတွန့်ကာ နှစ်ယောက်အားဖြစ်သော ဒန်းကို အားရ ပါးရ ခြေထောက်ထောက်၍ လွှဲပစ်လိုက်သည်။ ဒန်းက ကြိုးဒန်းလို တော့ အမြင့်ကြီး မြင့်မသွားပါ။

တက်လိုက်ကျလိုက်တိုင်း တကျိကျိနှင့် မြည်နေလေသည်။

"သူများ အသည်းကွဲစရာ နားထောင်ပြီး ကိုယ်တိုင်တောင် အသည်းကွဲရမှာ ကြောက်လာပြီ"

"အောင်မယ်…သွေး နင်က အသည်းကွဲချင်သေးတယ်… ဟုတ်လား…နင် ရည်းစားထားလို့ကတော့ လေးလေးသန့်ကို တိုင်မှာ

က နောက်ထား…ဟောဒီမှာ တွေ့လား၊ ငါ့လက်သီး မြည်းကြည့်လှည့်ပါ"

"အောင်မယ်…နင် ငါ့များ လက်သီးနဲ့ရွယ်ရတယ်ရှိသေး…ကဲ…"

"အား…နာတယ်၊ ဟ…ခွေးမလေး တကယ်ထိုးတယ်ဟ"

နှစ်ယောက်သား ရယ်လိုက်ကြသည်။ ညီ စိတ်မဆိုးတတ်တာသွေး သိတယ်လေ။





# အခန်း (၈)

"ဒီနေ့ ကားရိုက်မရှိဘူးလား ပြည့်"

"ဟုတ်တယ် ကိုနောင်"

"ဒါဆို အပြင်သွားရအောင်လေ"

"ပျင်းစရာကြီး"

"ပျင်းလို့သွားမှာပေါ့…ထ…သွားရအောင်"

"နည်းနည်းလေး ပြင်ပါရစေဦး"

"သေတော့မှာပဲ"

ကိုနောင်က ရှုံ့ရှုံ့မဲ့မဲ့ ညည်း၍ သူ့လက်ထဲက ကားသော့ကို ယူပြီး ကားသွားထုတ်သည်။ ကားမောင်းထွက်လာတုန်း-

"တီ...တီ"

ဒတ်ချ်ဘုတ်ပေါ်မှာ တတီတီ မြည်နေသောဖုန်းကို မကိုင်ဘဲ နေသဖြင့် ကိုနောင်က-

"ကိုင်လိုက်ဦးလေ"

"ဂျတ်...ဘာအလုပ်ပေါ်ပြန်ပြီလဲမသိဘူး"

"ဟယ်လို"

"ပြည့်လား"

သူ့ဖုန်းကို လက်နဲ့အုပ်ပြီး ကိုနောင်ဘက်သို့ လှည့်၍-

"မခင်မြတ်မွန်"

"ပြော..မမြတ်"

"ဘယ်ရောက်နေသလဲ...အိမ်မှာဆက်တာ မရဘူး။ ရိုက်ကွင်း ရောက်နေတာလား"

"မဟုတ်ဘူး...အပြင်မှာ"

"အရေးကြီးကိစ္စရယ်လို့တော့ မရှိပါဘူး။ မရောက်တာကြာလို့ သတိရလို့ ဆက်လိုက်တာ။ ဒေါ်လေးက အိမ်လာလည်ဖို့ ပြောနေ တယ်။ ဟို...ကိုနေလင်းတို့ကော"

"ဟုတ်ကဲ့...အားရင် လာခဲ့ပါမယ် မမြတ်"

"ဒါနဲ့ ကိုနေလင်းကို သိပ်မတွေ့ဘူးနော်။ ဘယ်ရောက်နေလဲ မန္တလေးအိမ် ပြန်သွားတာလား"

"မဟုတ်ဘူး...အပြင်ကို မထွက်တာ"

"ဩော်...မသိပါဘူး၊ အိမ်တွင်းပဲအောင်းနေ...လူက နေမကောင်းတတ်ဘူးလေ။ ဒါဆို ဒါပဲနော်"





"ဟုတ်ကဲ့"

"မမြတ်က ကိုနောင်ကို အပြတ်ကြွေနေတာ"

"တော်စမ်းကွာ"

"ဟင်"

ဘာရယ်မဟုတ် ထုံးစံအတိုင်း စနောက်နေကြမို့ စနောက်လိုက် သေမဲ့ မျက်နှာတစ်ပြင်လုံး နီရဲနေသော ကိုနောင်ကို ကြည့်ပြီး သူ တောင် လန့်သွားရသည်။ ဘာများလို့ပါလိမ့်။

စားသောက်ဆိုင်ရောက်တဲ့အထိ သူ့ကို စကားမပြောဘဲ ငြိမ်နေ သဖြင့် ထူးတော့ထူးဆန်းသည်။

"ကိုနောင် ပြည့် ဘာများလို့လဲ"

"မှားတာပေါ့...ခင်မြတ်မွန်နဲ့ စနောက်တာ အို...ကုန်ကုန်ပြော ရရင် ငါ့ကို ဘယ်မိန်းကလေးတွေနဲ့မှ မစနဲ့...မကြိုက်ဘူး"

လုံးဝ ခါးခါးသီးသီးဖြစ်နေသော ကိုနောင်ကို သူ အံ့သြရသည်။ မိန်းမတွေနဲ့ပတ်သက်လာလျှင် လှုပ်လှုပ်ခတ်ခတ် မဖြစ်တတ်သော ကိုနောင် အခုတော့ ဘယ်လိုဖြစ်တာပါလိမ့်။

"sorry ...တစ်နေ့နေ့ကျရင် ညီ သိလာမှာပါ"

ဘာမှန်းမသိပေမဲ့ သူ ခေါင်းညိတ်လက်ခံလိုက်၏။ စား သောက်ပြီးတော့-

"ကိုနောင် Music ကမ္ဘာသွားရအောင်"

"ဟာ...မလိုက်ချင်ပါဘူး၊ လူငယ်တွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်"

"မရှုပ်ပါဘူး ကိုနောင်ရဲ့...အဲဒီဆိုင်က လုံးဝ သန့်တယ်။ ဘာရာအိုကေဆိုလို့ရတယ်။ သီချင်းချစ်သူတွေအတွက် သီးသန့်

ကိုနောင် စိတ်ပူနေတဲ့အရာတွေ ဘာမှမရှိဘူး"

Music World...

ကိုနောင်က orange ပဲမှာသည်။ သူကတော့ ဘီယာတစ်ဘူးနဲ့ ငါးမှုန့်ကြော်၊ ဘဲကင် မှာ၏။

"အမုန်က ခင်မြတ်မွန်ကို ညီအတွက် လျာထားတာ"

"မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"သူက ပြည့်ထက် (၅)နှစ်တောင် ကြီးတာ...မလိုချင်ပါဘူး။ ပြီးတော့ သူ့ကို ပြည့် မချစ်ဘူး။ အိမ်ထောင်တစ်ခုမှာ ယောကျ်ားလေး အသက်ကြီးတာ ဘာမှမဖြစ်ဘူး၊ မိန်းမအသက်ကြီးရင် တည့်ဖို့မလွယ်ဘူး။ ပြီးတော့ သူက ကိုနောင့်ကို..."

"ထားပါတော့လေ...တကယ်တော့ မင်းပြောသလောက် အချစ်ဆိုတာ မလွယ်ကူဘူး ပြည့်...ချစ်မိပြီဆိုတာနဲ့ ပူလောင်နေရတယ်။ ဘယ်သူကြောင့် မုန်းရမလဲ အတူနေခွင့်မရမှာဆိုးလို့ ခံစားရတယ်။ ရကြပြန်တော့လည်း တွန့်တိုရတယ်။ မင်းလည်း အသက်အရွယ်ရတဲ့ လူလတ်ပိုင်းထဲရောက်လာပြီး အချစ်ဆိုတာကို နုနုရွရွ သိပ်ခံစားမနေနဲ့...ဟုတ်လား"

"ကိုနောင်လည်း အချစ်နဲ့ပတ်သက်ပြီး အတော်ခံစားရပုံရတယ်"

"သေချာတာပေါ့...အခုထက်ထိ သေတဲ့အထိ ငါ သူ့ကို ချစ်နေတယ်။ သူလည်း ငါ့ကို သိပ်ချစ်တာ"

"ဖြစ်ရလေ...ဒါဆို ကိုနောင့်ချစ်သူက အခု..."





"သူ မရှိတော့ဘူးလေ။ ဒါပေမဲ့ ငါ့အနားမှာ သူ ထာဝရ ရှိနေတယ်...ပြည့်...သူကတော့ မချစ်မနှစ်သက်တဲ့လူဆီမှာပဲ သူ့ဘဝ အပ်နှံခဲ့ရတယ်"

"လောကကြီးက ဆန်းကြယ်လိုက်တာနော်"

အချစ်နဲ့ မတွေ့ခဲ့ဖူးဘူးလို့ ထင်ခဲ့လေသမျှ ကိုနောင်က အချစ်ကြောင့် ခံစားနေရသတဲ့။

သူ (၅)တန်းနှစ်မှာ ကိုနောင့်ဆီ ပြန်ရောက်ခဲ့ပေမယ့် ဒါတွေ ဘာမှမသိခဲ့ရအောင် ကိုနောင်က သိုသိုသိပ်သိပ်နေနိုင်သူ။ သူ ဘွဲ့ရတော့ စင်ကာပူသွား၊ မန္တလေးမှာ တစ်နှစ်ပြန်နေပြီးမှ ရန်ကုန်မှာ အနုပညာလုပ်ငန်းနဲ့ အခြေချနေခဲ့တာ။ ဒီတော့ သူ ကိုနောင့်အကြောင်းတွေ မသိခဲ့ရတာ မဆန်းပါ။

သူ တွေ့မြင်ရသလောက် အလုပ်ထဲမှာပဲ စိတ်နှစ်ထားသည့် ကိုနောင် မိန်းမတွေနဲ့ အရှုပ်အရှင်း ကင်း၏။ အသောက်အစားမရှိ။ ဒါပေမဲ့ ပြင်းပြင်းထန်ထန် ဝါသနာကြီးတာကတော့ သီချင်းဆို၊ သီချင်းနားထောင်ခြင်း ဖြစ်သည်။ အားနေလျှင် သီချင်းလေး တညည်းညည်းနဲ့ ဖြစ်သည်။

"ကိုနောင့်မှာ ချစ်သူရှိခဲ့လိမ့်မယ်လို့ ပြည့်ဖြင့် မထင်ခဲ့ဘူး။ ပြည့်အစ်ကိုလို ပညာတတ်၊ ဥစ္စာပေါရုပ်ချောတဲ့သူကို ထားခဲ့နိုင်တဲ့ မိန်းကလေးတစ်ယောက်အကြောင်း ပြည့် သိခွင့်ရမလား"

ပြုံးရုံပြုံး၍ ခေါင်းယမ်းလိုက်သော ကိုနောင့်ကြောင့် သူ ဘာဆက်မေးရမှန်းမသိ။ သို့သော် အပြုံးရဲ့နောက်မှာရှိသော ကိုနောင့်ရဲ့အထီးကျန်ဆန်မှုများကို သိနေသောသူကတော့ ဆက်မမေးဖြစ်တော့

ပါ။

အခြားသော မိန်းကလေးတွေနှင့် စနောက်တာမှန်သော်လည်း တကယ်တမ်းကျတော့ ကိုနောင် အခုလို တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ရှိနေတာကို သူ ပို၍သဘောကျပါသည်။

ယခုအရွယ်မှ ပူပင်သောကတွေ၊ စိတ်ရှုပ်ထွေးစရာတွေနှင့်လည်း လုံးထွေးမနေစေချင်တော့ပါ။

"တစ်နေ့နေ့တော့ ပြောပြမှာပေါ့ ပြည့်ရာ…ဒါက လျှို့ဝှက်ထားစရာလိုတဲ့ကိစ္စမှ မဟုတ်တာ"

"ဟုတ်ကဲ့ပါ ကိုနောင်"

"ပုစဉ်းရင်ကွဲတွေ×××အော်နေကြတယ်×××ကြားတော့ကြားတယ် မမြင်နိုင်တယ်×××မင်းအသံလေးတွေ××× ခေါ်နေကြတယ်××ကြားတော့ကြားတယ်×××မမြင်နိုင်တယ်×××ဘယ်ဆီများ ပြေးပုန်းနေရက်တယ်×××မကြင်သူရယ်×××

ချမ်းအေးတာလည်း မသိတော့ပါပဲ လမ်းဘေးမှာပဲ အလွမ်းတေး ဆိုနေမယ်"

သူတို့ရဲ့စကားသံတွေတိတ်ပြီး သီချင်းသံမှာ နစ်မျောသွားရသည်။ ဤ"အလွမ်းညဟေမာန်" ဆိုသောသီချင်းသည် ကိုနောင်အင်မတန် ကြိုက်သည့်သီချင်း။ ထိုသီချင်းတစ်ပိုင်းတစ်စကို အမြဲတမ်းညည်းနေတတ်သည်။

သူ့အကြည့်က ကိုနောင့်ဆီ ရောက်သွား၏။

ဘုရားရေ…



လက်တွေက စားပွဲကို ခပ်တင်းတင်း ဆုပ်ကိုင်ထားပြီး မျက်နှာကလည်း ဖြူတော့မည့်မိုးနှယ်။

"ကိုနောင်"

"ကောင်းလိုက်တာ"

သူ့အကြည့်က အဆိုရှင်ဆီ ရောက်သွားသည်။ သူ့တို့က နောက်ဘက်ချောင်မှာမို့ ထိုရှေ့ဘက်ကို မမြင်ရချေ။ သူ မတ်တတ်ထရပ်တော့ ကိုနောင်က မော့ကြည့်သည်။

"ပြည့်…ဘယ်လဲ"

"ခဏ ကိုနောင်"

သူ အရှေ့ဘက်ကို လျှောက်လာခဲ့သည်။ ကိုနောင်ကတော့ နားမလည်စွာ မော့ကြည့်ရင်း ကျန်နေခဲ့သည်။

ကာရာအိုကေ ဆိုကြသည့် ခုံတန်းထက်မှာ မတ်တတ်ထရပ်သူကိုမြင်တော့ သူ့ရင်တွေ ထိတ်ခနဲ။

"ဒွေး"

"ဟင်…ကိုကြီး"

မမေ့လျော့သော နာမ်စားလေးသုံးပြီး သူမက သူ့ကို တအံ့တဩ မော့ကြည့်သည်။ ဒီနေ့တော့ သူမက မြင်းချေးရောင် ဘောင်းဘီရှည်ကို ပန်းနုရောင်ရှပ်ကွက်နဲ့ တွဲဝတ်ထား၏။ ဆုပ်ကိုင်ထားသည့် ဦးထုပ်ကို မဆောင်းဖြစ်တော့ချေ။

"သီချင်းလာဆိုတာလား"

"အင်း"

"အလွမ်းညဟေမာန်ဆိုတာ မဟုတ်လား"

ရွှေဒေသာစာပေ

"ဟုတ်ကဲ့..ကိုကြီးက နားထောင်နေတာလား"

"ကိုယ်တို့က အဲဒီသီချင်းကို အရမ်း crazy ဖြစ်ကြတယ်"

"ကိုတို့..."

"ဩော်...မေ့လို့...မိတ်ဆက်ပေးပါရစေ။ ခဏ လိုက်ခဲ့ပါ လား"

"ဟို...လေးလေး ဆူမယ်ထင်တယ်။ ထွက်လာတာကြာပြီ... ဟိုနားဒီနားပေါ့ ပြောပြီးထွက်လာတာ ကြာနေရင်..."

"ခဏပါ သွေးရဲ့...လာပါ"

သူမ အားနာတာကြောင့် ထင်သည်။ မငြင်းဆန်တော့ဘဲ သူ့နောက်ကို လိုက်လာသည်။ ကိုနောင်ကတော့ မိန်းကလေးတစ်ယောက်နဲ့ တွဲလာသည့် သူ့ကို အံ့ဩနေသည့်ဟန်။

"ကိုနောင်"

"ဘယ်သွားနေတာလဲလို့...မိတ်ဆွေနဲ့ တွေ့နေတာကိုး"

"ကိုနောင် ဒါ ပြည့်ပြောတဲ့ ချာတိတ်လေးလေ...လေပြည် သွေးတဲ့။ သွေး...ဒါ ကိုယ့်ရဲ့အစ်ကိုကြီး နေလင်းနောင်တဲ့"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်"

ကိုနောင်က ကောင်မလေးရဲ့မျက်နှာကို အကြာကြီး ငြိမ်သက်စွာ ငေးနေသည်။ ပြီးမှ သတိဝင်လာသူလို...

"သမီးဆိုတဲ့သီချင်းက ဦးတို့ငယ်ငယ်က အရမ်းကြိုက်ကြတာ လေ"

"ဒီရဲ့သီချင်းက ကျွန်တော် ငယ်ငယ်ကတည်းက ရင်းနှီးနေခဲ့တာပါ လေးလေး...ကျွန်တော့်အဒေါ်ကတော့ ပြောပါတယ်။ အမေ





က ဒီသီချင်းကို အရမ်းကြိုက်တယ်တဲ့"

"တဲ့ဆိုတော့...သမီးအမေက"

"ကျွန်တော် မွေးကတည်းက ဆုံးသွားတာပါ"

"အို...sorry နော် သမီး"

"ရပါတယ် လေးလေး"

"ဦးနဲ့ညီကို တကယ်ဆွေမျိုးလို သဘောထားပေါ့။ ဘာမှ ကြောက်နဲ့...ဟုတ်လား...သမီးက ရန်ကုန်သူလား"

"မန္တလေးကပါ လေးလေး"

"ကိုယ်တို့လည်း မန္တလေးကလေ သွေးရဲ့"

"ဟုတ်လား"

သူမမျက်နှာက အံ့ဩနေသလို ကိုနောင့်မျက်နှာမှာလည်း အရောင်အမျိုးမျိုးပြောင်းလျက်...ပြီးတော့ ဘယ်သူ့အပေါ်မှ မဖော်ရွေ သော ကိုနောင်က-

"ဒါ...ဦးရဲ့ Address card ညီဆီကတော့ ရပြီးထင်တယ်။ ဒါက ဦး သက်သက်ပေးတာ...အကူအညီလိုရင် ပြောနော်"

"ဟုတ်ကဲ့"

"ဘယ်သူလိုက်ပို့တာလဲ သွေး...ညီမင်းနဲ့လာတာလား"

"ဟင့်အင်း"

"ဒါဆို တစ်ယောက်တည်းပေါ့"

"ဟုတ်တယ်...ဖေဖေက သီချင်းဆိုတာ၊ ကခုန်တာ လုံးဝ ကြိုက်ဘူး ကိုကြီးရဲ့...အိမ်မှာကျတော့လည်း ဆိုပြန်ရင် လေးလေး တို့ကို အားနာတယ်။ လေးလေးက ဖေဖေ့ကို ကြောက်ရတယ်လေ။

ဒါကြောင့် အပြင်ထွက်ရက်တွေမှာ ဆိုဖြစ်တာ"

"ဪ...အင်း"

သူ သနားသွားရသည်။

ဪ...ချုပ်နှောင်မှုတွေကြားမှာ ကြီးပြင်းနေရသည့် ချာတိတ်လေးကို ကရုဏာသက်မိ၏။ စေတနာတွေ ရေစီးကမ်းပြို၍...





# အခန်း (၉)

"လေးသန့် လာပြီ သွေး"

"ဟင်...ဖေဖေလာတယ်"

သွေး စာအုပ်ဖတ်နေရာမှ ပျော်ရွှင်သွားသည်။

ဖေဖေနဲ့ မတွေ့ရတာ တစ်နှစ်နီးပါးရှိနေပြီ။ ပျော်ရွှင်စွာနဲ့ အပေါ်ထပ်ကနေ ပြေးဆင်းလာခဲ့၏။

စကားသံအချို့ကြောင့် သူမခြေလှမ်းတွေ ရပ်တန့်သွားရသလို အဖေ့ထံမှ သွေးကို သတိရလို့ဟူသော ပြောသံလေးကိုလည်း ကြားချင်မိသို့ သူမရှေ့မှာ ဖေဖေက ဒီစကားကို ဘယ်တုန်းကမှ မပြောခဲ့ဖူးပါ။

"ပိန်သွားလိုက်တာ ကိုကိုလေးရယ်"

"စာမေးပွဲစစ်နေတာကိုး နှင်းဆီရဲ့...ဒါနဲ့ မင်းညိုကော"

"သူ ဘန်ကောက်ရောက်နေတယ်"

"ဟုတ်လား…အဆင်ကောပြေကြရဲ့လား"

"ပြေပါတယ်…သားလည်း သွေးလေးရှိတော့ အရမ်းပျော်နေတယ်။ နှင်းအထင် ကိုလေး သမီးသွေးကို သတိရပြီး ပိန်တာနေမှာ"

"အလကား…ဘာမှမဟုတ်ဘူး၊ ကိုယ့်အလုပ်နဲ့ကိုယ်တောင် ဘယ်မှမလှည့်အားဘူး"

ဖေဖေရယ်…

ပြောရက်လိုက်တာ။ သွေးကတော့ ဖေဖေ့ကို သတိရနေရတာ။ အားတိုင်း ဖေဖေမသိအောင် တိတ်တဆိတ် ယူလာခဲ့သည့် ဖေဖေ့ ဓာတ်ပုံလေးကိုကြည့်ပြီး သတိရနေရတာ။ ဖေဖေကတော့ သွေးကို ရှိတယ်လို့မှ မထင်ခဲ့ဘဲကိုး။

"သွေးကော…သား ခေါ်ခဲ့ပြီလား"

"လာမယ်တဲ့…မေမေ သူ အရမ်းပျော်နေတာ လေးသန့်ရ၊ လေးသန့်ကိုလည်း သတိရနေတာ"

"အပိုတွေပါ"

ဝမ်းနည်းမှုတွေ အတင်းထိန်းချုပ်ရင်း အောက်ဘက်ဆင်းလာခဲ့၏။

အစကတော့ ဖေဖေ ကြည်ကြည်မကြည်ကြည် ဖေဖေ့ လက်မောင်းကိုတွဲပြီး ကပ်ချွဲလိုက်မည်ဆိုသောအတွေးတွေ ကြက်ပျောက်ငှက်ပျောက်။

ဖေဖေနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး ခေါင်းငုံ့၍ ငြိမ်သက်မိ၏။ မတော် သွေး ပြောသမျှစကားတွေကို ဒေါသ ဖြစ်နေရဦးမည်။

"စကားပြောကြဦး…နှင်း…ဟင်းအိုးပြင်လိုက်ဦးမယ် ကိုကို





…သားရေ ရေသွားလောင်းလိုက်ပါဦး…သွေးတို့ လွတ်လွတ် …လပ် ပြောပါစေဦး"

"ဟုတ်ကဲ့"

ထွက်သွားသော ညီကျောပြင်ကို ကြည့်ပြီး သွေး ငြိမ်သက်နေ…-

"ဖအေကို စကားမပြောနိုင်နဲ့ အဲဒါ ဘာဖြစ်နေတာလဲ …ပြည်သွေး"

"မပြောနိုင်တာ မဟုတ်ပါဘူး ဖေဖေ…ကျွန်တော် ပြောလိုက် …စကားကြောင့် ဖေဖေ ဒေါသဖြစ်နေရမှာဆိုးလို့ပါ"

"မိကျောင်းမင်း ရေခင်းပြမနေနဲ့…ညည်း ယောကျ်ားလေးတွေ… တရုန်းရုန်း ဖြစ်နေတယ်ဆို"

"ဘော်ဒါတွေပါ ဖေဖေ"

"ဘာဘော်ဒါတွေလဲ…နှင့်ကိုနှင် မိန်းကလေးဆိုတာ မမေ့နဲ့ …ပြည်သွေး"

သွေး ဖေဖေ့ဘက်သို့ ငြိမ်သက်စွာ လှည့်ကြည့်မိ၏။ မျက်လုံး…တွေ စိုစွတ်လာရသည်။

"မေ့သွားပြီ…ကျွန်တော့်ကိုယ်ကျွန်တော် မိန်းကလေးဆိုတာ …သွားပြီ…ဖေဖေ…အဲဒါ ဘယ်သူ့ကြောင့်လဲ"

"ညည်း"

"ဖေဖေ နေစေချင်တဲ့အတိုင်း ကျွန်တော် နေခဲ့တယ်။ ဖေဖေ …ည်းကမ်းချက်တွေနဲ့ တစ်သွေမသိမ်း လိုက်နာခဲ့တယ်။ အဲဒီထဲမှာ …ယောကျ်ားလေး သူငယ်ချင်းမထားရဘူးဆိုတာ မပါဘူး။ ဖေဖေ

ယောကျ်ားလေးနဲ့ မပေါင်းနဲ့၊ မိန်းကလေးသူငယ်ချင်း မထားနဲ့တဲ့။ ကျွန်တော် ဘယ်သူနဲ့ပေါင်းရမလဲ။ ကျွန်တော် ပေါင်းရမဲ့သူ မရှိတော့ဘူး”

“ပေါင်းစရာမရှိရင် မပေါင်းနဲ့ပေါ့”

“ကျွန်တော်နေတဲ့ ပတ်ဝန်းကျင်က လူတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့ပတ်ဝန်းကျင်ပါ ဖေဖေ…ဘယ်သူနဲ့မှ မပေါင်းစေချင်ရင် မန္တလေး အိမ်ခေါ်သွားပြီး ကျွန်တော့်ကို တံခါးပိတ် သော့ခတ်ပေးပါ။ ကျွန်တော် ပြန်လိုက်ခဲ့ပါရစေ။ ဒီမှာ မနေတော့ဘူး။ ဖေဖေ ကျေနပ်တယ်မဟုတ်လား။ ဟိုလူနဲ့မပေါင်းနဲ့…ဒီလူနဲ့ မပေါင်းနဲ့ဆိုတာ ဖေဖေ ပိတ်ပင်စရာမလိုတော့ဘူးပေါ့”

“လေပြည်သွေး”

“ဖြန်း”

“ရိုက်လိုက်ပါ ဖေဖေ နောက်တစ်ဖက် ကျန်သေးတယ်။ မပြောဘဲ စိုက်ကြည့်နေတာထက် ရိုက်လိုက်တာကိုပဲ ကျွန်တော် မက်မောတယ်”

“သွေး”

“သမီး…အဲဒီလို မပြောရဘူးလေ”

“နှင်း…နှင်းဆီ နှင် ကြည့်စမ်း…အဲဒါ နှင့်အိမ်ကို လွှတ်လိုက်တာ (၃)နှစ်ပဲ ရှိသေးတယ်။ နှင် မြင်လား…ဒီကောင်မရဲ့အချိုးတွေ”

“ကိုကိုလေးရယ်…အဲဒီလိုကြမ်းတမ်းတဲ့စကားတွေ မပြောပါနဲ့…သွေးဟာ ဆိုးသွမ်းနေတဲ့ကလေး မဟုတ်ပါဘူး။ ပြီးတော့ သူ





ပေါင်းတဲ့အပေါင်းအသင်းတွေက ကလေကဝတွေ မဟုတ်ပါဘူး။ နှင်းတို့ မျက်စိအောက်မှာ ကြီးခဲ့တဲ့ ကလေးတွေပါ”

“တောက်…ညည်း ဘယ်သူ့ကို အားကိုးနေတာလဲ မိလေပြည်သွေး…ညည်း…ညည်းအမေလိုပဲ”

“ကိုကိုလေး…မဆိုင်တာတွေ မပြောပါနဲ့”

“ဆိုင်တယ်…သူ့အမေအတိုင်း တစ်စိတ်တည်း တစ်ဉာဏ်တည်း။ စိတ်၊ ရုပ် အားလုံး သူ့အမေအတိုင်း။ ငါ့ကို ဆန့်ကျင်ဖို့ ဆန့်ကျင်အောင်လုပ်ဖို့၊ ထော်လော်ကန့်လန့်လုပ်ဖို့ပဲ သိတယ်”

“မေမေက မွေးတာပဲ ဖေဖေ တူတာမဆန်းပါဘူး”

“မတူရဘူး…မတူရဘူး…ဟာကွာ…တောက်”

“ခွပ်”

“အား”

“ကိုလေး မလုပ်ပါနဲ့”

“သွေး”

စပ်ဖျင်းဖျင်း ဖြစ်သွားသည်။ နှုတ်ခမ်းထောင့်ကို လက်ခုပ်နဲ့ ခမ်းကြည့်တော့ သွေးအနည်းငယ် ထွက်လာသည်။

ငိုကြွေးခြင်းမရှိပါဘဲ မျက်လုံးတွေက ဝေဝါးသွား၏။ ကိုယ်ကို တော်မတော်ပြင်ကာ ဆိုဖာပေါ် ပြောင်းထိုင်လိုက်၏။ သွေးကို တွန်းထုတ်နေသည့် လေးလေးရဲ့လက်တွေကို အသာဖယ်လိုက်ပြီး ဖေဖေ့ကို မော့ကြည့်လိုက်၏။

“ဖေဖေ မွေးထားတာမို့ ရိုက်တာ၊ ကျွန်တော် ဘာပြောခွင့်ရှိမှာ လဲ။ မမြင်ရတဲ့ မိခင်အပေါ် အောက်မေ့သတိရမိတာ ကျွန်တော့်အပြစ်

လား။ ဖေဖေပေးသမျှ ကောင်းခြင်းဆိုးခြင်းတွေကို ကျွန်တော် လက်ခံတယ်။ ရိုက်ဦးမလား…ကြိုက်သလိုလုပ်ပါ ဖေဖေ"

"လေပြည်သွေး…ငါ့ကို မင်း ကျွတ်…ဟိုတုန်းက မျက်လုံးတောင် လှန်မကြည့်ရဲ့တဲ့သူက တစ်ခွန်းမကျန် ပြောနေလိုက်တာ"

"မှားပြီ…ကျွန်တော် ဘယ်တော့မှ ပြန်ပြောဖို့ စိတ်ကူးမရှိပါဘူး"

"သွား…သွားစမ်း"

"သွေး…သမီးရယ် အပေါ်ပြန်တက်ပါ"

သွေး မျက်နှာကို ငုံ့လိုက်စဉ် ဝေ၀ါးနေသည့် မျက်လွှာပိတ်သွားပြီး ပါးပြင်မှာ နွေးခနဲ လိမ့်ဆင်းသွား၏။

ဖေဖေရယ် အရာအားလုံး ဖေဖေ့သဘောအတိုင်း နေခဲ့တာ ကျွန်တော် ဖေဖေ့ကို ချစ်လို့ပါ။ ဖေဖေကတော့ မချစ်ဘူးဆိုတဲ့ ကြေညာချက်နဲ့…

ငယ်ရွယ်နုနယ်စဉ် ကလေးဘဝကတည်းက ဖေဖေ့ရဲ့ ဂရုစိုက်ခြင်းကို ရခဲ့သူမှမဟုတ်တာ။ သွေး မှတ်မှတ်ရရဖြစ်မိတာ တစ်ခု ရှိတယ်။

အဲဒီတစ်ခေါက်ပဲ ဖေဖေ သွေးအပေါ် ရှားရှားပါးပါး စိတ်ပူစိုးရိမ်ခဲ့ဖူးတာ။ သူမရဲ့ဒိုင်ယာရီလေးထဲ မှတ်တမ်းတင်ခဲ့၏။

အိမ်ဖော်တွေနဲ့သာ ကြီးပြင်းခဲ့ရပြီး ချစ်စရာမောင်နှမတွေ မရှိသဖြင့် သွေးရဲ့ဘဝဟာ ပျင်းဖို့ကောင်း၏။

အဲဒီအချိန်က သူမ (၆)နှစ်အရွယ်။

ကျယ်ဝန်းလှသည့် ခြံထဲမှာ ဆော့ချင်သလိုဆော့၊ မည်သူမှ





တားဆီးမည့်သူ မရှိ။ ဖေဖေတို့ဟာ မဟာမျိုး မဟာနွယ်ဝင်အဆက်များ၊ ဘုရားထူးခံမျိုးဟု ဆိုသေး၏။ ဒါပေမဲ့ ဘိုးဘိုးဘွားဘွားတို့ လက်ထက်မှာ ထိုစနစ်ကို ပယ်ဖျောက်၍ သာမန်အသုံးအနှုန်းကိုသာ သုံးစေခဲ့၏။

သွေး (၆)နှစ်အရွယ်မှာ ဘယ်သူမှ သက်ရှိထင်ရှား မရှိတော့ချေ။ ထိုကျယ်ဝန်းသည့် ခြံထဲမှာ တမင်သက်သက် ပြုလုပ်ထားသည့် ရေတံခွန်အတုနဲ့ ရေချောင်း စသည်တို့ရှိ၏။ ပန်းဥယျာဉ်များနဲ့ခြံသည် လှပသော တောတောင်နဲ့တူ၏။

တစ်ယောက်တည်း အဆော့လွန်ရင်း သွေး ချောင်းဘက်ရောက်ခဲ့သည်။ ပန်းပွင့်လေးတွေခူးပြီး ချောင်းစပ်မှာ ထိုင်ကာ တစ်ပွင့်ချင်း မျောရင်း သွေး ပျော်နေခဲ့၏။

ထိုစဉ် သွေးလက်မှာ ဝတ်ထားသည့် လက်ကောက်လေး ချောင်းထဲပြုတ်ကျသွားသည်။

"သွေး…ကလေး"

"…………"

"သွေး…ဖေဖေလာပြီ…ကလေး"

"…………….."

"ဖေဖေတဲ့"

ငယ်ရွယ်နုနယ်သည့်အရွယ်မှာ မြင်နေကျ ခက်ထန်သည့်ပုံစံကို မြင်ယောင်ပြီး ကြောက်ရွံ့သွားမိ၏။ လက်ကောက်ပျောက်ရင် ဖေဖေ ရိုက်မှာဟူသောအတွေးနဲ့ ရေထဲ ဖြည်းဖြည်းချင်း ဆင်းလိုက်၏။

လွှပ်ခတ်သွားသည့် ရေပြင်ကြောင့် လက်ကောက်လေးကို

ဖြည်းဖြည်းချင်း မျောသွား၏။

“ရပ်”

တစ်ယောက်တည်း လက်ကောက်ဓာလေးနဲ့ ဆင်းသွားလိုက်တာ ရေက ရင်ဘတ်အထိ ရောက်သွား၏။ ထိုစဉ် လက်ကောက်လေးကို ခြေထောက်နဲ့ ခပ်ထုတ်လိုက်သလိုဖြစ်သွားပြီး အပေါ်သို့ တက်လာကာ သွေးလက်နဲ့ ထိမိ၏။ ရုတ်တရက် ငုံ့ဖမ်းလိုက်တော့

“အား”

ရေတွေမွှမ်းကာ ခေါင်းမထူနိုင်တော့ချေ။

“အား”

“အဟွတ်”

ဝူးဝူးဝါးဝါး အော်သံတွေကြောင့် အားလုံး ရေချောင်းဘက်သို့ ရောက်လာသည်။ ရေပြင်မှာ ထောင်လျက်ပေါ်နေသည့် လက်လေးကို မြင်တော့-

“ကိုကိုလေး…ဟိုမှာ ကလေး”

“သမီး လက်ကို မြှောက်ထားစမ်း”

ထိုတစ်ခေါက်သာပေါ်ပြီး သွေး စုန်းစုန်းမြုပ်သွား၏။ အသက်ရှူ ၍မရသောအခါ သွေးကို တစ်ဦးတစ်ယောက်က ဆွဲခေါ်လိုက်၏။

ဖေဖေက သွေးကိုယ်လေးကို မှောက်၍ ထမ်းပြေး၏။ ရေတွေ အန်အောင်ပြုလုပ်ပေးပြီး အိမ်ပြန်ခေါ်လာကာ အဝတ်အစားလဲပေးသည်။ ဖေဖေကိုယ်တိုင် အဝတ်အစားလဲပေးပြီး-

“ရေထဲဆင်းဆော့စရာလား…ဟင်”

“ဟင့်အင်း…မဆော့ဘူး…လက်ကောက်”





“လက်ကောက် ဘာဖြစ်တာလဲ”

“လက်ကောက် ပြုတ်ကျသွားလို့”

“အသက်ထက် ဘယ်ဟာအရေးကြီးလို့လဲ…ကျွတ်…ခက်လိုက်တာ”

ရှားပါးလှန်းစွာ ရရှိခဲ့သော ဖေဖေ့ရဲ့စိုးရိမ်မှုလေးကို အမှတ်ရမိတိုင်း ဖေဖေ့အပေါ် အပြစ်မမြင်မိအောင် ကြိုးစားခဲ့ရ၏။

ဒါပေမဲ့…ဖေဖေ

ဥပေက္ခာတွေကိုပဲ ရနေတဲ့အခါ တူညီစွာ တုံ့ပြန်ချင်တယ်။

# အခန်း (၁၀)

"မိတ်ကပ် နည်းနည်းရင့်လိုက် မင်းသမီး"
"ဟုတ်ကဲ့"
"ထရော်လီ ဒီဘက်ရွှေ့၊ တိုးဝေ ကင်မရာ သေချာလေး နည်းနည်းစောင်းနေတယ်"
"ဆရာ ဖုန်းလာနေတယ်"
"ထားလိုက်…စက်ပိတ်ထားလိုက်၊ ဖိုးတုတ်ကော မောင်မောင်"
"အောက်ခဏဆင်းသွားတယ် ဆရာ"
"အရေးဆို ဒါပဲ ကဲ..မင်းသမီး ပြီးပြီလား"
"ရပြီ ဆရာ"
"စမယ်"





ကင်မရာကို မင်းသမီး၏မျက်နှာနဲ့ အနီးကပ်ဆုံး ဆွဲယူလိုက်သည်။ အသက် (၃၀)ကျော်အရွယ်တွင် ချစ်သူနဲ့ ပြန်တွေ့ရမည့်အခန်း၊ ဝမ်းမြောက်မှုနဲ့ အနည်းငယ်ရင့်သော နှုတ်ခမ်းနီကို ဆိုးထားသဖြင့် ရင့်နေ၏။

တက္ကသိုလ်ကျောင်းသူဘဝမှာ ချစ်ခဲ့သည့် ချစ်သူတွေဖြစ်သော်လည်း အခြေအနေတွေကြောင့် အင်းလျားရေပြင်အနီး၌ ခွဲခွာခဲ့ရ၏။

မျက်ရည်တွေ ဝိုင်းနေသည့်ပုံက တကယ်ပီပြင်လှသည်။ မျက်ရည်မကျအောင် နှုတ်ခမ်းကို ခပ်ဖွဖွကိုက်၍ မတ်တတ်ထရပ်လိုက်၏။

"ကဒ်"
"တော်တယ် အင်ကြင်း"
"ကျေးဇူးပဲ ဆရာ"
"ကဲ…နောက်တစ်ခန်း မင်းသားနဲ့ဆက်မယ်"
"ကရိန်း ဘာလို့ မြင့်သွားရတာလဲ ပြန်ချိန်…ကဲ…မင်းသားဝင်…ဆံပင်တွေကို လှန်ဖြီးထားပြီး စတိုင်ပန်အညိုရောင်နဲ့ ရှပ်အင်္ကျီအဖြူရောင်ဝတ်ဆင်ထားသည့် မင်းသားက ရင့်ကျက်နေသည့်အသွင်။

မျက်နှာငံ့ထားစဉ် ရှေ့မှပေါ်လာသော ခြေထောက်အစုံကြောင့်-
"ဟင်…မောင်…မောင်မဟုတ်လား"
"ကြွေ…တစ်ယောက်တည်းလား"
"မေးရက်လိုက်တာ မောင်ရယ်…ကြွေဟာ မောင် ထားခဲ့တဲ့အတိုင်း ဘာမှမပြောင်းလဲခဲ့ပါဘူး"

လက်ကိုင်ပဝါနဲ့ မျက်ရည်အသာတို့သုတ်လိုက်၏။ မင်းသား၏မျက်လုံးက ဖျတ်ခနဲ တောက်ပသွား၏။

''တကယ်…ဟုတ်လား''

''ဟုတ်တယ်…မောင်သာ ဓနိးနဲ့သားနဲ့''

''ဘယ်သူပြောလဲ''

''ဒါ…ဒါဆို''

''ဟုတ်တယ်…မောင်လည်း ကြွေအတိုင်းပဲ''

''မောင်ရယ်''

ကြွေက မောင့်ရင်ခွင်ထဲ တိုးဝင်ပြီး မျက်ရည်ကျ၏။

''ကဒ်''

''အိုကေ…ကောင်းတယ်''

''ကျေးဇူးပဲ အစ်ကို''

''ကဲ…ပစ္စည်းတွေသိမ်းမယ် ဖိုးတုတ်…အင်ကြင်းက ဒီနေ့ ဘယ်သွားစရာရှိသေးလဲ''

''ကားရိုက်တော့မရှိဘူး ဆရာ…မြတ်ထုတ်လုပ်ရေးက ကန့်တော့ပွဲပေးမှာ အဲဒါသွားရမယ်…ပြီးတော့ ဝေါလ်ရှိုတွေ ရိုက်ရ မယ်''

''ကျေးဇူးကြ…ဟုတ်လား''

သူ့လက်ထဲက ကင်မရာကို တိုးဝေလက်ထဲ ထည့်ပေးခဲ့ပြီး ထွက်ခဲ့သည်။ ဝါသနာပါရာမို့ ပင်ပန်းတယ်လို့ မမှတ်ယူချေ။

အေးဆေးသက်သောင့်သက်သာ လျှောက်လာစဉ် သူနဲ့ ခပ်ဝေး ဝေးမှာ ထိုင်နေသည့် ကောင်လေး။

သူ သိတာပေါ့။ ထိုကောင်လေးက သူ့ရဲ့ချာတိတ်လေးလေ။

သူ ချာတိတ်နောက် တိတ်တဆိတ် ရပ်တန့်နေပေမဲ့ ချာတိတ်က





လှည့်မကြည့်ချေ။ ထို့အတူ သူရောက်နေမှန်းလည်း သိဟန်မတူချေ။ ငေး ကြည့်နေဆဲ။ ချာတိတ်ရဲ့ပခုံးလေး လှုပ်ခတ်သွား၏။

''ဟင်''

''ချာတိတ်''

ချာတိတ်လေး ငိုနေပါလား။ သူမရဲ့ပခုံးကို အသာပုတ်လိုက် တော့ မျက်နှာမော့လာသည်။

''ဟင်…ကိုကြီး''

''ချာတိတ်…ဘာဖြစ်တာလဲ ပြောစမ်း''

''ဟင့်အင်း''

''မင်း တစ်ခုခု ဖြစ်နေပါတယ်''

သူ ခုံတန်းမှာ ဝင်ထိုင်ပြီးပြောတော့ ချာတိတ်က အကြာကြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

သူ သက်ပြင်းဖွဖွချကာ သူမဘက် လှည့်ကြည့်မိတော့ သူ ချော်လင့်သောလုပ်ရပ်နဲ့…

''ကိုကြီး…ကျွန်တော်…ကျွန်တော်''

''ဟာ''

သူ ပခုံးထက်မှာ မျက်နှာမှောက်ကပ်ပြီး ကလေးတစ်ယောက်လို ငိုလိုက်သော ချာတိတ်အတွက် သူ စိုးရိမ်စိတ်က အထွတ်ထိပ်သို့။

''မင်းကို ဘယ်သူ ဘာလုပ်တာလဲ ပြောစမ်း''

''ဟင့်အင်း…ဘယ်သူမှမလုပ်ပါဘူး''

''ဒါဆို''

''ဖေဖေလေ ရန်ကုန် ရောက်နေတယ်''

“ဪ”

သူမပြောသမျှ တချို့တလေသော စကားကနေ သူမဖခင်ရဲ့ အကြောင်းကို သူ အတော်လေး သိနေခဲ့ရ၏။ ချုပ်ချယ်လွန်းသော လူတစ်ယောက်...

“အဲဒါ ငိုစရာလား ချာတိတ်ရယ်...ကိုယ့်အဖေပဲ”

“ဟုတ်ပါတယ်...ဖေဖေလာတာ ကျွန်တော် ပျော်ပါတယ် ကိုကြီးရာ...ဒါပေမဲ့ ကျွန်တော် ဆံပင်မညှပ်ချင်ဘူး၊ ဆံပင်က အရှ ရှည်နေတာမဟုတ်ဘဲ ဖွတ်ညှပ်နိုင်းတယ်...ဖေဖေ မတရားဘူး”

သူ့ကို အားကိုးတကြီး တိုင်တည်သလိုပြောပြီး ငိုတော့ သူ စိတ်မကောင်းချေ။ သူမရဲ့ဦးခေါင်းကို ငုံ့ကြည့်မိတော့ ဆံပင်တို့အု အုပ်လေးက ပို၍တိုသွားကာ နားထင်တွေ စိမ်းနေအောင် မြင်နေရ၏

မိန်းကလေးတစ်ယောက်အနေနဲ့တော့ ကြည့်၍မလှချေ။ သို့သော် ချာတိတ်ကတော့ နုနယ်စွာ ပေါ်လွင်လှသည်။

သနားစရာကောင်းလိုက်တာ ကလေးရယ်...

တက်ကြွတဲ့ လူငယ်တစ်ယောက်ရဲ့အနာဂတ်ကို ဒီလို ချုပ်ကိုင် ထား၍ဖြစ်မလား...

“ဖေဖေ့ကို နားမလည်ဘူး။ ဖေဖေ ဘာလို့ ကျွန်တော့်ကို မုန်းန ရတာလဲ”

“ဘယ်လို မင်းအဖေက မင်းကို မုန်းနေတယ်...ဟုတ်လား”

“အင်း...ဒါပေမဲ့ ဘယ်သူမှ မယုံကြဘူး”

သူ့ပခုံးမှ မျက်နှာခွာပြီး အဝေးသို့ လှမ်းငေး၍ ငိုင်နေသည် မျက်နှာလေးကြောင့် သူလည်း အနေခက်ရပါသည်။





“ရှော့”

“ဟင်”

“မျက်ရည်တွေသုတ်လိုက်လေ”

သူမက ခေါင်းယမ်းနေ၏။ မနေနိုင်စွာ သူ သုတ်ပေးတော့ ည်း ကလေးတစ်ယောက်လို ငြိမ်ခံနေ၏။ ဒီလို ပွင့်လင်းသွက်လက် သော၊ နာခံတတ်သော၊ အရာရာကို အရိုးခံအတိုင်း တွေးတတ်သော ညီမလေးတစ်ယောက် လိုချင်သည်။

သူမဟာ သူ့ရဲ့ဘဝကို နားလည်နိုင်တဲ့သူ။ သူ ချစ်မြတ်နိုးသော ဒါရိုက်တာဘဝကို နားလည်ပေးနိုင်သူရယ်လေ။

“ကိုကြီးကော တစ်ယောက်တည်းလား”

“ဘာလဲ...ကိုယ်က အမြဲတမ်း နှစ်ယောက်တွဲလာနေလို့ လား”

“ဟာ...ကိုကြီးကလဲ”

မျက်နှာလေး နီစွေးသွားသော ကောင်မလေးက ချစ်စဖွယ်လှပ နေသည်။

“ကျွန်တော်ပြောတာ အဲဒီသဘောမဟုတ်ဘူးလေ။ အလုပ်နဲ့ လာတာလား...တစ်ယောက်တည်း လာတာလားလို့ မေးတာ”

“အဲဒီလို ရှင်းရှင်းလေး မေးပါလား”

“အခု မေးနေပြီလေ...ကိုကြီးကလည်း ဘာမှန်းကိုမသိဘူး။ စကားတစ်ခွန်းကို ဝေ့လည်ကြောင်ပတ်နဲ့”

“စတာပါ ချာတိတ်ရေ...မင်း ရင်ဘတ်ထဲမှာ အရမ်းဝမ်းနည်း နေတယ်မဟုတ်လား။ မင်း ပျော်အောင်လို့ ဝမ်းနည်းတာတွေ မေ့အောင်

လို့ ကိုယ် စတာ။ ရိုက်ကွင်း ရှိတယ်။ ဒီနေ့ နောက်ဆုံးရက်လေး ဒီကားက ရိုက်တာတော့ကြာပြီ။ ဒါပေမဲ့ တခြားကားတွေနဲ့ တွဲရိုက်နေရတော့ ထင်သလောက် မပြီးဘူး။ ဒီနေ့မှ ပြီးတော့တယ်"

"ကိုကြီး ပင်ပန်းမှာပဲနော်"

ဘုရားရေ…

သူမမျက်ဝန်းထဲက စိုးရိမ်မှုတွေဟာ သူ့အတွက်တဲ့လား။

ဟာ…မဟုတ်သေးပါဘူး။ သူမဟာ ကိုယ့်အပေါ် တကယ် အစ်ကိုရင်းချာလို ခံစားနေတာ အခွင့်အရေးယူသလိုဖြစ်ပြီး အခင်အမင် ပျက်လျှင်…





# အခန်း (၁၁)

"ဟင်း"

သူ့ စကားအဆုံးမှာ ကိုနောင်က သက်ပြင်းချသည်။

"ဝင့်ခံနေရတာလား ကလေးရယ်"

"ဘယ်လို ကိုနောင်"

"………………"

"သွေးကို ကိုနောင် သိနေလား"

"အင်း…ဒါပေမဲ့ ပြည့် ဘာမှမသိချင်ပါနဲ့ဦး၊ တစ်နေ့နေ့တော့ ကိုနောင် ပြောပြဖြစ်မှာပါ"

သူ့ ခေါင်းညိတ်ပြမိ၏။

"ပြည့်"

"ရှာ…ကိုနောင်"

"ကလေးကို မင်း စိတ်ဝင်စားနေတာလား"

"ဟာဗျာ…ကိုနောင်ကလဲ"

သူ့မျက်နှာ ရဲခနဲ ဖြစ်သွားရ၏။ ကိုနောင်က အတင်းအစ်အောက် နေ၏။

"မငြင်းစမ်းပါနဲ့ကွာ…ငါ သိနေတာနော်၊ မင်းမျက်လုံး တွေက"

"စိတ်ဝင်စားတာမဟုတ်ဘူး…ချစ်နေတာ"

"ဟေ…တယ်ဆိုတဲ့စာပါလား"

"ဟုတ်တယ်…သူ့ကို ကျွန်တော် ချစ်တယ်။ ဒါပေမဲ့ ဖွင့်ပြော ဖို့ မစဉ်းစားသေးပါဘူး"

"ဘာဖြစ်လို့လဲ"

"သူနဲ့ကျွန်တော်က အသက်အရမ်းကွာတယ်လေ။ သူက အခု ချိန်မှာ ကျောင်းတက်နေတုန်းဗျာ…ပြီးတော့ ကိုနောင် မသိလို့ဗျ သူက အရမ်းဖြူစင်တာ"

"ကိုယ် သိပါတယ်"

"တစ်ခါတလေ ကိုယ်နဲ့တောင် မတန်ဘူးလို့ ထင်မိတဲ့အထိ အသက်အရွယ်က ကွာတယ်မဟုတ်လား။ အခုချိန်မှာသာ ဖွင့်ပြော ကြည့်…သူ ကျွန်တော့်ကို အရမ်းမုန်းသွားမှာ"

"ကိုယ် သိပါတယ်"

"ဟာဗျာ…ကိုနောင်ကလည်း ရွတ်နောက်နောက်နဲ့"

"နောက်နေတာ မဟုတ်ဘူး ပြည့်…ပြည့် ခံစားရသလို အားလုံးကို ကိုနောင် ခံစားရခဲ့ဖူးလို့ပဲ။ ဒုတိယ နေလင်းနောင်နဲ့ ဒုတိယ





…က်ပွင့် ပြန်ဖြစ်ကြတာပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မတွေ့ဝေပါနဲ့။ …မ နေလင်းနောင်ဘဝက တွေဝေခဲ့လို့ ချစ်သူကို ဆုံးရှုံးခဲ့ရတယ်။ …တော့ တစ်သက်လုံး ကြေကွဲနေခဲ့ရတယ်။ ကိုနောင် သဘောတူ …ယ်…ကြိုးစားပါ"

"စိတ်ချ…ချာတိတ်ကို လုံးဝ မစွန့်လွှတ်နိုင်ဘူး။ ဒါနဲ့ …က်ပွင့်ဆိုတာ"

"ကလေးရဲ့အမေပေါ့"

"ဗျာ"

"အံ့သြမနေနဲ့…တစ်နေ့ကျရင် ပြောပြမယ်ဆိုမှ"

"အံ့တာကတော့ အံ့သြရတယ် ကိုနောင်။ ပြည့်ရဲ့အစ်ကိုမှာ …လို စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဇာတ်လမ်းရှိခဲ့တယ်လို့ မသိရဘူး။ …တ်လမ်းကောင်းတစ်ပုဒ် ထင်တယ်"

"ဟင့်အင်း…ဇာတ်လွမ်းကောင်းလေးပါ။ ကလေးကို မြင် …ိုက်တာနဲ့ ကိုနောင် ခံစားရတယ်။ တစ်မျိုးထင်မနေနဲ့…ပွင့်ရဲ့သမီး …ဒ္ဓိ ကိုယ့်ရဲ့သမီးလေးလို့ပဲ တကယ်ပါ။ ညီ ကြိုးစားပါ။ သန့်ဇင် …သဘောတူတူ မတူတူ ရအောင်ယူ…ယူနိုင်းတာကလည်း တကယ် …ချစ်မှနော်…မချစ်ဘဲနဲ့တော့ ကလေးကို ဝေဒနာတွေ မပေးနဲ့။ ညီ …ပေမယ့်လည်း ကိုယ် ခွင့်လွှတ်မှာမဟုတ်ဘူး"

"တရားတာ ညီအရင်းခေါက်ခေါက်ကျတော့ ခွင့်လွှတ်မှာ …ဟုတ်ဘူးတဲ့"

"သြော်…ဒါကတော့ ပြောရမယ်လေ။ တကယ်ချစ်ရင်တော့ …ည်း ဘာအရေးလဲ"

"ဒါနဲ့ သန့်ဇင်ဆိုတဲ့ နာမည်စိမ်းတစ်ခု ပါလာပြန်ပြီ။ သူက ကာ ချာတိတ်ရဲ့ ဘာလဲ"

"အဖေလေ…အတ္တ သိပ်ကြီးတယ်။ ဒီကောင်နဲ့ လုံးဝ မျက်နှာချင်းမဆိုင်ချင်လို့ ရန်ကုန်မှာ အခြေချတာ"

"ဖုန်းလာနေတယ် ကိုနောင်"

"ဘယ်သူလဲ ကြီးကြီး"

"သွေးတဲ့"

"ဘာ…ပေး…ပေး"

သူ ကိုနောင်ကို အကြာကြီး ငြိမ်သက်စွာ စိုက်ကြည့်မိ၏။ 'လေပြည်သွေး' ဆိုတာနဲ့ ကိုနောင်က အငမ်းမရ။

ချာတိတ်ကို သူ စိတ်တိုသွားရ၏။ အရင်ဆုံး ရင်းနှီးသောသူ ကိုတော့ တစ်ခါမှ ဖုန်းမဆက်ဘဲ မနေ့တစ်နေ့ကမှ ရင်းနှီးသော ကိုနောင်ကိုတော့ ဖုန်းတွေဘာတွေ ဆက်လို့။

အစ်ကိုဖြစ်ပေမဲ့ သူ မနာလိုဖြစ်မိ၏။ သူချစ်သော မိန်းကလေး ကို သူမှလွဲ၍ အခြား အခြားသော ယောကျ်ားတွေနဲ့ ချိုသာစွာ ပြော တာမျိုး မကြိုက်ချေ။

ဒုက္ခပါပဲ‥

သူဟာ လုံးဝ ဖွင့်ပြောရတာလည်းမဟုတ်သေးဘဲ ချာတိတ် အပေါ် ပိုင်စိုးပိုင်နင်း ဆန်နေမိပါပေါ့လား။

အချစ်ဆိုတာကို လူတွေက ဘယ်လိုအဓိပ္ပာယ်ဖွင့်ခဲ့ကြသလဲ သူ မသိ။ တည်ငြိမ်ရင့်ကျက်နေသည့်သူကို ဗြဲကောင်ပေါက်လူပျိုလေးလို ဖြစ်အောင် သူမက ပြုစားထားလေသလား။





ကိုယ့်မှာတော့ သူမထက် (၁၀)နှစ်နီးပါး အသက်ကြီးသော ဖြစ်ချက်ကြောင့် မျက်နှာငယ်နေရတာ။ ကိုယ့်ကို မချစ်ဘူးလို့များ ဆိုရင်တော့ သူဟာ ဥမ္မာဒန္တီ ပြုစားလိုက်သည့် သိဝိမင်းကြီးလို ရူးသွပ် သွားနိုင်၏။

"ပြော…သမီး"

"……………"

"လာခဲ့ပေါ့…ဦးအိမ်က တံခါးမရှိ၊ ဓားမရှိ အဆင်သင့်ပဲ ဒီမှာ ယောကျ်ားလေးတွေပဲနေတယ်ဆိုပြီး ကြောက်မနေနဲ့၊ ဦးတို့အဒေါ်လည်း ရှိတယ်။ ပြီးတော့ ကိုယ့်ဦးလေးသားချင်းလို သဘောထား…ဟုတ် လား"

"…………"

"ညီလား"

ကိုနောင်က သူ့ကို လှမ်းကြည့်ပြီး ဟိုဘက်ပြန်လှည့်သွား၏။

"ကားရိုက်သွားတယ်"

"ဟာ"

သူ ဒိုင်ဗင်ထိုးပြီး ကိုနောင့်လက်ထဲက ဖုန်းကို ဆွဲယူလိုက်သည်။ ကိုနောင်က တဟားဟားနဲ့ သဘောကျစွာ ရယ်ပြီး အပေါ်ထပ်သို့ တက်သွား၏။

"ဟယ်လို"

"လေးလေး"

"ဘာလေးလေးလဲ…ကိုယ်"

"ဟင်…လေးလေးပြောတော့ ကားရိုက်သွားတာဆို"

“စ,နေတာ...နေပါဦး...ချာတိတ်ရဲ့...မင်းက ဘာလို့ ကိုယ့်စီကျ ဖုန်းမဆက်ဘဲ ကိုနောင့်ဆီ ဆက်ရတာလဲ”

ကြာရှည်မြဲမထားချင်သည့်စိတ်အတိုင်း သူ ပွင့်လင်းစွာ မေးချလိုက်၏။

“ဘယ်ကလာ...ကိုကြီးဆီ ဆက်ရတာ အခါ (၁၀၀) တောင်မကဘူး...ခေါ်နေတာ။ လူကြီးမင်းနဲ့ချည်း တိုးနေတာ”

“ဘာ...sorry ဟုတ်တယ်...ကိုယ့်ဖုန်းပိတ်ထားမိတာ တောင်းပန်ပါတယ်ကွာ”

“ဟွန်း...လူကြီးနော်၊ ဒီက သိပ်စိတ်ရှည်တာမဟုတ်ဘူး”

“တကယ်တောင်းပန်ပါတယ်ကွာ...ကဲ...ပြော”

“ဘာပြောရမှာလဲ...ဒီနေ့ ကားရိုက်မရှိဘူးလား”

“ရှိတယ်...Night seen လေ”

“ဩော်...ဒီမှာ ကျောင်းပိတ်ရက်ကများနေတော့ ခြေချုပ်မိနေတာလေ... (၅) ရက်ပိတ်တာ ပြန်ဖွင့်ရင် စာမေးပွဲစတော့မယ်။ စာတွေကလည်း ကျက်လိုက်မေ့လိုက်နဲ့ စိတ်ရှုပ်လာပြီ”

“ဒီလိုပဲ...ကြိုးစားပါ၊ ချာတိတ်က တော်ပါတယ်”

“ဘာလဲ...မြှောက်နေတာလား”

“မဟုတ်ဘူး...ပင့်တာ...ဟား...ဟား”

နှစ်ယောက်သား သဘောကျစွာရယ်ရင်း စကားတွေက ဟိုရောက်ဒီရောက်။

“ချာတိတ်...အဖေကော ပြန်ပြီလား”

“မပြန်သေးလို့ ခက်နေတာပေါ့...မဟုတ်ရင် လေးလေးတို့က





ဘာမှတားဆီးပိတ်ပင်တာ မရှိဘူး။ အခုတောင် စာမေးပွဲပြီးအောင်စောင့်ပြီး ခေါ်သွားမဲ့သဘောရှိတယ်”

“ဟင်...ဘာ”

သူ အံ့ဩထိတ်လန့်သွား၏။

“အပြီးလား”

ဟု ကယောင်ချောက်ချား မေးမိ၏။ အပြီးသာဆိုလျှင် တစ်သက်တာ ဝေးလွင့်ခြင်းပဲလား။ ဖွင့်ပြောထားခြင်းမရှိဘဲ ကိုယ် ပိုင်ပိုင်နိုင်နိုင်တားခွင့်မရှိဘူးလား ချာတိတ်ရယ်။

“သေချာမသိသေးပါဘူး...ပြန်တော့လာမှာပါ။ ဖေဖေက ကျွန်တော့်ကို သူ့မျက်စိအောက်မှာ ကြာကြာထားချင်တာ မဟုတ်ဘူး။ ဒါဆို ဒါပဲ ဖုန်းချလိုက်ပြီနော်”

သူ ဖုန်းခွက်ကို ငိုင်တွေစွာ ကိုင်ထားမိ၏။

# အခန်း (၁၂)

"ညီ ဘယ်သွားမှာလဲ"

"အဆောင်ဘက်"

"စာကူးနိုင်းဖို့ မစဥ်းစားနဲ့နော် ငါလည်း လစ်မှာ"

"နင်က ဘယ်လစ်မှာလဲ"

"ဘယ်လစ်လစ်ပေါ့"

ညီမင်းက ဘောက်ဆတ်ဆတ် ပြောနေသည့်သွေးကို ဆံလံပုံစံနဲ့ လက်မြှောက်ပြကာ ထွက်သွား၏။

သွေးက ပုဒ်စာတွေသက်သက်၊ လောတွေသက်သက် ကူးပြီး စာအုပ်ပိတ်လိုက်သည်။





စာအုပ်ကို လွယ်အိတ်ထဲထည့်ရင်း မတ်တတ်ထရပ်လိုက်တော့ minor ဆရာမ ဝင်လာ၏။ မတ်တတ်ရပ်နေသည့်လူတွေကြားကနေ နောက်ဘက်က ပတ်ထွက်ပြီး အပြင်သို့ လစ်ခဲ့သည်။

လှေကားတွေကို ခုန်ပေါက်ပြီး ဆင်းလာစဉ်-

"ချာတိတ်"

မော့ကြည့်မိတော့ လှေကားရင်းမှာ စောင့်နေသော ကိုကြီး။

"ကိုကြီး ဘယ်လာတာလဲ ကားရိုက်လား"

"ဘယ်ကလာ…မင်းကို လာခေါ်တာ"

"ဗျာ…ကျွန်တော့်ကို ဟုတ်လား"

"ဟုတ်တယ်"

"ဘာတွေအထူးပေါ်လို့လဲဗျ…မျက်ခုံးက ခပ်လှုပ်လှုပ်ရယ်"

"လှုပ်မနေနဲ့…ဒီနေ့ ကိုနောင်ရဲ့မွေးနေ့…အဲဒါ မင်းကို ဖိတ်ခိုင်းလို့"

"ဟာ…အားနာစရာကြီး"

"ဘာမှနာမနေနဲ့"

"ကျွန်တော် ဘာလက်ဆောင်မှ မဝယ်ရသေးဘူး"

"ဟာ့…လျှာရှည်လိုက်တာ…ထုလိုက်ရ"

ကိုကြီးက လက်သီးလေးရွယ်ပြီးမှ ပြန်ချသွား၏။ ကောင်းတာပေါ့။ သွေးကလည်း အတန်းသာလစ်လာတာ ဘယ်သွားရမှန်း ငေးစားရသေးတာမဟုတ်။ ကိုကြီးက ကား back ဆုတ်ပြီး-

"super market အရင်သွားမယ်"

"ဘာလုပ်ဖို့လဲ"

"ချက်ပြုတ်ဖို့ ဝယ်ခိုင်းတာကို မသွားလို့ ဘယ်ရမလဲ"

"ဟာ…ဝယ်တတ်လို့လား ဒါရိုက်တာကြီးရဲ့…ဟား…ဟား ဈေးဝယ်တာ ကြည့်ရသေးတာပေါ့"

"ကိုယ်က ဝယ်တတ်တာမဟုတ်ဘူး…မင်းပါတာပဲ"

"No…No အထင်မကြီးနဲ့၊ လုံးဝ စိတ်မဝင်စားဘူး"

Market ရောက်တော့ သူက ခြင်းတစ်ခု သွားယူကာ ပြန်လျှောက်လာသည်။

"ဘာဝယ်မှာလဲ"

"မသိဘူးလေ…အုန်းနို့ခေါက်ဆွဲ ချက်မယ်လို့တော့ ပြောတာပဲ။ ဘာလိုလို့ လိုမှန်းတောင် မသိဘူး"

"လုပ်ပြီ… ခင်ဗျားကလည်း ကိုယ်ဝယ်ဖို့လာပြီဆိုကတည်းက အနည်းဆုံး ဈေးစာရင်းလေးတော့ လုပ်ခိုင်းသင့်တယ်။ အခုဝယ်ပါပြီ တဲ့ ဘယ်မှာ စုံစုံလင်လင်ရတော့မလဲ။ တော်သေးတာပေါ့…အုန်းနို့ ခေါက်ဆွဲက ကျွန်တော် အကြိုက်မို့ ပေး…ပေး"

သူ့လက်ထဲက ခြင်းကိုဆွဲပြီး သစ်သီးတန်းဘက် လျှောက်လာသည်။

"အုန်းသီး (၂) လုံး ထည့်ဗျာ"

သွေးက တစ်နေရာပြီးတစ်နေရာ ဝင်လိုက်ထွက်လိုက်နဲ့ လိုအပ် တာတွေ ဆွဲထည့်၏။ သူက သစ်သီးတန်းဘက် ပြန်လျှောက်သွား တော့ သွေးက-

"ဘာလိုသေးလို့လဲ ကိုကြီး"

"အချိုပွဲလေ"





"ဟာ…ဘုန်းကြီးပင့်မှာလည်း မဟုတ်ပဲနဲ့၊ ဝယ်မနေနဲ့… ပိုက်ဆံကုန်တယ်"

"ဟော…စားစရာရှိတာတော့ စားပါရစေခင်ဗျာ"

ကိုကြီးက ပြောလည်းပြော၊ ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ ဒူးရင်း... ဒုတ်သီးတွေ ထည့်၏။

အားလုံးဝယ်ပြီးတော့ ကိုကြီးက စားသောက်ဆိုင်ဘက် ခေါ်လာ သည်။

"ဘာစားမလဲ"

"ဟာ…မစားတော့ဘူး ကိုကြီး"

"တစ်ခုခု စားကွာ"

အအေးတစ်မျိုးပဲ မှာလိုက်သည်။ အိမ်ပြန်ရောက်တော့-

"ကိုနောင် ချာတိတ် ပါလာတယ်"

"ဟုတ်လား"

လေးလေးက အပေါ်ထပ်ကနေ ဆင်းလာခဲ့၏။ သွေးက လေးလေးကို မော့ကြည့်ပြုံးပြပြီး-

"လာစားရတာ အားတော့နာတယ်။ ဒါပေမဲ့ နောက်မှ လက်ဆောင်ဝယ်ပေးတော့မယ်နော် လေးလေး"

"မလိုပါဘူး ကလေးရယ်"

"သူ မွေးနေ့လက်ဆောင် ပေးပြီးပြီ ကိုနောင်"

ကိုကြီး စကားကြောင့် သွေးက ကြောင်နေရာမှ-

"ဟင်…ကျွန်တော် ဘာပေးမိလို့လဲ ကိုကြီးရဲ့"

"ဒီဟင်းချက်စရာတွေ ဝယ်ပေးတာလေ"

"ကြည့်စမ်း…ဒါဆို ကိုကြီးက တမင် ကျွန်တော့်ကို လာခေါ်တာကို မဝယ်တတ်ဘူးလေး ဘာလေးနဲ့ သိပ်လည်တာပဲ သိလား လေးလေး…ရိုက်ပေး ကျွန်တော် မကျေနပ်ဘူး"

"ဟုတ်သားပဲ…မင်းကို ကိုနောင် မပြောဘူးလား။ ကလေး ပင်ပန်းလိမ့်မယ်…ခေါ်မသွားနဲ့ဆိုတာ အလကား အလုပ်ရှုပ်ပြီး သူ သိသူတတ်နဲ့"

"ကောင်းတယ်…ဟွန်း"

သူမလေး မျက်နှာလွှဲသွားတော့ ကိုနောင်က မျက်လုံးတစ်ဖက် မှိတ်ပြသည်။ သူတို့ကတော့ သူမ ရောက်လာ၍ ပျော်ရွှင်နေကြ၏။

"ကြီးကြီး…ကလေးအတွက် တစ်ခုခုလုပ်ပါဦး"

"ဟာ…ရပြီ လေးလေး၊ ကျွန်တော်တို့ တီးခဲ့ပြီ။ မစားတော့ဘူး ကြီးကြီး"

"အမလေး ဖြစ်နေလိုက်တာ"

"မနာလိုမဖြစ်နဲ့လေ…ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ"

"အေးပါ…ထားပါတော့"

ကြီးကြီးက ချက်ပြုတ်စရာ ခြင်းတောင်းကိုဆွဲ၍ မီးဖိုဆောင်ဘက်ဝင်သွားသည်။

"ခြံထဲဆင်းမလား…ပန်းပင်တွေ ရှိတယ်"

"ဟင့်အင်း…စိတ်မဝင်စားဘူး"

"ဓာတ်ပုံရိုက်မလား ကိုနောင်"

ကိုကြီးက လေးလေးကို လှမ်းမေး၏။ လေးလေးက ခေါင်းညိတ်ပြီး-





"OK…ကိုနောင် သွားယူလိုက်မယ်"

"ကိုကြီး"

"ဟင်"

"ကျွန်တော့်ကို စောစောပြန်ပို့ပေးနော်။ ခါတိုင်းဆို (၁)ချိန်ပဲ သင်ပြီး အတန်းပြန်တက်တာ။ ဒီနေ့တော့ တက်လို့ရတော့မှာမဟုတ်ဘူး"

"အေးပါ"

"လေးလေးက မိန်းမ မရှိဘူးလား ကိုကြီး"

"ဟင့်အင်း"

"နှမြောစရာကြီး…လေးလေးက ခန့်ခန့်ချောချောကြီးနဲ့…လေးလေး ချစ်သူရှိရင် အရမ်းလိုက်မှာ။ ကိုကြီးနဲ့ယှဉ်ရင် လေးလေး တောင် ပိုချောသေး"

"ဟိတ်…တော်ရုံမျက်နှာလိုက်နော်…သည်းမခံနိုင်ဘူး"

"ဒါ စိတ်ကောက်တာလား..ဟား…ဟား…ဦးလာရင် ဒီပုံကို ရိုက်မယ်။ ပြီးရင် Internet ပေါ်မှာတင်ပြီး ဒါ…ဒါရိုက်တာမဟုတ်ရာ စိတ်ကောက်နေတာပါလို့ ပြောပြီးတင်မယ်..ဟား…ဟား"

"ချာတိတ်နော်…လူကိုများ စ,စရာမှတ်နေလား။ မင်းထက် ကြီးတယ်နော်"

"စစရာ မဟုတ်ဘူး။ နောက်စရာ"

"ဟော့…ဘာဖြစ်နေကြတာလဲ။ ပြည့်မျက်နှာက ဘာဖြစ်နေ တာလဲ။ ကလေးရှေ့မှာနေပြီး မင်းကိုမင်း ကလေးများမှတ်နေလား… ပြင်စမ်း မျက်နှာကို"

"ကောင်းတယ်၊ ရပ်ကွမ်းကြီးနဲ့ နွဲ့နေတာ…လေးလေး့ ကျွန်တော် အရင်တွဲရိုက်မယ်"

"အေး…ရော့…ပြည့်"

လေးလေးက ကိုကြီးလက်ထဲ ကင်မရာထည့်ပေးပြီး သွေးအနား ကပ်ရပ်လိုက်၏။ သွေးကတော့ လေးလေးကို အလိုလို ရင်းနှီးနေ သဖြင့် စိမ်းသက်မနေဘဲ လေးလေးလက်မောင်းကို ဆွဲချိတ်တော့ ကိုကြီးက မျက်နှာပျက်နေ၏။

"အမလေး…သူ့အကိုများ ဖြစ်နေလိုက်တာ"

"ရိုက်လေ…ပြည့်"

"ချာတိတ် ဟိုဘက်နည်းနည်းရွှေ့"

လေးလေးက စူပုတ်နေသည့် ကိုကြီးမျက်နှာကို ကြည့်ပြီး သဘောကျစွာ ပြုံးပြီး-

"ကဲ…လာ…လာ…ငါ ရိုက်တော့မယ်၊ ဖြစ်နေလိုက်တာ"

ကိုကြီးက သွေးအနား အပြေးရောက်လာသည်။

ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်ကြသည်။ အတော်ကြာမှ-

"ကဲ…နေတော်တော်မြင့်နေပြီ…အထဲဝင်ရအောင်"

"ကိုကြီး"

"ဘာလဲ ချာတိတ်"

"ကျွန်တော့်ကို ဖလင်ကူးတာ သင်ပေးလေ"

"ဖလင်ကူးခန်းက ကိုယ့်အခန်းနဲ့ ဆက်နေတာ၊ လိုက်ရဲ့ လား"

"လိုက်ရဲတာပေါ့…ကျွန်တော်က လေးလေးနဲ့ကိုကြီးကို ယုံ





တစ်ခါမှ မရောက်ဖူးတဲ့အိမ်ကို လာတာပေါ့"

"ဟုတ်ပါပြီ…ကိုနောင် ဘာကူးရဦးမလဲ"

"ဘာမှမရှိပါဘူး…ဘာလုပ်မလို့လဲ"

"ချာတိတ်က ဖလင်ကူးတာ သင်ချင်လို့တဲ့…အားလုံးပြီးရင် ခေါ်လိုက်ပေါ့"

"အေး…အေး"

အပေါ်ထပ်ကိုရောက်တော့ ကိုကြီးက စောင့်ခေါ်သည်။ သေချာ တာတစ်ခုက မည်သို့သော ကြောက်ရွံ့ခြင်းမျိုးမှ ဖြစ်မနေချေ။

"ကျီ"

"လာလေ"

"ဝင်ပါ"

ကိုကြီးဝင်တာနဲ့ သွေးပါ ဝင်လိုက်၏။ ကိုကြီးက အလိုက်သိစွာ အိပ်ခန်းတံခါးကို ဖွင့်ခဲ့၏။ အိပ်ခန်းရဲ့ခေါင်းရင်းဘက် ဆက်လျှောက် သွားသဖြင့် သွေး လိုက်ခဲ့၏။ မျက်လုံးက အိပ်ခန်းကို ဝေ့ကြည့်၏။

ယောကျ်ားလေးအခန်းပေမဲ့ သန့်ရှင်းသပ်ရပ်နေ၏။ ရှုပ်ရှုပ် ပွပွ တိုလီတွဲလောင်း ဘာမှမရှိချေ။

"အခန်းက မှောင်တယ်"

အခန်းတစ်ခုလုံးကို အလင်းပေါက်မရှိစေရန် အနက်ရောင် လိုက်ကာစနဲ့ ခန်းလုံးပြည့်ကာထား၏။ အထဲရောက်တော့ မှိန်ပျပျ မီးသီးလေးကို ဖွင့်လိုက်သည်။ တစ်ယောက်မျက်နှာတစ်ယောက် မြင်သာရုံ။

ကိုကြီးက လက်ဆေးဖို့ခေါ်တော့ သွေးလည်း ဆေးလိုက်

သည်။ ပြီးတော့ လက်သုတ်ပဝါ လှမ်းပေးသည်။ ကိုကြီးက ဖလုံ ဘာတွေထည့်နေမှန်းမသိ။ ကြည့်နေရင်း သွေးက စိတ်ဝင်စားလာ သည်။

“လာလေ”

“သွေး ဘာလုပ်ရမှာလဲ ကိုကြီး”

“ရော့…ဒီထိပ်ကနေကိုင်ပြီးရင် ဒီထဲနှစ်လိုက်…ဟုတ်လား”

ငြိမ်သက်နေသည့်အခန်းထဲမှာ အသက်ရှူသံမှလွဲ၍ ဘာသံမှ မကြားရချေ။

“ဟယ်…ပုံပေါ်ပြီ…ကိုကြီး”

“ဘယ်လိုလဲ…နည်းနည်းတော့ တတ်ပြီထင်တယ်”

“ဟုတ်”

သွေးက စောစောက ရိုက်ထားသည့်ပုံတွေကြည့်ပြီး သဘော တွေကျနေမိ၏။ သွေးရယ်၊ လေးလေးရယ်၊ ကိုကြီးနဲ့ (၃)ယောက် ရိုက်ထားသည့်ပုံတွေကော။ တစ်ယောက်ပုံ၊ နှစ်ယောက်ပုံ အများကြီးပဲ။

“ကဲ…(၁၂)နာရီရှိနေပြီ…ပြန်ဆင်းရအောင်…လက်ဆေး”

“ဟုတ်ကဲ့”

သွေး လက်ဆေးနေစဉ် ကိုကြီးက မီးချောင်းဖွင့်လိုက်၏။ မှေးခနဲ မီးအလင်းရောင်ကြောင့် မျက်လုံးစူးသွားသည်။ ပြီးမှ ပုံမှန် ဖြစ်သည်။

“ကဲ…လာဟိတ်…ဗိုက်ဆာနေပြီ၊ လာခေါ်တော့မလို့ပဲ”

လေးလေးက သတင်းစာကို ချ၍ပြောသည်။ ထမင်းစားခန်းထဲ ရောက်တော့ လေးလေးက ထိပ်မှာ။ ကိုကြီးနဲ့သွေးက မျက်နှာချင်း





ကြီးကြီးက သွေးဘေးမှာ။

“ထည့်စား ကလေး…ရော့”

“ရတယ် လေးလေးရဲ့”

“အားမနာပါနဲ့”

ကြီးကြီးက ချာတိတ်ရဲ့ ပန်းကန်ထဲ ကြက်ဥနဲ့ငုံးဥဖတ်များ ထည့်ပေးသည်။

“ချာတိတ်က ချဉ်ချဉ်စပ်စပ် စားတယ်။ ကြီးကြီး သံပရာသီး ထည့်ပေးနော်”

“ကြီးကြီး သိပါတယ် ပြည့်ရယ် မင်းကလည်း ပိုကိုပိုတယ်”

“ဟာဗျာ…ကြီးကြီးကလဲ”

ကိုကြီးက မျက်နှာနီရဲသွားတော့ သွေးနဲ့ကြီးကြီးက ရယ်လေ တော့သည်။

စားသောက်ပြီးတော့ ဧည့်ခန်းမှာထိုင်ပြီး အချိုပွဲစားကြသည်။ လေးလေးက အပေါ်ထပ်တက်သွား၏။ ကိုကြီးနဲ့သွေးသာ ကျန်ခဲ့၏။

“ကိုကြီး ကျွန်တော့်ကို ပြန်ပို့ပေးတော့လေ”

“ခဏနေပါဦး”

“ဘာလုပ်ဦးမှာလဲ”

“ကိုကြီးလာတော့ သိရမှာပေါ့”

အနည်းငယ်ကြာသောအခါ ဦးက ပြန်ဆင်းလာခဲ့သည်။

“ပြန်ချင်နေပြီပေါ့…ဟုတ်လား”

“ဟုတ်တယ် လေးလေးရဲ့…သွေးအဒေါ်က စိတ်ပူနေမှာ စိတ်

တိုရင် ဒုက္ခ”

“ပြန်ရမှာပေါ့…ခဏပြန်ထိုင်ပါဦး ကလေးရယ်”

လေးလေးစကားကြောင့် သွေး ပြန်ထိုင်လိုက်၏။ လေးလေး လက်ထဲမှာ ယွန်းဘူးပြာလေးကို ကိုင်ထားသည်။ ထိုဘူးလေးကို စား… ပေါ်ချလိုက်၏။

“ကလေးကို လက်ဆောင်ပေးချင်လို့”

“ဟို…မဟုတ်တာဗျာ…ကျွန်တော်က ပေးရမှာလေ… လေးလေးရဲ့”

“မဟုတ်ပါဘူး…ဦးရဲ့မွေးနေ့ကို လာချီးမြှင့်ပေးတဲ့ သမီးကို ပေးချင်တာ…မငြင်းပါနဲ့ကွယ်”

“ဟုတ်ပါတယ် ချာတိတ်…ကိုနောင်က ဘယ်တော့မှ မွေးနေ့ ဆို လုပ်တာမဟုတ်ဘူး။ အခုမှ လုပ်ချင်လွန်းလို့ဆို လုပ်ဖြစ်တာ”

“ဟို…တန်ဖိုးကြီးတာဆို”

“တန်ဖိုးကြီးကြီးမကြီးကြီး လက်ခံပါ ကလေးရယ်…ဦး ပေးတာက ဒီတန်ဖိုးက အဓိက မဟုတ်ပါဘူး”

“ကဲ…ပေးဗျာ”

“ညီ ဆွဲပေးလိုက်”

လေးလေးက ဘူးလေးကို ဖွင့်တော့ ဆွဲကြိုးမျှင်မျှင်လေး ထွက်လာသည်။ လော့ကတ်သီးနေရာမှာ (p) ပုံသဏ္ဌာန် ပတ္တမြား လေး။ (P) ဆိုတာ ‘ပြည့်’ လား။

ကိုကြီးက သွေးကို ဆွဲပေး၏။

“ကျေးဇူးပါပဲ ကလေးရယ်”



“ကျွန်တော်က ကျေးဇူးတင်ရမှာပါ လေးလေးရယ်။ ဘယ်လို မ အောက်မေ့ပါနဲ့နော်…ကိုကြီး ကျွန်တော့်ကို လိုက်ပို့ပေးတော့ လေ”

“ဟုတ်သားပဲ…ညီ လိုက်ပို့လိုက်…လာလည်နော် ကလေး”

“ဟုတ်ကဲ့”

ရွှေပဒေသာစာပေ

# အခန်း (၁၃)

"ညီ နိုင်မာကော တွေ့လား"

"မတွေ့ဘူး…ဘာဖြစ်လို့လဲ"

တခြားကျောင်းသားတွေက ထိုင်နေကြပြီး သွေးတစ်ယောက်သာ မတ်တတ်ရပ်လျက်…

"ငါ သူနဲ့ အရေးတကြီး တွေ့စရာရှိလို့"

"ဘာဖြစ်နေတာလဲ သွေး"

နောက်တန်းမှာ ထိုင်နေသည့် နန္ဒက လာမေး၏။ ညီက ပခုံးတွန့်ရင်း-

"နိုင်မာတဲ့"

"နိုင်မာ ဘာဖြစ်လို့လဲ"

"နိုင်မာ ဘာမှမဖြစ်ဘူးဟေ့၊ ငါ တွေ့ချင်တာ"





"နိုင်မာ ကန်တင်းဘက်သွားတယ်။ ငါနဲ့တောင် တွေ့သေးတယ်"

"ဒါဆို ငါ လစ်ပြီ"

သွေးက လွယ်အိတ်ကို စလွယ်သိုင်းပြီး ပြေးဆင်းလာခဲ့၏။ နိုင်မာနဲ့ အရေးတကြီး တွေ့စရာရှိ၏။ နိုင်မာကလည်း သွေးတို့လေးကပဲ။ ငယ်သူငယ်ချင်း…ဆယ်တန်းအောင်ပြီး ရန်ကုန်ရောက်တော့လည်း အတူတူ။ Major ယူတော့လည်း အတူတူ။

တစ်ယောက်တည်း နောက်က လူဆိုးလိုက်နေသလို ပြေးလွှားနေသည့်သွေးကို ထူးဆန်းသဖွယ် သမင်လည်ပြန်ကြည့်ကြ၏။

"ကျွတ်…သေပါတော့…ကန်ဘောင်ရဲ့ဘယ်ဘက်မှာလည်း မရှိဘူး"

တစ်ယောက်တည်း ခြေစုံရပ်၍ ညည်းမိ၏။ ဟိုဒီဝေ့ဝဲကြည့်မိတော့ ရိုက်ကွင်းတစ်ခုကို လှမ်းတွေ့ရသည်။

"ဟာ…ဟုတ်ပြီ"

ပြန်၍လှည့်ပြေးရပြန်သည်။ ခါတိုင်းဆို ဒီအချိန် နိုင်မာ စာကြည့်တိုက်ဘက်မှာ တွေ့ရတတ်သည်။ ဟောဟဲဆိုက်အောင်ပြေးပြီး စာကြည့်တိုက်ရှေ့ရောက်တော့ ထင်သည့်အတိုင်း နိုင်မာ့ဆိုင်ကယ်ကို တွေ့သည်။ တိုက်ဆိုင်စွာ နိုင်မာကလည်း စာကြည့်တိုက်ထဲက ထွက်လာသည်။

"နိုင်မာ"

"ဟာ…သွေး ဘာဖြစ်နေတာလဲ။ ချွေးတွေကလည်းရွှဲလို့"

"အရေးကြီးတယ်"

"ဘာအရေးကြီးနေတာလဲ"

"မာလာလေ…သူ အက်စီးဒန့်ဖြစ်လို့တဲ့"

"ဘာ…ဘယ်သူပြောလဲ…နင် ဘယ်လိုသိခဲ့တာလဲ"

နိုင်မာပုံစံက သွေး သူ့ကို လာစနောက်နေတယ်ဟု ထင်ပုံရ သည်။ ခါတိုင်းအချိန်မှာ မယုံရကောင်းလားဟု စိတ်ဆိုးမိမှာ မှန်သော် လည်း ယခုချိန်တွင် သွေးလည်း ဆက်ထွက်မအား။

"မာလာ့သူငယ်ချင်း လာပြောတာ။ အခု ဆေးရုံကြီးရဲ့အရေး ပေါ်ဌာနမှာတဲ့"

"စိုးရိမ်ရတယ်ထင်တယ်…ကျွတ်…မနက်ဖြန်ဆို စာမေးပွဲက စပြီ"

"ကဲ…စကားများမနေနဲ့…ပေး…သော့…ငါ မောင်းမယ်၊ နင် နောက်ကလိုက်ခဲ့"

"ရော့"

"နိုင်မာ့လက်ထဲက ဆိုင်ကယ်သော့ကိုယူပြီး ဆိုင်ကယ်စက်နှိုး လိုက်သည်။ ဒီတီအမျိုးအစားဆိုင်ကယ်က မြင့်၏။ နိုင်မာက အရပ် မြင့်သူမို့ တက်လို့လွယ်သည်။ သွေးတောင် အရပ်က ငါးပေခွဲမို့ စီး၍ ရခြင်း ဖြစ်သည်။

မာလာ၊ နိုင်မာနှင့်သွေးတို့ သုံးယောက်စလုံးက မန္တလေးမှာ ကတည်းက သူငယ်ချင်းတွေ။ ဒီမှာရောက်တော့ မာလာနှင့်နိုင်မာက သမီးရည်းစား ဖြစ်ကြသည်။

"ဖြည်းဖြည်းမောင်းပါဟ"

ပင်မဆောင်ကို ဖြတ်ပြီး တက္ကသိုလ်ပြင်ပသို့ထွက်ရန် ဆိုင်ကယ်





ကို အရှိန်လျှော့လိုက်စဉ်-

"လေပြည်သွေး"

ခေါ်သံကြောင့် သွေး ခေါင်းငဲ့ကြည့်တော့ ဦးမဟူရာကို တွေ့ရ သည်။ သူက သွေးအနီးသို့ လျှောက်လာပြီး သူ့မျက်နှာက နီမြန်း တင်းမာလျက်။ ဘာဖြစ်နေတာပါလိမ့်။ ဒီလိုမျက်နှာပေးမျိုး တစ်ခါမှ မမြင်ဖူး သော်လည်း ယခုချိန်မှာ ဘာဖြစ်နေသလဲဟု မေးဖို့အချိန်မရ။

"ခဏဆင်းခဲ့…စကားပြောမလို့"

"ဆောရီး ကိုကြီး၊ ဒီမှာ အရေးကြီးလို့"

"ကျွတ်…မင်း သိပ်အတွန့်တက်တာပဲ…ဆင်းဆိုဆင်းကွာ"

ပြောလည်းပြော ဆိုင်ကယ်ရှေ့၌ သွားရပ်ကာတားထားသဖြင့် သွေး အတော်လေး ဒေါသဖြစ်သွား၏။ ဒီမှာ သေရေးရှင်ရေးနှင့် ဖြစ်နေတာမသိ။ သူ့ကိစ္စက ဘယ်လောက်ထိ အရေးကြီးနေလို့လဲဟု ဒေါသဖြစ်လာကာ ဆင်ခြင်ရာမှန်းမသိတော့ဘဲ-

"ဦးမဟူရာ ဖယ်စမ်းဗျာ"

"မဖယ်ဘူးကွာ…မင်း ဆင်းဆိုဆင်း"

"သွေး..သူက ဘယ်သူလဲ"

သွေးနောက်မှ ထိုင်နေသော နိုင်မာက လှမ်းမေးလိုက်သဖြင့် သွေး ဘာဖြေလို့ဖြေရမှန်း မသိချေ။

"ကျွတ်…သိပ်ရှုပ်တာပဲ။ ပြော…ခင်ဗျား ဘာပြောမလို့လဲ"

သွေး ဆိုင်ကယ်ပေါ်ကနေ ခုန်ဆင်းလိုက်ပြီး သူ့ကို ခါးထောက် မေးပစ်လိုက်သည်။ နိုင်မာက သွေးနှင့်သူ့ကို ငေးကြည့်နေဆဲ။

"ဟိတ်…ချာတိတ်…မင်း သွားစရာရှိတာသွား"

"ဟာ…ဘယ်ရမလဲ၊ ခင်ဗျား အလကားနေ လာရစ်မနေနဲ့၊ အာရုံစားတယ်"

သွေး ပြောလည်းပြော၊ ဆိုင်ကယ်ပေါ်ပြန်တက်ဖို့ပြင်တော့ သူက သွေးရဲ့လက်ကို ဆွဲထားပြီး-

"လေပြည်သွေးနဲ့ ငါ စကားပြောစရာရှိသေးတယ်။ မင်း သွားတော့"

"သွေး…ဒါဆို ငါ သွားမယ်။ နင် ခွင့်ပြုချက်ယူလိုက်ပေါ့"

"နိုင်မာ"

"ဝူး"

"ဝရော"

"ခင်ဗျား"

"ခွပ်"

ဒေါသက ဘရိတ်ကင်းမဲ့လျက် သွေးလက်ကို ဆုပ်ကိုင်ထားသည့် သူ့လက်ကို ပုတ်ထုတ်ပြီး မျက်နှာကို ထိုးချလိုက်တော့ ခွပ်ခနဲ မြည်သွားသည်။ သူက သွေးလက်ကို အလွှတ်မခံဘဲ အထိုးခံ၏။ ပြီးတော့ လူရှင်းသည့် ကန့်ဘောင်ဘက်ဆွဲခေါ်လာပြီး-

"ကျွတ်…မင်းကွာ"

"ခင်ဗျား ဘာလို့လာတားတာလဲ။ ခင်ဗျားနဲ့ ဘာဆိုင်လို့ ကျွန်တော့်ကို နေရာတကာ လိုက်ချုပ်ချယ်နေတာလဲ"

"မင်းကကော ဘာလို့ ယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း ဆိုင်ကယ်စီးရတာလဲ"

"ဘာဖြစ်လဲ…နိုင်မာက ကျွန်တော့်သူငယ်ချင်း"





"သူငယ်ချင်းမကလို့ မောင်လေးပဲဖြစ်ဖြစ် မိန်းကလေးနဲ့ ယောကျ်ားလေး သွားသင့်မသွားသင့် မင်း မချင့်ချိန်တော့ဘူးလား"

သူကပဲ သွေးကို တစ်ပြန်စီးအော်လျက်။ စူးစိုက်ကြည့်ကာ တောက်က ခေါက်လိုက်သေး၏။

"သင့်သင့်မသင့်သင့် ဘာဖြစ်လဲဗျာ…အဲဒါ ခင်ဗျားနဲ့ဆိုင်လို့ လား"

"ဆိုင်တာပေါ့"

"ဘာ…ဘာဆိုင်လို့လဲ။ ခင်ဗျားဟာ ကျွန်တော့်အဖေလား။ နေရာတကာမှာ ဝင်ပြောနေတာ။ ဖေဖေတောင် မတားဘူး။ ခင်ဗျားက ဘာတားစရာ မလိုဘူး…နားလည်လား။ ဒီနေ့ကစပြီး ခင်ဗျားတို့နဲ့ ကျွန်တော်ရဲ့ဆက်ဆံရေး အပြတ်ပဲ"

သွေး ပြောလည်းပြော၊ သူ့ရှေ့မှ ဒေါသနှင့် လှည့်ထွက်လာ၏။ ဒေါသက ထိန်းဖို့ရန်ခက်၏။ အခုတော့ ကိုယ့်ဘာသာ ဆေးရုံသွား ရတော့မည်။ ထိုစဉ် သွေးရဲ့လက်ကို ခပ်တင်းတင်း လှမ်းဆွဲကာ-

"နေဦး"

"ဟာဗျာ..ခင်ဗျား"

"မရဘူး…ဒီတစ်ခါတော့"

သွေးရဲ့လက်သီးကို သူ့မျက်နှာဆီသို့ ချိန်ရွယ်လိုက်သော်လည်း လက်သီးသည် လိုရာခရီးသို့ မရောက်တော့ချေ။ သွေးလက်ကို သူက တင်းကျပ်စွာ ဆုပ်ကိုင်ပြီး-

"မင်းနဲ့ ငါ ဆိုင်တယ်။ ဒီနေ့ကပြီး ငါ ကြေညာလိုက်မယ်။ သိရင် မှတ်ထား…မင်းဟာ ငါ့ချစ်သူ"

"ဘာ...ဟာဗျာ"

"ဟုတ်တယ်..မင်းမေးလို့ ငါ ဖြေတာ။ ကိုယ့်ရှေ့မှာ တခြား ယောကျ်ားတစ်ယောက်နဲ့ တွဲနေတာကို ငါ မကြည့်နိုင်ဘူး။ ငါ့ရင်တွေ ပူလောင်နေတယ်။ မင်း နားလည်လား"

"မလည်ဘူးဗျ...ခင်ဗျား လူစကားပြော၊ မပိုက်ရိုင်းနဲ့"

"မရိုင်းဘူး...ကိုယ် မင်းကို ချစ်တယ်"

"နေပါဦး...ချစ်တယ်ပြောရအောင် ခင်ဗျားနဲ့ကျွန်တော် ဘယ်လောက်ရင်းနှီးနေလို့လဲ။ ကိုယ့်ကိုယ်ကိုလည်း တယ်အထင်ကြီး သကိုး။ ခင်ဗျားရဲ့စကားကို ရုတ်သိမ်းပါ။ ကျွန်တော် လုံးဝ သည်းမခံ နိုင်ဘူး"

သူကတော့ အေးစက်စက်ပြုံးကာ သွေးရဲ့လက်ဖျားကို ဖျစ်ပြီး

"လုံးဝ မရုတ်သိမ်းနိုင်ဘူး။ တရားဝင်ကြေညာတာနော်။ မင်းက ငါ့ရဲ့ချစ်သူ၊ ငါကလွဲရင် မင်း ဘယ်သူနဲ့မှ တွဲစရာမလိုဘူး"

"ဦးမဟုတ်ရာ"

သွေး လက်ကို ဆောင့်ရုန်းပစ်ကာ အော်ပစ်မိတော့သည်။ သူကတော့ ခပ်အေးအေးပြုံးနေ၏။

"ခင်ဗျား လူကို ဘာမှတ်နေလဲ။ ကျွတ်...ခင်ဗျားကို အထင်ကြီးမိတာ ကျွန်တော့်အမှားပဲ သိလား။ ခင်ဗျားက တော်တော်လည် တာပဲ။ ခင်ဗျားလိုလူကိုတော့ လေပြည်သွေးက စာဖွဲ့နေမှာမဟုတ် ဘူး။ ရှင်းတယ်နော်"

"ရှင်းစရာမလိုပါဘူး...မင်းကို လက်ထပ်မယ်။ မင်း ငါ့ကို ချစ်ရမယ်"





"ဘာအချစ်လဲ...ဘာအချစ်လဲဗျာ...ခင်ဗျားကို သိပ်မုန်း တယ်။ မုန်းတယ်ဗျာ"

"တော်စမ်း လေပြည်သွေး"

"မတော်ဘူးဗျာ...ဘာဖြစ်လဲ မုန်းတယ်"

"ဘာဖြစ်လဲ...ကဲ...သိရသေးတာပေါ့"

"ဟင်...ခင်ဗျား ဘာလုပ်တာလဲ..လွှတ်စမ်း...ကျွန်တော့် သိက္ခာချနေတာလား"

သူက ရုတ်တရက် သွေးရဲ့ခါးကိုဖက်ပြီး ပါးမို့မို့ကို နမ်းရှိုက် လေ၏။ ရှက်ရွံ့ခြင်းထက် ဒေါသက ခေါင်းပြူထွက်လာသည်။ ကြည့်စမ်း..လူတွေ အများကြီးရှိတဲ့နေရာမှာ သွေးကို စော်ကားတယ်။

"ဘာဖြစ်လဲ...မင်း မြင်ပြီလား"

"မြင်တယ် သိပ်မြင်တယ်..ခင်ဗျားမြင်ဖို့...တောက်...ကျုပ် ကျုပ်"

"ခွပ်"

"ခွပ်"

လက်သီးနှစ်ချက် ဆက်တိုးပစ်လိုက်၏။ သူက အလစ်ငိုက်မိ သွားပြီး မြေပြင်ပေါ်လဲကျသွားသည်။

သွေးမျက်နှာတစ်ခုလုံး ဒေါသကော ရှက်ရွံ့မှုကော ရောထွေး ပြီး နီမြန်းနေ၏။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ ပြောစရာ စကားတွေက အဆီငေါ်မတည့်စွာ...

"ခွေးကျင့်ခွေးကြံနဲ့ အသက်ကြီးပြီး အရှိန်မစီးတဲ့လူ။ ခင်ဗျားလို လူက လေပြည်သွေးကို ချစ်တယ်။ တောက်...ခင်ဗျား"

လဲကျနေသည့် သူ့အင်္ကျီကော်လံစကို ဒေါသနှင့် ဆောင့်ဆွဲပြီး ထိုးဖို့ရွယ်ပြီးမှ ဆောင့်တွန်းပစ်လိုက်၏။

သူ့နှုတ်ခမ်း၌ ခိုတွဲနေသောအပြုံး။

သွေးကို လှောင်ပြောင်နေသည့်အပြုံး။ တစ်ခါမှ ဘယ်သူက ကိုယ့်ကို ဒီလိုမစော်ကားခဲ့ဘဲ ဒီလို နိုင်ငံကျော် ဒါရိုက်တာက စော်ကား တာ။ ဒါ...ဒါကို သွေးက ဂုဏ်ယူနေရမှာလား။ ဒီလူကို သွေးက သိပ်အထင်ကြီးခဲ့ရ၏။ အခုတော့ တစ်သက်လုံး မွေးကဲ့ကြ တစ်ရက်နှင့် ချက်စားလိုက်သလို...

"ခင်ဗျားကို မုန်းတယ်"

"သွေး"

သူ့ခေါ်သံကို သွေး ဥပေက္ခာပြုပြီး...

## အခန်း (၁၄)

"သွေး မျက်နှာလည်း မကောင်းပါလား"

"ဘာမှမဖြစ်ပါဘူး လေးလေးရဲ့"

"မနက်ဖြန် စာမေးပွဲက နောက်ဆုံးနေ့နော်။ စာတွေကော ရပြီ"

"ဟုတ်...နည်းနည်းနွေးဖို့ လိုသေးတယ် လေးလေး"

"ညီမင်းကော"

"အပေါ်ထပ်မှာ စာကျက်နေတယ်။ သွားခေါ်ပေးရမလား"

"နေပါစေ...မတွေ့လို့ မေးကြည့်တာ။ ဖြေနိုင်တယ်ဆို သာပါတယ်ကွယ်"

သွေး ခေါင်းလေးကို ဘာမှမပြောတော့ဘဲ ခြံထဲသို့ ဆင်းခဲ့၏။ ခေါ်မှာထိုင်ပြီး စာအုပ်ဖွင့်လိုက်ပေမယ့် စာကျက်၍မရချေ။

မျက်နှာကို မော့ပြီး ဒန်းကို ခပ်ဖြည်းဖြည်းလွှဲကာ ငြိမ်နေပေမယ့် ရုံတွေက မငြိမ်မသက်။

"ဦးမဟူရာကို မုန်းတယ်" ဟု အကြိမ်ကြိမ် အော်ဟစ်မိ...
သွေးဟာ ယောကျ်ားလေးလိုနေပေမယ့် ယောကျ်ားစိတ်ပေါက်နေသော...
ယောကျ်ားလျာတော့ မဟုတ်ပါ။

မိန်းကလေးအဝတ်အစားဝတ်တာ မနှစ်သက်သော ဖခင်ကြော...
ယောကျ်ားလေးတစ်ယောက်လို ဝတ်ဆင်ခဲ့ခြင်း ဖြစ်သည်။ သွေးထံမှာ...
မိန်းကလေးတစ်ယောက်ရဲ့ နူးညံ့ခြင်း၊ ရှက်ရွံ့ခြင်းများ ရှိပါသည်။

သူမဟာ သူ့ကို လူမမြင်ဖူးခင်ကတည်းက ရင်းနှီးလေးစား...
ပြီး ထိုလေးစားမှုထဲတွင် ဘာအညစ်အကြေးအစွန်းအထင်းမှ မပါခဲ့ချေ...
သို့သော် သူကတော့ သွေးအပေါ် အထင်သေးစွာ ပြုမူရက်ခဲ့သည်။

ရင်ထဲမှာ နာနေသောအနာသည် ဘာနှင့်ဖြေဖြေ ဖြေ၍မရနိ...
ချေ။ လုပ်ရက်လေခြင်းဆိုသည့် အတွေးများကသာ ထာဝစဉ် လွှမ်း...
သဖြင့် စာကိုတောင် မကျက်ဖြစ်ချေ။

သူ့ရဲ့အပြောအဆို အယုအယကြားမှာ သာယာခဲ့ပြီး...
ထိုသာယာမှု မှာလည်း ရိုးရိုးလေးပါ။ ကိုယ့်အပေါ်မှာ...
ဖေးမနားလည်ပေးနိုင်သူမို့ သူ့ကို အစ်ကိုတစ်ယောက်လို...
သဘောထားဆက်ဆံမိသမျှ သူက ဒီလိုအခွင့်အရေးသမားမှန်း...
မသိခဲ့ချေ။ Minor ဘာသာမို့ သိပ်ပြီး ခက်ခဲတာမဟုတ်သဖြင့် သွေး...
အစောဆုံး ဖြေပြီးခဲ့ပြီ။

သွေးရဲ့နောက်ဘက် (၂)ခုံကျော်တွင် ညီ။ ညီက သွေး လှမ်း...
ကြည့်တော့ ပခုံးတွန့်ပြလေသည်။ ပြီးတော့ ရှုံ့မဲ့မဲ့။ ဒီကောင် ...
မကြည့်ဘဲ မိန်းကလေးတွေကို လိုက်ပိုးနေသည်ကိုး။

သွေးက လက်မထောင်ပြပြီး မျဉ်းပိတ်လိုက်သည်။





နောက်တစ်ခေါက် ပြန်စစ်ပြီး အဖြေလွှာကို အပ်လိုက်သည်။
...ွေး ထွက်ပြီးသိပ်မကြာခင် နန္ဒ ထွက်လာသည်။ နန္ဒက သွေးတို့နှင့်
...န်းမတူချေ။

"ဖြေနိုင်လား သွေး"

"အင်း...နင်ကော"

"တစ်ပုဒ် မဖြေနိုင်ဘူး...ညီကော"

"ရှုံ့မဲ့နေတာပဲ...ဟော...ဟိုမှာ ထွက်လာပြီ"

ညီက လွယ်အိတ်သွားယူရင်း ပါးစပ်တလှုပ်လှုပ်နှင့်-

"ဘာလဲ...မန်းမှုတ်နေတာလား ညီ"

"ကျွတ်...အပြင်ရောက်မှပဲ စာကပြန်ရတော့တယ်။ နံပါတ်
(၁) နောက်ဆုံးပိုဒ် ငါ ဘယ်လိုမှ စဉ်းစားလို့မရဘူး"

"ကောင်းတယ်...လည်ဦးလေ"

"ဒီနေ့ နောက်ဆုံးရက် သွားလည်မယ်"

"သွားလေ...ငါကတော့ မလည်တော့ဘူး။ ကျောင်းထဲ ခဏ
...ပြီး ပြန်တော့မယ်။ ညီ နင်ကော"

"ငါလည်း လည်မှာ"

နှုတ်ဆက်သွားကြသော ညီနှင့်နန္ဒကို ကြည့်ပြီး သွေး ယူကလစ်
...င်အောက်က ခုံတန်းဆီ လျှောက်လာကာ ထိုင်မိသည်။

မနက်ဖြန်ဆို ဖေဖေက လာခေါ်ရင်ခေါ်၊ မခေါ်လျှင် သွေး
...ဘာသာ ပြန်ရလိမ့်မည်။ နောက်ဆို ဒီရန်ကုန်မြို့တော်ကို ဘယ်လိုမှ
...ချဖြစ်လိမ့်မည် မထင်ချေ။

ဘာပဲဖြစ်ဖြစ် သွေး ပျော်ပါသည်။ ဖေဖေ ဘယ်လောက်ပဲ

မကြည်ဖြူပါစေ သွေး ဖေဖေ့ကို ချစ်သည်။

ဖေဖေက သွေးနှင့် ရင်းနှီးစွာမနေဘဲ သူ့ဘာသာ သီးသန့်နေတတ်သည်။ တစ်ခါတစ်ရံ သွေး ဖေဖေ့ကို ချောင်းကြည့်မိတတ်သည်။ စာကြည့်ခန်းထဲမှာ ဖေဖေတစ်ယောက်တည်း ထိုင်ပြီး ငေးငိုင်နေတတ်သည်။

မေမေ့ကို မုန်းတယ်ဟု ဘယ်လိုပြောပြော သွေး သိနေတာတစ်ခုကတော့ ဖေဖေ မေမေ့ကို ချစ်တယ်ဆိုတာကိုပါ။ ဖေဖေနှင့်မေမေတို့ရဲ့ကြားမှာရှိနေသော အတိတ်ဇာတ်လမ်းကို သွေးမှ မသိခဲ့ဘဲကိုး။

သွေးတောင် ဒီအသက်အရွယ်ရောက်ခဲ့ပြီ။ မေမေ့နာမည် မိုးစက်ပွင့်ဆိုတာလွဲလျှင် ဘာမှသိခဲ့တာ မဟုတ်ချေ။ စဉ်းစားရင်း ရုတ်တရက် သွေး လွယ်အိတ်ထဲ မွှေနှောက်မိ၏။

ဘုရားရေ… ကျွတ်…သေတော့မှာပဲ။ အဲဒီမှာတတ်တဲ့ ဦးနှောက်ကတော့ နှစ်ယောက်မရှိ။ ဆွဲကြိုးနှင့်ဓာတ်ပုံတွေကို အံဆွဲထဲမှာထုတ်ပြီး စားပွဲပေါ်တွင် သေချာတင်ခဲ့သည်။ ယခု မေ့ခဲ့ပြီ။

ဒီရဲ့ပစ္စည်းတွေ ပြန်ပေးမည်။ ဦး ပေးတာမှန်ပေမယ့် ဒါတွေကို လက်ခံဖို့ သွေး လိပ်ပြာမသန့်ချေ။ ပြီးတော့ ဓာတ်ပုံတွင် ဦးမဟူရာနှင့်ကော ဦးနှင့်ပါ တွဲရိုက်ထားသည့်ပုံများ ဖြစ်သည်။ ဒါတွေကို ကိုယ့်လက်ထဲထားပြီး ဘာမှလည်း သံယောဇဉ်မတွယ်ချင်တော့ပါ။

"ကလေး"

"ဟင်"

ရုတ်တရက် အနားကပ်ခေါ်လိုက်သည့်အသံကြောင့် သွေး





ခေါင်းက ထိုအသံရှင်ထံသို့ ရောက်သွားကာ လူကလည်း မတ်တတ်ရပ်အနေအထားနှင့်-

"ဦး…ဦးနေလင်း"

ဘယ်လိုလုပ် သူမရဲ့ကျောင်းသို့ ရောက်လာခဲ့တာလဲ။ ဦးနှင့်သွေး က ဘာမှဖြစ်ခဲ့တာမဟုတ်ပေမယ့် မျက်နှာချင်းမဆိုင်ချင်သေး။ သွေး မျက်နှာလွှဲမိတော့-

"ဦးကိုပါ မုန်းသွားတာလား"

"ဟင့်အင်း…ကျွန်တော် ဦးကို မမုန်းပါဘူး"

"ကျေးဇူးတင်ပါတယ်ကွယ်"

"ဒါပေမယ့် မဟူရာဆိုတဲ့ လူတစ်ယောက်နဲ့ မပတ်သက်ချင်တော့တဲ့အတွက် ဦးကိုလည်း ကျွန်တော် ခပ်စိမ်းစိမ်းဆက်ဆံပါရစေ။ ကျွန်တော့်ကို သွားခွင့်ပြုပါ"

"နေပါဦး ကလေးကို ဦး ပြောစရာရှိလို့ပါ"

"ဟင့်အင်း…ကျွန်တော် နားမထောင်နိုင်ဘူး"

ဦးရဲ့မျက်နှာက ညှိုးနွမ်းခွေသွား၏။

သွေး မှားသွားလား။ ဟုတ်တယ်။ တကယ်ဆို ဒီကိစ္စတွေမှာ ဦးနှင့် ဘာမှသက်ဆိုင်တာမရှိ။

"ဦး မေတ္တာရပ်ခံပါတယ်ကွယ်"

"ဦးက ဘာပြောစရာရှိလို့လဲ"

"ကလေး စိတ်ဝင်စားမှာပါ။ ဟိုရောက်တော့ ပြောပါ့မယ်။ လိုက်ခဲ့ပါကွယ်"

"ဗျာ…ဒီမှာပဲ ပြောလို့မရဘူးလား"

"ဟင့်အင်း…ဒီရဲ့အကြောင်းတွေကို သမီးတင် မဟုတ်ဘူး။ ဦးလည်း သိသင့်တယ်။ ဒါကြောင့် ဦး… အိမ်မှာ ပြောချင်တာပါ။ ပြီးရင် သမီးကို ပြန်လိုက်ပို့ပေးမှာပါ"

"ဟာဗျာ…ဒါဆို ကျွန်တော် မလိုက်ဘူး"

"ဘာဖြစ်လို့လဲကွယ်"

"ဦးမဟူရာနဲ့ ကျွန်တော် မဆုံချင်ဘူး။ သူ့ကို မြင်လည်းမမြင်ချင်ဘူး"

"ဦး..ပါနေတာပဲကွယ်…စိတ်ချပါ..ညီလေး သမီးကို ဘာမှ ဒုက္ခမပေးစေရပါဘူး။ ဦး…အာမခံပါတယ်"

အနူးအညွတ် တောင်းပန်နေသည့် ဦးနေလင်းကြောင့် သွေး ခေါင်းညိတ်မိလိုက်သည်။ သွေးက ဦးကို ယုံမိသည်ကိုး။

ကားနားရောက်တော့ ကားရှေ့ခန်းထဲတွင် သူ့ကို တွေ့လိုက်ရသည်။ သွေးမျက်နှာ တင်းပစ်လိုက်သည်။ ဦးက သွေးကို နောက်ခန်း တံခါးဖွင့်ပေးတော့ သွေး ဝင်ထိုင်လိုက်ပေမယ့် သူ့ကိုတော့ လုံးဝ မကြည့်မိအောင်နေလိုက်သည်။

"ဒါနဲ့ စာမေးပွဲလည်း ပြီးပြီဆိုတော့ ကလေးက မန္တလေးပြန်တော့မှာလား"

"ဟုတ်ကဲ့…ဖေဖေ လာခေါ်မှာပါ ဦး"

"ဪ…ရန်ကုန်ကို ရောက်ဖြစ်ရင် ဦးတို့ဆီ လာလည်ပေါ့ ကွယ်"

"ဟင့်အင်း…ကျွန်တော် ရန်ကုန်ကို ပြန်လာဖို့ဆိုတာ လုံးဝ မသေချာတော့ပါဘူး…ဦး"





နောက်ကြည့်မှန်မှ သူက သွေးကို စူးရှစွာ လှမ်းကြည့်စဉ် သွေးနှင့် အကြည့်ချင်းဆုံသွားသည်။ သွေးကဲ့သို့ တင်းမာသောအနေ အထားနှင့် သူကလည်း စိုက်ကြည့်၏။

ခင်ဗျားကို ဒီတစ်သက် လုံးဝ မမြင်ချင်လို့ မလာတာ။

"အင်းလေ…ဒါဆိုလည်း ဦးတို့ မန္တလေးလာလည်လို့ရတာပဲ။ ကလေးဆီ ဦး လာလည်လို့ရတယ်မဟုတ်လား"

"ဟုတ်ကဲ့…ဦးကလွဲရင် ဘယ်သူ့ကိုမှ ခေါ်မလာပါနဲ့"

"ညီ့ကို အဲဒီလို မပြောပါနဲ့ကွယ်"

"ကျေးဇူးပြုပြီး သူ့အကြောင်းကို မပြောပါနဲ့…ဦး။ သွေး ကြောက်ချင်လို့ပါ"

သူ့နှုတ်ခမ်းတွေက တင်းတင်းစေ့လျက် မေးရိုးတွေ ထောင်နေ၏။ လေပြည်သွေးကို ခပ်ပေါ့ပေါ့ သဘောမထားနဲ့ ဦးမဟူရာ။ ခင်ဗျားဘာသာ ဂုဏ်သရေရှိလူကြီးမင်းပဲဖြစ်ဖြစ် လေပြည်သွေးတို့က ဦးနောက်ထဲထည့်မထားဘူး။

"ဦးကို ကျွန်တော့်ဆွဲကြိုးနဲ့ဓာတ်ပုံတွေ ပြန်ပေးချင်တယ်"

"လေပြည်သွေး…မင်း အဲဒါဘာသဘောလဲ"

"မဟူရာ"

"မပတ်သက်ချင်တဲ့သဘောပဲဗျာ"

သွေးက ဂျစ်တစ်တစ် ဖြေသောအခါ သူက ကားကို ပေါ်တီကို အောက် ဖြစ်သလိုရပ်ရင်း-

"ကိုကြီး…သူနဲ့ကျွန်တော် စကားခဏပြောမယ်။ ကိုကြီး အိမ်ထဲအရင်ဝင်နှင့်ပါ"

"မပြောနိုင်ဘူး…ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ ဘာမှပြောစရာ အကြောင်းတရားမရှိဘူး"

"မင်း ဝင်စရာမလိုသေးဘူး။ ဘာလဲ မင်း ငါနဲ့ရင်ဆိုင်ဖို့ သတ္တိမရှိဘူးလား"

သူ့မေးခွန်းက သွေးကို တိုက်ရိုက်စော်ကားသော မေးခွန်းမို့ သွေး ရှပ်အင်္ကျီလက်တိုကို လိပ်တင်ပစ်ကာ-

"ရှိတယ်…သိပ်ရှိတယ်။ ပြော…ခင်ဗျား ဘာပြောချင်လဲ"

သူက တံခါးကို ဒိုင်းခနဲ မြည်အောင် စောင့်ပိတ်ပြီး ရှေ့က ထွက်သွားသည်။ ဦးက သွေးကို တောင်းပန်သလိုကြည့်ပြီး-

"ဆွေးနွေးကြပေါ့…ပြီးရင် ဦးဘက်က ပြောစရာရှိတာကို ပြောပါရစေ"

"မင်းက ဘာသဘောလဲ"

"ထပ်ခါထပ်ခါ မမေးနဲ့၊ ဘာသဘောလို့ ခင်ဗျားထင်လဲ… ပြောကြည့်လိုက်လေ"

သွေးက ခါးထောက်ကာ သူ့ကို စိုက်ကြည့်ကြည့်ပြီး ခပ်ပြတ် ပြတ် မေးလိုက်သည်။

"တောက်…မင်း"

"ခင်ဗျား ကျွန်တော့်ကို တောက်ခေါက်စရာ မလိုဘူး။ ပြော စရာရှိတာပြော…ခင်ဗျားမှ ဒေါသရှိတာမဟုတ်ဘူး"

"အေး…သိပ်ပြောချင်လွန်းလို့။ မင်းကို ငါ ချစ်တယ်။ လက်ထပ်မယ်"

"ခင်ဗျားက လေထဲ တိုက်အိမ်ဆောက်ရတာ တော်တော်





ဒေါသနာပါတာပဲ။ ဒါ…ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးနော်။ ရုပ်ရှင်ထဲ မှာ အချိန်တန် မင်းသားနဲ့မင်းသမီး ညားပေးမှာ။ ဒီပွဲမှာ ခင်ဗျားက မင်းသား မဟုတ်သလို ကျွန်တော်ကလည်း မင်းသမီး မဟုတ်ဘူး။ အဲဒါကို သဘောပေါက်တယ်ဆိုရင် ခင်ဗျားစကားကို ခင်ဗျားဘာသာ ဘာခတ်လိုက်၊ ဘာလို့လဲ သိလား…ကျွန်တော် ခင်ဗျားကို အရမ်း မုန်းလို့ပဲ"

"မင်း"

"ခင်ဗျား…ကျွန်တော့်ကို မထိနဲ့"

"ခွပ်"

အေးစက်စက် ပြောလိုက်သော သွေးရဲ့စကားများကို သူ မခံ ရပ်ဖြစ်ကာ သွေးလက်ကို ဖမ်းဆုပ်စဉ် သွေးကလည်း အတွေ့အကြုံ ရှိသူပီပီ သူ့ကို လက်သီးနှင့်ထိုးပစ်သည်။

သို့သော် လူကို မထိုးမိ။ လေကိုသာ ထိုးမိရင်း သူက သွေးရဲ့ လက်ကို နောက်ကနေ ချုပ်ကိုင်ထားသည်။ နာနေတာကို ဂရုမစိုက် ဘဲ သွေး လက်ကျိုးချင်ကျိုးစေဖို့ အတင်းရုန်းကန်ပစ်တော့ သူက လွှတ်ချေ။

ပြီးတော့ သူနဲ့ သွေးရဲ့အနေအထား အနီးကပ်လွန်းလှသည်။

"ခင်ဗျား ကျွန်တော့်လက်ကို လွှတ်စမ်း"

"မင်းကို အခုချက်ချင်း သိမ်းပိုက်လို့ရတယ်"

"ဘာလို့ရရမှာလဲ…ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး…ဥပဒေ ရှိတယ်"

"အချစ်ဆိုတာ မင်းနဲ့တွေ့မှ စိတ်ဝင်စားခဲ့တာ။ မင်းကိုပဲ ချစ်ခဲ့

တာ။ နောက်လည်း အမြဲတမ်း ချစ်နေမယ်။ တစ်ဘဝလုံးအတွက် မင်းဟာ ငါ့ရဲ့ချစ်သူ…ငါကလွဲရင် ဘယ်သူ့ကိုမှ မင်း စိတ်ဝင်စားခွင့် မရှိဘူး"

သူက သွေးရဲ့ပါးပြင်ကို အညင်သာဆုံး နမ်းရှိုက်ပြီး လွှတ်ပေးလေသည်။

သွေး အံတင်းတင်းကြိတ်ကာ သူ့လက်လွှတ်သည်နှင့်တစ်ပြိုင်နက် သူ့မျက်နှာကို ထိုးပစ်လိုက်သည်။ နှစ်ချက်မျှ သူက အနည်းငယ် ယိုင်သွားသော်လည်း အပြုံးမပျက်ဘဲ-

"မင်း စိတ်ချမ်းသာအောင်လို့နော်။ ကဲ…ကိုကြီးဆီ သွားကြအောင်"

"မလိုက်ဘူး…ကျွန်တော့်ဘာသာ အိမ်ပြန်မယ်။ ဘာစကားလည်း နားမထောင်ချင်တော့ဘူး"

"လေပြည်သွေး…မင်း အစကနေ ပြန်မစချင်နဲ့နော်…ငါ သိပ်စိတ်မရှည်တော့ဘူး"

"ဘာလဲ…ခင်ဗျားက ခြိမ်းခြောက်နေတာလား"

"ခြိမ်းခြောက်နေတယ်ထင်ရင် လုပ်ကြည့်လိုက်လေ…ပြီး ငါ့အဆိုးမဆိုနဲ့။ မင်း…ကိုယ်လုံးလောက်ကိုတော့ အေးအေးနိုင်တယ်"

"ခင်ဗျား"

ပြုံးရယ်နေသော သူ့မျက်နှာကြောင့် သွေး အံကိုကြိတ်ကြိတ်နေ သူ့ရှေ့က လှည့်ထွက်ခဲ့၏။

ဒီလူက မလုပ်ဘူးဟု မပြောနိုင်။ လက်ရဲဇက်ရဲနိုင်၏။ သွေး





အိမ်ထဲဝင်လာတော့ ဦးက ဆိုဖာပေါ်မှာ ထိုင်နေ၏။ သွေးကိုမြင်တော့

"လာ…ကလေး…ကလေးကို ပြစရာရှိလို့ဆိုပါတော့"

နှစ်ယောက်ထိုင်ဆိုဖာမှာ ထိုင်နေသည့် ဦးနားမှာ သွေး ဝင်ထိုင်လိုက်သည်။ သူက သွေးနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်နေသည်။

"ဒါ…ဘယ်သူလဲ ကြည့်ပါဦး"

ဦး ကမ်းပေးလာသည့်ဓာတ်ပုံကို ယူပြီး ကြည့်လိုက်၏။

ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ကာ လွယ်အိတ်ကို ရင်ခွင်တွင် ပိုက်၍ ဓာတ်ပုံရိုက်ခံနေသော အမျိုးသမီးသည် သွေး၏ မျက်နှာနှင့် အနည်းငယ်ဆင်သည်။

"ဒါ…ဘယ်သူလဲ…ဦး"

"သူ့ရဲ့ဆံပင်တွေကို လက်နဲ့ဖုံးပြီး ကြည့်ကြည့်လိုက်ပါ"

သွေးလည်း ဦး ခိုင်းသည့်အတိုင်း လုပ်ကြည့်မိ၏။

"ဟင်"

သူမရဲ့ရုပ်က သွေးရဲ့ရုပ်နှင့် တူလှချည်လား။

"ဦး"

"အဲဒါ…ကလေးရဲ့အမေ မိုးစက်ပွင့်ပဲ"

"ဗျာ…ဒါ…ဒါ…သွေးရဲ့မေမေ ဟုတ်လား…ဦး"

ဦးက ခေါင်းညိတ်ပြ၏။

ဘုရားရေ…

သွေးရဲ့မေမေပုံက ဘာကြောင့် ဦးဆီရောက်နေရတာလဲ။ သွေးရဲ့ အတွေးတွေ ရှုပ်ယှက်ခတ်လျက်။ တစ်ခါမှ မမြင်ဖူးသော မေမေ့ပုံကို ကြည့်ပြီး သွေးရင်တွေ တဆတ်ဆတ်တုန်လျက်။

"မေမေ့ဓာတ်ပုံက ဘယ်လိုလုပ်ပြီး..."

"ဦးဆီရောက်နေတာလေ...ဒါကြည့်"

ဦး ကမ်းပေးသည့်ဓာတ်ပုံကို ယူကြည့်မိ၏။ စွယ်တော်ပင် အောက်မှာ တွဲထိုင်နေသည့် စုံတွဲလေး။ ထိုအခါက ဦးဟာ အတော် ချောခဲ့ပုံရ၏။ ယခုတောင် ကြည့်၍ကောင်းနေဆဲ။

"ဦးနဲ့မေမေက ချစ်သူတွေပေါ့...ဟုတ်လား"

ဦးက မဖြေဘဲ နောက်ထပ် ဓာတ်ပုံတစ်ပုံ ကမ်းပေးသည်။ မင်္ဂလာစုံတွဲပုံ။

ဒါက ဖေဖေ့ပုံပဲ။ ဖေဖေရယ်၊ မေမေရယ်။ ဖေဖေက နူးညံ့သော အပြုံးတွေနှင့်ဖြစ်ကာ မေမေ နှုတ်ခမ်းထက်၌ အပြုံးက မပီပြင်။

"ဒါ...ဒါတွေက"

"သန့်ဇင်က ဒီဓာတ်ပုံတွေဟာ သူ့ကို အမြဲတမ်း ခြောက်လှန့် နေလို့တဲ့။ သမီးမေမေ မဆုံးခင်က ဦးဆီ ပို့လိုက်တာ။ အခု ဦး ပြော မှာက သမီးမေမေနဲ့ ဦးတို့ရဲ့ပတ်သက်မှု အတိတ်ကိုပဲ။ သမီး နားထောင်ချင်ရဲ့လား"

"သွေး နားထောင်ချင်ပါတယ်...ဦး"

"ပြောရမှာပေါ့ကွယ်...ပြောချင်လွန်းလို့လည်း ဦး...ခေါ် တာပဲ။ နောက်ဆို သမီးက မန္တလေးပြန်သွားရင် ဦးတို့ မဆုံနိုင်ကြ တော့ဘူးလေ။





# အပိုင်း (၂)

# ကျိန်စာဖြစ်တည်ခြင်းအစ

## အခန်း (၁၅)

"လိုက်ပို့ရဦးမလား"

"ရပါတယ် ကိုကိုလေး"

"ညနေ လာကြိုမယ်...စောင့်နေနော်"

မိုးစက်ပွင့် ခေါင်းညိတ်ပြီး မျက်လွှာချလိုက်၏။ ကိုကိုလေး ကားထွက်သွားပြီးမှ ကျောင်းဝန်းထဲသို့ လှည့်ဝင်လိုက်သည်။

အဖြူပေါ်မှာ ပန်းခက်ပန်းနွယ်များပါသော ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။ ရှည်လျားသော ဆံပင်တွေကို ကျစ်ဆံမြီး တစ်ချောင်းတည်းပဲ ကျစ်ထား၏။ ကိုကိုလေးကတော့ ပွင့်ရဲ့ဆံပင် တွေကို သဘောအကျဆုံးပဲတဲ့။





ဘုရားထူးခံမျိုးနွယ်မှ ဆင်းသက်လာသော ကိုကိုလေးတို့နှင့် ညီဟာ တကယ်တမ်းပြောရလျှင် ဘာမှမတော်စပ်ပါ။ မေမေကြီးတို့ရဲ့ အပြောအရ ပွင့် မွေးကင်းစအရွယ်မှာ 'သစေင်မြိုင်' စံအိမ်ရှေ့သို့ အရောက်ပစ်ထားသောကြောင့် မွေးစားခဲ့ခြင်း ဖြစ်သည်တဲ့။

ဒီရဲ့အကြောင်းတွေကို ပွင့် အရွယ်ရောက်သည့်အချိန်ကစ၍ ပြောပြခဲ့ခြင်းကြောင့် ပွင့် သိနေရခြင်း ဖြစ်သည်။

မေမေကြီးတွင် 'သန့်စင်'နှင့် 'နှင်းဆီခင်' ဆိုသည့် သားနှင့် သမီး နှစ်ယောက်သာ ရှိသည်။ မွေးစားခဲ့သည်ဆိုပေမယ့် အခွင့်အရေး ကိုတော့ ကိုကိုလေးနှင့် မမလေးနည်းတူ တန်းတူရပါသည်။

တင်းကျပ်လွန်းလှသော စံအိမ်ထဲမှာနေရသည့် ပွင့်အတွက် နေ့စဉ် ရှင်သန်မှုသည် စက်ရုပ်တစ်ရုပ်နှင့် မခြားပါ။

မနက်စာစားချိန်ကို (၇)နာရီဟု သတ်မှတ်ပြီး (၇)နာရီမထိုးခင် ထမင်းစားပွဲဝိုင်းအရောက်။ ထမင်းစားချိန်မှာ စကားပြောတာ၊ ပန်းကန် ချက်ယောက် အသံမြည်တာ လုံးဝ မဖြစ်ရပါ။

လမ်းသွားလျှင် ခုန်ပေါက်သွားတာ၊ ဘယ်လိုအရေးအကြောင်း ...ရှိ ပြေးသွားတာ စသဖြင့် ပြုလုပ်ခဲ့လျှင် စံအိမ်၏စည်းကမ်းအတိုင်း အပြစ်ပေးခြင်းခံရမည်။

စကားကို အနည်းငယ်ကျယ်ပြီး ပြောမိတာမျိုး၊ စောင့်အောင့် တာမျိုးဆိုလျှင်လည်း အပြစ်ပေးတတ်ပါသည်။

ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်လျှင် ရင်စေ့ (သို့) ရင်ဖုံးအင်္ကျီ ကို လက်ရှည်၊ လက်စက ဝတ်၍ရပြီး လက်တို လုံးဝ ဝတ်ခွင့်မရှိပါ။ ဝတ်ချည်ဝတ်လျှင် ခြေမျက်စိဖုံးနေမှ။

စသည့်…စသည့် ပြောမဆုံးသော စည်းကမ်းတွေကြားမှာ ကြီးပြင်းလာရသော မွင့်ဟာ လူဝင်မဆံ့သော မိန်းကလေးတစ်ယောက် အနေနှင့် ကိုယ့်ကိုယ်ကို သတ်မှတ်ပါသည်။

ဘိုးဘိုးဘွားဘွားတို့လက်ထက်ကလို သခင်နှင့်ကျွန် မခွဲခြား တော့တာကလွဲလျှင် အရာရာတိုင်းသည် တခမ်းတနား ဖြစ်သည်။

ကိုကိုလေးနှင့် မွင့်ကား (၇)နှစ်ကွာပြီး မမလေးနဲ့က (၅)နှစ် ကွာသည်။ မမလေးသည် စာမေးပွဲကို ထူးထူးချွန်ချွန် အောင်သော် လည်း စံအိမ်တော်၏စည်းကမ်းအရ အလုပ်လုပ်ခွင့်မရ၊ အဝေးသင် တက်ပြီး အိမ်မှုကိစ္စနှင့်သာ အချိန်ကုန်ရတတ်စမြဲ။

မွင့်ကတော့ ယဉ်ကျေးမှုသင်တန်းကျောင်းမှာ ပထမနှစ်တက်နေ သည်။ ထိုသင်တန်းတက်ဖို့ပြောစဉ် ကိုကိုလေးက ခါးခါးသီးသီး ကန့်ကွက်ပြီး ရှိုးရိုးမေဂျာနှင့် စာပေးစာယူတက်ဖို့ တိုက်တွန်းခဲ့သည်။

ကိုကိုလေး မွင့်အပေါ် သူများထက်ပိုပြီး ဂရုစိုက်တာ၊ ယုယ တာကို မွင့် သိပါသည်။ တစ်ခါတလေကျတော့ ဒီရဲ့ယုယမှုတွေက မွင့်ကို မွမ်းကျပ်စေ၏။

"ဟိတ်…မွင့်"

"အို"

တစ်ယောက်တည်း အတွေးတွေနှင့် ငေးငိုင်နေစဉ် ခြောက်လှန့် လိုက်သည့်အသံတစ်သံကြောင့် မွင့် မျက်လုံးပြူး ထိတ်လန့်သွား၏။

"နေလင်းနောင်…"

သူက မွင့်ထက် (၂)တန်းကြီးသည်။ မွင့်နှင့် မေဂျာချင်းတူသော် လည်း သူက ဂုဏ်ထူးတန်းဆက်တက်နေသော ကျောင်းသား။





နေအောင်နှင့်ဆင်သလို ထင်ရသော်လည်း သူက နေအောင် လောက် အသားမဖြူ။ အသားဝင်းဝင်း မျက်နှာချိုချိုနှင့် ကြင်နာတတ် သူတို့၏ ကြန်အင်လက္ခဏာဖြင့် ပြည့်စုံသူ။

ပြီးတော့ သူက မွင့်ထံမှာ အဖြေတောင်းထား၏။

အချစ်ဆိုတာ ဘာလဲ။ မွင့် သေချာမသိပေမယ့် သူ့ကို မြင်တိုင်း ရင်ခုန်သည်။ သူနှင့် အကြည့်ချင်းမဆုံရဲ။ သူ့ရှေ့မှာ ရပ်နေမိလျှင် အနေခက်သည်။

"မွင့် ဘာတွေတွေးနေတာလဲ"

"ကိုနေကော ဘယ်လိုလုပ်ပြီး ဒီနေ့ ကိုနေတို့ အတန်းချိန်မှ မရှိဘဲ"

"ဟုတ်တယ်…(၂)ချိန် မရှိဘူး။ ဒါနဲ့ မွင့်က ကိုယ် အတန်းချိန် ချိန်း ဘယ်လိုသိတာလဲ"

"အို"

သူ မသိအောင် သူ့ရဲ့အချိန်ဇယားတွေ တိတ်တဆိတ် စုံစမ်းမိ တာ။ အို…ရှက်စရာကောင်းလိုက်တာ။ မွင့်မျက်နှာတွေ နီမြန်းကာ တစ်ကိုယ်လုံး ထူပူသွားရပြီး-

"မွင့်…မွင့် သွားတော့မယ်"

သူနား ဆက်ပြီးမနေရဲတော့သဖြင့် မွင့် သူ့ရှေ့က ပြေးထွက်မိ တော့၏။

"နေပါဦး မွင့်"

"ဟင့်အင်း"

သူက မွင့်ရှေ့၌ ကာရပ်နေသဖြင့် ဆက်ပြီးလည်း မပြေးရချေ။

''ကိုယ် မေးလိုက်တဲ့မေးခွန်းကြောင့် ပွင့် ရှက်သွားတာလား''

''ဘာတွေပြောနေတာလဲ...ကိုနေ''

''ချစ်တာကို ဝန်ခံဖို့လေ''

''အို...မချစ်ပါဘူး''

''သေချာလို့လား''

သူက ပွင့် နှစ်သက်သည့် ညို့မျက်ဝန်းတွေနှင့် စိုက်ကြည့်ကာ ကျီစယ်မေး၏။ ပွင့် မျက်လွှာချပြီး လွယ်အိတ်အနားလေးတွေကို လုံးချေရင်း-

''ဟုတ်တယ် မချစ်ဘူး''

''မလိမ်ပါနဲ့...ကိုယ့်မျက်လုံးတွေထဲ တည့်တည့်ကြည့်ပြော''

''ဟင့်အင်း''

''ကိုယ် သိပါတယ်။ ပွင့်ရဲ့မျက်လုံးတွေထဲမှာ ကိုနေကို ချစ်တယ်လို့ပြောနေတာ''

''ကိုနေနော်''

ပွင့် ရှက်ရွံ့စွာ ဟန့်တားမိတော့ သူက သဘောကျစွာ ရယ်ပြီး ပွင့်ရဲ့လက်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်၏။ ပွင့် မရုန်းဖယ်မိချေ။ ချစ်နေတာကို မည်သည့်အရာနှင့် ဖုံးကွယ်၍ ရနိုင်မည်နည်း။

''ကိုယ့်ကို ချစ်တယ်နော်''

''သိရဲ့သားနဲ့''

''ကိုယ့်ချစ်သူဖြေတာကိုလည်း ကြားချင်တာပေါ့''

''ချစ်တယ်''

''ဘယ်သူ့ကိုလဲ''





''ကိုနေ့ကိုပေါ့''

''ကိုယ်ကလည်း သိနေတယ်။ ဒီကောင်မလေး ကိုယ့်ကို မြင်မြင်ချင်းကတည်းက ချစ်နေတာကို''

''သွားကွာ''

ပွင့် မျက်နှာနီနီနှင့် ရယ်မိကာ သူ့ကို တွန်းဖယ်ပြီး အတန်းဘက်သို့ ခြေဦးလှည့်လိုက်သည်။ သူက ပွင့်လက်လေးကို မလွှတ်သေးဘဲ-

''အဲဒါ ဘယ်လဲ''

''အတန်းတက်ဖို့ပေါ့''

''ဟာကွာ...ဒီနေ့မှ ချစ်ရတာ...မသွားနဲ့''

''မဖြစ်ဘူး ကိုနေ...ပွင့် တစ်ခါမှ အတန်းလစ်ဖူးတာ မဟုတ်ဘူး။ ပြီးတော့ အတန်းလစ်ရတဲ့အတွက် လိပ်ပြာမသန့်ဘူး။ အားတဲ့ အချိန် တွေ့ကြတာပေါ့။ မေမေကြီးတို့ သိရင် ပွင့် အဆူခံရလိမ့်မယ် နော်''

''အင်းလေ...ဒါဆိုလည်း ပွင့်သဘောပါ''

ချစ်သူရဲ့လက်ကလေးကို လွှတ်ပေးရင်း သက်ပြင်းချလိုက်သည်။ သူချစ်ခွင့်ရသော မိုးစက်ပွင့်ဆိုသည့် မိန်းကလေးက လှောင်ချိုင့်ထဲက ငှက်ကလေးဆိုတာ သူ သိနေတာပဲလေ။

# အခန်း (၁၆)

လှောင်ချိုင့်စံငှက်

မင်းလည်း ငါ့လို

ကွန်းခိုစက်ရာ

ရှိနေပါလဲ

ဖော်မဲ့ကင်းကွာ

နေရပါလျှင်

ပျော်ချင်သာလ

ပျော်နိုင်ပါ့မလား။

"မွင့်လေး…လာစမ်း"

မျက်နှာတင်းတင်းနှင့် လှမ်းခေါ်လိုက်သည့် ကိုကိုလေးကြောင့် မွင့် မျက်နှာပျက်သွားသည်။ မေမေကြီးတို့က ကိုကိုလေးခေါ်တာ မသိကြချေ။





မွင့် ကိုလေးနောက်သို့ လိုက်ခဲ့၏။ ကိုလေးက စာကြည့်ခန်း တံခါးဖွင့်ကာ မွင့်ကို စောင့်နေပါသည်။ မွင့်ဝင်တော့ တံခါးပိတ်လိုက်ပြီး-

"ဒါဘာလဲ"

အထက်ပါလှောင်ချိုင့်စံငှက်ကဗျာလေး ရေးထားသည့်စာအုပ်ကို ပစ်ချကာ ခပ်မာမာ မေးလေသည်။

မွင့် ကဗျာလေးကို အေးအေးဆေးဆေး တစ်ခေါက်ဖတ်ကြည့်ပြီး-

"ဘာဖြစ်လို့လဲ ကိုကိုလေး"

"သိပ်အဖော်လိုချင်နေတယ်ပေါ့…ဟုတ်လား"

"ဒါက ကဗျာပဲ ကိုကိုလေး"

"ကဗျာဆိုတာ သိတယ်။ ဒါပေမဲ့ ဒီရဲ့ကဗျာထဲမှာ ဘယ်ကောက်ထိ အနှစ်ပါသလဲ။ ရေးတဲ့ မွင့်ကိုယ်တိုင် သိတယ်"

"ဟင့်အင်း…မွင့် ရေးတာမဟုတ်ဘူး။ သူများရေးထားတာ။ ကြိုက်လို့ကူးထားတာ"

"ဒီကဗျာမျိုးက ကြိုက်စရာလိုလို့လား"

"ကိုကိုလေးအမြင်နဲ့ မွင့်အမြင်မှ မတူတာ"

"မိုးစက်မွင့်"

ကိုကိုလေးရဲ့မျက်နှာက နီမြန်းသွားကာ မွင့်ပခုံးနှစ်ဖက်ကို ခံဆဆတွန်းကာ-

"တူကိုတူရမယ်။ သခင်မြိုင်စံအိမ်က လူတွေအားလုံးရဲ့ ခံစားချက်ဟာ တစ်ယောက်တစ်ပေါက် ရှိနေခွင့်မရှိရဘူး"

"ဒီကဗျာရေးမိတာ ပွင့် ဘယ်လောက်ထိ ကြီးမားတဲ့အပြစ်ကို ကျူးလွန်ရာရောက်သွားသလဲ ကိုကိုလေး"

"ရောက်တာပေါ့...ဖော်မဲ့ကင်းကွာ နေရပါလျှင်၊ ပျော်ချင်သာလ ပျော်နိုင်ပါ့မလားဆိုတော့ အခု ပွင့်က မပျော်လို့ပေါ့"

"..........."

"ပြောလေ..တကယ် မပျော်ဘူးပေါ့...ဟုတ်လား"

"ပျော်သည်ဖြစ်စေ...မပျော်သည်ဖြစ်စေ ပွင့်မှာ ဘာမှပြောစရာမရှိတာ"

"မိုးစက်ပွင့်...မင်းရဲ့စကားတွေကြားရင် မယ်မယ်တို့ ဘယ်လောက်အထိ စိတ်မကောင်းဖြစ်သွားမလဲ မင်း နည်းနည်းမှ နားမလည်ဘူးလား"

"ပွင့်မှာ ဘာရည်ရွယ်ချက်နဲ့မှ ပြောတာမဟုတ်ဘူး။ ကိုကိုလေးကသာ ဒီရဲ့ကိစ္စကို တခမ်းတနား ပြောနေတာ။ ပွင့် ပြောချင်တာက ဒါဟာ သာမန်ကဗျာတစ်ပုဒ်အနေနဲ့ ကြည့်ပေးပါ"

"ကိုကိုလေး မေမေကြီး ခေါ်နေပါတယ်ရှင်"

အခန်းပြင်ကနေ ခေါ်သည့် ရွှေစာရဲ့အသံကြောင့် ကိုကိုလေးက မျက်နှာပြင်ပြီး-

"လာခဲ့မယ်...ရွှေစာ...သွားတော့"

"ဟုတ်ကဲ့ရှင်"

ခြေသံတွေဝေးသွားတော့ ကိုကိုလေးက အခန်းအပြင်ဘက်သို့ လျှောက်သွားသည်။ ပြီးမှ ပွင့်ဘက် ပြန်လှည့်လာပြီး-

"နေပါဦး...ဒီခုတလော ပွင့်ဟာ အရင် ပွင့် မဟုတ်ဘူး





ခုခု ထူးခြားနေသလိုပဲ။ ကိုကိုလေးနဲ့ မေမေတို့ရဲ့ ပြောဆိုမှုတွေကို ပျော်အနှောင်လို့ ထင်နေသလား။ ကိုယ့်ကိုယ်ကို လှောင်အိမ်ထဲ ရောက်နေတယ်လို့ မှတ်ယူထားသလား"

"မဟုတ်ပါဘူး"

ဟု ငြင်းလိုက်ရပေမယ့် ပွင့် ကိုယ့်လိပ်ပြာကို မလုံချေ။

"အင်းလေ...ထင်လည်း ဂရုစိုက်စရာ မလိုပါဘူး။ ဒါတွေဟာ ကိုကိုလေးတို့ရဲ့ စေတနာဆိုတာ တစ်နေ့ နားလည်လာမှာပါ"

ပြောပြီး ကိုကိုလေးက ထွက်သွား၏။ ပွင့်လည်း အပြင်ထွက်လာ၏။ ခြံထဲဆင်းပြီး ပန်းပင်လေးတွေ ရေလောင်းနေစဉ် မမလေးက ပွင့်ဆီသို့ လျှောက်လာသည်။

"ပွင့်လေ မနက်ဖြန် ကိုကိုလေးနဲ့ ညှော်ခံပွဲလိုက်သွားရမှာနော်"

"ဟင်...ညှော်ခံပွဲ...ဟုတ်လား မမလေး...ပွင့် မလိုက်ချင်ပါဘူး"

"ဘာလို့လဲ ပွင့်ရဲ့"

"ပြင်ဆင်ပြီးသွားရမှာ အရမ်းကျဉ်းကျပ်တာပဲ။ ကိုကိုလေး တစ်ယောက်တည်း ဘာလို့မသွားနိုင်းတာလဲ မမလေးရဲ့"

"ကိုကိုလေးက သူ့ညီမ တစ်ယောက်ယောက် အဖော်ခေါ်သွားချင်လို့နေမှာပေါ့။ ပြောနေတာတောင် တစ်ယောက်တည်း သွားရမှာ ပျင်းရကောင်းလို့တဲ့"

"ကိုကိုလေးကလဲ"

"ကဲ..ကဲ...ခဏနေ ထမင်းစားရတော့မယ်...သွားရအောင်"

"ဟုတ်ကဲ့"

မွှင့် ရေပိုက်ခေါင်းပိတ်ခဲ့ပြီး မမလေးနောက်လိုက်ခဲ့၏။

“သြော်…မွှင့်ကို ပြောရဦးမယ်”

“ဟုတ်ကဲ့…ပြောပါ မမလေး”

“အခုဆို မွှင့်လည်း ဆယ့်ရှစ်နှစ်ပြည့်ပြီနော်”

“ဟုတ်ကဲ့…ဘာဖြစ်လို့လဲ မမလေး”

“ရည်းစားတွေဘာတွေ ထားမနေနဲ့နော်”

“ရှင်”

“ကြိုပြောပြထားတာပါ…မွှင့်လည်း ဘာလဲ…ရှိနေပြီလား”

“မရှိသေးပါဘူး”

ကိုနေရဲ့မျက်နှာကို မြင်ယောင်မိသည်။ ကိုနေက စည်းစိမ်[illegible] ရပ်ရည်ပါ ပြည့်စုံသူ။

“အင်း…စိတ်ဝင်စားတဲ့သူရှိရင်လည်း မေ့ပစ်လိုက်တော့ အဲဒါ စာနာမှုမရှိလို့ မမလေး ပြောတာမဟုတ်ဘူးနော်…မမလေး[illegible] မွှင့်တို့ရဲ့ အိမ်ထောင်ရေးကို စီမံခွင့်ရှိတာက မယ်မယ်တို့လေ။ တ[illegible] အရွယ်ရောက်ရင် သူတို့တွေ စီမံပေးလိမ့်မယ်။ မမလေးတောင် စိ[illegible] ဝင်စားဖူးသူရှိခဲ့တာတောင် မယ်မယ်တို့သဘောတူတဲ့ ကိုမင်းညို[illegible] နေစပ်ခဲ့တာပဲကြည့်။ ကိုယ် စိတ်ဝင်စားတာကို အလွယ်တကူ လ[illegible] ပေးရအောင် မမလေးတို့က သာမန်မဟုတ်ဘူးလေ။ မွှင့်ဟာ ယ[illegible] ပါတယ်ကွယ်”

“မမလေးရယ်”

မွှင့်…မွှင့် ကိုနေ့ကို ချစ်နေတာသိလို့များ ပိတ်ပင်နေတာ[illegible]

ကိုကိုလေးကကော ဘာထူးလဲ။ ဘာမဟုတ်တဲ့ ကဗျာလေး[illegible]





[illegible]ဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေတာလေ။

“မွှင့်လေး ထမင်းထည့်ဦးလေ”

မတ်တတ်ထရပ်လိုက်သော မွှင့်ကို ကိုကိုလေးက ပြော၏။

“ဝပြီ ကိုကိုလေး”

“အပြင်စာတွေ လျှောက်စားနေသလား မွှင့်”

မေမေကြီး စစ်ဆေးသလို မေး၏။ မွှင့် ခေါင်းယမ်းပြီး-

“မစားပါဘူး မေမေကြီး၊ မွှင့် မစားနိုင်လို့ပါ”

“ပြီးတာပဲ…အပြင်စာတွေ လျှောက်မစားနဲ့နော်‥သွား‥သွား ဘုရားရှိခိုးပြီး စာကျက်တော့။ မသိတာရှိရင် ကိုကိုလေးကို မေး။ စာမေးပွဲက ဘယ်တော့လဲ”

“ဒီလထဲမှာပါ မေမေကြီး”

မေမေကြီးက ကိုကိုလေးကို သားလေးဟုခေါ်ပြီး မမလေးကို တော့ သမီးလေးတဲ့။ မွှင့်ကိုတော့ မွှင့်ဟုသာ အမြဲတစေ ခေါ်တတ် သည်။ ထိုအခေါ်အဝေါ်သည် မွှင့်နှင့် သခင်မြိုင်သည် ဘယ်သော အခါမှ သက်ဆိုင်လာမည်မဟုတ်ဟူသောသဘောဖြင့် ပညာသားပါပါ တားဆီးထားသည်ဟု မွှင့်ကတော့ မှတ်ယူမြဲ။

# အခန်း (၁၈)

"မွင့်ကို ပေးစရာရှိတယ်"

"ဘာပေးမလို့လဲ ကိုနေ"

မွင့် အမေးကိုမဖြေဘဲ ကိုနေက ပြုံးပြီး လွယ်အိတ်ထဲ လက်နှိုက်လိုက်သည်။ ကိုနေ့လက်အထုတ်မှာ မြင်လိုက်ရတာကတော့-

"ဟင်…အဲဒါဘာလဲ"

"မွင့်အတွက် ကိုနေ လုပ်ထားတာလေ။ ဘာလို့လဲ‥လှလား"

"လှတယ်…အရမ်းလှတာပဲ"

မွင့် ဆွဲကြိုးလေးကို ကိုင်ကြည့်တော့ လော့ကတ်သီးက ပတ္တမြားသွေးရဲလျက်။ ဆွဲကြိုးလေးကို တယုတယပွတ်ရင်း သက်ပြင်းချကာ





"ကြိုက်တော့ကြိုက်ပါတယ်‥ကိုနေရယ်…ဒါပေမဲ့ မွင့် မယူပါရစေနဲ့နော်"

"ဟင်…ဘာလို့လဲ"

မျက်နှာ အပျက်ကြီးပျက်လျက် မေးလာသော ကိုနေရဲ့လက်ထဲ ဆွဲကြိုးလေးကို နှမြောတသစွာ ပြန်ထည့်ပေးရင်း-

"ဒါကို ကိုကိုလေးတို့မြင်သွားရင် ပြဿနာဖြစ်မှာဆိုးလို့ပါ။ မွင့်မှာ ဒီရဲ့ပြဿနာကို ရင်ဆိုင်ရဲတဲ့သတ္တိ မရှိပါဘူး ကိုနေရယ်… ဒီအတွက် မွင့်ကို ခွင့်လွှတ်ပေးပါနော်။ မွင့်ဘဝမှာ ဒီရွှေငွေရတနာတွေထက် ကိုနေရဲ့အချစ်ကို ရတာနဲ့တင် လုံလောက်နေပါပြီ"

"မရဘူးကွာ…မွင့်က ကိုယ့်အပေါ် သိပ်စိမ်းကားတာပဲ။ ခု ဝတ်ထားရမယ်။ အိမ်ရောက်မှ သိမ်းထားရင် သိမ်းထား…မွင့် မယူရင် အခု လွှတ်ပစ်လိုက်မယ်"

"ခက်လိုက်တာ ကိုနေရယ်"

ဇွတ်တရွတ်ဆန်သော ကိုနေကိုလည်း ပြင်းပြင်းထန်ထန် တားဆီးရက်ချေ။

"ဘယ်လိုလဲ"

"ကဲ…ကဲ…ပေး"

"ရတယ်…ကိုနေ ဆွဲပေးမယ်"

ကိုနေက မွင့်ရဲ့လည်ပင်းမှာ ဆွဲကြိုးလေးကို တယုတယ ဆွဲပေးရင်း ပါးလေးကို ခပ်ဖွဖွလေး ငုံ့နမ်းလိုက်သည်။ ဘယ်သူမှ မတွေ့မြင်နိုင်ပေမယ့် မွင့် ရှက်ရွံ့သွားကာ-

"ကိုနေကလည်း"

“ဘာလဲ…ကိုယ့်ချစ်သူကို နမ်းတာ အပြစ်လား”

“အပြစ်တော့ ဘယ်ဟုတ်မလဲ။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာ လူတွေနဲ့လေ”

“လူတွေ မတွေ့နိုင်တဲ့နေရာကျတော့ကော ခင်ဗျားက လိုက်နိုင်လို့လဲ”

ကိုနေ့ဘက်ကကြည့်လျှင်လည်း ပြောစရာ။ ပွင့် ဘယ်တုန်းကမှ ကိုနေခေါ်သည့်နောက်ကို မလိုက်ခဲ့။ မေမေကြီးတို့နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းတွေက ပွင့်ကိုသိပြီး တိုင်လျှင် ပွင့်ပဲ ဆူငေါက်ခံရမည်။ ပွင့်ရင်ထဲမှာ ပွင့်ဟာ ကိုနေ့အတွက် ချစ်သူကောင်းတစ်ယောက် ဖြစ်လာနိုင်ပါ့မလားဟု စဉ်းစားရင်း အသက်ရှူကျပ်လာသည်။

“ပွင့်ဟာ ကိုနေ့အတွက် ရည်းစားကောင်းမဟုတ်ဘဲ အပိုသက်သက်ကြီးပဲနော် ကိုနေ”

ထိုသို့ တွေးဆဆ ပြောသောအခါတွင် ကိုနေက ပြုံးပြုံးပြပြဖြစ်ကာ-

“ဘယ်ဟုတ်ရမလဲ ပွင့်ရယ်…စောစောက ကိုနေက ပွင့်ကို စတာပါ။ ပွင့်ဟာ ကိုနေ့အတွက် ဘယ်တော့မှ အပိုသတ်သတ် မဟုတ်ဘူး။ လိုတောင်လိုနေသေးတယ်”

“ကျေးဇူးတင်ပါတယ် ကိုနေ”

မေမေကြီးက စီးပွားရေးနှင့် လုံးပမ်းနေပေမယ့် အိမ်မှာလည်း အာဏာတည်၏။ ကိုကိုလေးတို့ကစပြီး မာလီအထိ မျက်နှာလှန်ကြည့်ရဲသူ မရှိချေ။

ပွင့်မှာ ပထမဆုံး မေမေကြီး မသိအောင် ခိုးလုပ်ခဲ့မိ၏။





“ပွင့်”

“ရှင်”

“တကယ်လို့ လုံးဝ သဘောမတူရင်ကော ကိုယ့်နောက်လိုက်ခဲ့မှာလား”

ပွင့် ကိုနေ့ကို ခပ်ငေးငေး ကြည့်မိ၏။

ခပ်တိုတို ညှပ်ထားသော ဆံပင်ကြောင့် ရှင်းသန့်သောမျက်နှာက ပေါ်လွင်၏။ ဒီနေ့မှ အနက်ကုပ်ရှပ်အင်္ကျီလက်ရှည်ကို ကြယ်သီးခုံတပ်ပြီး ယောပုဆိုးနှင့် တွဲဝတ်ထား၏။

မျှော်လင့်တကြီး ကြည့်နေသော ကိုနေ့ထံမှ အကြည့်လွှဲဖယ်ကာ-

“အခု အဲဒီလောက် မလိုအပ်သေးပါဘူး ကိုနေ”

“မဟုတ်သေးဘူး ပွင့်…မျက်တောင်တစ်ဖျားပဲ ကြည့်မနေနဲ့၊ မျက်စိတစ်ဆုံးအထိ ကြည့်ရတယ်။ တကယ်လည်း ကြီးမားတဲ့အခက်အခဲနဲ့ ကိုယ်တို့ ရင်ဆိုင်ရတော့မယ်”

“ဟင့်အင်း…ပွင့် ဘာမှမသိတော့ဘူး ကိုနေရယ်။ ပွင့်လေ ကိုနေ့ကို ချစ်တယ်ဆိုတာကိုတော့ အကြွင်းမဲ့ ယုံကြည်ပေးပါနော်”

“ဟင်း”

# အခန်း (၁၈)

"ပွင့်လေးက လှလိုက်တာကွယ်"

မမလေးက ဆံမြီးကျစ်ပေးရင်း ချီးကျူးလေသည်။ ပွင့်ကတော့ မှန်ထဲကိုသာ ငေးနေမိ၏။

ဝိတောက်ခြောက်ရောင် ပိုးအင်္ကျီကို လက်ရှည်ချုပ်ဝတ်ထားသည်။ အင်္ကျီက လည်ထောင်၊ ခါးတိုလေး ဖြစ်သည်။ လည်ပင်းနှင့် ရင်ဘတ်၊ လက်အနားများကို ရွှေအိုရောင် တလက်လက်တောက်ပနေသော ရွှေချည်ထိုးဖြင့် အနားသပ်ချုပ်ထားသည်။

လုံချည်ကတော့ ဇင်းမယ်အချိတ် လုံချည်အနက်ပေါ်တွင် အဝါရောင်ချိတ်လိုင်းကြီးတွေနှင့်မို့ ဝင်းဝင်းလက်လက်ကြီး ဖြစ်နေသည်။





အမြဲတမ်း တစ်ချောင်းတည်းသာကျစ်သော ဆံမြီးကို ယနေ့တွင် ဆန်းသစ်အောင် နှစ်ဖက်ခွဲကျစ်ကာ အရင်းနှင့်အဖျားတွင် ဖဲကြိုးများကို လှပစွာ တပ်ထားသည်။

ပွင့် မမလေးကို မျက်လွှာအသာပင့်ကြည့်ကာ-

"မမလေး"

"ဟင်…ဘာလို့လဲ ပွင့်"

"ဟင့်အင်း…ပွင့်…ပွင့် မလိုက်သွားလို့ရတယ် မဟုတ်လား"

"ဒါက မယ်မယ် စီစဉ်တာလေ ပွင့်ရဲ့…မမလေးတို့က ဘာဝင်ပြောခွင့်ရှိမှာလဲ"

ပြောပြီး မမလေးက အပြင်ပြန်ထွက်သွားသည်။

ပွင့်မျက်လွှာချထားရင်း မျက်ရည်ဝေ့လာ၏။ အတင်းထိန်းထားသည့်ကြားကနေ မျက်ရည်တစ်ပေါက်က လိမ့်ဆင်းသွား၏။

တော်ပါသေးရဲ့…မိတ်ကပ်လိမ်းထားတာမို့။ မျက်ရည်တွေ စွန်းထင်းကွက်မနေ၍ ဖြစ်သည်။

"အင်း…ပွင့်လေးက အတော်လှလာဟာပဲ"

"မမကြီး"

အခန်းထဲဝင်လာသည့် မမကြီးနှင့်မမလေးကြောင့် ပွင့်ခေါင်းငုံ့လျက် မတ်တတ်ထရပ်၏။

"နေ…နေ…မျက်နှာမမော့ပါဦး။ သမီးလေး မိတ်ကပ်နည်းနည်း ဖို့ပေးလိုက်ဦး။ အင်း…ပွင့်လည်း အရွယ်ရောက်လာတော့ လှသွေးကြွယ်လာပြီပဲ။ ဒါနဲ့ သားငယ် အဆင်သင့်ဖြစ်ပြီတဲ့လား

သမီးလေး"

"ဟုတ်ကဲ့ မေမေ ခဏနေ ဆင်းလာခဲ့မယ်တဲ့"

"ဩော်…အေး…အေး ကဲ…ဒါလေး ပြောင်းပြီး ဆွဲပေး လိုက်တော့"

"မေမေကြီး ဒီရဲ့ပစ္စည်းတွေနဲ့ကော မရဘူးလားရှင်။ ကျောက် သေးသေးလေး မြုပ်ထားသည့်ဆွဲကြိုးကို ညွှန်ပြပေမယ့် မေမေကြီးက ခေါင်းယမ်းပြီး-

"မရဘူး ပွင့်…အိမ်မှာပဲနေနေ ဘယ်နေရာပဲသွားသွား အဖျား တကာရဲ့အမြင်မှာ သခင်မြိုင်က လူတွေက သာမန်လူတွေလိုနေတာ မေမေကြီး သဘောမကျဘူး။ ကဲ…မေမေကြီး အောက်မှာပဲ စောင့်နေ မယ်"

မမလေးက ပွင့် ဝတ်ထားသည့် ကြိုးပျော့ဆွဲကြိုးရယ်၊ နားကပ် တွေကို ချွတ်ပေးပြီး မေမေကြီး ထားခဲ့ပေးသည့် ယွန်းသေတ္တာထဲမှ စိန်တွေ ပြောင်းဝတ်ပေး၏။

အလုံးအထည်ကြီးလှသော စိန်ထည်လုက်ဝတ်ရတနာများ ကြောင့် အနေကျုံ့သည်။ မီးရောင်ကြားမှာ စိန်တွေက တဖျတ်ဖျတ်။

"ကဲ…ကဲ…သွား…ဩော်…ရော့…လက်ကိုင်အိတ်"

မမလေးက မှန်တင်ခုံပေါ်မှာတင်ထားသည့် လက်ကိုင်အိတ် ရွှေဝါရောင်ကို ကမ်းပေး၏။

ပွင့် အောက်ထပ်သို့ ရောက်တော့ ကိုကိုလေးက ထိုင်စောင့်နေ သည်။

ကိုကိုလေးကတော့ ဘန်ကောက်ပုဆိုး ခဲပုပ်ရောင်ကို ပိုးတိုက်ပုံ





အဖြူရောင်နှင့် တွဲဝတ်ထားသည်။ ရင်ဘတ်မှာ ဂျိုးဖြူပုံနေပုံ ရင်ထိုး ထိုးထားသည်။

"ကဲ…သွားကြတော့၊ သားလေး ညဥ့်မနက်စေနဲ့နော်"

"ဟုတ်ကဲ့ မယ်မယ်"

ကိုကိုလေးက ပွင့်ဘက်က ကားတံခါးကို ဖွင့်ပေးပြီး တစ်ဘက် မှာ ဝင်ထိုင်၏။ ပွင့် ဝင်ထိုင်ပြီး တံခါးကို ပိတ်လိုက်၏။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ဘဲ တိတ်ဆိတ် နေမိကြသည်။ အတန်ကြာမှ ကိုကိုလေးက ပွင့်ဘက်လှည့်လာပြီး-

"ပွင့် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး ကိုကိုလေး…ဒါပေမဲ့ ဒါတွေကြောင့် စိတ် ကျဉ်းကျပ်ရတယ်"

ပွင့် လက်ညှိုးထိုးပြသည့် စိန်ထည်တွေကို ကြည့်ပြီး ကိုကိုလေး က သဘောကျစွာ ရယ်၏။ ပြီးမှ-

"ဒါတောင် နည်းသေးတယ်လို့ မယ်မယ်က ပြောမှာသေချာ တယ်။ အခု ကိုကိုလေးတို့သွားတဲ့ညစာခံပွဲကိုရောက်ရင် ပွင့် ကြည့်နေ၊ ပွင့်ထက် မလျော့တဲ့ပြင်ဆင်မှုမျိုး အားလုံး ပြင်ဆင်လာကြမယ်။ ဒါပေမဲ့ ပွင့်က ဘယ်ကကြည့်ကြည့် ထင်ရှားပါတယ်"

"မထင်ရှားချင်ပါဘူး"

"အဲဒါကြောင့် မယ်မယ်က ပွင့်ကို အားမရတာနေလိမ့်မယ်"

"ရှင်"

"ဟုတ်တယ်…မယ်မယ်က ပြောနေတယ်။ ပွင့်ကို လူတွေ ကြားမှာ ရဲရဲဝံ့ဝံ့ သွားတတ်ဖို့ တော်တော် လေ့ကျင့်ပေးရလိမ့်မယ်တဲ့။

သခင်ဖြိုင်မှာ မိန်းကလေးတွေ အိမ်တွင်းပုန်း အချုပ်အလုပ်နဲ့ပဲ ဘဝ မဆုံးစေချင်ဘူး။ ရဲရင့်ထက်မြက်နေရမယ်တဲ့"

စည်းကမ်းဆိုတာနဲ့ပဲ ကိုင်ပေါက်နေတာလား ကိုကိုလေးရယ် ပွင့်ဟာ ခံစားတတ်တဲ့ အသည်းနှလုံးရှိတဲ့တစ်ယောက်ပါ။ စက်ရုပ်လို ကိုယ်လိုရာပုံသွင်းခိုင်းစေဖို့ မကြိုးစားကြပါနဲ့။

"ရှေ့ကခြံပဲ"

ခြံထဲမှာ ကိုကိုလေး ပြောသကဲ့သို့ပင် ပကာသနအရောင် လွှမ်းခြုံထားသောလူများတွင် ဟန်ဆောင်အပြုံးများ ဝေဝေသီသီ သုံးလွှန်းသည်။

"မမခင်ရဲ့ သားကြီးနော်"

"ဟုတ်ကဲ့ပါ အန်တီ"

"ဩော်...သူလေးကကောကွဲ့"

ပွင့်လက်လေးကို လှမ်းဆွဲ၍မေးတော့-

"ညီမအငယ်ဆုံးပါ"

"ဩော်...ဟုတ်လား၊ ချစ်စရာကောင်းလိုက်တာကွယ်... မမခင်ဆီမှာ သမီးတောင်းရမယ်"

"အို"

ပွင့် ရှက်ရွံ့သွားရသလို ကိုကိုလေးရဲ့မျက်နှာကလည်း တည်သွား၏။ ဒါကို အိမ်ရှင်က မသိတာလား၊ မသိချင်ယောင်ဆောင် တာလားမသိ။ သူမက ပွင့်ရဲ့လက်ကိုဆွဲပြီး နေရာချပေးကာ-

"သားကော...ဟိုယောကျ်ားလေးဝိုင်းမှာ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်တော် မသောက်တတ်ပါ





ဘူး"

"အို...မမခင်ရဲ့သားသမီးတွေက အလိမ္မာတွေပဲ။ ကဲ...ကဲ အကြွနော်...အားမနာနဲ့"

"ဟုတ်ကဲ့ပါ"

အိမ်ရှင်အန်တီက နောက်ထပ် ဧည့်သည်များကို သွားကြိုနေသည်။ ကိုကိုလေးက ဒံပေါက်ပန်းကန်ကို ငုံ့ကြည့်ရင်း-

"စားလေ"

"ဟင့်အင်း...ဒံပေါက် မစားချင်ဘူး"

"ဒံပေါက်မစားရင် ထမင်းဖြူမှာပေးရမလား"

"ရပါတယ် ကိုကိုလေး၊ ပွင့် ဘာမှမစားချင်လို့ပါ"

ကိုကိုလေးက ဘာမှဆက်မပြောတော့ဘဲ နာနတ်ဖျော်ရည်ကို တစ်ငုံသောက်၏။

"သန့်ဇင်"

ခေါ်သံကြောင့် ပွင့်ကော ကိုကိုလေးပါ မော့ကြည့်မိ၏။

ကိုကိုမင်းညို...

မမလေးနှင့် စေ့စပ်ထားသူ။ သူက ကိုကိုလေး၏သူငယ်ချင်း လည်း ဟုတ်သေးသည်။

"ဘယ်မှမသွားဘဲ ငြိမ်နေပါ့လား။ နှင်း...မလိုက်လာဘူး လား။ အံမယ်...ဒီနေ့ ငါ့ညီမကို ပွဲထုတ်လာပါ့လား"

ပွင့် ဘာမှမပြောဘဲ ပြုံးပြလိုက်၏။

"လာကွာ...ဟိုဘက်မှာ ငါတို့ဘော်ဒါတွေ ရှိတယ်။ ညီမ လေး နေခဲ့ဦးနော်"

"ရပါတယ် ကိုကိုမင်းညို"

ကိုကိုမင်းညိုက ကိုကိုလေးကို ဆွဲခေါ်သွား၏။ ကိုကိုလေး မွှင့်ကို စိတ်မချသလို လှမ်းကြည့်နေတတ်၏။

"မွှင့်"

"ဟင်…ကိုနေ"

"ကိုယ် တွေ့နေတာကြာပြီ။ မွှင့် တော်တော်လှနေပါလား"

ကိုနေ့ရဲ့ပြောသံမှာ ချီးကျူးသံမပေါက်ဘဲ လှောင်သံပါနေ၏ ကိုနေကတော့ ကျေးဥစိမ်းရောင် တီရှပ်ကို စတိုင်လ်ပန်ကြက်သွေး ရောင်နှင့် တွဲဝတ်ထား၏။

"ကိုနေက မွှင့်ကို အပြစ်ပြောနေတာလား။ ဒီပွဲကို မေမေကြီး က အတင်းလွှတ်လို့ လာခဲ့ရတာ"

"ကိုယ်လည်း ဘာမှမပြောရသေးပါလား။ မွှင့်နဲ့ သန့်ဇင် အတော်လိုက်ဖက်သားပဲ"

"ကိုနေ"

မွှင့် အံကြိတ်သံနှင့် အော်ပစ်မိ၏။ လူလည်း တဆတ်ဆတ် တုန်ကာ ဒေါသတွေက ထိန်း၍မရချေ။ မွှင့်တို့မောင်နှမကို သရော် သည့် ကိုနေရဲ့စိတ်ဓာတ်က အောက်တန်းကျလှချည်လား။

"မွှင့်…ကိုနေ့ကို အထင်ကြီးခဲ့မိတာ အရမ်းမှားတယ်"

"ဆောရီး…ကိုယ်က အဲဒီလိုသဘောနဲ့ ပြောတာမဟုတ်ဘူး"

"ဟုတ်တယ်"

"မဟုတ်ဘူး…ကိုနေ ဘယ်ခေါ်ခေါ် မွှင့် လိုက်ဖူးလို့လား သန့်ဇင်နဲ့ကျတော့ သူတို့က ဘာမှမပြောကြတော့ဘူးလား"





"မွှင့်တို့က မောင်နှမတွေလေ"

"အရင်းမှမဟုတ်တာ…မွှင့်ကို အပြစ်တင်နေတာမဟုတ်ဘူး။ ပေမယ့် မွှင့်ကို ဒီလိုပုံစံနဲ့ ကိုယ် လုံးဝ မမြင်ချင်ဘူး။ ကိုယ့်ချစ်သူ သွေးမတော်သားမစပ် သူစိမ်းတစ်ယောက်နဲ့ တွဲတွေ့တာ ကိုယ့် ထဲ ဘယ်လောက်ထိ ပူလောင်နေသလဲ…မွှင့် ကိုယ်ချင်းစာကြည့် ။ ဒါတွေကို မင်း မသိနိုင်ပါဘူး မိုးစက်မွှင့်"

မျက်လုံးတွေ နီရဲကာ တစ်လုံးချင်း ခပ်လေးလေး ပြောလာ ည့် ကိုနေ့ကြောင့် မွှင့် မျက်နှာပျက်ကာ-

"မွှင့်…ကိုနေတစ်ယောက်တည်းကိုပဲ ချစ်တာ အသိအမှတ် သင့်ပါတယ် ကိုနေ"

"ကိုယ် နားလည်ပါတယ် မွှင့်…မွှင့်ကိုလည်း ယုံပါတယ်။ ပေမယ့် ကံကြမ္မာကိုတော့ မယုံရဲဘူး"

"မင်း ဘယ်သူလဲ"

ရုတ်တရက် အနားသို့ရောက်လာသော ကိုကိုလေးကြောင့် ကော ကိုနေပါ ထိတ်လန့်သွား၏။

"သူ ဘယ်သူလဲ မွှင့်"

"သူက မွှင့်တို့ရဲ့ ကျောင်းကပါ ကိုကိုလေး…မွှင့်ရဲ့သူငယ် င်းပါ"

"မွှင့် ကိုယ် သွားမယ်"

"မင်း နေဦး"

"သွားပါ ကိုနေ"

ကိုကိုလေး တားနေသည့်ကြားမှ မွှင့် ကိုနေ့ကို သွားခိုင်းလိုက်

၏။ ကိုကိုလေးက ကားသော့ကို ကောက်ယူလိုက်ပြီး ပွဲလက်
ွဲကာ ထွက်ခဲ့၏။ အတော် ဒေါသထွက်နေပုံရ၏။

ညှော်ခံပွဲနှင့် ခပ်လှမ်းလှမ်းရောက်တော့ ကားကို ရပ်ပစ်က
ပွင့်ဘက် လှည့်လာ၏။ ပွင့်ရင်တွေ တထိတ်ထိတ်ခုန်လာသည်။
ကိုကိုလေးကတစ်ဆင့် မေမေကြီး သိသွားခဲ့လျှင်…

"မိုးစက်ပွင့်"

"ရှင်"

"ဒီကောင်က မင်းရဲ့သူငယ်ချင်းဆိုတာ သေချာလား"

ကိုကိုလေး၏ စူးစိုက်ကြည့်မှုကို ရှောင်ရှားပြီး-

"ဟုတ်ပါတယ် ကိုကိုလေး"

"ယောကျ်ားလေးသူငယ်ချင်း မထားရဘူးဆိုတာ မင်း မေ့
လိုက်ပြီလား"

"မမေ့ပါဘူး"

"ဒါဆို အခု မယ်မယ်တို့သိရင် ဘယ်လောက်ဒေါသဖြစ်လိ
မလဲ…မင်း နားမလည်ဘူးလား"

"ပွင့် တောင်းပန်ပါတယ် ကိုကိုလေးရယ်…မေမေကြီးကိုတော့
မပြောပါနဲ့နော်"

ပွင့်ရဲ့တောင်းပန်မှုကို အင်း…အဲ မဟုတ်ဘဲ ကိုကိုလေးက
အကြာကြီး စိုက်ကြည့်နေ၏။ သူရဲ့အကြည့်တွေကို ပွင့် နားမလည်
ချေ။ ကိုကိုလေးက ကားစက်ပြန်နှိုးကာ မောင်းလိုက်၏။

"ကိုကိုလေး"

"နေဦး…ပွင့်နဲ့ ကိုကိုလေး အပေးအယူတစ်ခု လုပ်ရမယ်"

"ရှင်"





"ဟုတ်တယ်…မယ်မယ်တို့ကို ဒီအကြောင်း ဘာမှမပြောဘူး။
ါပေမယ့် အဲ့ဒီကောင်နဲ့ လုံးဝ အဆက်အသွယ်လုပ်စရာ မလိုဘူး"

"ရှင်"

# အခန်း (၁၉)

"ဒါ ဘာသဘောလဲ ပွင့်"

ကိုနေက ပွင့်ပေးသည့် ဆွဲကြိုးကို မယူသေးဘဲ မျက်မှောင်ကုတ်၍ မေး၏။

တစ်ညလုံး ငိုခဲ့ရသဖြင့် ပွင့်မျက်လုံးတွေ စပ်နေ၏။ ကိုနေ့ကို မော့မကြည့်ဘဲ-

"ပွင့်ကို မေ့လိုက်ပါတော့"

"ဘာ"

မျက်ရည်က ဇကပ်ပါလာ၏။ ထိန်းမရသော မျက်ရည်တွေကို ကိုနေ မြင်မည်ဆိုးသဖြင့် ပွင့် လှည့်ထွက်ခဲ့၏။





ပွင့်ဟာ သတ္တိမရှိတဲ့ ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက်ပါ ကိုနေ။ ပွင့်...ကိုနေ့ကို ချစ်ပေမယ့် ကိုနေကတော့ ပွင့်ကို မုန်းလိုက်ပါ...

"နေဦး"

"ဟင့်အင်း...ပွင့်ကို သွားခွင့်ပြုပါ"

ကိုနေက မလွှတ်ပေးဘဲ ပွင့်ရဲ့ပခုံးတစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ သူ့ဘက်သို့ ဆွဲလှည့်ပြီး-

"မေ့ရမယ်...ဟုတ်လား၊ လွယ်လှချည်လား ပွင့်"

"..............."

"မနေ့က ဘာတွေဖြစ်ကြတာလဲ"

"ပွင့်ကို သနားပါ"

"သနားရမယ်...ဟုတ်လား။ ကိုယ့်ကို မချစ်တဲ့မိန်းမ"

".............."

"မဟုတ်သေးပါဘူး...မင်း ငါ့ကို မချစ်တာလည်းမဟုတ်ဘူး။ ချစ်တယ်...အဲဒါကို ငါ့စိတ်ထဲက အလိုလို သိနေတယ် မိုးစက်ပွင့်...ဘယ်လိုဖြစ်ပြီး မင်းက မုန်းလိုက်ပါ...မေ့လိုက်ပါလို့ လွယ်လွယ်ပြောထွက်ရက်တာလဲ။ အမှန်တရားတစ်ခုကိုတော့ ငါ သိချင်တယ်။ ပွင့်...မင်းရဲ့အကြောင်းပြချက် ခိုင်လုံရင် ငါ မင်းကို ဆုံးရှုံးခံလိုက်မယ်။ ငါ မင်းကို အရမ်းချစ်တယ်။ ဒီလိုအဖြစ်အပျက်တွေကို ငါ ကြိုတင်မျှော်လင့်ထားခဲ့တယ်။ ဒါပေမဲ့ ငါ မကြောက်ခဲ့ဘူး။ ငါ့ရဲ့ချစ်သူက ငါ့ဘက်မှာရှိမယ်ဆိုပြီး ငါ ယုံကြည်ခဲ့တာ"

"တကယ်လို့ ပွင့် ပြောပြရင် ကိုနေ ပွင့်ကို မေ့ပစ်မှာလား"

ပွင့် မော့ကြည့်မေးတော့ ကိုနေက ခေါင်းကို ဆတ်ခနဲ ညိတ်၏။ ပြီးတော့ ပွင့် ပေးထားသောဆွဲကြိုးကိုယူကာ အိတ်ကပ်ထဲထည့်၏။

"ဒါက ပြန်ယူတာမဟုတ်ဘူး။ လက်မခံနိုင်သေးလို့ ခဏ ပြန်သိမ်းထားပေးတာ။ ကဲ…ပြော"

"မနေ့ကကိစ္စကြောင့် ကိုကိုလေး ဒေါသ အတော်လေး ဖြစ်သွားခဲ့တယ်။ ပွင့်တို့ရဲ့စံအိမ်က မိန်းကလေးတွေဟာ ယောကျ်ား လေးသူငယ်ချင်းထားခွင့်မရှိဘူး။ ပွင့်က ကိုနေ့ကို သူငယ်ချင်းလို့ ပြောခဲ့တယ်။ ကိုကိုလေးက ဒါတွေ မေမေကြီးကို လုံးဝ ပြန်မပြော ဘူး။ ဒါပေမယ့် ကိုနေ့ကို မေ့ပစ်ရမယ်တဲ့"

"သူ မေ့နိုင်းတိုင်း မင်းက မေ့ရမှာလား"

"ပွင့်ကို ဘာမှမမေးပါနဲ့…ပွင့် တောင်းပန်ပါတယ်"

မျက်ရည်တွေက တစ်ပေါက်ပေါက် ကျလာသည်။ ပွင့် အားတင်းထိန်းချုပ်ထားခြင်းကြောင့် ရင်ဘတ်ထဲမှာ တစ်ဆို့နေ၏။

"မသွားရဘူး…မမေ့ရဘူး"

"ကိုနေ"

"ကိုယ့်အတွက် မင်းအချစ်ပဲ လိုတယ်။ ကျန်တာ ကိုယ် ရှင်းမယ်"

"ဟင့်အင်း"

ကိုနေက ပွင့်ကို သိုင်းဖက်ကာ ပါးစပ်ကလည်း တတွတ်တွတ် ပြောနေ၏။ ပွင့်ရဲ့ ရုန်းဖယ်ခြင်းကိုလည်း အသိအမှတ်မပြုချေ။

"ငါ မင်းကို ချစ်တယ်။ အရမ်းချစ်တယ်။ ငါ့ကို မထားခဲ့ပါနဲ့ ပွင့်ရယ်…ဘယ်လိုအခက်အခဲတွေ ရှိလာလာ ငါတို့ အတူတူ ရင်ဆိုင်





ဖြေရှင်းမယ်လေ"

"မဖြစ်နိုင်တော့ပါဘူး ကိုနေရယ်"

"မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ မင်း ငါ့ကို ချစ်တယ်ဆို မင်းရဲ့အချစ်ပဲလိုတယ်။ မင်း ငါ့နောက်ကို…"

"မလိုက်ဘူး…မေမေကြီး မုန်းသွားလိမ့်မယ်။ ပွင့်က ကိုယ့် သဘောနဲ့ကိုယ် ဘာမှလုပ်ခွင့်မရှိဘူး။ ဒီလိုကိစ္စကို ခိုးပြီးလုပ်နေ တတည်းက ပွင့်ရဲ့အပြစ်က ကြီးလွန်းနေပါပြီ ကိုနေ"

ပွင့် တွေ့ခဲ့ဖူးသော ကိုနေရဲ့ ဂျစ်တစ်တစ်မူဟန်တချို့ ပျောက် ဆုံးကာ ကလေးငယ်တစ်ယောက်လို မျက်ရည်တွေကျလျက် သူ့ နောက်လိုက်ဖို့ တတွတ်တွတ် တောင်းဆိုနေရှာသည်။

ပွင့်ရင်ဘတ်ထဲ စူးအောင့်နာကျင်လာခဲ့သည။ ချစ်သူကို မျက်ရည်တွေနှင့် နာကျင်ကြေကွဲစေခဲ့သူက သူမကိုယ်တိုင် ဖြစ်နေခဲ့ သည်။

နောက်ဘဝမှ ဆုံကြရအောင် ကိုနေရယ်…

"ငါ့ရဲ့သောကတွေ ဥပေက္ခာပြုနိုင်လောက်အောင် မင်း အသည်းတွေ ဘာကြောင့် မာသွားတာလဲ မင်း ငါ့ကို မုန်းနေပြီလား"

"အဲဒီလို မမေးပါနဲ့ ကိုနေ…ပွင့် ရင်ဘတ်နှလုံးသားထဲမှာ ကိုနေ့ကို ချစ်တဲ့အချစ်တွေနဲ့ပဲ ပြည့်နေတာပါ။ ပွင့် သေတဲ့အထိ ကိုနေ့ ကို ချစ်နေမှာပါ။ အဲဒါကို ယုံပေးပါ"

ပွင့် ကိုနေကို ခပ်တင်းတင်းဖက်ကာ မျက်ရည်တွေကျလာ၏။

ပွင့်…ပွင့်တို့က ကျိန်စာတစ်ခုမှာ မိနေကြတဲ့သူတွေပါ ကိုနေ ရယ်။ ကျိန်စာဆိုတာမျိုးက ဘယ်လိုဆုတောင်းမျိုးနဲ့ ဆုတောင်းတောင်း

ချေဖျက်လို့ ရတာမှမဟုတ်တာဘဲ။

သူ့ရဲ့ကျိန်စာပျက်ပြယ်တဲ့အထိ မွှင့်တို့ရဲ့နှလုံးတွေ ကြွေပြုန်းတဲ့အထိ ပေးဆပ်ရမှာ မွှင့် အလိုလိုသိနေခဲ့တယ်။

အဲဒီထဲမှာ မွှင့် သိပ်ချစ်တဲ့ ကိုနေရဲ့နှလုံးသား ပါနေတဲ့အတွက် မွှင့် ငိုပြီး ထိခိုက်နာကျင်ခဲ့ရတယ်။ ကျိန်လို့များရခဲ့ရင်တောင် မွှင့် ကျိန်ချင်ပါတယ်။ ကိုနေ့ကိုချစ်တဲ့အချစ်တွေကို မွှင့် ဘယ်သူ့ကိုမှ မျှဝေမပေးပါရစေနဲ့။

အကယ်၍ လုယူသူများရှိခဲ့လျှင် ထိုလုယူသူနဲ့ ပတ်ဝန်းကျင် ဘေးဒုက္ခဆိုးနဲ့ အန္တရာယ်ကြုံရစေဖို့လေ။

"မွှင့်"

"ကိုနေ့ကို ချစ်တယ်မဟုတ်လား"

"ဟုတ်"

"ဒါဆို အခုချိန်မှာ ဘာမှဝမ်းနည်းစရာတွေ မတွေးနဲ့နော်… တကယ် ပြဿနာနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတဲ့အခါ ကိုယ့်ဘက်မှာ ရှိနေပေးပါ့မယ်ဆိုတဲ့ ကတိလေးတော့ မင်း ပေးမှဖြစ်မယ်"

မွှင့် မေမေကြီးကို မြင်ယောင်မိသည်။ ပြီးတော့ ကိုကိုလေး တစ်ယောက် မွှင့် ကိုနေကို ဖြတ်၍ခက်နေတယ်များသိလျှင် မည်မျှ ဒေါသဖြစ်လိုက်မည်နည်း။

"မွှင့်"

"ဘယ်လိုအခက်အခဲတွေရှိလာလာ မွှင့် ကိုနေ့ဘက်မှာ ထာဝရ ရှိနေပေးပါ့မယ်"

"ဝမ်းသာလိုက်တာ"





ယခုမှ မွှင့်ချစ်သော ကိုနေရဲ့မျက်နှာထက်၌ အပြုံးပေါ်လာသည်။

"ဒါပေမဲ့ ကံကြမ္မာကြောင့် မွှင့်နဲ့ကိုနေ ကွဲခဲ့ရရင် မွှင့် ဘေးအန္တရာယ်နဲ့ ကြုံရပါစေ"

ကိုနေက ထိတ်လန့်သလိုကြည့်ပြီး မွှင့် နှုတ်ခမ်းကို လက်နှင့် အသာပိတ်ကာ-

"အဲဒီလိုမျိုး မကျိန်ရဘူးလေကွယ်"

"ဟင့်အင်း…ကိုနေ့အတွက် မွှင့် ပေးနိုင်တာပေးပါရစေ"

# အခန်း (၂၀)

"ဒီနေ့ မယ်မယ် ဘာတွေ စိတ်ကူးပေါက်နေလဲ မသိဘူး"

မမလေးရဲ့ မှတ်ချက်စကားကို ပွင့် မည်သို့မှ မတုံ့ပြန်ပါ။ မနက်က ဥယျာဉ်ထမင်းဝိုင်းမှာ ပြောခဲ့သည့်စကားက–

"ဒီနေ့ အိမ်မှာ အထူးဧည့်သည်လာလိမ့်မယ် သားလေး"

"ဘယ်သူများလဲ မယ်မယ်"

"ရောက်တော့သိရမှာပေါ့ကွယ်...အဲဒီတော့ သားလေးက သွားစရာရှိတာသွား...ဒါပေမဲ့ လေးနာရီထိုးရင် အရောက်ပြန်ခဲ့...ဟုတ်လား"

"ဟုတ်ကဲ့ မယ်မယ်"

"သမီးလေးနဲ့ပွင့်ကတော့ လိုအပ်တာလေးတွေ ရှင်းလင်းထား"





အထူးဧည့်သည်ဟာ မည်သူမှန်းမသိရ။ ဒါပေမယ့် မယ်မယ့်အတွက် အလွန်အရေးကြီးသည့်ဧည့်သည်ဟု ပွင့်ကတော့ ထင်သည်။

ပိုးလိုက်ကာအဖြူရောင်ကို ဖြုတ်ကာ ပန်းနုရောင် ပိုးလိုက်ကာကို ပြောင်းတပ်သည်။ ဆိုဖာဖုံးတွေကိုလည်း လိုက်ကာနှင့် အရောင်တူပြောင်းလဲလိုက်သည်။

ကိုကိုလေးနှင့်မမလေးရဲ့ ဘွဲ့ဓာတ်ပုံလေးကို သေချာဖုန်သုတ်ပြီး ချိတ်လိုက်၏။

ဖုန်စုပ်စက်နှင့် ဖုန်တွေရှင်းပြီး အလှပန်းအိုးကို အဝါရောင်နှင်းဆီပန်းများဖြင့် အလှဆင်လိုက်သည်။ နှစ်နာရီထိုးတော့ ပွင့်နှင့်မမလေး ရေမိုးချိုးပြီး အဆင်သင့်ပြင်ထား၏။ ထိုအချိန် မေမေကြီးကော ကိုကိုလေးပါ ပြန်မရောက်သေးချေ။

အားလုံးပြီး၍ ဘာမှလုပ်စရာမလိုတော့မှ ပွင့်လည်း ခြံထဲဆင်းပြီး ပန်းပင်တွေ ရေလောင်းသည်။ ပွင့် ရေလောင်းပြီးချိန်မှာ ကိုကိုလေး ကားမောင်းဝင်လာသည်။

ကိုကိုလေးက ပွင့်ကိုမြင်တော့ လက်ယက်ခေါ်သည်။

"ဘာခိုင်းမလို့လဲ ကိုကိုလေး"

"ဒါ...အပေါ်မှာသွားထားလိုက်။ ပြီးရင် ဆင်းမလာနဲ့ဦးနော်။ ကိုကိုလေးလာမှဆင်း"

"ဟုတ်ကဲ့"

"ကိုကိုလေးလက်ထဲက လက်ဆွဲအိတ်ကိုယူပြီး ပွင့် ကိုကိုလေးအခန်းဘက်သို့ တက်လာခဲ့၏။

သိပ်မကြာခင် ကိုကိုလေးက ရောက်လာပြီး–

"ကဲ…ကိုကိုလေး ရေခဏချိုးလိုက်ဦးမယ်။ စာကြည့်ခန်းထဲ
မှာ စောင့်နေ"

ယခုချိန်ထိ ကိုကိုလေး ဘာတွေလုပ်၍ ဘာတွေပြောနေသည်
မွင့် နားလည်၍မရနိုင်ချေ။ ဘာခိုင်းမလို့ မွင့်ကို ဟိုမှာစောင့်ခိုင်းလိုက်
ဒီမှာစောင့်ခိုင်းလိုက် ဖြစ်နေရတာလဲ။

စာကြည့်ခန်းထဲတွင် စာအုပ်တစ်အုပ်ကို စိတ်မပါစွာ ဟိုဒီ
ကျော်ဖတ်နေစဉ် လတ်ဆတ်သောရေမွှေးနံ့နှင့်အတူ ကိုကိုလေးကို
တွေ့ရသည်။

ပုဆိုးနှင့်ဆီရောင် ရှပ်လက်ရှည်ကို ရခိုင်ပုဆိုးကွက်စိပ်နှင့် တွဲဝတ်
ထား၏။

"ကိုကိုလေး မေးစရာရှိတယ်"

"……………"

မွင့် ထိတ်ခနဲ ဖြစ်သွားသည်။ ဟိုကိစ္စကို သိသွားပြီလား။

"ဟိုတစ်နေ့က မွင့်ကို စကားလာပြောတဲ့ကောင်လေးက
နေလင်းနောင်…ဟုတ်လား"

"ဟုတ်ပါတယ်"

မွင့် နားမလည်တာ ကိုကိုလေးကိုပါ။ မိန်းမချင်းဖြစ်ပေမယ့်
မမလေးက မွင့် ကိုယ်ရေးကိုယ်တာကို စွက်ဖက်တာ၊ ဝေဖန်တာ
စုံစမ်းတာ ဘာမှမလုပ်ခဲ့ချေ။ သတိပေးစရာရှိရင်၊ သိသင့်တာရှိမှ
ပြောသည်။ ကိုကိုလေးကတော့ ထိုသို့မဟုတ်။

ထိုင်နေလျှင် ထိုင်နေလို့၊ ထလျှင်ထလို့၊ တစ်နေ့တစ်မျိုး ခံ
နိုင်အောင် မျက်စိဒေါက်ထောက်ကြည့်၍ ပြောသည်။





"သူက…"

"ခဏလောက် ကိုကိုလေး မွင့် ပြောပါရစေ"

"ဘာပြောမှာလဲ"

"ကိုကိုလေးက ကိုနေနဲ့ မွင့်ကို မဆက်သွယ်ရဘူးလို့ ပြော
ထားတယ်မဟုတ်လား။ ဘာကြောင့် ဒါတွေ လာပြောနေရတာလဲ"

"အင်း…ဟုတ်တယ်၊ ဒါပေမယ့် ဒီကောင့်ကို စိတ်မချဘူး"

"ရှင်"

"ဒီကောင့်ပုံစံကို ကြည့်ရတာ မွင့်ကို ချစ်နေတယ်လို့
ထင်တယ်။ မွင့်ကော ဖွင့်ပြောပြီးပြီ ထင်တယ်။ ဟုတ်လား…မွင့်"

"သူ ချစ်နေတယ်ဆိုရင်တောင် အဲဒါ ကိုကိုလေး ပြောလို့
မွင့် သိတာ။ သူ ချစ်မချစ် မွင့် ဘယ်လိုသိမှာလဲ"

"သေချာလား"

"တော်ပါပြီ ကိုကိုလေး"

မယုံသလို မေးနေသည့် ကိုကိုလေးအနီးက ထွက်လာခဲ့သည်။

ညနေ (၅)နာရီမထိုးခင် မေမေကြီးရဲ့ဧည့်သည်တွေ ရောက်လာ
သည်။ မေမေကြီးအရွယ် အမျိုးသမီးရယ်၊ မမလေးအရွယ် ယောကျ်ား
တစ်ယောက်ရယ်၊ မိန်းမလေးတစ်ယောက်ရယ်လည်း ပါသည်။

"ခင်ရေ…သားသမီးတွေနဲ့ မိတ်ဆက်ပေးပါဦးကွ"

"မိတ်ဆက်ပေးမှာပေါ့ မြိုင်ရဲ့…ဒါ ခင်ရဲ့သားကြီး သန့်ဇင်၊
သူက သမီးငယ် ခင်နှင်းဆီလေ။ ဒါကတော့ ခင့်မွေးစားသမီး
ဆက်မွင့်ပေါ့။ မွေးစားထားတယ်ဆိုပေမယ့် ခင်တို့နဲ့ တန်းတူထား
တာနော်"

“ခင့်စိတ်ကို တို့သိပါတယ်။ တို့သမီးကြီး ပပဝတီကိုတော့ ခင် သိပြီးရောပေါ့။ သူက သားငယ်လေ…ထွန်းလတ်စိုးတဲ့”

ပွင့်ကတော့ ကိုယ်နှင့် သိလည်းမသိ၊ ဆိုင်လည်းမဆိုင်တာနှင့် အသံတိတ်လျက်။ မမလေးက ပွင့်ကို အသာတို့၍ထသဖြင့် ပွင့်လည်း မမလေးနောက်သို့ လိုက်ခဲ့၏။

“ထမင်းပွဲပြင်လိုက်တော့မယ်ရှင့်…မယ်မယ်”

“အေး…အေး”

“အမလေး”

“ဘာဖြစ်တာလဲ မမလေးရဲ့”

“စိတ်ညစ်လို့ပါ ပွင့်ရယ်”

ဘာကြောင့် စိတ်ညစ်လဲ ပွင့် မမေးဖြစ်တော့ဘဲ ဟင်းတွေ ခူးခပ်ပြီး ထမင်းပန်းကန်တွေထဲ ထမင်းထည့်နေစဉ် မမလေးက ပြန်ထွက်သွား၏။

“ဟင်းတွေကတော့ မွှေးနေပါလား။ ကေန်တော့ ခင့်သမီးတွေ ရဲ့လက်ရာပဲ…ဟုတ်တယ်မဟုတ်လား”

“မြိုင်လည်း သိသားနဲ့”

“ဟုတ်သားပဲ…မြိုင် ငယ်ဘဝကို မမေ့သေးဘူး သိလား။ ဒေါ်ဒေါ်က မိန်းကလေးဆိုတာ အချက်အပြုတ် ကျွမ်းကျင်ရမယ်ဆိုပြီး ခင့်ကို အုပ်ချုပ်ခဲ့တာပဲ မဟုတ်လား။ တို့ကတော့ သမီးနဲ့သားကို အိမ်တွင်းမှုတွေနဲ့ အချိန်မကုန်စေချင်ဘူးလေ။ ဒါကြောင့် ပညာရေး စီးပွားရေး၊ လူမှုရေးဘက်မှာပဲ ထူးချွန်အောင် ပြုစုပျိုးထောင်တယ်။ အချက်အပြုတ်ဆိုတာ အိမ်ဖော်ရှိရင် ဖြစ်တာပဲလေ”





ဖြစ်နိုင်ပါတယ်။ ပပဝတီရဲ့မျက်နှာမှာ မာန်မာနတွေနဲ့ အရာရာမှာ အောင်မြင်သူလို့။

မေမေကြီးကတော့ မျက်နှာပျက်သွား၏။ ပြီးမှပြင်ကာ-

“ဟုတ်တာပေါ့…လူဆိုတာ ကိုယ့်အယူအဆနဲ့ကိုယ် မှန်နေတာ ပဲလေ။ ဒါနဲ့ သမီးကကော မေမေ မအားတာတို့၊ အိမ်ဖော်အလုပ်ရှုပ် နေတဲ့အခါတွေမှာ ကိုယ့်ဘာသာ ကြော်လှော်စားလိုက်တာပဲလား”

“ဟင့်အင်း…အစားအသောက်အတွက် ပပက အဲဒီလောက် တန်ဆာဆင်မနေဘူး အန်တီ။ သူတို့မအားရင် ကော်ဖီဖျော်ပြီး ပေါင်မုန့်၊ ကိတ်မုန့်တွေနဲ့ စားလိုက်တာများတယ်”

“ဩော်ကွယ်…အိမ်ထောင်ကျတော့ကော ဘယ့်နှယ် လုပ်မလဲ”

“မာမီပြောတဲ့အထဲမှာ ပါနေပြီလေ အန်တီရဲ့…ပပတို့မှာ ငွေ ရှိတယ်။ အချိန်မရွေး အိမ်ဖော်ဆိုတာ ခေါ်လို့ရတယ်။ အချက်အပြုတ် ကောင်းမှ လက်ထပ်မယ်ဆိုတဲ့ ယောကျ်ားများရှိရင် ပပက ခေါင်းတောင်လှည့်စောင်းမကြည့်ဘူး”

ပွင့်ကတော့ ငွေရှိလျှင် ဘာမဆိုဖြစ်သည်ဟူသောအယူအဆ ရှိသော ပပဝတီကို တစ်ချက်တော့ စိတ်ပျက်မိ၏။ ကိုကိုလေးနှင့် မမလေးကတော့ စကားလုံးဝမပြောဘဲ ထမင်းပဲ ငုံ့စားနေသည်။

“အင်း…စားလို့တော့ သိပ်ကောင်းတယ်။ တို့က ချက်ဖို့သာ စိတ်မဝင်စားတာ၊ အစားအသောက်ကောင်းတော့ ကြိုက်တယ်။ အချက်အပြုတ်ကောင်းတဲ့ ခင့်သမီးတစ်ယောက်ယောက်ကိုတော့ သမီး တော်ရတော့မယ်ထင်တယ်”

အတည်ပေါက်ကြီး ပြောချလိုက်သည်။ မြိုင်ဆိုသည့် အမျိုး သမီးကြီးကို မျက်မှောင်ကုတ်ကာ မော့ကြည့်၏။

မေမေကြီးကတော့ အပြုံးမပျက်နှင့် ညှော့သည်တွေကို အချို တည်စေရင်း-

"သမီးခင်နှင်းဆီက ဝါကျွတ်ရင် လက်ထပ်တော့မှာ"

"ဟုတ်လား…တစ်ယောက်မရ တစ်ယောက်ပေါ့ ခင်ရယ်"

"ညီမလေးက ငယ်သေးတယ် အန်တီ"

မထင်မှတ်ဘဲ ကိုကိုလေးက ပြောလိုက်သဖြင့် မေမေကြီးက ကိုကိုလေးကို လှမ်းကြည့်ကာ-

"သားလေး"

"အဟင်း…ဟင်း…ကြည့်စမ်း…သူ့ညီမကို တွန့်တိုနေလိုက် တာ ခင်ရယ်"

အတော်လေးကြာအောင် စကားပြောပြီး အန်တီမြိုင်တို့မိသား က ပြန်ဖို့ပြင်၏။ ကားပေါ်ရောက်တဲ့အချိန်ထိ-

"ခင် ကိုယ် စနေတာမဟုတ်ဘူးနော်။ အတည်ပြောတာ။ သိပ် မကြာခင် သမီး လာတောင်းမယ်"

ကိုကိုလေးက အပေါ်ထပ်သို့ ဒေါသတကြီး တက်သွားသည်။ ပွင့်ကတော့ ဘာမှနားမလည်။





# အခန်း (၂၁)

"ဘယ်လို မယ်မယ်"

"ဟုတ်တယ်…သားလေးနဲ့ပပကို မယ်မယ် သဘောတူ တယ်"

"မဖြစ်နိုင်တာ မယ်မယ်"

"ဘာကိုမဖြစ်နိုင်တာလဲ"

ဆိုဖာပေါ်တွင် ကျောမှီနေသော မယ်မယ်ရဲ့ကိုယ်က မတ်ခနဲ ဖြစ်သွားကာ မေးလေသည်။

အရင်တုန်းကဆိုလျှင် မယ်မယ် အမိန့်နှင့်အသက်ရှင်ခဲ့သော်လည်း သူ့ရဲ့အိမ်ထောင်ရေးကိုမူ…

"မယ်မယ် စဉ်းစားကြည့်ပါ။ ကျွန်တော်တို့အသိုင်းအဝိုင်းနဲ့ သူတို့အသိုင်းအဝိုင်းကြားက ကွာဟမှုကို မယ်မယ်က မသိကျိုးကျွံ ပြုထားမလို့လား"

"ဒါပေမယ့် ဒီကလေးမကို မယ်မယ် သဘောကျတယ်"

"မယ်မယ် သဘောကျရုံနဲ့ မရဘူးလေ။ သူ့ကို ကျွန်တော် စိတ်မဝင်စားဘူး။ မယ်မယ်ပဲ ပြောခဲ့တယ်မဟုတ်လား။ ကျွန်တော်တို့ရဲ့ အသိုင်းအဝိုင်းထဲကို ဝင်လာမယ့်သူဟာ မယ်မယ်တို့ရဲ့ စံချိန်စံနှုန်းနဲ့ ကိုက်ညီရမယ်ဆို...မိန်းကလေးဆိုတာ ဗိုင်းကောင်းကျောက်ဖိ အလှ အိမ်ပါ ဖြစ်ရမယ်ဆို...မယ်မယ် စဉ်းစားကြည့်ပါဦး။ ပပဝတီရဲ့ ဝတ်စားဆင်ယင်မှုနဲ့ နေပုံထိုင်ပုံကို..."

ဂျင်းစကပ်ဒူးတို လည်ဟိုက်အင်္ကျီလက်ရှည်နှင့် တွဲဝတ်ထား၏ ဆံပင်ကလည်း ဂုတ်ထိတိုနေသည့်အထဲ အဝါရောင်ဆေးဆိုး၍ အကြေ ကောက်ကောက်ထားသည်။

"ဒါပေမယ့် သားလေးရဲ့အသက်အရွယ်က မငယ်တော့ဘူး ကွယ်"

"နှစ်ဆယ့်ခုနစ်နှစ်ဆိုတာ ယောကျ်ားလေးတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့ ကြီးတယ်လို့လည်း မဆိုနိုင်သေးပါဘူး မယ်မယ်။ ကျွန်တော်လည်း ချစ်တယ်..မယ်မယ်လည်း သဘောတူနိုင်သူကို ရွေးမှာပါ"

"မယ်မယ် ပပကို သဘောကျတယ်"

"မယ်မယ်ကလည်း"

မယ်မယ် သဘောကျပေမယ့် သား သဘောမကျဘူး။ သား





တကယ်ချစ်တာ မိုးစက်ပွင့်ပါလို့ ပြောလျှင် မယ်မယ် ဘာပြောမည် နည်း။ သူ ဖွင့်ပြောရမည်လား။ မယ်မယ် သဘောမတူလျှင်... သဘောမတူနိုင်စရာမှ မရှိဘဲ။ ပွင့်ဟာ သူတို့မိသားစုရဲ့ မျက်စိ အောက်မှာ ကြီးလာခဲ့ခြင်း ဖြစ်သည်။

"သားမှာ စိတ်ဝင်စားရမယ့်သူ ရှိနေပြီလား"

မထင်မှတ်ဘဲ မေးလာသော မယ်မယ့်မေးခွန်းကြောင့် ဘာဖြေ ရမှန်းမသိ ဖြစ်သွား၏။

"မယ်မယ် သိနေတယ်။ သားမှာ တစ်ခုခု ထူးခြားနေသလိုပဲ"

"မယ်မယ် ဘယ်လိုသိလဲ"

"သားက မယ်မယ့်သားပါ"

"ဟုတ်ကဲ့...ရှိပါတယ် မယ်မယ်"

"ဟင်...ရှိတယ်ဟုတ်လား...ဘယ်သူလဲ"

"မယ်မယ် စိတ်မဆိုးဘူးဆိုရင် ပြောမယ်"

သူ့စကားကြောင့် မယ်မယ် ငိုင်သွားသည်။ ပြီးမှ ပြန်ပြုံးရယ် ရယ်ဖြင့်-

"သားရယ်...သားက မယ်မယ့်စည်းကမ်းတွေ သိနေမှတော့ စည်းကမ်းနဲ့ညီတဲ့ မိန်းကလေးပဲ ဖြစ်ရမှာပေါ့။ ဘယ်သူလဲ သားလေး"

"မိုးစက်ပွင့်ပါ မယ်မယ်"

"ဘာ...ဘယ်သူ"

"ပွင့်လေးပါ မယ်မယ်...သား သူ့ကိုချစ်တယ်"

"တော်...တော်စမ်း...သား...မင်း"

မထင်မှတ်တာကို ကြား၍ ထင်၏။ မယ်မယ် ဒေါသအမြက်

ချောင်းချောင်းထွက်သည့်ဟန်နှင့်-

"ကိုယ့်ညီမကို ပြန်ကြိုက်ရတယ်..ဟုတ်လား...သား ကြားလို့မှ မတော်လိုက်တာ"

"မယ်မယ် သားတို့က မောင်နှမအရင်းလည်း မဟုတ်သလို တစ်ဝမ်းကွဲလည်း မဟုတ်ဘူး။ သွေးမျိုးလုံးဝမတော်တဲ့ သူစိမ်းပါ"

"သူဟာ ဘယ်လိုအလွှာကလဲ မသိဘဲ..."

"ဒါတွေကိုတောင် ဂရုမစိုက်ဘဲ မယ်မယ် ဒီအသက်အရွယ် ထိ သူ့ကို မွေးစားခဲ့တာပဲ မဟုတ်လား"

သူ့ရဲ့ ချက်ကျလက်ကျ စကားကြောင့် မယ်မယ်က တစ်ချက် ငိုင်သွားသော်လည်း ချက်ချင်း-

"လုံးဝ မဖြစ်သင့်တဲ့ကိစ္စပါ သားလေးရယ်...စဉ်းစားပါဦး"

"ဘာဖြစ်လို့ မဖြစ်သင့်ရတာလဲ မယ်မယ်"

"မယ်မယ် သိပ်ချစ်တဲ့သားကို ဒီလိုမိန်းကလေးနဲ့ မဖြစ်စေချင် ဘူးကွယ်...မွေးစားတယ်ဆိုတာလည်း တစ်နေ့ ငါ့သားအတွက်ဆိုပြီး မွေးစားခဲ့တာ မဟုတ်ဘူး။ အခြားသူနဲ့ သူ့ဘဝ တင့်တောင့်တင့်တယ် ဖြစ်သွားရင် မယ်မယ် မုဒိတာပွားနိုင်တယ်။ ဒါပေမယ့် သားလေးနဲ့ တော့..."

မယ်မယ့်စကားကြောင့် သူ ယိုင်သွားရ၏။ မယ်မယ်က မျက်နှာကို မော့၍-

"အဲဒီတော့ မယ်မယ် ဒေါသမထွက်ခင် အကြမ်းမဖက်စေချင် ရင် ဒီရဲ့အဖြစ်အပျက်ကို မေ့လိုက်တော့။ ပွင့်ကို သား ဖွင့်ပြောပြီးပြီ လား"





"ဟင့်အင်း"

"ဒါဆိုရင် ဘာမှအသိပေးစရာမလိုဘူး"

"မဖြစ်နိုင်လို့ပါ မယ်မယ်...ကျွန်တော် ပွင့်ကို ချစ်တယ်။ လုံးဝ မစွန့်လွှတ်နိုင်ဘူး မယ်မယ်။ ပြောသလိုလုပ်ဖို့ဆိုတာ လုံးဝ မလွယ်ဘူး"

"သန့်ဇင်"

မယ်မယ်ရဲ့ဒေါသက လေသံတွင်တောင် အတော်ပြင်းထန်နေ လေသည်။ သူ့တွင် ပွင့်ကို အဆုံးရှုံးမခံနိုင်သည့်စိတ်က ပြင်းထန်နေ လေတော့...

"တောင်းပန်ပါတယ် မယ်မယ်...နောက်ထပ် အခြား မိန်းကလေးတွေနဲ့ စီစဉ်ဖို့ မပြောပါနဲ့တော့။ ကျွန်တော် ပွင့်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ဘူး"

မယ်မယ် မျက်လုံးတွေက တဖြည်းဖြည်း စူးရှလာကာ-

"သန့်ဇင်...မင်းကြောင့် ပွင့်ကို မယ်မယ် ငြိုငြင်မှာ မင်း သည့်မတွက်ဘူးလား။ မိုးစက်ပွင့်ရဲ့ လုပ်ပိုင်ခွင့်အားလုံးဟာ မယ်မယ့် လက်ထဲမှာဆိုတာ မင်း နားလည်လား"

"မယ်မယ် အဲဒီလိုမလုပ်ဘူးဆိုတာ..."

"လုပ်မှာ အသေအချာလုပ်မှာ...ဘာကြောင့်လဲ သိလား။ ငါ့သားကို သူနဲ့ကြည်ဖြူပေးရအောင် ငါ့သဘောထားမကြီးပေးနိုင်ဘူး။ အဲဒီတော့ သူ့ကို ဒုက္ခမရောက်စေချင်ဘူးဆိုရင် မင်း ရပ်တန်းကရပ် လိုက်တော့"

"မယ်မယ် ကျွန်တော် တောင်းပန်ပါတယ်။ ဘာမှစွတ်မလုပ်

ပါနဲ့။ မယ်မယ်သာ မွင့် ဒုက္ခရောက်အောင်လုပ်ရင် သူ့ကို ကျွန်တော် အစေးခေါ်သွားရလိမ့်မယ်။”

“မင်း ငါ့ကို ခြိမ်းခြောက်နေတာလား သန့်ဇင်”

“အဲဒါသဘောမဟုတ်ဘူး မယ်မယ်”

“မင်း ပပကို ငြင်းရင် မိုးစက်မွင့်ကို ထွန်းလတ်စိုးနဲ့ သဘောတူရလိမ့်မယ်”

“မယ်မယ်”

မယ်မယ်က နောက်ဆုံးပိတ် စကားတစ်ခွန်း ပြောကာ ဒေါသတကြီး ထွက်သွား၏။

သူ ဆိုဖာမှာ မှီချပစ်လိုက်၏။

မယ်မယ်ကတော့ ကြေငြာသွားပြီ။ သူ ဘာလုပ်ရမည်နည်း။ တကယ်ဆို သူ မွင့်ကို ဘာမှဖွင့်မပြောရသေးချေ။

ပြီးတော့ မွင့်ဟာ နေလင်းနောင်ဆိုသည့် တစ်ယောက်နဲ့ ရိုးကောရိုးသားရဲ့လား။

“ကိုကိုလေး”

“နှင်း”

နှင်းက တံခါးပေါက်မှာ ရပ်နေရာမှ သူရှိရာသို့ လျှောက်လာ၏။ မျက်နှာကလည်း ပျက်နေ၏။ သူ့ရှေ့မှာ ဝင်ထိုင်ပြီး-

“နှင်း အားလုံးကြားတယ်။ ခိုးနားထောင်တာတော့ မဟုတ်ပါဘူး”

“အခုမသိလည်း နောက်လည်း သိမှာပဲလေ”

“ဒါ…ဒါတွေကို မွင့် သိပြီးပြီလား”





“ဟင့်အင်း…ပြောလိုက်ရင် သူ စိတ်ဆိုးသွားမှာလား”

“အနည်းနဲ့အများတော့ ခံစားရလိမ့်မယ်လို့ ထင်တယ်။ ဘာလို့လဲဆိုတော့ မွင့်က ကိုကိုလေးကို အစ်ကိုရင်းလိုပဲ သဘောထားတာကိုး။ ဒီလိုစိတ်ရှိတယ်ဆိုရင် သူ ဘယ်ခံစားနိုင်မလဲ။ ပြီးတော့ မယ်မယ်ရဲ့ငြိုငြင်မှုလည်း ခံရဦးမယ်။ အခုပုံစံအတိုင်းဆို မယ်မယ် တော်တော် စိတ်ဆိုးသွားပုံရတယ်”

“ကိုကိုလေးကို မွင့်နဲ့ သဘောတူရဲ့လား”

မထင်မှတ်ထားသော မေးခွန်းမို့ထင် နှင်းက တစ်ချက်ငြိမ်ကျသွားသည်။ အတော်ကြာမှ-

“ဒါကတော့ ကိုကိုလေး ဘယ်သူ့ကိုပဲရွေးရွေး နှင်းကတော့ ကြည့်အောင်ပေါင်းမှာပါ။ မွင့်လေးဆိုတော့ ကိုယ်နဲ့ အတွင်းသိ အစင်းသိလေ။ ဒါပေမယ့် မွင့်လေးက ငယ်သေးတယ်လို့ နှင်း ထင်တယ်”

“ဘာပဲဖြစ်ဖြစ် မယ်မယ့်ကိုလည်း စိတ်မဆင်းရဲစေချင်ဘူး”

သူက နှင်းရဲ့ထင်မြင်ယူဆချက်ကို ဘာမှမပြောပါ။ တကယ်ဆို သူ့စိတ်ထဲ နေလင်းနောင်နှင့်မွင့်ဟာ ပတ်သက်မှုတစ်စုံတစ်ရာရှိနေပြီဆိုလျှင် ငယ်သေးသည်ဟု ဆိုနိုင်ပါမလား။

# အခန်း (၂၂)

“ဟော…ကိုသန့်ဇင်…ကျောင်းထဲလာလည်တာလား”

သူနှင့် ရင်းနှီးသောဆရာက လှမ်းနှုတ်ဆက်၏။ ယဉ်ကျေး သင်တန်းကျောင်းကသူနဲ့ သိပ်စိမ်းနေတာတော့ မဟုတ်ချေ။

“ကိုရှုပစီက အကူအညီတစ်ခု တောင်းချင်တယ်ဗျာ”

သူ့ကို နှုတ်ဆက်သော ဂီတဘက်မှာ ဆရာဖြစ်သူ ကိုရှုပ ပြောလိုက်၏။

ကိုရှုပနှင့် သူက ကျောင်းတက်တုန်းကလည်း တတွဲတွဲ ရှိခဲ့သည်။

“ဘာများလဲ ထိုင်ပါဦး”

ကိုရှုပရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ပြီး လက်ထဲက စာအုပ် စားပွဲပေါ်သို့ချရင်း-





“နေလင်းနောင်ကို သိလား”

“ဘယ်အတန်းကလဲဗျာ…ဂီတကလား၊ ပန်းချီဘက်ကလား”

“အဲဒါတော့ မသိဘူးဗျာ။ ဂုဏ်ထူးတန်း ပထမနှစ်တက်နေ တာတော့ သိတယ်”

“ကျွန်တော့်မေဂျာမှာတော့ မရှိဘူး။ ခဏစောင့်ဗျာ…မေး ကြည့်ပေးမယ်”

“ရတယ်…ဖြည်းဖြည်းပေါ့”

“ဒါနဲ့ ခင်ဗျားကော ဘယ်လိုလဲ…မာစတာနဲ့ ကျောင်းပြီးတာ ကြာပြီ။ အလုပ်မဆင်းတော့ဘူးလား။ အသက်ကျော်သွားမယ်နော်။ နောက်တစ်သုတ်ခေါ်မယ်တော့ ကြားထားတယ်”

“ဟုတ်တယ်…ကျွန်တော်လည်း ဒီတစ်သုတ်ခေါ်ရင် လျှောက် ထို့ဗျာ”

“ကောင်းတယ်ဗျာ”

ကိုရှုပက အခြားစားပွဲတွင် ထိုင်နေသည့် ဆရာတစ်ယောက်ထံ သို့ လျှောက်သွားကာ နေလင်းနောင်ရဲ့အတန်းကို စုံစမ်းပေးလေသည်။ နောက် သူ့ဘက် မေးငေါ့ပြပြီး ပြောနေသည်။

“ဒီချိန် လက်တွေ့ခန်းထဲ ရောက်နေလောက်ပြီတဲ့။ သွားမလား စောင့်မလား ကိုသန့်ဇင်”

“လက်တွေ့ခန်း ကျွန်တော် သိတာပဲ။ အဲဒီနားမှာ သွားစောင့် လိုက်မယ်လေ…ကိုရှုပ”

“လိုက်ခဲ့ပေးရဦးမလား”

“ရပါပြီဗျာ…ကျေးဇူးပဲ…နောက်မှ တွေ့ရအောင်လေ”

"မလိုပါဘူးဗျာ...အချင်းချင်းတွေကို"

သူ ရင်းနှီးနေသော လက်တွေ့ခန်းဘက်ဆီ လျှောက်လာခဲ့သည်။

အခန်းထဲ၌ ဆရာက မရောက်သေးတာလား၊ မဝင်သေးတာလား မသိ။ ကျောင်းသားများသာ တွေ့ရသည်။ ပြတင်းပေါက်မှာ ရပ်ပြီး ကောင်လေးတစ်ယောက်ကို...

"ညီလေး ဒီအခန်းမှာ နေလင်းနောင်ရှိလား"

"ရှိတယ်ဗျ...နေလင်းနောင်"

သူ့ကိုဖြေပြီး တစ်ဆက်တည်း နေလင်းနောင်ကို လှမ်းခေါ်သေး၏။ ဧည့်ခံပွဲမှာ တွေ့ခဲ့သည့်တစ်ယောက်။ သူ့ကိုမြင်တော့ မျက်နှာပင့်ကြည့်ခြင်းအားဖြင့် သူလည်း မှတ်မိနေပေမည်။

"ဘယ်သူက တွေ့ချင်တာလဲ မောင်မောင်"

"ဒီအစ်ကိုပဲ"

"ဟင်"

"မင်းနဲ့ စကားနည်းနည်းပြောချင်တယ်။ ခဏထွက်ခဲ့လို့ရမလား"

နေလင်းနောင်ကလည်း မငြင်းပါ။ သူ့နောက်ကို လိုက်လာ၏။ ယူကလစ်ပင်အောက်မှာ သူရပ်ရင်း သူ့နောက်မှ လိုက်လာသော နေလင်းနောင်ကို လှည့်ကြည့်လိုက်သည်။

နေလင်းနောင်သည် ယောကျ်ားပီသသော ရုပ်ရည်ရှိသူဖြစ်သည်။

တကယ်ဆို ပွင့်သာ သူ့ညီမအရင်းဖြစ်ခဲ့မည်ဆိုလျှင် နေလင်း





နောင်နှင့် သဘောတူမိမည်ဖြစ်သော်လည်း ပွင့်ဆိုတာ ယခု သူ သိပ်ချစ်နေသောချစ်သူ။

"ကျွန်တော်နဲ့ ဘာကြောင့် တွေ့ချင်တာလဲ။ ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ ပတ်သက်စရာအကြောင်းတရား မရှိဘူးလို့ထင်တယ်"

တည်ငြိမ်စွာ မေးလိုက်သည့် နေလင်းနောင်၏အသံကြောင့် သူ လှုပ်ရှားသွားရ၏။

"ကိုယ် မင်းကို မေးစရာရှိတယ်"

"ခင်ဗျားမေးတိုင်း ကျွန်တော်က ဖြေရမှာလား"

"မင်း မဖြေချင်လည်း ဖြေကိုဖြေရမယ်"

"ခင်ဗျားက တွေ့ချင်တယ်လို့ ခေါ်ထုတ်လာတဲ့လူတစ်ယောက်ကို အာဏာတွေ ပါဝါတွေနဲ့ လာလုပ်နေပါလား"

"မင်းနဲ့ မိုးစက်ပွင့် ဘယ်လိုလဲ"

တစ်ယောက်နှင့်တစ်ယောက် ခနီးခနဲ့ ပြော၍ဆုံးနိုင်မည်မထင်သောကြောင့် သူ လိုရင်းကိုသာ မေးလိုက်သည်။

နေလင်းနောင်၏အကြည့်များမှာ စူးရှသွားပြီး-

"ဘာကိုမေးတာလဲ"

သူ့ကို မေးခွန်းပြန်ထုတ်သဖြင့် သူ ဒေါသဖြစ်သွားရသော်လည်း ထိန်းကာ-

"ပွင့်နဲ့မင်းက သူငယ်ချင်းတွေလား၊ ချစ်သူတွေလား"

"ခင်ဗျားနဲ့ ဘာဆိုင်လို့ ဒီမေးခွန်းကို မေးရတာလဲ။ ဒါက ကျွန်တော့်ကိုယ်ရေးကိုယ်တာပါ"

"ဟာ...မိုးစက်ပွင့်ဆိုတာ ငါတို့အရိပ်အောက်မှာ နေနေတဲ့

မိန်းကလေး။ ဘယ်သူနဲ့ ဘာဖြစ်လဲဆိုတာ အမြဲသိနေသင့်တယ်"

"အဟင်း…သေချာလို့လည်း သဒ္ဒါတွေ လွှန်နေပါလား သန့်ဇင်"

"ဟိတ်ကောင်…မင်းထက် ငါ အသက်ကြီးတယ်။ မြန်မြန် ခေါ်စမ်း"

"အသက်ကြီးတယ် ကြွေးကြော်မနေစမ်းပါနဲ့။ ခင်ဗျားက နွား မြက်နုကြိုက်နေတာ။ ပွင့်ကို အစ်ကိုဆိုတဲ့ဟာနဲ့ချုပ်ပြီး ငါ မွေးတဲ့ ကြက် ငါ ပြန်သတ်စားမယ်ဆိုတဲ့ လူစားမျိုး"

"နေပါဦး..နေလင်းနောင်…မင်းရဲ့မေးခွန်းတွေ ဘောင်ကျော် နေပြီ။ မင်းက ပွင့်နဲ့ပတ်သက်ပြီး ဒီလောက်အဖြစ်သည်းနေရင် ပွင့်နဲ့ မင်းက ဘာပြောခွင့်ရှိလဲ"

"ပွင့်နဲ့ကျုပ်က သမီးရည်းစား"

"ဘာကွ"

ဒါဟာ သူ မမျှော်လင့်ထားသော တိုက်ကွက်။ ဒါ…ဒါနဲ့ ပွင့်က ဘာလို့ သူ့ကို အမှန်အတိုင်း ဝန်မခံရတာလဲ။

"ဟိတ်ကောင် မဟုတ်ဘဲနဲ့ မင်း အသားမယူနဲ့…ပွင့်က မင်းနဲ့ သူ… သူငယ်ချင်းလို့ ပြောပြီးသား"

"အိမ်ရောက်ရင် ပွင့်ကို သေချာမေးလိုက်စမ်းပါ။ သေချာ ချစ်ကြည့်တော့မှပဲ မိုးစက်ပွင့်ဟာ တကယ့်အရိုင်းလေးမှန်း သိတော့ တယ်။ အင်း…အပျင်းပြေတာပေါ့။ သူက ကျုပ်ရဲ့သင်ခန်းစာတွေကို ကျေကျေနပ်နပ် သင်ယူနေလေရဲ့"

"ခွေးတိရစ္ဆာန်"





"ခွပ်"

"မရဘူး…နေလင်းနောင်က သူ့ကို ထိရင် ငြိမ်ခံနေမှာ မဟုတ်ဘူး။ ရှင်းတယ်နော်"

သူထိုးလိုက်သည့်လက်ကို တွန်းဖယ်ပြီး ခပ်ဂျောင်ဂျောင် ပြောလေ၏။ ဒေါသကြောင့် ဆင်ခြင်နိုင်ခြင်း မရှိတော့ချေ။

ပွင့်သည် သူကလွဲရင် ဘယ်သူ့ကိုမှ မချစ်ရ။ ပွင့် ချစ်ပြီး လက်ထပ်ရမည့်သူသည် သူပဲ ဖြစ်နေရမည်။

"မင်း ရပ်တန်းကရပ်"

"ကျုပ်ကို ဘယ်သူမှ အမိန့်ပေးလို့မရဘူး"

"မင်းလိုကောင်က ပွင့်လေးနဲ့ တန်ကောတန်ရဲ့လား။ ကိုယ့် ကိုယ်ကိုယ် စဉ်းစားလိုက်ဦး နေလင်းနောင်"

"ဒါဆို ပွင့်က ဘယ်လိုကောင်နဲ့တန်တာလဲ"

ဘာကြောင့် ဒီကောင် ဒီလောက်ထိ အေးအေးဆေးဆေးနေရပြီး သူက ဘာလို့ ပူလောင်နေရတာလဲ။

"ဘာပဲဖြစ်ဖြစ် မင်းတို့ ချစ်ခဲ့ဖူးတယ်ဆိုရင်တောင် ပွင့်ကို မေ့ပစ် လိုက်စမ်းပါ။ မင်းရပ်ရည်နဲ့ ပွင့်ထက်သာတာ အများကြီးရနိုင်တယ်"

"ပွင့်ကိုလည်း ဒီလိုပဲပြောခဲ့တယ်မဟုတ်လား။ ပွင့်ဟာ ခံစား တတ်တဲ့သူ၊ သူ ခံစားရတဲ့အတိုင်း သူ ရွေးချယ်ခဲ့တာ။ နှလုံးသားကို အမိန့်ပေးလို့ မရဘူးဆိုတာ ခင်ဗျား နားကောနားလည်ရဲ့လား။ ခင်ဗျား ဘယ်လိုပဲတားတား ပွင့်ဟာ ကျွန်တော့်ဘက်မှာဆိုတာ အသေချာဆုံး ပြောတာ"

"မင်းနဲ့ပွင့်ကို လုံးဝ သဘောမတူဘူး"

"ခင်ဗျားမှာ ပြောခွင့်မရှိဘူး"

"မင်း ဘယ်လောက်ပဲချစ်ချစ် ပွင့်က မင်းကို ဘယ်လော ချစ်ချစ် သူ လုပ်ချင်သလို လုပ်ခွင့်မရှိဘူး။ အဲဒါ သခင်မြ စည်းကမ်း…သခင်မြိုင်မိသားစုက လူကြီးစကားကို မှားသည်ဖြ မှန်သည်ဖြစ်စေ လူငယ်က နာခံရမှာပဲ။ အဲဒါ မင်း သိအောင်ပြောတာ"

"အဲဒါက ဘာစကားလဲ"

"အဓိပ္ပာယ်ကတော့ မိုးစက်ပွင့် လက်ထပ်ရမယ့်သူက သန် ကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ဘူး"

"ခင်ဗျား ရူးနေလား"

"ဟုတ်တယ်…ငါ ရူးနေတာ အချစ်ရူး"

"အဲဒါ စစ်မှန်တဲ့အချစ် မဟုတ်ဘူး။ မိုက်ရူးရဲဆန်တာ သူများတွေရဲ့ချစ်ခြင်းကို ခွဲတာ ခင်ဗျားကော ပွင့်ကို အဓမ္မလက် လို့ ခင်ဗျား စိတ်ချမ်းသာရမယ်ထင်နေလား။ အချစ်ဆိုတာ ဘာလဲ သိရအောင် အသေအချာ ပြန်စဉ်းစားလိုက်ဦး"

"မင်း ဘာပြောပြော ငါ ဂရုမစိုက်ဘူး။ ဒီမှာ ရာဇဝင်ထဲ စကားကို ပြန်ပြောတယ်လို့ဆိုရင်ဆို၊ အချစ်နဲ့စစ်မှာ မတရားတာ မ ဘူး…နေလင်းနောင်၊ မင်း စောင့်ကြည့်လိုက်"

သူဟာ ရဲရဲစွာ ကြော်ငြာလိုက်ပေမယ့် တစ်ဖက်မှာတော့ သိ နှင့်ရာမကြား ဒသဃီရိလို အချစ်ကြမ်းသမားဖြစ်နေတာကိုတော





# အခန်း (၂၃)

"ဘာလို့ ကိုကိုလေးကို လိမ်တာလဲ…ပြောစမ်း။ ဘယ်တုန်း က ပွင့် ဒီလိုလိမ်ခဲ့ဖူးလို့လဲ"

သူသည် နေလင်းနောင်ရှေ့၌ ခနိုးခနဲ့ ပြောသမျှကို မခံချင်ဘဲ ခဲ့ရပြီး ပွင့်ရှေ့တွင်တော့ အချစ်ရူးတစ်ယောက်လို ရမ်းနေမိတော့ သည်။

ပွင့်ရယ်…ငါဟာ အရှုံးကို သေချာသိနေမိတယ်။

"ပွင့်ကို ခွင့်လွှတ်ပါ ကိုကိုလေး"

"ဘာကိုလဲ…ဘာအတွက်လဲ"

သူ အသံကျယ်ကြီးနှင့် အော်ဟစ်ပစ်လိုက်တော့ ပွင့်က အလန့် ကြား မော့ကြည့်၏။

သူ ပွင့်ရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း တင်းဆုပ်ကိုင်ပြီး-

"သူ့ကို စိတ်ထွက်ပေါက်ရှာပြီး ချစ်တယ်...ဟုတ်တယ် မဟုတ်လား"

"မဟုတ်ဘူး"

သူ့ရဲ့စကားကို ဆန့်ကျင်ပြီး ပွင့်က ပြော၏။

ဘုရားရေ...ပွင့်ရဲ့စိတ်ခံစားချက်တွေကို ဘယ်လိုအရာတွေက ပြောင်းလဲပစ်လိုက်တာလဲ။

သိုးငယ်လေးလို ဖြူစင်ရိုးသားခဲ့သော ပွင့်ဆိုတဲ့ မိုးစက်ပွင့် အဘယ်ကြောင့် ခြသေ့်တစ်ကောင်ကဲ့သို့ ရဲရင့်သွားရသနည်း။

ပွင့်က သူ ဆုပ်ကိုင်ထားသောလက်တွေမှ ဆောင့်ခါရုန်းထွက် ပြီး-

"ပွင့် ကိုနေကို တစ်ဘဝလုံးအတွက် ချစ်ခဲ့တာ"

"ဘာ"

"အဲဒီအတွက် ပွင့်မှာ အပြစ်ရှိတယ်ဆိုရင် ကိုကိုလေးကိုသာ မကဘူး...ဒီသင်္ချိုင်းကလူတွေအားလုံးကိုပါ တောင်းပန်ချင်တယ် ပွင့်ဟာ ကိုယ့်စိတ်ခံစားချက်အတိုင်း မချစ်ရဘူးလား"

"မချစ်ရဘူး..နေလင်းနောင်ကို ပွင့် ဘယ်တော့မှ မချစ်ရဘူး"

သူ အရူးတစ်ယောက်လို အော်ဟစ်မိကာ ပေါက်ကွဲချင်လာ သည်။

သူ ချစ်နေကြောင်းကို ပွင့်က ဘာကြောင့်မသိရတာလဲ ယောကျ်ားလေးတစ်ယောက် ချစ်မချစ် မိန်းကလေးတွေရဲ့ အတ ပညာနဲ့ သိနိုင်တယ်ဆိုရင် ပွင့်က သူချစ်နေကြောင်းကို ဘာကြော





ရတာလဲ။ ဒါမှမဟုတ် သိရက်သားနှင့် မသိချင်ယောင်ဆောင် တာလား။

"ပွင့်ဟာ ကိုကိုလေးတို့ရဲ့သဘောအတိုင်း နေခဲ့ပါတယ်။ သေမဲ့ ဘဝရေးနဲ့ပတ်သက်တဲ့နေရာမှာတော့ ဘယ်သူ့အမိန့်ကိုမှ မနာခံ တော့ဘူး"

"မိုးစက်ပွင့်"

"..........."

"နေလင်းနောင်ကို မင်း ဘယ်အတိုင်းအတာထိ ယုံကြည်နေ လဲ"

"ယုံတယ်...ကိုနေဟာ ပွင့် ချစ်သလို ချစ်တာ ပွင့် တယ်"

မိုးစက်ပွင့်ရယ်...

ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးရဲ့ ပါးစပ်ကနေ တခြား တစ်ယောက်ကို ချစ်ပါတယ်လို့ တတွတ်တွတ် ပြောနေတာကို ငါ ဘယ်လိုနှလုံးသားနဲ့ နားထောင်ရမလဲ။

ငါ့ရင်ထဲ မင်းမြင်အောင် မြင်ကြည့်ပေးစမ်းပါ။

"ကိုကိုလေးဟာ ပွင့်အစ်ကိုတစ်ယောက်အနေနဲ့ လေးစား တယ်။ ရှိသေခဲ့တယ်။ ဒါပေမယ့် ဒီလောက်ထိ လိုက်ကန့်ကွက်နေဖို့ ဘူးလို့ ပွင့် ထင်တယ်"

"လိုတယ်...လိုက်မကန့်ကွက်ရင် ငါ့ချစ်သူကို ငါ ဒီတိုင်း ပိုက်အရှုံးပေးလိုက်ရမလား"

"ဘာအဓိပ္ပာယ်လဲ ကိုကိုလေး"

မထင်မှတ်ဘဲ ပြောထွက်မိသော စကားတွေကြောင့် ပွင့် းမလည်သလိုမေးတော့ သူ ကြောင်အမ်းသွား၏။

သို့သော် မထူးစိတ်ပိုက်ကာ ဖွင့်ပြောဖို့ သူ ဆုံးဖြတ်လိုက်သည်။

"ကိုကိုလေး မင်းကို ချစ်တယ်"

"ဘယ်လို"

ပွင့်ရဲ့မျက်လုံးတွေက မယုံကြည်နိုင်မှုဖြင့် အံ့သြတုန်လှုပ်လျက်။ ယိုင်ခနဲ ဖြစ်သွားသော ကိုယ်လေးကို လှမ်းထိန်းပေးတော့ ပွင့်က သူ့လက်တွေကို အတင်းဖယ်ရင်း မျက်ရည်တွေ တစ်ပေါက်ပေါက် ကျလာခဲ့၏။

သူ ပွင့်ရဲ့လက်ကို မလွှတ်နိုင်ဘဲ…

"အဲဒီတော့ ဒီနေ့ ဒီချိန်ကစပြီး ကိုကိုလေးကိုပဲ ချစ်ရမယ်။ ဘယ်သူ့ကိုမှ တမ်းတနေတာ မလိုချင်ဘူး"

"ကိုကိုလေး ရူးနေတာလား။ ကိုကိုလေး မတရားဘူး"

ပွင့်က နားကို လက်နှင့် တင်းတင်းပိတ်ကာ အားရပါးရ အော်သည်။

သူ ပွင့်ရဲ့လက်တွေကို အတင်းဆွဲဖယ်ရင်း-

"ငါ့ကို မတရားဘူး…လာမပြောနဲ့၊ အဲဒီမတရားတာက မင်းကို ချစ်ခဲ့မိမှ မတရားတတ်တာ"

"မချစ်နဲ့…မချစ်နဲ့ တောင်းပန်ပါတယ် ကိုကိုလေးရယ်"

ပွင့်က တုန်ခိုက်ခိုက်ပြောရင်း စာကြည့်စားပွဲကို မှီ၍ ထိုင်ကျ သွားသည်။ ဒူးပေါ်မှာ မျက်နှာမှောက်ပြီး ရှိုက်၍ငိုလေသည်။

ညီမလေးရယ်…မင်းသာ ကလေးဘဝက ဒီလိုငိုခဲ့ရင်





ကိုယ်က မတတ်နိုင် မတိုင်ဘူး။ မင်းကို တယုတယနှင့် မျက်ရည်တွေ သုတ်ပေးခဲ့ဖူးတယ်နော်။

ဒါပေမယ့် အခုချိန်မှာ ကိုယ်က အဲဒီလိုယုယရင် မင်းကကော ကလေးဘဝကလို ငြိမ်ခံနေမှာလား။

ပွင့်ကို ချော့မော့ချင်သည့်စိတ်တွေကို သူ ထိန်းချုပ်ထားစဉ် ပွင့်ကတော့…

"တောင်းပန်ပါတယ်…ပွင့်ကို ဒါလေးပဲ လိုက်လျှော့ပေးပါ။ ပွင့်တို့က မောင်နှမတွေလေ။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့စကားတွေကို ကြောက်ဘူးလား။ မသင့်တော်တဲ့ အတွေးတွေ ဘာလို့ ဝင်ခဲ့ရတာ လဲ ကိုကိုလေးရယ်"

"ပွင့်ရယ်"

တတွတ်တွတ် တောင်းဆိုနေသော ပွင့်ရဲ့စကားသံတွေကို သူ နားထောင်နိုင်စွမ်း မရှိတော့ချေ။ ရုတ်တရက် အပြင်သို့ ပြေးထွက်ခဲ့ စဉ် မယ်မယ်က တံခါးပေါက်မှာရပ်လျက်…

သူ မယ်မယ့်ကို ဘာစကားမှမပြောနိုင်ဘဲ အောက်ထပ်သို့ ဆင်းခဲ့၏။

"ပွင့်"

ဒေါ်ခင်ခင်ကြီးသည် သားရဲ့ခံစားချက်ကို သိလိုက်ရသောအခါ ရင်ထုမနာ ဖြစ်လိုက်မိသည်။

အစပိုင်းက သူမ သဘောမတူ။ သူမ သဘောတူလိုက်လျှင် သားလေး သိပ်ပြောရမည်ဟု ထင်ခဲ့သော်လည်း တကယ်တမ်း လက်တွေ့မှာ ပွင့်သည် သူမတို့ထင်သည်ထက်ပင် ခေါင်းမာလျက်

ရှိသည်။

"ပွင့်"

တံခါးကို တွန်းဖွင့်လိုက်စဉ် ပွင့်သည် ကြမ်းပြင်ပေါ်တွင် ထိုင်လျက် ခေါင်းငုံ့ငိုနေသည်။ သူမရဲ့ခေါ်သံကြောင့် အလန့်တကြား မော့ကြည့်သည်။

"မမကြီး"

ပွင့် ထိုင်ကျလာသည့် မမကြီးကို ဖက်ပြီး ငိုမိ၏။

"ပွင့်ကို ခွင့်လွှတ်ပါ မမကြီးရယ်"

"မမကြီး နားလည်ပါတယ်ကွယ်"

"ကိုကိုလေးက ပွင့်ကို..."

ပွင့် ဆက်ပြီးပြောမထွက်တော့ချေ။ သူမ စကားပြောလျှင် မမကြီး ဒေါသဖြစ်မည်လား။

"မမကြီး သိပြီးပါပြီ"

"ရှင်"

သူမ မမကြီးကို အံ့သြစွာ မော့ကြည့်မိ၏။ ဒါဆို ကိုကိုလေးကို မမကြီးက တိုက်တွန်းလေသလား။

မမကြီးက သူမကိုလွှတ်ကာ မတ်တတ်ထရပ်ပြီး ထိုင်ခုံမှာ ဝင်ထိုင်၏။

"ဒီလိုအဖြစ်ကို မမကြီး ဘယ်လိုမှ မလိုလားနိုင်ခဲ့ဘူး။ ပတ်ဝန်းကျင်က ဘယ်လိုပြောကြမလဲ။ ပွင့်ကို မွေးစားခဲ့တာ ဘာဆန္ဒမှမပါဘဲ အသန့်စင်ဆုံး မွေးခဲ့တာပါကွယ်။ အဲဒီအတွက် ခက်ခဲတဲ့ လူမှုစည်းကမ်းတွေပါနေလို့ တို့အပေါ် အထင်လွဲနေခဲ့တယ်ဆိုတာ





လည်း သိတယ်"

မှန်ကန်သောစကားတွေမို့ ပွင့် မဟုတ်ပါဘူး မမကြီးရယ်ဟု လည်း မငြင်းရဲချေ။ ပွင့် ကျေးဇူးရှင်တွေကို ပြစ်မှားမိခဲ့တာပါလား။

"သူ့ကို ပပဝတီနဲ့ သဘောတူခဲ့တာပါ။ အမှန်တိုင်းပြောရရင် ညည်းနဲ့ သဘောမတူတာ။ ချွေးမတစ်ယောက်အနေနဲ့ လက်မခံနိုင်လို့ မဟုတ်ဘူး။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုတွေ၊ သဇင်မြိုင်ရဲ့သိက္ခာတွေ ကျဆင်းမှာစိုးလို့။ ပြီးတော့ တို့မုန်းခဲ့တာက ဒီလိုမဟုတ်ခဲ့ဘူးလေ။ ညည်းကော သားလေးကို..."

"ပွင့် ကိုကိုလေးကို အစ်ကိုရင်းတစ်ယောက်လိုပဲ ချစ်တာပါ မမကြီး"

"အင်း...ခက်လိုက်တာကွယ်"

"..................."

"ဒါနဲ့ သား ပြောလိုက်သံကြားရတယ်။ ပွင့်မှာ ရည်းစားရှိနေတယ်ဆို...သူက ဘယ်သူလဲ"

"ပွင့်တို့ရဲ့ကျောင်းက ဂုဏ်ထူးတန်းအစ်ကိုကြီးပါ"

"အင်းလေ...ဘာပဲပြောပြော အရွယ်ရောက်နေပြီဖြစ်တဲ့ မိန်းကလေးတစ်ယောက်အတွက် ရည်းစားသနကိစ္စဆိုတာ ပြဿနာမှ မဟုတ်ဘဲ။ ပတ်ဝန်းကျင်ရဲ့ မေးငေါ့ကဲ့ရဲ့မှုကို မခံနိုင်လို့ ဘိုးဘွား အစဉ်အဆက်က ထိန်းသိမ်းလာခဲ့တဲ့ သဇင်မြိုင်ရဲ့သိက္ခာဟာ ခင်ခင်ကြီးဆိုတဲ့တို့လက်ထက်ရောက်မှ ကျဆင်းရမယ်ဆိုရင် အတော်ဆိုးသွားပြီ"

"ပွင့် နားလည်ပါတယ် မမကြီး"

"ညည်းကောင်လေးက အမုန်တကယ် ချစ်နေတယ်ဆိုရင်လည်း ကံကောင်းပါစေကွယ်။ ဒါပေမယ့် မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာကျဆင်းစေမယ့် အပြုအမူတွေရယ်၊ နောက်ပြီး လက်မထပ်ခင်မှာ လွန်ကျူးတာမျိုး မဖြစ်အောင် ကြိုးစား…ဟုတ်လား။ တကယ်လို့ သူ ကျောင်းပြီးရင် သဘောတူပေးမယ်။ အခုချိန်မှာ အနေအထိုင်ဆင်ခြင်ပါ"

"မေမေကြီးရယ်"





# အခန်း (၂၄)

ထိုနေ့ ထိုချိန်ကစ၍ ကိုကိုလေးသည် ဘယ်သူနှင့်မှ စကားပြောတာမျိုးလည်း မရှိတော့ချေ။

ပွင့်နှင့် မျက်နှာချင်းဆိုင်တွေ့လျှင်တောင် မျက်နှာလွဲသွားတာမို့ စိတ်ထဲမှာတော့ ဝမ်းနည်းမိသည်။

ကျောင်းလည်း လိုက်မပို့ပေးတော့ချေ။ ပွင့်ကတော့ ကိုယ့်ကြောင့် သခင်မြင့်ရဲ့အိမ်ကြီး၌ ပျော်ရွှင်မှုများ ဆိတ်သုဉ်းသွားရသည်ကို စိတ်မကောင်းဖြစ်မိသည်။

ကိုနေ့ကို ဒီအကြောင်းနှင့်ပတ်သက်၍ ပြောပြမိတော့…

"ဘယ်တတ်နိုင်မလဲ ပွင့်ရယ်…ဒါပေမယ့် ပွင့်ကို အထူး သတိပေးချင်တာတစ်ခု ရှိတယ်။ အဲဒါက ကိုယ့်ကြောင့်ဆိုတဲ့စိတ်နဲ့ မရိုးသားတဲ့ တောင်းဆိုမှုတွေရှိခဲ့ရင် အားနာပါးနာနဲ့ လက်မခံနဲ့နော်။ ဒီလိုပြောလို့ ကိုနေ မတရားဘူးပြောလည်းရတယ်။ ကိုယ့်ဘက်က တော့ ပွင့်နဲ့ ခွဲရဖို့ အိပ်မက်ထဲတောင် ထည့်မမက်ဘူး"

ဒီလိုပြဿနာတွေ တအုံနွေးနွေး ဖြစ်နေချိန်မှာပဲ မမလေးက ကိုမင်းညိုနှင့် လက်ထပ်၏။ ထိုလက်ထပ်ပွဲမှာ မမလေးက ပွင့်နှင့် ကိုကိုလေးကို သတိုးသမီး၊ သတိုးသားအရံအဖြစ် ရွေးသောအခါ မေမေကြီးက-

"ဒါ မဖြစ်သင့်ဘူး…နှင်း"

"ဘာလို့လဲ မယ်မယ်"

"အခု ဘာတွေဖြစ်နေသလဲ သမီး မသိချင်ယောင်ဆောင်နေ တာလား။ ဒါဟာ သားလေးအတွက် မီးပွားပဲဆိုတာ သမီး နားလည် ထားသင့်တယ်။ သားလေးရဲ့စိတ်ထဲမှာ ဘယ်လောက်ထိ ခံစားနေရ သလဲ…မွေးထားတဲ့ မယ်မယ်ကတော့ ကောင်းကောင်းကြီး သိနေ တယ်။ မပိုင်ဆိုင်နိုင်တဲ့ဘဝမှာ ဝေးသထက်ဝေးနေတာ ကောင်းပါ တယ်"

ထို့ကြောင့်သာ ထိုအစီအစဉ် ပျက်သွား၏။

မင်္ဂလာဆောင်ပြီးသည့်နေ့မှာပဲ ကိုမင်းညိုက သူ့မိဘရဲ့အိမ်မှာ မမနှင်းကို ခေါ်သွားဖို့ စီစဉ်ထားခဲ့၏။

မင်္ဂလာပွဲပြီးတော့ မမလေးက မေမေကြီးကို ကန်တော့၏။

မေမေကြီးကတော့ တစ်ဦးတည်းသာရှိသော သမီးဖြစ်သူကို





မခွဲနိုင်ချေ။ သျှောင်နောက်ဆံထုံးပါ ထည့်လိုက်ရသော်လည်း ခံစား နေရသည်။

သို့သော် သမီးဖြစ်သူပါ စိတ်မကောင်းဖြစ်မည်ဆိုးသဖြင့် ထည့် မပြောချေ။

မေမေကြီးကို ကန်တော့ပြီး မမလေးက ကိုကိုလေးကို ကန်တော့၏။ ထို့နောက် ပွင့်ဆီလျှောက်လာကာ-

"မမလေး စကားနည်းနည်းပြောချင်တယ် ပွင့်…ခြံထဲခဏ သွားကြရအောင်"

"ဟုတ်ကဲ့"

ခြံထဲ၌ တည်ဆောက်ထားသည့် အပန်းဖြေအဆောက်အအုံထဲ၌ ထိုင်မိကြစဉ် ဘာစကားမှ မပြောဖြစ်ကြသေးချေ။

မမလေးကတော့ မကြာခင် ခွဲခွာရတော့မည့် ခြံလေးကို ငေးကြည့်ရင်း မျက်ရည်ဝဲနေ၏။

ပွင့်ကိုယ်တိုင် ငိုချင်နေသည်။

သို့သော် မမလေးပါ ပို၍ဝမ်းနည်းမည်ဆိုးသောကြောင့် ငြိမ်သာ နေမိစဉ် ခဏမှာ မမလေးက ပွင့်ကို လှည့်မကြည့်ဘဲ-

"လိမ္မာနော်…ပွင့်"

"စိတ်ချပါ မမလေးရှင်"

"အခုချိန်ကစပြီး မယ်မယ့်နားမှာ အမြဲနေဖို့ဆိုတာ မဖြစ်နိုင် ဘူးလေ။ ဒါကြောင့် ဘယ်ကိစ္စမဆို မယ်မယ်နဲ့ပတ်သက်တဲ့ကိစ္စမှန် သမျှ မမလေး ပွင့်နဲ့ပဲ စိတ်ချချင်တယ်။ ပြီးတော့ အရေးကြီးတဲ့ကိစ္စ မဆုံးဖြတ်နိုင်တဲ့ကိစ္စတွေ ပေါ်လာရင် မမလေးကိုလည်း ဖုန်းဆက်လို့

ရနေတာပဲမဟုတ်လား''

''ဟုတ်ကဲ့''

မမလေးက ပွင့်မျက်နှာကို လှည့်ကြည့်လာပြီး သက်ပြင်းအသာချသည်။ နောက်မှ-

''အခုပြောရမယ့်ကိစ္စက ပွင့်နဲ့ပတ်သက်တဲ့ကိစ္စ''

''ရှင်...ပွင့်ကိစ္စ''

''ဟုတ်တယ်...အခုဆို ဒီအိမ်မှာ အတော်လေး ရှုပ်ထွေးနေတယ်''

''အဲဒီအတွက် ပွင့်လည်း စိတ်မကောင်းပါဘူး မမလေးရယ်''

''ပွင့်ကြောင့်ရယ်လို့လည်း မဟုတ်ပါဘူးကွယ်''

''မမလေး''

သူမ ကြားဖြတ်ခေါ်လိုက်သောအခါ မမလေးက လက်ကာပြကာ-

''ခဏနေဦး...တို့ပြောစရာရှိသေးတယ်။ ကိုကိုလေးနဲ့ ပတ်သက်တဲ့ကိစ္စပါ''

ကိုကိုလေးဆိုသည့် အမည်နာမပါလာသဖြင့် ပွင့် မျက်လွှာချ၍ ငြိမ်နေမိသည်။

ဘာကိုပြောချင်တာလဲ မမလေးရယ်။ ကိုကိုလေးနဲ့ပတ်သက်ရင် ဘယ်သူဘာပြောပြော ပွင့်ကတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းသလို ခံစားရပါတယ်။

ပွင့် ကျေးဇူးရှင်တွေကို ကျေးဇူးမကန်းချင်ပါဘူး။ ဒါပေမယ့် ဘဝရေးနဲ့ပတ်သက်လာတဲ့အခါမှာတော့-





''မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်လာတော့ ပွင့် ကိုကိုလေးကို စိတ်ဆိုးနေသလား''

''မဟုတ်တာ မမလေးရယ်...ပွင့်က ဘာကြောင့်နဲ့မှ ကိုကိုလေးကို စိတ်မဆိုးသင့်ဘူးဆိုတာ သိပါတယ်''

''ဒီခုအချိန်မှာ ကျေးဇူးတရားဆိုတာ ခဏမေ့ရအောင်လား ပွင့်''

''...............''

''ပွင့်ချစ်သူကို အရမ်းချစ်သလား''

''ဟို''

ပွင့် မမလေးကိုလည်း အားနာစွာ ဘာပြောရမှန်းမသိဖြစ်နေစဉ်

''အမှန်အတိုင်းပြောပါကွယ်...မမလေး အပြစ်မပြောပါဘူး''

''ဟုတ်...ချစ်ပါတယ် မမလေး''

''ကိုကိုလေးကိုကော''

မမလေးရဲ့မေးခွန်းက ဘယ်ဆီကို ဦးတည်နေမှန်းမသိသည်နှင့်

''ကိုကိုလေးကိုတော့ အစ်ကိုတစ်ယောက်လိုပဲ ပွင့် ချစ်တယ်''

''ဪ...''

မမလေးက ဪဟု ရေရွတ်ကာ အတော်ကြီးကြာအောင် ငိုင်တွေသွား၏။ ပြီးနောက် အားယူပြုံးပြကာ-

''အင်းလေ...အချစ်ဆိုတာ အနေနီးတာဝေးတာနဲ့မှ မဆိုင်တာ ကိုကိုလေးကိုတော့ အပြစ်မတင်ပါနဲ့ကွယ်။ လူတိုင်းလူတိုင်းမှာ ခံစားချက်ဆိုတာ ရှိတယ်။ အဲဒီခံစားချက်တွေက တူတာလည်းရှိချင်ရှိမယ်။ မတူတာလည်း ရှိနိုင်တာပဲလေ။ ကိုကိုလေးက သူ့ဘာသာ ချစ်နေတာ

လည်း ခွင့်လွှတ်လိုက်။ မွင့်ကလည်း ကိုယ့်ချစ်သူကိုပဲ ရွေးချယ်မ... ဆိုရင် အားမနာစတမ်း ရွေးချယ်လိုက်။ အချစ်မပါဘဲ ကျေးဇူးတ... ကြောင့် လက်ထပ်ရမယ်ဆို အိမ်ထောင်တစ်ခုဟာ ဘယ်လို... မတည်မြဲဘူးလို့ တို့က ခံယူထားတယ်''

''ကျေးဇူးတင်ပါတယ် မမလေးရယ်''

''ဒါပေမယ့် တို့ ကိုကိုလေးအတွက်တော့ စိတ်မကောင်းဘူ... ကွယ်။ သူဟာ ဒီအသက်အရွယ်ထိရောက်ပြီး ဘယ်သူ့ကိုမှ ချစ်တ... ကြိုက်တယ် မပြောခဲ့ဘူး။ မင်းအတွက်နဲ့မှ ဒါကလည်း ဝဋ်တစ်မျိုး... လေ။ ဒါက မွင့်ကို မမလေး အပြစ်ပြောနေတာ မဟုတ်ဘူးနော်''

''မွင့် နားလည်ပါတယ် မမလေး''

''အရာရာအတွက် တို့ စိတ်ချမယ်နော်''

''စိတ်ချပါ မမလေး...ကျေးဇူးတွေ ဒီဘဝမှာ မဆပ်နိုင်ခဲ့ရ... တောင် ကျေးဇူးမကန်းမိဖို့ မွင့် ကြိုးစားပါ့မယ်''





# အခန်း (၂၅)

ဘုရားပန်းလဲနေချိန် ကိုကိုလေးက ဘုရားခန်းထဲသို့ ဝင်လာ၏။ မွင့်က ဘုရားသောက်တော်ရေခွက်တွေကို သယ်ပြီး ကိုကိုလေး ...ဖြတ်တော့-

''မွင့်...ခဏနေဦး၊ စကားနည်းနည်းပြောချင်တယ်''

''မွင့်...မွင့် မအားသေးဘူး ကိုကိုလေး''

''မိုးစက်မွင့်''

မိုးခြိမ်းသကဲ့သို့ ဟိန်းထွက်လာသည့်အသံကြောင့် မွင့် ...ကိုယ်လုံး တုန်သွားရ၏။ သောက်တော်ရေခွက်တွေက မွင့် ...ထဲမှာ တလှုပ်လှုပ်နှင့်။

ကိုကိုလေးက ပွင့်လက်၌ရှိသော သောက်တော်ရေခွက် လွှဲပြောင်းယူပြီး စားပွဲပေါ်တင်လိုက်၏။ ပြီးနောက် ပွင့်ဘ... လှည့်ကာ-

"ပွင့်နဲ့ ကိုကိုလေး လက်ထပ်မယ်"

"မဖြစ်နိုင်တာ"

မမျှော်လင့်ထားခြင်းကြောင့် 'မဖြစ်နိုင်တာ' ဆိုတဲ့ ... ကလွဲ၍ ပွင့်၌ ရုတ်တရက် စကားဆိုစရာမရှိချေ။

ပွင့် ကိုကိုလေးကို မော့ကြည့်ပြီး-

"ပွင့်မှာ ချစ်သူရှိတယ်။ အဲဒါ ကိုကိုလေး သိနေရက်နဲ့"

"သဘောမကျဘူးလို့ ပြောထားတယ်လေ"

"ကိုနေ့မှာ ဘာအပြစ်ရှိလို့လဲ။ ဒီလိုနည်းနဲ့တော့ ... လေးတို့ရဲ့မိသားစုရဲ့ကျေးဇူးကို မဆပ်ပါရစေနဲ့။ ပွင့် တောင်း... ပါတယ်"

"တောင်းပန်ပါတယ်...ဟုတ်လား၊ အဲဒါကို ငါ ဘာ... ရမလဲ"

"............"

"အခုပြောနေတဲ့ကိစ္စမှာ ငါတို့မိသားစုရဲ့ကျေးဇူးတ... ဘာမှမဆိုင်ဘူး...ပွင့်...မင်းကိုချစ်ခဲ့တာက မျက်စိအောက်... ကြီးပြင်းလာခဲ့တဲ့ ကလေးငယ်ရွယ်သေးတဲ့အချိန် စိတ်ကစားမှာ ... ဖွင့်မပြောခဲ့တာ။ ငါကတော့ ငယ်သေးတယ်လို့ ထင်နေချိန် ... မင်းကတော့ ရည်းစားနဲ့ပျော်နေတတ်ပြီ။ ဒီလိုသာသိခဲ့ရင် မင်း... ဆယ်တန်းအောင်ကတည်းက ကျောင်းဆက်တက်ခွင့် မပေး...





လက်ထပ်ခဲ့တယ်"

"ကိုကိုလေး ပွင့်ကို ထွက်ပေါက်မရှိအောင် ဘယ်လိုပဲ ထိန်းချုပ်ချုပ် ပွင့် ချစ်မှဖြစ်မှာပါ။ ပွင့်ကတော့ ကိုကိုလေးရဲ့ ညီမလေးလို ချစ်နေတာ ကျေနပ်ခဲ့တာ။ ဖြူစင်တယ်လို့ ထင်ခဲ့ တာ"

"ဘယ်တုန်းကမှ မဖြူစင်ခဲ့ဘူး။ ဒီတစ်ပတ်အတွင်း မင်္ဂလာပွဲ တစ်ခုဖြစ်မြောက်အောင် ငါ စွမ်းဆောင်နိုင်တယ်ဆိုတာ မင်း စောင့် ကြည့်လိုက် မိုးစက်ပွင့်။ ဖူးစာဆိုတာ ဦးရာလူတဲ့။ မင်း မြဲမြဲမှတ်ထား"

"ကိုကိုလေး"

ပွင့်သည် မခံနိုင်စွာ ကျုံးအော်ပစ်လိုက်မိတော့၏။

"ကိုကိုလေးနဲ့ ပွင့်က ဘာဆိုင်လို့လဲ"

"ဟုတ်တယ်..ဘာမှမဆိုင်လို့ လက်ထပ်ဖို့ ဆုံးဖြတ်တာလေ"

မခိုးမခန့်နှင့် ခပ်လှောင်လှောင် ပြုံးနေသည့်မျက်နှာက ပွင့် အာရုံမှာ ဝေဝါးလာ၏။

သူတို့ မွေးစားတာပဲ၊ ဘာလုပ်လုပ်ရသည်ဆိုသောသဘော နှင့် ပွင့်ရဲ့ခံစားချက်များကို ထည့်မတွက်ဘဲ သူဖြစ်ချင်တာ သူလုပ်ချင်တာပဲ ဖြစ်အောင်လုပ်ဖို့ ကြိုးစားနေသည်။

"ပွင့်ဟာ အရုပ်တစ်ရုပ် မဟုတ်ဘူး"

"အရုပ်မဟုတ်လို့ပေါ့... အရုပ်တစ်ရုပ်သာဆိုရင် ဘယ် လောက်ပေးဝယ်ရဝယ်ရ ဝယ်ပြီး အပိုင်သိမ်းထားလိုက်မယ်။ ပွင့်ဟာ အရုပ်တစ်ရုပ် မဟုတ်လို့ဘဲ ကိုယ့်မှာ ဘယ်သွားသွား ဘာလုပ်လုပ် နိုက်သွားတိုင်း ကိုယ်မပါခဲ့ဘူး။"

"အဟင်း...ဟင်း...ပွင့်သဘောကို ထည့်တွက်လို့ပဲ"

လှောင်မိသည်ဟုထင်သော်လည်း တကယ်တော့ ပွင့် ငိုနေခဲ့မိခြင်းသာ။

(သူဟာ ဒီအသက်အရွယ်ထိ ရောက်နေပြီ။ ဒါပေမယ့် ဘယ်သူ့ကိုမှ ချစ်ကြောင်းကြိုက်ကြောင်း မပြောခဲ့ဘူး။)

ယုံပါတယ် မမလေးရယ်…

ဒါကြောင့်လည်း အချစ်ဆိုတာ နားမလည်ဘဲ သူတစ်ပါးရဲ့ ချစ်ခြင်းကိုခွဲဖို့ ကြိုးစားနေခဲ့တာပေါ့။ ပွင့်ကတော့ ဒီလောက် ပိုင်နိုင်သေချာနေတာကို ဘယ်တော့မှ အဖြစ်ခံနိုင်မှာမဟုတ်ဘူး။

ခွင့်လွှတ်ပါ မေမေကြီးရယ်…

ပွင့်ဟာ ဘယ်သောအခါမှ ကိုယ့်သဘောနဲ့ကိုယ် လုပ်ဆောင်ခွင့်မရခဲ့ပါဘူး။ ဒါပေမယ့် စကားပုံတစ်ခုတောင် ရှိပါတယ်။

"ဖိလွန်းရင် ကွဲတယ်။ တင်းလွန်းရင် ပြတ်တယ်" တဲ့။

ချုပ်ချယ်လွန်းလို့ သာမန်ပြီးပြီးရောပုံစံနဲ့ ကိုနေ့ကို ချစ်ခဲ့ တာမဟုတ်ပါဘူး။ တစ်ဘဝစာအတွက် တစ်သက်တာအတွက် လက်ထပ်ဖို့ ကတိသစ္စာပြုဆုံးဖြတ်ခဲ့တာလေ။ အဲဒီထဲမှာ အများဆုံးကတော့ အချစ်ပဲပေါ့။

"ဒီတစ်ပတ်အတွင်း မင်္ဂလာဆောင်မယ်။ ခွင့်ပြုချက် တောင်းနေတာ မဟုတ်ဘူးနော်။ အသိပေးတာ။ ဒီညနေ ဖိတ်စာ သွားရိုက်မယ်"

"ကိုကိုလေး ဘာလို့လုပ်ချင်တာတွေ အရှုးထပြီး လျှောက်လုပ်နေတာလဲ။ သဇင်မြိုင်ရဲ့ဂုဏ်သိက္ခာ ကိုကိုလေးကြောင့် ကျဆင်းမှာ မကြောက်ဘူးလား"





"ကဲ့ရဲ့ (၇)ရက်၊ ချီးမွမ်း (၇)ရက်ပဲ။ ဘာမှ ဂရုမစိုက်ဘူး။ အခု သတိပေးတာက နေလင်းနောင်နဲ့ လုံးဝ အဆက်အသွယ် မလုပ်ပါနဲ့။ ထိပ်တိုက်ရင်ဆိုင်လာခဲ့ရရင် ဘယ်သူ့ကိုမှ ဂရုစိုက်မှာ မဟုတ်ဘူး"

ပွင့် ပြောမည့်စကားကို ထည့်တွက်ဖို့ စဉ်းစားစရာမလိုဘူးဆိုသည့်ပုံစံနှင့် ကိုကိုလေးက ပြောပြီး အခန်းထဲမှ ထွက်သွား၏။

ပွင့် မောပန်းလာသလိုဖြစ်နေသည့်ကြားမှ ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာ ချလိုက်၏။

မေမေကြီးတို့၊ ဒေါ်ညိုတို့ရဲ့အရိပ်အခြေကို ကြည့်ပြီး ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်၏။

သိပ်ကြာကြာ စောင့်စရာမလိုပါ။ ကိုနေ့ရဲ့အသံကို ကြားကြားချင်းပင်-

"ဟယ်လို"

"ကိုနေ ပွင့်ကို လာခေါ်ပါ"

"ဟင်"

"ပွင့် လမ်းထိပ်မှာ စောင့်နေမယ်"

"ပွင့် ဘာတွေဖြစ်နေတာလဲ၊ ကိုယ့်ကို ပြောဦးလေး"

"နောက်မှမေးပါ ကိုနေ…ပွင့် တောင်းပန်ပါတယ်"

"ကောင်းပြီ၊ ကိုယ် အခုပဲလာခဲ့မယ်"

ပွင့် ဖုန်းချပြီး အပေါ်ထပ်သို့တက်ဖို့ပြင်စဉ် အပေါ်ထပ်မှ မေမေကြီး ဆင်းလာ၏။ ပွင့် မလုံမလဲဖြစ်ကာ ရင်တွေတထိတ်ထိတ်နှင့် ခုန်လာ၏။

မေမေကြီးက ဖုန်းဆက်သံကို ကြားလိုက်သည့်ဟန်နှင့်-

"ဘယ်သူ့ဆီကဖုန်းလဲ မွင့်"

မေမေကြီးကိုတော့ တစ်ခါမှ မလိမ်ခဲ့ဖူးသဖြင့် ကုတုန်ကယင် ဖြစ်ကာ-

"မြတ်လေး ဆက်တာပါ မေမေကြီး"

"ဘာအတွက်လဲ"

အမြတ်မီး ထောင့်စုံအကွက်စုံမှ မေးတတ်သည့် မေမေကြီးရဲ့ အကျင့်ကို သိနေသဖြင့်-

"မနေ့က စာတွေ ကူးထားတာ။ ပြီးတော့ စာမေးပွဲအချိန်ဇယား ရေးထားပေးတာ အခုလာယူဖို့ ဆက်တာပါ မေမေကြီး"

"ဟုတ်လား"

မေမေကြီးက ဆိုဖာမှာဝင်ထိုင်ပြီး မွင့်ကို မော့ကြည့်ကာ ထိုင်ခုံ ဆီ ညွှန်ပြရင်း-

"ခဏထိုင်ဦး…စကားပြောစရာရှိတယ်…ပြီးမှသွား"

မွင့် ရင်တွေ ထိတ်ခနဲ ခုန်သွားရ၏။ ကိုနေ စောင့်နေပြီလား။ မွင့်ကော အချိန်မီထွက်နိုင်ပါ့မလား။

"ခဏပဲ"

မွင့် သက်ပြင်းအသာချပြီး ဝင်ထိုင်လိုက်၏။

"သားလေးက ဘယ်လိုမှ ပြောလို့မရ၊ တားလို့မရတော့ဘူး။ မနေ့က မေမေကြီးနဲ့ စကားတော်တော်လေး များခဲ့ကြတယ်။ ဒီ တစ်ပတ်အတွင်း မင်္ဂလာပွဲတစ်ပွဲ သူ့ဘက်ကဖြစ်အောင် လုပ်မယ်ဆို ပြီးလေ"





"မဖြစ်နိုင်လို့ပါ မေမေကြီး…မွင့်မှ ချစ်သူရှိတယ်"

မေမေကြီးက ခေါင်းကိုယမ်းပြီး-

"မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူးကွယ်…ကျေးဇူးတရားနဲ့ ညှိနှောင်တယ်လို့ပဲ ထင်ချင်ထင်…တို့တွေရဲ့ ဂုဏ်သိက္ခာထက် …လေးရဲ့ စိတ်ချမ်းသာမှုက ပိုပြီး အရေးကြီးတယ်လေ။ ဒါကြောင့် … မေတ္တာရပ်ခံချင်တာက သားလေးကို လက်ခံပြီး မင်းချစ်သူကို …စ်လိုက်ပါတော့"

"မေမေကြီး မတရားဘူး"

"ထင်ချင်သလို ထင်လိုက်ပါတော့။ ဒါပေမယ့် ဒီမင်္ဂလာပွဲကို …တော့ လက်ခံပေးပါ။ ဘာပဲပြောပြော သားလေးနဲ့မင်းကလည်း အခုမှ …တွေ့တဲ့ သူစိမ်းတွေမှမဟုတ်ဘဲ။ သားနဲ့ လက်ထပ်ပြီး သိပ်မကြာခင် …င်း ချစ်သူကို မင်း မေ့သွားလိမ့်မယ်လို့ တို့ အသေအချာပြောရဲတယ်"

"မေမေကြီးတို့အားလုံး မွင့်ကို အထင်သေးကြတယ်"

မွင့် ငိုရှိုက်ရင်း အိမ်ပြင်သို့ ပြေးထွက်ခဲ့၏။ မဖြစ်တော့။ ယခင် …တော့ မေမေကြီးသည် မွင့်ဘက်၌ရှိ၍ တော်သေး၏။ ယခုတော့ …ကိုလေးရဲ့ဆန္ဒကို လိုက်လျောလိုက်ပြီဆိုလျှင် မွင့်ဘက်၌ မည်သူမှ …နိုင်တော့ချေ။

ဤတော့ မွင့် ကိုနေ့ကို အားကိုးရုံမှလွဲ၍ ဘာမှမတတ်နိုင်ချေ။ ကိုနေ လာစောင့်မှစောင့်ပါ့မလား။

လမ်းထိပ်၌ ကားဘေးတွင် မတ်တတ်ရပ်လျက် စောင့်နေသော …နေကို မြင်သောအခါ မွင့် ဝမ်းသာရ၏။

ကိုနေကလည်း မွင့်ကိုမြင်တော့ စိုးရိမ်တကြီး ပြေးလာခဲ့သည်။

ပွင့် ငိုရှိုက်လာသည်ကို မြင်နေသည်ကိုး။

ထိုစဉ် လုံးဝ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကတော့ ...
တစ်စီးသည် ကိုနေ့ထံသို့ ဦးတည်မောင်းလာသောအခါ-

"ကိုနေ မလာနဲ့...ရပ်နေ"

"အား"

"ကိုနေ"

ပွင့်ရဲ့ သတိပေးသံတို့သည်လည်း အရာမဝင်တော့ချေ။ ...
ကြောင်တောင်တောင် ဖြစ်သွား၏။

ထိုကားအနက်ရောင်က ကိုနေကို ပွတ်ကပ်လျက် တိုက်...
သဖြင့် ကိုနေက လွင့်သွားကာ အုတ်တံတိုင်းနှင့် စောင့်မိလေ၏။

"ကိုနေ"

"ရပ်လိုက်စမ်း မိုးစက်ပွင့်"

ကားပေါ်က ဆင်းလာသူက ကိုကိုလေး။ သူ့မျက်နှာ...
တင်းမာအေးစက်လျက်။

"မင်းအတွက်နဲ့ ငါ လူသတ်ဖို့ ဝန်မလေးဘူးနော်"

ပွင့် ခြေလှမ်းတွေ ရပ်သွားရကာ လဲကျညည်းညူနေသော...
ကိုနေ့ဆီသို့ ကြည့်မိ၏။ ထိုစကားသံကို ကိုနေကလည်း ကြားပုံရ...
သွေးအလူးလူးကြားမှ-

"ပွင့်...ကိုနေ သေသွားလည်း ဘာမှမဖြစ်ဘူး။ မင်း သူ့...
လက်မထပ်ရဘူး"

"နေလင်းနောင်...မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

"အဲဒီလို မတရားမလုပ်ပါနဲ့ ကိုကိုလေး"





"မင်းလည်း လာစမ်း"

ကိုကိုလေးက ပွင့်ရဲ့လက်တစ်ဖက်ကို ကြမ်းတမ်းစွာ ဆောင့်ဆွဲပြီး အသင့်ဖွင့်ထားသောကားထဲ ဆောင့်တွန်းလိုက်၏။ နောက်တစ်ဘက်မှာ ဝင်ထိုင်ပြီး တံခါးကို လော့ခ်ချပစ်လိုက်၏။

"ကိုကိုလေး အဲဒီလိုမလုပ်ပါနဲ့...ကိုနေ သေသွားလိမ့်မယ်"

သွေးတွေ အလူးလူးအလိမ့်လိမ့်ဖြင့် ကိုနေက အုတ်တံတိုင်းကို စမ်းကာ မတ်တတ်ထရပ်ဖို့ ကြိုးစား၏။

ပွင့်နှလုံးသားတွေ သွေးတွေ ယိုစီးကျလာ၏။ မျက်ရည်တွေလည်း ထိန်း၍မရတော့ချေ။

"ငါ မေးမယ်။ သူ့ကို အသေခံမလား။ ငါ့ကို လက်ထပ်မလား"

"ကိုနေ့ကိုပဲ လက်ထပ်မယ်"

"ကောင်းပြီ"

"ရှူး"

"ဝရော"

ကားက အရှိန်နှင့် ကိုနေ့ဆီ ဦးတည်၍ မောင်းထွက်သွား၏။

ပွင့်က ထိတ်လန့်စွာ ကားစတီယာရင်ကို လွဲပြောင်းဖို့ အတင်းကြိုးစားပေမယ့် မရချေ။ ကိုကိုလေးကတော့ ဘာကိုမှ မမြင်နိုင်စွမ်းရှိပုံမရတော့ချေ။

ကားက ကိုနေနှင့် တဖြည်းဖြည်း နီးကပ်သွား၏။ ပွင့် ထိတ်လန့်လွန်းစွာ မျက်စိကို စုံမှိတ်၍-

"ဟင့်အင်း... ကိုနေ မသေရဘူး။ ရှင် ကျေနပ်တော့

ဦးသန့်ဇင်၊ ကျွန်မ ရှင့်ကို လက်ထပ်ပါ့မယ်"

"ကျီ"

"ပွင့် မင်းကို အဲဒီလိုဆုံးဖြတ်ခွင့် ကိုယ် မပေးနိုင်ဘူး"

"ပွင့် တောင်းပန်ပါတယ် ကိုနေရယ်။ ဒီလူကို လက်ထပ်ခဲ့ရပေမယ့် ဘယ်တော့မှ လက်ထပ်မှာမဟုတ်တာကို ပွင့် ကျိန်ဆိုပါတယ်"

"ပွင့်"

"ရှင် ကျေနပ်ပြီလား။ ရှင့်ကို အမှန်တကယ် လက်ထပ်ရမှာမှန်ပေမယ့် ကျွန်မရဲ့အမုန်းကို ရှင် ထာဝရခံစားသွားရမှာပါ ဦးသန့်ဇင်"

"ရတယ်...မုန်းချင်သလောက်မုန်း...အဓိကက မင်းကို ကိုယ် ပိုင်ဆိုင်ရဖို့ပဲ"





# အခန်း (၂၆)

သူနှင့်ပွင့် အနှောင့်အယှက်ကင်းစွာ လက်ထပ်ခဲ့ရသည်ဟု ထင်ခဲ့ပေမယ့် တကယ်တမ်း အနှောင့်အယှက်က ထိုအချိန်မှ စခဲ့၏။

သူနှင့်ပွင့် လက်ထပ်ပြီး တစ်လခန့်အကြာတွင် မယ်မယ် ကွယ်လွန်ခဲ့သည်။ ဒါတွေဟာလည်း သူ့အပြစ်မကင်းဘူးဆိုတာ သိနေမိ၏။

ဘာကြောင့်လဲဆိုတော့ မယ်မယ်မဆုံးခင် တစ်ရက်မှာ သူနှင့် ပွင့် ကြီးကျယ်စွာ ရန်ဖြစ်ကြလေသည်။

ဖြစ်ရသည့်အကြောင်းကတော့ ဘယ်သူက စခဲ့သလဲ အသေအချာ မဝေဖန်တတ်တော့ချေ။

သူ့အလုပ်ကိစ္စနှင့် ထိုနေ့က အလျင်လိုနေခဲ့သည်။

သူနှင့်လက်ထပ်သည့်အချိန်မှစ၍ ပွင့် ကျောင်းမတက်[illegible] မရမက လိုက်၍တားမြစ်မိခဲ့သည်။

အဓိပ္ပာယ်မရှိမှန်း သူ သိသော်လည်း ပွင့်ကို သူ စိတ်မချခဲ့[illegible]

ပွင့်ကတော့ ယခင် ပွင့်နှင့် လုံးဝ ခြားနားသွားခဲ့လေပြီ။ [illegible] က နူးညံ့သိမ်မွေ့သည့် ပွင့်က သူတို့မိသားစုနှင့် စကားပြောရာ[illegible] လုံးဝ ပြေပြစ်မှုမရှိတော့ချေ။ အဆိုးဆုံးကတော့ သူ့အပေါ်[illegible] ဖြစ်သည်။

လုပ်ပေးသင့်သည်ဟု ထင်တာမျိုးကို လုပ်ပေးပေမယ့် ရင်[illegible] သည့်အသုံးအနှုန်းတွေ မပြုခဲ့ချေ။ စက်ရုပ်ဆန်ဆန် ဖြစ်သွားခဲ့သည်[illegible]

သို့သော် သူ ကျေနပ်ပါသည်။ ဒါဟာလည်း ယခုအတွ[illegible] ခဏတာမှန်း သူ မသိခဲ့ချေ။

နောက်ပြီး ပွင့် ကတာတွေ၊ သီချင်းဆိုတာတွေကို သူ [illegible] ခွင့်မပြုနိုင်ချေ။

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသူ ပွင့်သည် ဘယ်[illegible] အိမ်ထောင်သည်ဟု ကျိန်ပြောလျှင်တောင် ယုံမည့်သူမရှိချေ။

ယခုတော့ ပွင့်သည် သူ မကြိုက်ဘူး၊ မလုပ်ရဘူးဆိုသည့်အ[illegible] များကို ပေါ်တင်ဆန့်ကျင်တတ်ခဲ့လေပြီ။

ယခုလည်းကြည့်…သူ့ကားပေါ်တီကိုအောက် ရပ်တာကို[illegible] ရက်နှင့် ညှော်ခန်းထဲ၌ အကပဒေသာခွေကို ကြည့်၍ လက်က[illegible] တွေက စည်းချက်ညီစွာ လှုပ်ရှားနေ၏။

ကိုယ့်ကို မချစ်မနှစ်သက်သော မိန်းကလေးတစ်ယောက်[illegible]





[illegible]ထပ်ထားမိမှတော့ ဒီဒဏ်တွေကို ခံရမယ်မှန်း သူ သိခဲ့ပြီပဲ။

ပွင့်ကို ထူးပြီး ရန်လုပ်မနေတော့ဘဲ အပေါ်ထပ်သို့ သူ တက်ခဲ့[illegible]သည်။ သူ့အတွက် ဝန်ထမ်းလျှောက်ရန် ဖြည့်ထားသော ဖောင်စာရွက်[illegible] ပျောက်နေသဖြင့် သူ ဟိုဒီလှန်လှော ရှာဖွေမိသည်။

ဘယ်နားထားခဲ့လို့ ထားခဲ့မိမှန်း မစဉ်းစားတတ်တော့ချေ။

ယခုတစ်လော သူ့ဦးနှောက်ဟာ တွေးစရာများလွန်းသဖြင့် [illegible]ရာ စိတ်နှင့်လူနှင့် မကပ်နိုင်ချေ။ ဘာလုပ်လုပ် အမှတ်အသား[illegible]ထားခဲ့သည့်သူက အခုအချိန်မှာ ဘာပဲလုပ်လုပ် အမေ့မေ့အလျော့[illegible]နှင့်။

ဟော…

ဗီရိုရဲ့အစွန်ဖျားမှာ တင်ထားတာတွေမှ သူ စိတ်အေးစွာ လှမ်းဆွဲ[illegible]လိုက်၏။

ထိုစဉ် စာရွက်တွေကို ဆွဲချလိုက်သဖြင့် စာရွက်အောက်မှ [illegible]ဝတ္ထုသည် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသဖြင့် သူ ပြုတ်ကျ[illegible]သည့် အရာဝတ္ထုကို ငုံ့ကြည့်မိစဉ် ခဏမှာတော့…

"ဟင်"

သူ မျက်နှာပျက်ပျက်နှင့် ထိုအရာဝတ္ထုကို ကတုန်ကယင် [illegible]ကောက်ကိုင်လိုက်မိ၏။ ဆေးလုံးတွေကို လက်ညှိုးနှင့် ညွှန်ပြထား[illegible]သည့် တားဆေးကဒ် ဖြစ်၏။

ပွင့်သည် ဘာကြောင့် ဒီလိုအတတ်တွေ၊ အကြံအစည်တွေ ရှိနေ[illegible]ည်း။ သူ့ရဲ့မျက်လုံးတွေ နီရဲကာ ဒေါသက ထိန်းချုပ်ဖို့ ခက်ခဲ[illegible]သည်။

သူ့စာရွက်တွေကို ဖြစ်သလိုပစ်ခဲ့ပြီး ခြေလှမ်းကျဲကြီးတွေနှင့် အောက်ထပ်သို့ဆင်းခဲ့၏။

"မိုးစက်ပွင့်"

သူ့ရဲ့ဒေါသတကြီး ခေါ်သံကြောင့် သူမက မော့ကြည့်ရုံကြည့်ကာ မျက်နှာပြန်လွှဲသွား၏။

"တောက်"

သူ့အပေါ်မှာ ချစ်ကြောက်ရိုသေခဲ့တဲ့ မိန်းကလေးက ဘာကြောင့် ဒီလောက်ထိ စိတ်မာတ်ခက်ထန်နေရတာလဲ။ သံယောဇဉ်တစ်ခုနှင့် အိမ်ထောင်ရေးသည် တည်မြဲနိုင်သည်ဆိုတာ မဟုတ်ဘူးလား။

"ဒီမှာ…လာခဲ့စမ်း၊ မင်းနဲ့ ငါ ဖြေရှင်းစရာရှိတယ်"

သူ ပြောပြီး အပေါ်ထပ်သို့ တက်ခဲ့၏။ တော်သေးရဲ့။ ဧည့်ခန်းထဲတွင် မယ်မယ် မရှိပေလို့။

သူ့စာကြည့်ခန်းထဲရောက်တော့ ငွေရောင်တားဆေးကဒ်ကို စားပွဲပေါ် ပစ်တင်လိုက်၏။

သူ့စိတ်ထဲတွင် ယူကျုံးမရသည့်စိတ်တွေနှင့်…

ပွင့် လုပ်ရက်လွန်းသည်။ သူ့အပေါ် ဘယ်လိုမှ မချစ်ခင်နိုင်တော့သော ပွင့်ကို ပြောင်းလဲစေနိုင်သည့်အရာမှာ ရင်သွေးရတနာ မဟုတ်လား။ ယခုတော့ ပွင့်က မိခင်လောင်းတစ်ယောက်ဖြစ်ဖို့အရေးထက် သူမရဲ့အလှကို ဦးစားပေးလွန်းသည်။

"ဘာရှင်းစရာရှိလို့လဲ"

ပြတ်တောက်တောက်အသံနှင့် ပွင့်က ဝင်ဝင်ချင်း မေး၏။ သူ





မဖြေသေးဘဲ တံခါးကို ပြေးပိတ်လိုက်၏။

ကိုယ့်မိုက်ပြစ်ကြောင့် ကိုယ့်အထုပ်ကိုယ်ဖြေသလို ဖြစ်မည် ဆိုးသောကြောင့် သူ့ကို အေးစက်စက် ပြန်ကြည့်နေသော ပွင့်ကို ဒေါသတကြီးနှင့်ကြည့်ကာ စားပွဲပေါ် လက်ညှိုးထိုးပြပြီး-

"ဒါ ဘာလဲ"

"ဟင်"

ပွင့်သည် ထိုအရာကို မြင်သွားပေမယ့် ဘယ်လိုအမူအရာမှ မရှိဘဲ သူ့ကို မနိုးမခန့် စိုက်ကြည့်ပြီး-

"ရှင် မြင်နေတာပဲ…ဘာလို့ ထပ်မေးနေတာလဲ"

"မင်း အတော်ရက်စက်တဲ့ မိန်းမပဲ"

"အဟင်း…ဒါကတော့ ရှင်ပေးသလောက် ကျွန်မက ပြန်ပေးခဲ့တာပဲ။ ကျေးဇူးတရားနဲ့ ချည်နှောင်ပြီး ရယူခဲ့ပေမယ့် ကျွန်မ ရှင့်ကို လုံးဝ မချစ်ဘူး။ ကိုနေ သေမှာကြောက်လို့ ရှင့်ကို လက်ထပ်ခဲ့ပေမယ့် ရှင်နဲ့ပတ်သက်တဲ့ ဘယ်လိုအရာကိုမှ ကျွန်မရဲ့ခန္ဓာကိုယ်ထဲ ဒီးဝင်မခံနိုင်ဘူး"

"အဲဒါ လူ့အသက်တစ်ချောင်းကို သတ်တာ။ ဒါ မဖြစ်သင့်ဘူး။ ငါ ဘယ်လောက်ထိ မျှော်လင့်ရှူးသွပ်ခဲ့ရသလဲ။ မင်း နည်းနည်းမှ ကိုယ်ချင်းမစာဘူး။ မင်းဟာ အတော်ယုတ်မာတဲ့ မိန်းမပဲ။ ငါ… ငါ့ရဲ့ရင်သွေးကို ဘယ်လောက်ထိ မက်မောခဲ့သလဲ"

"ရှင်ကသာ မက်မောတာ၊ ညက်ညောတာ လာပြောမနေနဲ့။ ရှင်နဲ့ ဘဝဆက်တိုင်း ရေစက်ဆုံရမှာကြောက်လို့ ငရဲခံရလည်း ခံရပလေစေ။ မျိုးရိုးကို အားကိုး၊ ကျေးဇူးတရားအားကိုးတွေနဲ့ ချည်နှောင်

ခဲ့တာ။ ရှင်တို့ဟာ မွေးစားခဲ့၊ မသန့်စင်ဘဲ အသံကောင်းဟစ်နေချင်သေးတယ်။ ဒီအတွက် ရှင်တို့အားလုံး တူသောအကျိုးပေးရမယ်လို့ ကျွန်မ ကျိန်ထားတယ်"

"မင်း...တောက်"

မွင့်က သူ့ဒေါသကို ရှိလေသည့်မထင် မခိုးမခန့် ပြုံး၍-

"ဒီအကြောင်းကို ဘာမှရေးကြီးခွင်ကျယ် လုပ်မနေနဲ့။ ကျွန်မကတော့ တားရမှာပဲ"

"နေဦး"

ထွက်သွားဖို့ပြင်နေသည့် မွင့်ကို သူ အလောတကြီး လှမ်းတားလိုက်၏။

"မင်း ငါ့ရင်သွေးကို ဘာမှထပ်မလုပ်ပါနဲ့...ငါ...ငါတောင်းပန်ပါတယ်။ မိခင်တစ်ယောက်အနေနဲ့လည်း မင်းဟာ တော်တော်ကြီးလေးတဲ့အပြစ်ကို ကျူးလွန်ရာရောက်နေပြီနော်"

"ဒါတွေလာပြောမနေနဲ့...မိုးစက်မွင့်ရဲ့ဘဝဟာ သေမထူး နေမထူးပါ။ ရှင် ဒီလောက်တမ်းတနေရင် ရှင်နဲ့ကျွန်မ ကတိတစ်ခု လုပ်မယ်"

"ဘာကတိလဲ"

သူ အလောတကြီး မေးလိုက်တော့-

"သိပ်မလောပါနဲ့လေ...ရှင် လက်ခံနိုင်မှာ"

"မင်း ပြောကြည့်လေ"

မွင့်သည် သူ့ကို လုံးဝမကြည့်ဘဲ-

"ရှင် သိပ်မက်မောနေတဲ့ ဒီကလေးကို မွေးပေးဖို့ ကျွန်မ





ကြိုးစားမယ်"

"ဒီအတွက် ကိုယ်က မင်းကို ဘာပြန်ပေးရမလဲ"

"ကျွန်မနဲ့ ရင်းရင်းနှီးနှီး ပတ်သက်ဖို့မပြောနဲ့၊ စကားပြောဖို့တောင် ရှင် မကြိုးစားရဘူး။ ကွာရှင်းဖို့ မတောင်းဆိုတာကတော့ မိမေကြီးရဲ့ ကြွင်းကျန်တဲ့ကျေးဇူး၊ ဂုဏ်သိက္ခာကို ငဲ့ကွက်သောအားဖြင့်..."

"ငါ မင်းကို မစွန့်လွှတ်နိုင်ဘူး မွင့်"

သူ တုန်လှုပ်စွာပြောသောအခါ မွင့်က အပေါ်စီးမှ ပြုံးကာ ခေါင်းကို ဟန်ပါပါ ထွန့်ရင်း-

"ဒါကတော့ ရှင့်သဘောပဲလေ။ တကယ်လို့ သဘောတူတယ်ဆိုရင်လည်း ဒီကလေးကို အကြောင်းပြုပြီး ကျွန်မကို မမြူဆွယ်ဖို့ပဲ။ ရှင် လိုချင်တဲ့ ဒီကလေးကို မွေးပေးမှာဖြစ်ပေမယ့် မွေးပြီးတဲ့အချိန်ကစပြီး ကျွန်မအနား ဒီကလေးပို့ဖို့ မကြိုးစားပါနဲ့။ ရှင်နဲ့စပ်မှတော်ရမယ့် ဒီကလေးကို ကျွန်မ မုန်းတယ်"

"မင်းဟာ မိခင်တွေထဲမှာတောင် အတော်ရိုင်းစိုင်းယုတ်မာတဲ့ မိခင်...အတ္တကြီးတဲ့ မိခင်ပဲ မိုးစက်မွင့်"

"ထင်ချင်သလိုထင်လေ"

"မင်း စဉ်းစားကြည့်စမ်း...ဒီလို ဥပေက္ခာတွေနဲ့ ကြီးပြင်းလာရမယ့် ကလေးတစ်ယောက်ရဲ့အနာဂတ်ဟာ ကောင်းနိုင်ပါ့မလား"

"ဟင့်အင်း...ဘာမှလာမပြောနဲ့...မကြားချင်ဘူး"

မွင့်ရယ်...ပြောရက်လိုက်တာ။

ငါ မင်းကို ချစ်တာသိလို့ မင်း အနိုင်ယူနေတာလား။ မင်းကို

ချစ်လွန်းလို့ ကိုယ့်အသက်ကိုတောင် လောင်းကြေးထပ်ပြီး နေ... နောင်ဆီက ယူခဲ့တာ။ ငါ ရခဲ့သမျှဟာ အရာအားလုံး ဗလာ... လား။

ဘာကြောင့် ငါ့အချစ်တွေ မမြင်ရတာလဲ။ အခုတော့ မင်း... ဖျက်ပြီး ပြန်လုပ်ထားတဲ့အရုပ်ပဲ။

သူ ဆုံးဖြတ်ချက်ချရတာက ခက်ခဲလွန်းစွာ။ ဘာပဲဖြစ်ဖြစ် ... အချစ်ကို မရရင်လည်း ဘာဖြစ်လဲ။ သူနှင့်ပွင့်ရဲ့ကလေးဟာ ... ကိုယ်ပွားလေးပဲမဟုတ်လား။

"ငါ…ငါ လက်ခံတယ် ပွင့်"

"ကောင်းပြီ…ဒီကလေးမွေးပြီးတာနဲ့ ရှင်နဲ့ကျွန်မဟာ ... မှာမကွာဘဲ ကွာနေတဲ့လူတွေ ဖြစ်သွားပြီ။ ပြီးတော့ ကျွန်မ... အတွက် နောက်ထပ် ရည်မှန်းချက်အသစ်တွေနဲ့ လျှောက်လှမ်းတဲ့... ရှင့်မှာ ကျွန်မကို တားမြစ်ပိုင်ခွင့် လုံးဝ မရှိဘူး"

"နေလင်းနောင်နဲ့လား"

သူ မခံမရပ်နိုင်စွာ မေးတော့-

"ဒါ ရှင်နဲ့မဆိုင်ဘူးလေ။ အဲဒါ ကျွန်မကိုယ်ရေးကိုယ်တာ... ပါ"

"အမလေး"

"ဝုန်း"

အပြင်ဘက်ဆီမှ လဲပြိုသံကြောင့် သူ တံခါးကို အလောတ... ပြေးဖွင့်တော့-

"မယ်မယ်"





ခုံနှံ့ရုံဘေး၌ ပြိုကျကာ မှိန်ဖျော့သတိလစ်နေခဲ့သည့် မယ်မယ်ရဲ့ ...ါးပြင်ထက်မှာ မျက်ရည်စတွေနဲ့ပါလား။

သူ မယ်မယ်ကိုပွေ့ပြီး ဆရာဝန် အမြန်ဆုံးခေါ်ခဲ့ပေမယ့် ...ယ်မယ်သည် သူ့ကို ဘာမှ မှာတမ်းမချွေနိုင်ဘဲ သိပ်မကြာခင် သူ့ကို ...နှုတ်ခွာထားခဲ့လေပြီ။

စိုစွတ်နေသည့် မျက်ဝန်းတွေဟာ သူနှင့်ပွင့်ပြောသမျှကို အကုန် ကြားခဲ့သည့်ဟန်။ ခပ်တင်းတင်း စေ့ထားသည့်နှုတ်ခမ်းတွေဟာ ...ဒါသလား၊ မခံချင်စိတ်လား။

မင်းဟာ ရက်စက်လွန်းတယ် မိုးစက်ပွင့်။ ငါ့ကြောင့် မယ်မယ် ဆုံးခဲ့ရတာ။

ဘယ်လိုမှ သဘောမတူမုန်းသိသိနဲ့ ငါ ဖွတ်တိုးခဲ့လို့ မယ်မယ် သဘောတူပေးခဲ့ရတယ်။ မင်း မုန်းတာခံရသလို မယ်မယ် ကြေကွဲ နေတာကိုလည်း ငါ မတားနိုင်ခဲ့ဘူး။

စိတ်ချစမ်းပါ။ မင်းကို အရမ်းချစ်ခဲ့ဖူးပေမယ့် မင်းကို ငါ အရမ်းမုန်းတယ် ပွင့်…

မင်းနဲ့ ဝေးနိုင်သမျှ ငါ ဝေးအောင် ကြိုးစားမယ်။ ဒါပေမယ့် မင်း ငါ့ဘေးက ဘယ်တော့မှ ထွက်သွားခွင့်မရှိဘူး။

အဲဒါ ဘာလို့လဲ မင်း သိလား။ ငါဟာ မင်းကို သိပ်ချစ်ပြီး အရမ်းမုန်းနေလို့ပဲ မိုးစက်ပွင့်…

# အခန်း (၂၈)

"နင် စဉ်းစားကြည့်ပါ…ပထမတစ်ခါတုန်းကလည်း ပွင့်ကြောင့် ငါ နာကျင်ခဲ့ရတယ်။ နောက်ဆုံးအချိန်ထိ တမလွန်ကို အမုန်းတွေ သယ်ဆောင်သွားခဲ့တယ်။ အဲဒီလောက်အထိ နေလင်းနောင်အပေါ် သစ္စာရှိပြခဲ့ပြီ။ တစ်သက်လုံး ရင်းနှီးလာတဲ့ ငါတို့မိသားစုအပေါ်မှာကျတော့ အငြိုးအာဃာတတွေနဲ့ မုန်းမပြယ်ရှိနေခဲ့တယ်။ ဒါတွေဟာ ဘယ်သူ့ကြောင့်လဲဆိုတော့ နေလင်းနောင်ကြောင့်ပေါ့။

"နင်းလည်း ဘာမှမပြောတတ်တော့ဘူး။ မနေ့က သွေးရဲ့အခန်းထဲက လျှော်စရာအဝတ်တွေယူတော့ ဒီဆွဲကြိုးနဲ့ဓာတ်ပုံတွေ တွေ့ရတာပဲ"

"ငါ့သမီးကို နောက်ထပ် ဆုံးရှုံးရဦးမှာလား။ မဖြစ်ရဘူး။ သမီးကို ချစ်လွန်းလို့ ငါ ဒီလို တည်တည်တင်းတင်း နေခဲ့ရတာ။





ပဲ သိပ်ချစ်မှန်းသိခဲ့ရင် ပွင့်လို ငါ့ရင်ကို ခြေစုံကန်ပြေးမှာကြောက်လို့ ဒီလိုနေခဲ့တာ။ အခုတော့ လေပြည်သွေးက နေလင်းနောင်နဲ့"

ဖေဖေရယ်…

သွေးရဲ့မျက်ရည်တွေ အဆီးအတားမဲ့လျက်။

မနေ့က ဦး ပြောခဲ့သော ဖေဖေတို့ရဲ့ အတိတ်ဇာတ်လမ်းကို သွေး သိခဲ့ရသည်။

ဒီထဲမှာ သွေး အသနားဆုံးက ဖေဖေ့ကို။ ချစ်သလောက် အမုန်းတွေပဲရခဲ့သည်။ အခုတော့ ဖေဖေ သွေးကို အရမ်းချစ်တာ သွေးလည်းသိသဘောပေါက်ပါပြီ။

ဖေဖေ့အပေါ်မှာ အထင်လွဲ ပြစ်မှားမိခဲ့တာတွေအတွက် သွေးတောင်းပန်ပါတယ်။

တကယ်ဆို သွေးဟာ မလိမ္မာတဲ့ သမီးတစ်ယောက်ပါနော်။ ဖေဖေ့ရင်ထဲ အတိတ်ရဲ့နာကျင်မှုတွေ အသားမသေခင်မှာ ပွင့်ဟာ နောက်ထပ် "ဦး"နှင့် ပတ်သက်ခဲ့မိတယ်။ ဒါပေမယ့် ဖေဖေထင်သလို မဟုတ်ပါဘူး။ ဦးဟာ သမီးကို တကယ့်သမီးရင်းလို ချစ်ခဲ့တာ ဝန်ခံပါတယ်။ အဲဒါတစ်ခုကတော့ ဖေဖေ့ရဲ့အထင်လွဲချော်မှုပါ။

မနက်စာ ဖေဖေ ရောက်မယ်လို့ လေးလေး ပြောခဲ့တုန်းက အရှုံတိုက်ချင်စိတ်တွေနှင့် အောက်ထပ်မဆင်းခဲ့ပါ။ နံနက် (၁၀)နာရီခန့်မှာ ဖေဖေ ရောက်တယ်ဟု ညီက လာပြောပြီး နန္ဒနှင့် ကျောက်မြောင်းဘက်သွား၏။ ငါလည်းလိုက်မယ်ဟု ပြောခဲ့စဉ်က ညီက ခေါင်းလုံးပြုံးပြီး-

"လေးသန့်ကို လန့်တယ်"

ဟု ပြောခဲ့သေး၏။ နောက်ထပ် ဘယ်သူမှ သွေးကို လာခေါ်
ဘ မရှိတော့ချေ။

ခေါ်သူမရှိမှ သွားချင်သည့်စိတ်ကြောင့် အောက်ထပ်သို့ ဆင်း
အလာမှာ စကားသံတွေကြောင့် နံရံမှာကွယ်ပြီး ခိုးနားထောင်နေခဲ့ခြင်း
ဖြစ်သည်။

သွေးကို ခွင့်လွှတ်ပါ ဖေဖေရယ်။

"အခုတိုင်းဆို ဘယ်လိုလုပ်ကြမလဲ"

လေးလေးရဲ့အသံတွေထဲမှာ ထိတ်လန့်မှုတွေ ပါဝင်နေသည်။

ပထမတစ်ခေါက်မှာ သန့်ဇင်ဆိုသော လူတစ်ယောက်သည်
အချစ်တစ်ခုအတွက်နှင့် လူသတ်ဖို့အဆင့်ထိ ကြိုးစားခဲ့သည်။

ယခုလည်း ဤသို့ပြုလုပ်ဖို့ ကိုကိုလေး ဝန်မလေးတော့ဘူး
ဆိုတာ အလိုလို သိနေခဲ့မိကာ ထိတ်လန့်တကြီး မေးလိုက်ခြင်း
ဖြစ်သည်။

ကိုကိုလေးက အေးစက်စက်ပြုံးပြီး-

"ဒီကောင် ဘယ်နည်းနဲ့မဆို သမီးဟာ ပွင့်ရဲ့သမီးမှန်း သိနေ
မှာ။ ဒါကြောင့် ငါ့ကို ကလဲ့စားချေဖို့အတွက် သမီးကို ခုတုံးလုပ်
အသုံးချခဲ့တာ"

"ဟုတ်ပါ့မလား ကိုကိုလေးရယ်"

စားပွဲပေါ်မှာ တင်ထားသော ဓာတ်ပုံတွေကို ကြည့်ပြီး ခပ်လေး
လေး မေးမိ၏။

ကိုကိုလေးပြောသည့် နေလင်းနောင်ဆိုသော လူတစ်ယောက်
ဟာ အသက်အရွယ်ရပြီဖြစ်သော်လည်း အေးချမ်းတည်ကြည်သည့်





မူအရာနှင့် ပြည့်စုံသူ။

ဒါပေမယ့် ထူးခြားတာတစ်ခုက သွေး၏ဘေးဘယ်ဘက်မှာ
နေသည့် လူတစ်ယောက်။ အသက် နှစ်ဆယ့်ရှစ်၊ သုံးဆယ် ရှိနိုင်
ည်။

စမတ်ကျကျနှင့် စတိုင်လ်မိမိ ဝတ်ဆင်ထားသည့်ဟန်က
သက်တက်တက်၊ ပြောင်ချော်ချော် အမူအရာကို စိုးစဉ်းမျှ မတွေ့
ချေ။

"သမီး ဒီကောင်နဲ့ဆက်သွယ်နေတာ လုံးဝ မသိဘူးလား"

ဓာတ်ပုံတွေကို ငေးကြည့်နေစဉ် ခက်ထန်လာသောအသံကြောင့်
င်း မော့ကြည့်ပြီး-

"မသိဘူး ကိုကိုလေး…ဒီလူဟာ နေလင်းနောင်ဆိုတာ ကိုကို
း ပြောမှသိတာပါ"

"ဒီကောင်နဲ့ သမီး ဘယ်အခြေအနေထိ ဖြစ်နေပြီလဲ"

"သွေးဟာ အဲဒီလောက် မိုက်မဲသူမဟုတ်ပါဘူး ကိုကိုလေး"

"လူတစ်ယောက်ကို အမြင်နဲ့ ဆုံးဖြတ်လို့ မရဘူးဆိုတာ ဘဝနဲ့
င်းပြီး ရခဲ့တဲ့သင်ခန်းစာတွေကြောင့် ငါ သိခဲ့ရပြီ နှင်း…သမီးဟာ
ွင့်လိုပဲ ငါ့ကို ထားခဲ့ရင်"

"ဖေဖေ"

"ဟင်"

"အို"

မည်သည့်အချိန်ကတည်းက သူတို့ရဲ့စကားတွေကို နားထောင်
နေခဲ့တာလဲ။

သွေးက နံရံအကွယ်မှ ထွက်ရပ်၍ ကျဆင်းလာသည့် မျက်ရည်ကို မသုတ်နိုင်ဘဲ သူမကို အံ့သြတကြီး ကြည့်နေကြသည့် ဖေဖေနှင့် လေးလေးတို့ရှေ့သို့ လျှောက်သွားခဲ့၏။

"ဖေဖေတို့ထင်သလို ဦးနဲ့သမီးက ဘာမှမဟုတ်ပါဘူး။ ဦးက သမီးအပေါ် ရိုးရိုးသားသား တူမတစ်ယောက်လို သဘောထားခဲ့တာ ပါ"

"ဟုတ်ရဲ့လား…ဒါဆို ဒီကောင်နဲ့ နင်က ဘယ်လိုနည်းနဲ့ တွေ့ခဲ့တာလဲ"

ဤအဖြစ်အပျက်တွေ ပြောရလျှင် ဦးမဟူရာ ပါပေလိမ့်မည်။

"ဒီဘက်က ရပ်နေတဲ့သူဟာ ဒါရိုက်တာ မဟူရာတဲ့။ ဦးနေလင်းနောင်ရဲ့ ညီအရင်းပါ။ သူကနေတစ်ဆင့် ဦးနဲ့ ခင်ခဲ့တာ။ ဖေဖေထင်သလို ဦးက သမီးအပေါ် စိတ်ယုတ်မမွေးခဲ့ပါဘူး"

ဖေဖေက မဲ့တဲ့တဲ့ပြုံး၍ ခေါင်းဆတ်ကာ-

"အင်းလေ…မိုးစက်ပွင့်ရဲ့သမီးပဲ…ဘာကြောင့် နေလင်းနောင်ကို အပြစ်မြင်မလဲ။ ညည်း နေချင်သလိုနေပေါ့"

တကယ်ပဲ စိတ်ပျက်လက်ပျက် မျက်နှာပျက်စွာ ပြောလာသော ဖေဖေ့ကြောင့် သွေး အလန့်တကြား မော့ကြည့်မိ၏။

"နောက်ထပ် စိတ်ပင်ပန်းမှုတွေကို ငါ မခံစားချင်တော့ဘူး။ ချုပ်ချယ်လွန်းတယ်ထင်ပြီး ညည်း ငါ့အရိပ်အောက်မှာ မနေချင်ဘူး မဟုတ်လား…အခု…"

"ဖေဖေ သွေး တောင်းပန်ပါတယ်။ အဲဒီလို ဥပေက္ခာစကားတွေ မပြောပါနဲ့။ သွေး ဖေဖေ့ကို ချစ်တယ်"





သွေး ဖေဖေရဲ့ခြေအစုံကို ဖက်၍ ငိုယိုပြောခဲ့ပေမယ့် ဖေဖေကတော့ မျက်နှာကို လွှဲထား၏။ သွေး ဘာပြောပြော နားထောင်ပေးမည် မဟုတ်ပေ။

"အဲဒီလို မလုပ်ပါနဲ့၊ သွေးကို ဆူပါရိုက်ပါ၊ သွေး ခံပါ့မယ်။ ဒီလို စကားမပြောဘဲနဲ့တော့ မနေပါနဲ့။ သွေး တောင်းပန်ပါတယ်။ ဦးနေလင်းနောင်နဲ့ မဆက်သွယ်နဲ့ဆို မဆက်သွယ်တော့ပါဘူး။ သွေးကို စကားပြောပါ ဖေဖေရယ်"

သွေး ဖေဖေ့ခြေထောက်တွေ ဖက်ထားရင်းနှင့် မော့မော့ပြောသော်လည်း ဖေဖေရဲ့အကြည့် တစ်ချက်မှ သွေး မရခဲ့ချေ။

"ဒီရဲ့ဆွဲကြိုးတွေ၊ ဓာတ်ပုံတွေကို ပြန်ပေးဖို့ ဆုံးဖြတ်ပြီးသားပါ။ စားပွဲပေါ်မှာတင်ထားရင်း မေ့သွားတာ။ ဖေဖေ မမြင်ချင်ဘူးဆိုရင် အခု သွားပေးမှာပါ။ မေမေကြောင့်ဆိုတဲ့ပြစ်ချက်နဲ့ သွေးကိုပါ မမုန်းလိုက်ပါနဲ့"

ငိုရှိုက်ရလွန်း၍ မောနေပြီ။ ဗလုံးဗထွေး ရှိုက်ကာ ပြောနေပေမယ့် စကားတွေက မပီသချင်တော့။

ဖေဖေတို့ရဲ့အတိတ်ကို သိရကတည်းက သွေး သနားချစ်ချစ်ခဲ့ရတာ ဖေဖေပါ။ အခုလည်း သွေးရဲ့အချစ်တွေ ဆုံးရှုံးရမှာစိုးလို့ ဖေဖေ အမင် ဥပေက္ခာပြုနေတယ်ဆိုတာ သွေး သိပါတယ်။

"သွေး မန္တလေးကို ပြန်လိုက်ဖို့ အားလုံး ပြင်ဆင်ပြီးပါပြီ။ မြို့ကုန်မြို့ကို တစ်သက်လုံး ခြေမချဖို့ ဆုံးဖြတ်တာကလည်း ဖေဖေ့ကို ချစ်လို့ပါ"

"ဟင်"

မျက်နှာလှည့်လာပေမယ့် သွေးကိုတော့ ငုံ့မကြည့်ချေ။ လေးလေးကတော့ မျက်ရည်တွေကျရင်းကနေ-

"ကိုကိုလေးရယ်…မွှင့်ကို မုန်းတာတစ်ခုတည်းနဲ့ သွေးကို အကြောင်းမဲ့မုန်းဖို့ မကြိုးစားပါနဲ့။ ကလေးကို နှင်း မကြည့်ရက်တော့ဘူး။ ခွင့်လွှတ်လိုက်ပါနော်"

"ငါ နောက်ထပ် သောကတွေ ပူလောင်မှုတွေကို မခံစားချင်တော့ဘူး နှင်းရယ်…ဘာပဲပြောပြော သူဟာ ငါ့ကို ချုပ်နှောင်တယ်၊ တားဆီးတယ်လို့ အထင်နဲ့ ခံစားနေရဦးမှာ။ အခုကတည်းက ကင်းကင်းနေထားရင် ငါလည်း ခံစားရသက်သာမယ်။ သူလည်း ငါ့အပေါ် ဒီထက် အမြင်မစောင်းနိုင်တော့ဘူးလေ"

"မထင်ပါဘူး ဖေဖေ၊ သွေးဟာ ချုပ်နှောင်မှုကို သိသိကြီးနဲ့ အချုပ်အနှောင်ခံချင်တာ။ အဲဒါကို ဖေဖေ ဘာလို့မယုံတာလဲ။ သွေးတို့ မန္တလေးပြန်ကြမယ်။ ပြီးရင် ဖေဖေနဲ့ အမြဲတမ်း အတူနေမှာပါ။ သွေးကို ခွင့်လွှတ်တယ်မဟုတ်လားဟင်"

"ငါ့ရဲ့ခွင့်လွှတ်ခြင်း မလွှတ်ခြင်းက ညည်းအတွက် အရေးမကြီးပါဘူး။ ညည်းလည်း နေမြဲတိုင်းနေဖို့ မန္တလေးလိုက်စရာမလိုတော့ပါဘူး"

သွေး ဆုံးဖြတ်လိုက်ပါပြီ ဖေဖေ။ လူ့လောကမှာ အမေရယ်လို့ ခေါ်စရာမရှိတဲ့အချိန်မှာ အဖေ့ကို အားကိုးချင်စရာ ရှိပါသေးလားဆိုတဲ့ သွေးရဲ့အတွေးတွေ ဒီနေ့မှာပဲ အဖြေတစ်ခုကို ရှင်းရှင်းလင်းလင်း သိခဲ့ရပါပြီ။

အမေကလည်း မွေးတာမွေးပြီး သမီးရယ်လို့ အသိအမှတ်မပြု





ခဲ့ဘူး။ ငါ့ဗိုက်ထဲက မွေးထုတ်တာပါလားလို့ မတွေးဘဲ သူ့ရဲ့ခံစားချက်တွေကို ရှေ့တန်းတင်ပြီး သွေးကို သမီးအဖြစ် မခေါ်ခဲ့ဘူး။

အဖေကလည်း ငါတစ်ယောက်တည်း ခံစားကြေကွဲရမယ်ဆိုတဲ့ ခံစားချက်တွေနဲ့ သွေးကို ဥပေက္ခာပြုဖို့ ကြိုးစားနေတယ်။

ဘယ်မှာလဲ၊ ဘယ်တွေ တွေးပေးလဲ။ သွေးအတွက် စာနာမှု၊ ကြင်နာမှု၊ ထောက်ထားမှုတွေ…သွေးဟာ လူ့လောကထဲရောက်လာခဲ့ပေမယ့် ဘာထူးခြားခဲ့ရလို့လဲ။

ဒီတော့ ဒီကမ္ဘာလောကမှာ နေကောနေသင့်ရဲ့လား။

ဆုံးဖြတ်ချက်နှင့်အတူ သွေး မျက်နှာတွေ အေးစက်သွားရ၏။ အဖေ့ခြေအစုံကိုဖက်သည့်လက်ကို ဖယ်ပေကာ တစ်ခါမှ ငုံ့မကြည့်ဖူးသော ဖေဖေကို အကြာကြီး မော့ကြည့်ပြီး မျက်ရည်တွေမကျအောင် တားဆီးလိုက်၏။

"ဖေဖေ့ကို သွေး ကန်တော့ခဲ့ပါတယ်"

လေးလေးက သွေးကို နားမလည်သလို ကြည့်နေ၏။ ဖေဖေကတော့ တစ်ချက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပေမယ့် မာနကို အရောင်ခြယ်နေဆဲ။

"ဖေဖေ မမြင်ချင်တော့တဲ့ သွေးကို ဘယ်တော့မှ မမြင်စေရပါဘူး"

ဖေဖေ ခြေဖျားတွေနှင့် ဦးခေါင်းထိအောင် ရှိခိုးပြီး အပေါ်ထပ်သို့ ပြေးတက်ခဲ့၏။

"ဟဲ့…သမီး‥ကိုကိုလေး ဘယ်လိုလုပ်တာလဲ။ သွေး စိတ်ထိခိုက်သွားရှာပြီ"

"သူ စိတ်ထိခိုက်ရင် ခဏပါ။ ဒီညနေ ငါ မန္တလေး ပြန်တော့မယ်"

"မဟုတ်ဘူး ကိုကိုလေး…သွေးက သာမန်ထိခိုက်ရုံမဟုတ်ဘူး။ သူ…သူ အရမ်းခံစားနေရတာ။ တော်ကြာ…သူ့အသက်အန္တရာယ်ကို ထိခိုက်အောင်"

"ဟင်"

ထိုအခါမှ ဦးသန့်ဇင်တစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ပွင့်ဟာ သူ့ပယောဂမကင်းဘဲ နှလုံးရောဂါနှင့် သေဆုံးခဲ့ရသည်။ ထိုအရာကိုပဲ ပွင့်က ကျိန်စာသင့်ခဲ့သည်ဟု ဆို၏။

ဒီရဲ့ကျိန်စာဟာ သမီးလေးကိုများ အဖျားခတ်ခဲ့လျှင် သူ တစ်သက်လုံး ကြေကွဲ၍ဆုံးတော့မည်မဟုတ်။

"နှင်း…သမီးလေး"

"လာ…လာ…လိုက်သွားမယ်"

နှင်းက သူပြောတာကို ဆုံးအောင်နားမထောင်ဘဲ အပေါ်ထပ်သို့ ပြေးတက်သွား၏။

သမီးရဲ့အခန်းရှေ့ရောက်တော့ တံခါးက လော့ခ်ချထား၏။ သူ စိုးရိမ်စိတ်တွေနှင့် ဘာကိုမှ မဆင်ခြင်နိုင်တော့ချေ။

"သမီး…သွေး…တံခါးဖွင့်စမ်း"

"ဒုန်း…ဒုန်း"

"သွေး လေးလေးတို့ ခေါ်နေတယ်။ ကြားရင် တံခါးဖွင့်ပါကွယ်"

"သမီး…သမီးရယ်"





ဘယ်လိုပဲခေါ်ခေါ် အထဲမှ တုံ့ပြန်သံကို မကြားရချေ။ ဒုက္ခပဲ။ တကယ်ပဲ သမီးက သူ့ကိုယ်သူ သေကြောင်းကြံနေပြီလား။

"ဝုန်း"

"ဒုန်း"

ထိုစဉ် အခန်းထဲမှ လဲပြိုသံတွေကြောင့် သူတို့ရဲ့စိုးရိမ်မှုသည် အထွတ်အထိပ်သို့ ရောက်သွား၏။

"သမီး ဘာဖြစ်သွားတာလဲ"

"အထဲမှာ တစ်ခုခုဖြစ်နေတာ သေချာပြီ ကိုကိုလေး"

ဦးသန့်ဇင်သည် သမီးကို စိုးရိမ်စိတ်ဖြင့် ဘာလုပ်၍လုပ်ရမှန်းသေိ ပူလောင်နေစဉ် နှင်းက-

"ဒီလိုဆို မဖြစ်တော့ဘူး…ကိုကိုလေး ခဏစောင့်…အောက်ထပ်မှာ သော့ပိုရှိတယ်"

နှင်းက ပြောလည်းပြော အောက်ထပ်သို့ လူငယ်တစ်ယောက်လို ဖျတ်လတ်တက်ကြွစွာ ဆင်းပြေးသွား၏။

သူသည် တံခါးကို တဒုန်းဒုန်းထုရင်း အားမရှိသလို ခံစားလာရသည်။

သူဟာ တကယ်ပဲ မချစ်တတ်သူ ဖြစ်နေပြီလား။ သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့သော ပွင့်လေးကို မည်သို့မည်ပုံ ကိုင်တွယ်ရမည်ကို သိသင့်ပါရဲ့ အကြမ်းဖက်ခဲ့သဖြင့် အမုန်းပဲရခဲ့သည်။

ယခု သမီးလေးကျတော့ကော သမီးလေးသာ ပွင့်ကဲ့သို့ သူ့ကို စွန့်ခွာသွားခဲ့လျှင်…

ဟင့်အင်း…မဖြစ်ရဘူး…မဖြစ်ရဘူး။

အဲဒီလိုသာ တကယ်ဖြစ်ခဲ့ရင် သူဟာ အချစ်ရှုံးသမား တစ်ယောက်အနေနဲ့ ဤလောကမှာ မနေသင့်တော့။

"ကိုကိုလေး"

နှင်းက ပြန်ပြေးတက်လာကာ တုန်ယင်သောလက်တွေနှင့် တံခါးကို လျှင်မြန်စွာ ဖွင့်၏။

တံခါးပွင့်ပွင့်ချင်း သူတို့အထဲသို့ အလောတကြီး ဝင်လာချိန် မှာတော့…

"အမလေး သွေးရဲ့"

"သမီး"

အပေါ်ထပ်တန်းမှာ ကြိုးတန်းလန်းနှင့် ဆွဲကြိုးချကာ တွဲလောင်း ကြီးဖြစ်နေသည့်သူက သူ့ရဲ့ တစ်ဦးတည်းသောသမီး။

နှင်းကတော့ တက်မချက် ငိုရှိုက်-

"အမလေး လုပ်ရက်လိုက်တာ သွေးရယ်…အဲဒါ ညည်းအမေ ကြောင့်…ကိုကိုလေးကြောင့်၊ သွေး အဲဒီလိုဖြစ်ရတာ…မိုက်လိုက်တဲ့ ကလေး…ကိုယ့်အသက်ထက် ဘယ်ဟာက တန်ဖိုးရှိလို့လဲကွယ်"

"မဟုတ်ဘူး…သမီးကို ငါ အသေမခံနိုင်ဘူး။ သမီးလေး မသေရဘူး"

သူ ကယောင်ကတန်း ရေရွတ်ပြီး စားပွဲခုံရှည်ပေါ်တက်၏ ပြီးတော့ ပြန်ဆင်းကာ-

"နှင်း ဟိုစာရေးစားပွဲခုံပေါ် ဒီခုံတင်မယ်။ နင် အိမ်က အလုပ် သမားတွေ ခေါ်လိုက်ပြီးရင် ဓားတစ်ချောင်းပါ ယူလာခိုင်း"

သူ့စကားမဆုံးခင် နှင်းက ဝရံတာဘက်သို့ ထွက်သွား





အောက်ဘက်၌ အလုပ်လုပ်နေကြသော အလုပ်သမားတွေကို သူ ညွှန်ပြသည့်အတိုင်း ခေါ်နေလေသည်။

သိပ်မကြာခင် ဒရိုင်ဘာဦးမိုး ရောက်လာ၏။ ဒေါ်ညိုကလည်း အသားလှီးဓားတစ်ချောင်းယူ၍ ရောက်လာခဲ့ကြသည်။

ကြိုးနှင့် တွဲလောင်းကြီးရှိသော သွေးကို မြင်တော့-

"အမလေး"

"လာ…အမလေး တမနေနဲ့…ဒီစာရေးစားပွဲခုံပေါ် ဒီခုံ ထပ်တင်ပေး"

"ဦးမိုးက စားပွဲကို ထိန်းထားပေးပါ။ ပေး…ဓား"

"ကိုကိုလေး သတိထားနော်"

စားပွဲခုံပေါ်မှာ ရပ်နေတာမို့ သူ့ခေါင်းက ခေါင်မိုးနှင့် ထိလု ထိခင်။ သူနှင့်မျက်နှာချင်းဆိုင်မှာတော့ တင်းနေသည့် နိုင်လွန်ကြိုး ကြီး သူ့ခါးနားတစ်ဘက်တွင် သမီးက ခေါင်းငိုက်စိုက်ကျလျက် ရှိ၏။

"ဘုရား…ဘုရား…သမီးလေး အသက်ရှင်နေပါစေ။ ကြိုးက တင်းနေပေမယ့် လည်ပင်းအလယ်ဗဟိုမှာ တင်းနေတာမဟုတ်။

ကွင်းလျောကြီး၍ ချောင်က မေးရိုးအောက်တွင် တင်၍နေ သည်။ သမီးရဲ့မျက်နှာကတော့ ပကတိ အိပ်စက်နေသူလို။

"ဦးညို အဲဒီစားပွဲခုံအစွန်းဘက်မှာ တက်ရပ်လိုက်"

သူခိုင်းသည့်အတိုင်း ဦးညိုက နောက်စားပွဲတစ်လုံး ဆက်ထား ရာ ထိုစားပွဲပေါ်တွင် တက်ရပ်လိုက်၏။

"နှင်း…မွေ့ရာကို ဒီအောက်ဘက် ရွှေ့နိုင်မလား"

နှင်းနှင့်အခြားအလုပ်သမားများက စပရင်မွေ့ရာကို စားပွဲခုံအနီး

တိုးရွေ့လေသည်။

“ခင်ဗျားက အခုရပ်နေတဲ့အတိုင်း သမီးကို ထိန်းမွေ့ထား ကျွန်တော် ကြိုးဖြတ်မယ်။ အပေါ်ဘက် နည်းနည်းမထား။ ကြိုးလျှော့ သွားအောင်လို့”

လျော့သွားသည့်ကြိုးကွင်းစကို ဖြတ်ချလိုက်တော့ ကြိုးပြုတ် သွား၏။

အောက်ဘက်သို့ ရောက်သောအခါ သွေးသည် ပျော့ခွေလဲကျ လျက် ရှိ၏။ လည်ပင်းထက်၌ ကြိုးကွင်းရာက တင်းနေသည်။

“သွေး…သေပြီလား ကိုကိုလေး”

“ဘာတွေ နိမိတ်မရှိ နမာမရှိ မေးနေတာလဲ။ နင်တို့ ဆရာဝ ကို ဖုန်းဆက်ခေါ်ပေး”

စားပွဲခုံတွေ၊ ထိုင်ခုံတွေကို နေသားတကျ ပြန်စီပေးခဲ့ပြီး အားလုံး က ထွက်သွားကြသည်။

သူကတော့ ကြိုးရာတွေ ထင်နေသော သမီးလေးရဲ့လည်ပင်း ကို အသာကိုင်ကြည့်လိုက်မိ၏။

“ဟင်”

တလှုပ်လှုပ်ဖြစ်နေသည့် လည်ပင်းသွေးကြောတွေရဲ့ အငြိ အတွေ့ကြောင့်…

“နှင်း…နှင်း…သမီးလေး မသေဘူး”





## အပိုင်း (၃)

# ကျိန်စာပျက်ပြယ်ခြင်း

# အခန်း (၂၉)

သွေး မန္တလေးသို့ ပြန်ရောက်နေသည်မှာ အခုဆို (၃)လနီးပါး ရှိပြီ။ ဖေဖေကတော့ ဆွဲကြိုးချသေဖို့ ကြိုးစားခဲ့သည့် သွေးကို လက်လွှန်သွား၏။

ပြီးတော့ သွေး တောင့်တခဲ့ရသောဘဝကို ရရှိခဲ့လေသည်။

ထိုအရာကတော့ ဖေဖေရဲ့မေတ္တာ၊ အချစ်တွေကို ဖြစ်၏။ အခင်းတုန်းက အချိန်တွေထက် နားလည်ပေးနိုင်ခဲ့သဖြင့် ဒီဘဝမှာနေရတာ သွေး ပျော်သည်။ ဖေဖေကတော့

"ဘယ်လိုအရာမျိုးနဲ့ ကြုံလာလာ ဒီလို အသက်ကို ရန်ရှာတာမျိုး မလုပ်ဖို့ ကတိပေးပါ သမီးရယ်တဲ့"

ဟိုအရင်တုန်းကဆိုလျှင် သမီးဟုခေါ်ဖို့ နေနေသာသာ လေပြည် သွေးဆိုသည့်နာမည်ကိုတောင် လေသံမာထန်ထန်နှင့် ခေါ်ခဲ့ခြင်း ဖြစ်သည်။





ဘာပဲဖြစ်ဖြစ် သွေး ကျေနပ်ပါသည်။

ထိုအတောအတွင်းမှာ သွေးတို့ဟာ ဖြစ်ပျက်ခဲ့သမျှအကြောင်း အရာအားလုံးကို မေ့ပစ်နိုင်ခဲ့ကြသည်။

ဖေဖေတို့ရဲ့ အတိတ်နှင့်တကွ ဦးတို့ညီအစ်ကိုကိုကောပေါ့။

ဦးနှင့်သူကလည်း သွေး မန္တလေးကို အပြီးပြန်မယ်ဆိုတာ သိခဲ့ကြပြီးသား။ သွေးတောင် ဆွဲကြိုးနှင့်ဓာတ်ပုံတွေပေးဖို့ ဆုံးဖြတ်ထားသော်လည်း ပြဿနာတွေဖြစ်ပြီး နောက်တစ်ရက်မှာ မန္တလေးသို့ ပြန်ခဲ့တာမို့ ထိုပစ္စည်းတွေကို အမှုမဲ့စွာ ဗီရိုအံဆွဲအောက်ဆုံးမှာ ထည့်ခဲ့သည်။ ကြည့်တောင်မကြည့်ဖြစ်တော့ချေ။

စိတ်ထဲမှာတော့ 'မဟူရာ' ဆိုသော ယောကျ်ားကို မေ့ခဲ့မိတာနှင့်အတူ သူရိုက်တဲ့ ရုပ်ရှင်၊ ဗီဒီယိုကို မကြည့်ဖြစ်တော့တာလည်း ဘာကြောင့်မှန်းမသိ။

ကိုယ့်ခံစားချက်ကိုတောင် မဆန်းစစ်တတ်တော့ချေ။

မဟူရာဆိုတာ ဦးနေလင်းနောင်ရဲ့ညီဟု အသိပေးခဲ့ပြီးပြီမို့ ဖေဖေ့ကိုလည်း စိတ်မဆင်းရဲစေချင်တော့ပါ။

ဒီဘဝထဲမှာ သွေးပျော်ရင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မဟူရာဆိုသည့်လူနှင့် ဦးနေလင်းနောင်တို့နှင့် ပတ်သက်ခဲ့သမျှကို မေ့သွားလိမ့်မည်ဟု ယုံကြည်သည်။

"သွေးရေ ဒီမှာ စာတစ်စောင်"

တစ်ယောက်တည်း အခန်းထဲမှာ ဟိုတွေးဒီတွေး ရှိနေစဉ် ဣမင်းချက်အဒေါ်က စာတစ်စောင် ယူလာပေး၏။

အဖြူရောင်စာအိတ်လေးကို လှည့်ပတ်ကြည့်ရင်း ဘယ်ကလဲ

ဟု စဉ်းစားနေမိသည်။

ရန်ကုန်လိပ်စာဖြစ်သော်လည်း စာထည့်သူ၏နာမည် မပါရေ ဘယ်သူများပါလိမ့်။

စာအိတ်ကို ဖောက်လိုက်သည်။

ဒီနေ့ ဖေဖေက ကျောင်းသွား၏။ ညီ့ဆီက စာလားဟု တွေး ပေမယ့် မသေချာပါ။

ထုံးစံအတိုင်း ယောကျ်ားလေးဆိုသည်မှာ စာရေးပျင်းသည့် အမျိုး။

ပြီးတော့ လွန်ခဲ့တဲ့ နှစ်ရက်က ညီနှင့်ဖုန်းပြောပြီးပြီမို့ မသေချာ ကြောင်း ပြောနိုင်ခြင်းဖြစ်သည်။

သူငယ်ချင်းတစ်ယောက်ယောက်ဆီက စာများလား..

"ချာတိတ်"

အနီးကပ် ခေါ်လိုက်သည့်အသံကို ကြားယောင်မိသလို ရင်ဘတ်ထဲ စိမ့်ခနဲ ဖြစ်သွား၏။

ဒါဟာ ဦးမဟူရာရဲ့စာဆိုတာ သွေး အလိုလို သိလိုက်သော အခါ လက်တွေက ကတုန်ကယင် ဖြစ်သွားသည်။

စိတ်ထဲ သူ့ကို တစ်နေ့ မေ့နိုင်လိမ့်မည်ဟု ထင်သမျှ သူ့ရဲ့ 'ချာတိတ်' ဆိုသည့် ခေါ်သံနှင့်အတူ ရင်းနှီးနွေးထွေးမှုက ပျောက်ပျက် မသွားပါလား။

ချာတိတ်...

မင်းကို သိပ်သတိရတယ်ကွာ။ မင်းကော ကိုယ့်ရဲ့တဖွတ်ထိုး လုပ်ရပ်တွေကို မုန်းနေသေးသလား။ ချစ်တတ်လာတဲ့တစ်နေ့ အဲဒီ





အဖြစ်ကို မင်း ကိုယ်ချင်းစာတတ်လာမှာပါ။

မင်း မန္တလေး ပြန်သွားပြီဆိုတာသိတော့ ကိုယ် လိုက်လာချင် ခဲ့တယ်။ ကိုကြီးကတော့ ပြင်းပြင်းထန်ထန် တားခဲ့တယ်။ ပြီးတော့ ချစ်ခြင်းတရားနဲ့ပတ်သက်လို့ ဖွတ်တရွတ်ဆန်ခဲ့ရင် အမုန်းပဲရမယ်။ ဒုတိယ သန့်ဇင်၊ မိုးစက်ပွင့်တို့လို ဖြစ်သွားမှာ ဆိုးတယ်တဲ့။

ကိုယ်ကတော့ တားမြစ်ချက် ပညတ်ချက်တွေသာ ရှိမနေခဲ့ရင် အတောင်ပံတွေတပ်ပြီး မင်းဆီ ပျံခဲ့ချင်တယ်...အဟုတ်။ အသက် ငယ်ရွယ်တဲ့သူကို ချစ်ရတာလည်း ဒုက္ခပါ။ မင်းရဲ့ခေါင်းမာမှုကို ကိုယ် ပြေပြင်နိုင်ဘူးထင်တယ်။ ဒါကြောင့်လည်း ကိုကြီးက ချာတိတ် ရင့်ကျက်တဲ့အချိန်ထိ စောင့်ပါဆိုလို့ ကိုယ့်ဆန္ဒတွေ မျိုသိပ်နေခဲ့တာ။

မင်းရဲ့နောက်မှာ အရိပ်လို တကောက်ကောက်ရှိနေမယ်ဆိုတာ ယုံပေးပါ။ မင်း ကိုယ့်ကို ခါးခါးသီးသီး မုန်းမနေဘူးဆိုတာ ကိုယ် သိတယ်။ မင်းကို ချစ်တယ်လို့ ပြောမိတာကို စိတ်ဆိုးနေတာတောင် ကိုယ့်ကို ရင်ဆိုင်ဖို့ မင်း ရှက်နေတာမဟုတ်လား။

ကိုယ်တို့ လက်ထပ်ကြရင် ဘယ်မှာနေချင်သလဲ စဉ်းစားထား လေ။ နောက် (၅)နှစ်ဆိုတဲ့ကာလကို ခေါင်းထဲမှတ်ထားနော်။ ငါးနှစ် ပြည့်ရင် ကိုယ် မင်းကို လာတောင်းမယ်။ ကိုယ့်ကို အရွဲ့တိုက်ပြီး တစ်ခုခုလုပ်ရင် ကိုယ် မန္တလေးကို ချက်ချင်း ရောက်လာမှာနော်။

ချာတိတ်ကိုချစ်တဲ့

ကိုကြီး

တဖျတ်ဖျတ် ယမ်းခါနေသည့်စာကို အကြာကြီး ငေးပြီး
ာရွက်ကိုခေါက်၍ စာအိတ်ထဲပြန်ထည့်လိုက်၏။

"ဟင်း"

ပိုင်နိုင်သေချာစွာ ရေးထားသည့်စာကတော့ သွေးလက်
ရောက်နေပါပြီ။

ဒါပေမယ့် ရှင် ဖြစ်ချင်တာတွေပဲ သိနေလို့ မရဘူး ဦးမဟု
အခုချိန်မှာ လေပြည်သွေးက သူ့ဆန္ဒထက် သူ့အဖေရဲ့ဆန္ဒကို ဦး
ပေးတော့မှာမို့ ရှင့်အတွက် စိတ်မကောင်းစရာပါပဲ။





# အခန်း (၃၀)

"ကလင်...ကလင်"

ထမင်းစားခန်းထဲမှာ သွေးတို့သားအဖတွေ ထမင်းစားနေကြချိန်
ုန်းမြည်သံကြောင့် ခေါင်းထောင်သွား၏။

ဖေဖေက လှမ်းကြည့်သဖြင့်-

"သွေး သွားကိုင်လိုက်ပါ့မယ်"

ယခုဆို သွေးက အိမ်မှာ မိန်းကလေးပီသစွာ နေတတ်ကာ
ျက်ရေးပြုတ်ရေးအတွက် အိုးသူကြီးလည်းဖြစ်လို့နေသည်။

ဖုန်းခွက်ကို အသာမ,လိုက်ပြီး-

"ဟယ်လို အမိန့်ရှိပါရှင်"

"ဘာမိန့်ရမတုန်း ဒကာမကြီးရဲ့"

"ဟယ်…ညီ"

သွေးက အရမ်းအံ့သြသွား၏။ မနေ့ညကတောင် ဖုန်းပြောပြ ကြသေးသည်ကိုး…

"ဘာတွေ အရေးကြီးနေတာလဲ ညီရဲ့"

"ကြီးတာပေါ့…ဒီနေ့ အောင်စာရင်း တကယ်ထွက်တာ သွေး"

မနေ့က ဖုန်းပြောတုန်းက အောင်စာရင်းထွက်တော့မည်ဖြစ် ကြောင်း ကြားရသော်လည်း သွေးတို့က မယုံချေ။

"ဟယ်…ဟုတ်လား၊ နင်ကော အောင်လား…ငါကော ဟင်"

သွေးက အလောတကြီး မေးမိ၏။

စာမေးပွဲကတော့ ဘယ်ချိန်အောင်စာရင်းထွက်ထွက် ရင်တမ ခုန်နှင့် မေးရစမြဲ။ ကိုယ်တိုင် သွားကြည့်နိုင်တာမဟုတ်၍လည်း အားမလိုအားမရ ဖြစ်မိသား။

ညီဘက်မှ အသံတိတ်နေသောအခါ သွေး ထိတ်လန့်သွားက

"ငါ ကျတာလား ညီ…ဟင်… ငါ ကျလား"

"ဘာလဲဟ…အောင်ပါတယ်၊ ကိုယ်ဖြေထားတာ ကိုယ်မသိ ဘူးလား…တကယ်တည်း"

မိန်းကလေးတစ်ယောက်လို မဲ့ရွဲ့တတ်သော ညီကို မြင်ယောင် တော့ သွေး ရယ်ချင်သွားရသည်။

"နင်ကော"

"နေဦး…နင်က အောင်ပေမယ့်…"





"ဟဲ့…ဘာလဲ ဆက်ပြောလေ"

စကားကို အမြင်ကတ်ဖွယ်ကောင်းအောင် ဖြတ်ချလိုက်သဖြင့် သွေး အော်ပစ်လိုက်တော့ တဟဲဟဲ ရယ်သံနှင့်အတူ…

"နင်က ကွာလဖိုင်းနဲ့အောင်တာ"

"ဘာ…တကယ်လား။ ဖေဖေရေ သွေး စာမေးပွဲအောင်တယ် တဲ့။ ဂုဏ်ထူးနဲ့အောင်တာတဲ့…ဝိုး"

သွေး ဝမ်းသာအားရ ဖေဖေကို အော်ပြောရင်း အပျော်တွေကို မထိန်းချုပ်နိုင်ချေ။ ဖေဖေကလည်း စာမေးပွဲအောင်စာရင်းထွက်တယ် ဟု ပြောသံကြားကတည်းက နားစွင့်နေတာမို့-

"ဟေ့…ဟုတ်လား၊ ပေးစမ်း‥ညီညီနဲ့ ဖေဖေ ပြောမယ်"

သွေး ဖေဖေ့လက်ထဲ ဖုန်းခွက် ထည့်ပေး၍ ဝမ်းသာနေမိ၏။ တော်ပါသေးရဲ့၊ အောင်ရုံသာအောင်လည်း တက္ကသိုလ်ကြီးနှင့် ဝေးရ တော့မည်။ သွေးဆိုတာက တက္ကသိုလ်ကို ချစ်ပြီး တက္ကသိုလ်ထဲမှာပဲ မွေ့လျော်ချင်သူလေ။

ဖေဖေက ညီနှင့်ပြောပြီး လေးလေးနှင့် ဆက်ပြောနေသည်။ အတော်ကြာမှ-

"ညီညီက ပြောဦးမယ်တဲ့ သမီး"

"ဟုတ်ကဲ့ ပြော ညီ"

"နင့်နားမှာ လေးသန့်ရှိလား"

ညီမေးခွန်းကြောင့် သွေး ဖေဖေ့ကို လှည့်ကြည့်မိတော့ ဖေဖေ က အပေါ်ထပ်သို့ တက်သွားသည်မို့-

"ဟင့်အင်း မရှိဘူး။ ဘာပြောစရာရှိလို့လဲ"

“အစ်ကိုအကြောင်း ပြောချင်လို့”

အစ်ကိုဆိုတာ ဦးမဟူရာမှန်း သွေး သိလိုက်ရ၏။

“ဟင့်အင်း…သူနဲ့ငါက မဆုံတော့ပါဘူး။ ပတ်သက်စရာ အကြောင်းလည်း မရှိဘူး။ သူ့အကြောင်း ဘာမှမပြောပါနဲ့တော့ ညီ”

“ဒီလောက် ခါးသီးနေပုံထောက်ရင် နင့်ဘက်က သွေးရိုးသားရိုး မဟုတ်တော့ဘူးထင်တယ် သွေး”

“ဘာ…ညီနော် နင်သာ အနားမှာရှိရင် နင့်မျက်နှာ ဖုယောင်သွားအောင် ငါ ပိတ်ထိုးပစ်လိုက်မယ်”

“ငါက အကောင်းပြောမလို့ဟာ…နင်က နားထောင်ပေးရုံ နားထောင်ပေးရတာ…ဘာဖြစ်မှာမို့လဲ”

“ကဲဟာ…လျှာရှည်တယ်…ပြောကွာ”

“သူနဲ့ငါ ရိုက်ကွင်းမှာတွေ့တယ်”

အင်း…ဒါကတော့ သိပ်မထူးဆန်းသေးသောကြောင့် သွေး အသာလေး ငြိမ်နေလိုက်သည်။

“အဲဒီတော့”

“အဲဒီတော့လုပ်မနေနဲ့…သူက အခု သူနဲ့ အတော်ရင်းနှီးတဲ့ ကောင်မလေးတစ်ယောက်ကို မင်းသမီး တင်ရိုက်နေတာ”

ညီရဲ့စကားကို သွေး နားမလည်ချေ။ အဲဒါ သွေးနှင့်ဘာဆိုင်လို့ လာပြောနေရတာလဲ။ ဒါရိုက်တာတစ်ယောက်က မင်းသမီးအသစ် တင်တာ ဆန်းလို့လား။

“ဘာဆိုင်လို့လဲ ပြောဖို့ မစဉ်းစားနဲ့ သွေး…နင့်ဘက်က ဘာမှ မဆိုင်ပေမယ့် အစ်ကို့ကို ငါ ယောကျ်ားချင်းမို့ သိတယ်။ သူ နင့်ကို





ချစ်နေတာ ဖွင့်ပြောလို့ ရရယ်သားနဲ့ ဘာလို့ ဖွင့်မပြောလဲ ငါ မသိဘူး”

တဲ့ထိုးကြီးပြောလိုက်သည့်စကားကြောင့် သွေး မျက်နှာရဲသွားရတာ-

“ညီမင်းခန့်”

“ဆောရီး…စကားက အစပျိုးနေတာမို့ သည်းခံနားထောင်ဦး။ သူဟာ ဒါရိုက်တာတစ်ယောက် ဖြစ်လာပေမယ့် ဘယ်မင်းသမီး၊ မင်းသားကိုမှ အသစ်တင်ရိုက်ခဲ့တာမှ မဟုတ်တာ။ အခုက သူနဲ့ အတော်လေးလည်း တွဲနေကြတယ်။ မင်းသမီး မတင်ခင်ကတည်းက ငါတောင် သူတို့ကို တွေ့ခဲ့သေးတယ်”

“………………”

“အဲဒီကောင်မလေးက ငါတို့နဲ့ ရွယ်တူလောက်ပဲ ရှိမယ်ထင်တယ်။ နာမည်က ‘ကြယ်စင်ချို’ တဲ့။ အရမ်းခေတ်ဆန်သွက်လက်တယ်။ ချောတော့ အတော်ချောတယ်”

လေလှိုင်းတွေကြားကနေ ညီ့စကားတွေက နားထဲသို့ ခါးသက်စွာ ဝင်ရောက်လာခဲ့၏။

“နင့်ကို ချစ်တာ နင် သိမှာပါ။ ဒါပေမယ့် အခုခေတ် မိန်းကလေးတွေက ကဲတယ်မဟုတ်လား။ နာမည်ရဖို့၊ အောင်မြင်ဖို့ဆိုရင် ဘာပဲပေးရပေးရ ဘာပဲလုပ်ရလုပ်ရ လုပ်ရဲကြတယ်။ အခုတလော စာနယ်ဇင်းသမားတွေကတောင် ရေးနေကြပြီ။ ဒါရိုက်တာ ဟူရာနဲ့ ကြယ်စင်ချိုရဲ့ ဘာညာ…ဘာညာပေါ့”

“ညီ…တော်ပြီ၊ အဲဒါတွေ ဆက်မပြောနဲ့တော့”

"ဟာ...ဟယ်လို...ဟယ်လို"

သွေး ဖုန်းချလိုက်၏။ ရင်ဘတ်ထဲမှာ နာကျင်လျက်...

ဖေဖေရှိနေတာမို့ မျက်နှာကိုပြင်ကာ ဘာမှမဖြစ်သလို ဟန်ဆောင်နေရတာက ပင်ပန်းလွန်းလှသည်။

ဖေဖေက အပေါ်ထပ်က ဆင်းလာရင်း-

"လာဦး...သမီးနဲ့ ဖေဖေ ပြောစရာရှိသေးတယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သမီးကို ဖေဖေ တက္ကသိုလ်ဆရာမတစ်ယောက် ဖြစ်စေချင်တယ်။ ဒါကြောင့် သမီး မာစတာတန်းဆက်တက်ရမယ်"

"မဖြစ်ဘူး ဖေဖေ"

သွေး အလန့်တကြား ငြင်းမိ၏။ မဟာဆက်တက်လျှင် သွေး ရန်ကုန်သွားရမည်။ ရန်ကုန်ရောက်လျှင် သွေး ရင်မဆိုင်ချင်သူနှင့် ရင်ဆိုင်ရမည်။

ဖေဖေကတော့ သွေးရဲ့စကားကြောင့် မျက်နှာပျက်သွား၏။ သွေး စကားမှားသွားတာမို့-

"ဟို...သွေး ပြောတာက ဖေဖေ ဆက်တက်ဆို တက်ချင်ပါတယ်။ သွေးလည်း ဝါသနာပါပါတယ်။ ဒါပေမယ့် ဖေဖေ့ကို ခွဲပြီး ရန်ကုန်မှာ သွားတက်ဖို့ မဖြစ်လို့ပါ"

"အော်...ဒါလား သမီးရယ်၊ မန္တလေးမှာ တက်လို့ရအောင် ဖေဖေ ပြောင်းပေးမှာပေါ့...ဘာမှမပူနဲ့...ဟုတ်လား"





# အခန်း (၁၁)

ငါးနှစ်ဆိုသည့်အချိန်အတိုင်းအတာတစ်ခုသည် အများအတွက်တော့ ဟိုလှည့်ဒီလှည့် ကုန်ဆုံးကောင်းကုန်ဆုံးနိုင်ပေမယ့် သွေးအတွက်တော့ ပြောင်းလဲမှုများစွာ ဖြစ်ထွန်းခဲ့ပါသည်။

သွေး မာစတာပြီးသည့်နှစ်တွင် ညီသည် အိမ်ထောင်သည်တစ်ယောက် ဖြစ်လာခဲ့သည်။

သွေးကိုယ်တိုင်လည်း ပြောင်းလဲခဲ့ပါသည်။ ယခုက ယောကျ်ားဟုတ်၊ မိန်းမ မဟုတ်ပုံစံမှ မိန်းကလေးတစ်ယောက်လို ဝတ်စားဆင်ယင်တတ်ခြင်းက အကျင့်ပါလာခဲ့ပြီ။

ခါးအောက်တော်တော်ရှည်နေပြီဖြစ်သော ဆံပင်ကို တယုတယ ကိုင်မိတိုင်း တစ်စုံတစ်ယောက်ကို သတိရမိနေတတ်သည်။

သူကော သူမကို သတိရပါ့မလား။

ဟင့်အင်း…

သွေး သူ့အကြောင်း မတွေးချင်ပါ။ ယခုဆို သူ့ရဲ့အကြောင်းက လူတွေရဲ့ပါးစပ်ဖျားမှာ မင်းသားတွေထက် ရေပန်းစားလာကာ မကြား ချင်မှအဆုံး။ သူပြောခဲ့သော စကားတွေကို သူ ပြန်သတိရပါဦးမလား။

"တစ်နေ့နေ့ မင်း လက်ထပ်ရမယ့်သူဟာ ကိုယ်ပဲဆိုတာ မြဲမြဲ မှတ်ထား" ဆိုသည့်စကားဟာ အနိုင်ပိုင်းစကားလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

သွေးကတော့ ဘာရယ်မဟုတ် သတိရတိုင်း ကိုယ့်ကိုယ်ကိုသာ အပြစ်တင်မိ၏။

ညီက သင်္ဘောသားဖြစ်နေသည်။ သူ့အမျိုးသမီးက သွေး၏ မေဂျာကပဲ ဖြစ်သည်။ ညီက အခု ကလေးတစ်ယောက်ရနေပြီ။

သွေးကတော့ ရတနာပုံတက္ကသိုလ်မှာ ဆရာမတစ်ယောက် ဖြစ်နေသည်။

သင်္ဘောကပ်တိုင်း သွေးတို့ဆီ လာလည်တတ်သော ညီက ဆံပင်ရှည်ရှည်နှင့် ယဉ်စစလှနေသော သွေးကို တွေ့တိုင်း×

"နင်သာ ကျောင်းတက်တုန်းက ဒီပုံအတိုင်းဆို ပိုးသူပန်းသူ တစ်ပုံတစ်ပင်နဲ့။ အခုချိန် ကလေးတွဲလောင်း ဖြစ်နေလောက်ပြီ"

ဟုဆိုလျှင် သွေးသည် လက်သီးနှင့် မထိုးဖြစ်တော့ဘဲ မျက်စောင်းသာ ထိုးပစ်မိတတ်တော့သည်။





ယခုလည်း ဖေဖေက..

"အခုဆို သမီးဟာ အသက်အရွယ်လည်း မငယ်တော့ဘူး။ အမေရှိရင် အမေပြောရမယ့်စကားပေမယ့် ဖေဖေတို့သားအဖကြားမှာ အဲဒီလိုအကန့်တွေ မရှိစေချင်ဘူး။ သမီးကို သင့်တော်တဲ့ လူ တစ်ယောက်နဲ့ အခြေတကျ ရှိစေချင်ပြီ"

"………………"

"သမီးမှာကော ရွေးထားတဲ့သူ… ဒါမှမဟုတ် ရည်ရွယ်ထား သူကော ရှိရဲ့လား။ ဘာမှရှက်စရာမလိုဘူးနော်"

တစ်စုံတစ်ယောက်သောလူ့ရဲ့မျက်နှာကို မြင်ယောင်သောအခါ သွေးသည် မျက်နှာမပျက်အောင်ထိန်းရင်း…

"မရှိပါဘူး ဖေဖေ"

"အင်း…ဒီလိုဆိုရင်တော့ ဖေဖေသာ တစ်ယောက်ယောက်နဲ့ စီမံရင် သမီး လက်ခံနိုင်ပါ့မလား"

"ရှင်…ဖေဖေက ဘယ်သူနဲ့ သဘောတူထားတာလဲ။ ဘယ်ကလဲ ဖေဖေ။ စကားတော့ မလွန်ပါနဲ့ဦးနော်"

"မောင်မျိုးနိုင်ကို သမီး သိတယ်မဟုတ်လား။ သမီးတို့ ကျောင်းဆရာပဲလေ။ သူ့အဖေက ဖေဖေနဲ့ သူငယ်ချင်းတွေပဲ။ မျိုးရိုးလည်း ကောင်းသလို စိတ်သဘောထားလည်း ကောင်းတယ်"

ကိုမျိုးနိုင်ကို သွေး သိပါသည်။ သွေးတို့ကျောင်းမှာ ကိုမျိုးဟု ခေါ်သော ကိုမျိုးနိုင်သည် ဖျိုပျိုမေများ စိတ်ဝင်စားစရာကောင်းသော အရည်အချင်းနှင့် ပြည့်စုံသူရယ်ပါ။

"အခုလည်း သူက သမီးကို သဘောကျလို့ဆိုပြီး သူ့အဖေနဲ့

လာပြောတာ။ ဖေဖေကတော့ ဘာမှဖွတ်မလုပ်ချင်လို့ သမီးရဲ့သဘော ထားကို မေးကြည့်မယ်လို့ ပြောခဲ့တာ။ တကယ်လို့ သမီးမှာ ရည်ရွယ် ထားသူရှိရင် ဖေဖေ့ကို ဘာမှအားနာစရာမလိုဘူး…ခေါ်လာခဲ့"

"သွေးမှာ ရည်ရွယ်ထားတဲ့သူ မရှိပါဘူး ဖေဖေ…ဒါပေမယ့် ကိုမျိုးနဲ့ကိစ္စကိုတော့ သွေး စဉ်းစားပါရစေ။ သူ့ကို သွေး မိတ်ဆွေ တစ်ယောက်လိုပဲ ခင်တာပါ"

"သွေး"

ရုတ်တရက်ခေါ်သံကြောင့် သွေး လန့်သွားသည်။

အမှန်တကယ်တော့ သွေးသည် ကိုမျိုးနိုင်ကို ရှေ့တွင်ထားပြီး ဖေဖေနှင့်သွေးတို့ ပြောခဲ့သည့်စကားများကို ပြန်ကြားယောင်နေခြင်း ဖြစ်ပါသည်။

သွေးသည် ကိုမျိုးက ကားထားရာနေရာတွင် ဆုံကြခြင်းဖြစ် သည်။

ကိုမျိုးက တိုက်ပုံနို့စိမ်းရောင်ကို လက်ပေါ်တွင် ချိတ်ပြီး စာအုပ် များကိုင်ထားသည်။ အချောကြီးမဟုတ်သော်လည်း မျက်နှာက မြင်သူ တိုင်းကို အေးချမ်းစေလေသည်။ စကားနည်းသည်။

"ကိုမျိုး အတန်းချိန်မရှိဘူးလားဟင်"

"ဟင့်အင်း…မရှိတော့ဘူး…သွေးကော"

"သွေးလည်း မရှိဘူး"

"ပြန်တော့မှာလား"

"ဟင့်အင်း…မဟုတ်ဘူး…ဝင်စရာရှိသေးတယ်"

"ကိုယ် လိုက်ပို့ပေးရမလား"





"ရပါတယ်"

သွေး သူ့ကို နှုတ်ဆက်ပြီး ကားထဲသို့ဝင်ရန် ကားတံခါးကို ဖွင့်စဉ်…

"သွေး"

"ရှင်"

"ကျွန်တော် သွေးကို ချစ်တယ်။ ကျွန်တော့်မှာ သွေး လက်မခံ နိုင်တဲ့အကြောင်းတွေရှိလား ပြောပါ။ ကျွန်တော် ပြင်ပါ့မယ်"

"မဟုတ်တာ ကိုမျိုးရယ်…ကိုမျိုးက မိန်းကလေးတိုင်း ငြင်း ယ်လို့မရတဲ့ လူတစ်ယောက်ပါ။ ဒါပေမယ့် သွေး မချစ်တဲ့သူကို ချစ်သယောင်နဲ့လည်း ဆွယ်မထားချင်ဘူး။ သွေးကို နားလည်ပေးပါ နော်"

"သွေးရယ်"

ညှိုးလျော်သွားသည့်မျက်နှာကို သွေး အသာမော့ကြည့်၍ သက်ပြင်းချလိုက်မိ၏။

"သွေးကြောင့် ကိုမျိုးရဲ့အချိန်တွေကို မကုန်စေချင်ဘူးလေ။ အချစ်ဆိုတာ လုပ်ယူလို့မှမရတာ။ သွေးအနားမှာ စောင့်နေလို့ ကိုမျိုး အချိန်ပဲကုန်မှာပါ။ အခြားတစ်ယောက်ကို…"

"သွေး ပြောသလို အချစ်ဆိုတာ လုပ်ယူလို့မရဘူးဆိုရင် ကိုယ့် နှလုံးသားကိုလည်း တခြားလွှဲပြောင်းလို့ မရနိုင်တာ သွေး နားလည် ပေးသင့်ပါတယ်"

"အင်းလေ…ဒါကတော့ ကိုမျိုးရဲ့သဘောပါပဲလေ"

ကိုမျိုးက နှုတ်ဆက်ခြင်းမရှိဘဲ ကားပေါ်သို့တက်၍ မောင်း

ထွက်သွား၏။

သွေး၏ဦးတည်ရာတို့သည် ပြောင်းသွား၏။ စိန်ပန်းနီ၊ စိန်ပန်းပြာ အရောင်စုံရှိသည့်နေရာဆီသို့ ဖြစ်၏။ ကြွေကျနေသော စိန်ပန်းပွင့်လေးများကို မနင်းရက်စွာငေးရင်း သက်ပြင်းချမိ၏။

ဘဝဆိုတာ ဘာကိုပြောတာလဲ။ လိုချင်တာကို မရဘဲ မလိုချင်တာကိုရတာ ဘဝလား။

သွေးရင်ထဲတွင် ထိန်းချုပ်မှုကြောင့် တင်းကျပ်နေသည်။ တကယ်ဆို သွေး မေ့ပစ်သင့်ပါတယ်နော်။

'မဟူရာ' ဆိုသည့် လူတစ်ယောက်နှင့်ပတ်သက်ခဲ့ဖူးသည့် အတိတ်ကို မေ့ပစ်နိုင်မယ်ဆိုရင် သွေးအတွက် ဘဝဆိုတာ အဓိပ္ပာယ်ရှိလာမှာပါ။ အခုတော့…

သွေးကျတော့ တစ်ဖက်သတ် မျှော်လင့်မှုတွေနှင့်ရှိနေရပြီး သွားတော့…

ရှင် မတရားဘူး ဦးမဟူရာ…

မျက်လုံးတွေက ဝေဝါးလာသလို ထင်ရ၏။ ခုံတန်းလေးထက်မှာ ဝင်ထိုင်စဉ် မျက်ရည်တွေနဲ့ လွတ်လပ်ခွင့်ပေးလိုက်၏။

မပေးနိုင်ဘဲ ဘာလို့ မျှော်လင့်ချက်တွေ ပေးခဲ့တာလဲ။ ရောက်လာမယ်ဆိုတာ မသေချာဘဲ ရောက်လာမယ်လို့ ဘာကြောင့် ကတိပေးလွယ်ခဲ့တာလဲ။





# အခန်း (၁၂)

"ကလင်…ကလင်"

ကျူတိုရီရယ်စာအုပ်တွေကို အမှတ်ခြစ်နေစဉ် လက်ကိုင်ဖုန်းမြည်သံကြောင့် ယူပြီး နားထောင်လိုက်၏။

"ဟယ်လို"

"သွေး"

"ညီလား"

အတော်အံ့ဩသွားရ၏။ ညီက လွန်ခဲ့သော လေးလကမှ နောက်တစ်ခေါက် သင်္ဘောတက်သွားခြင်း ဖြစ်သည်။

အရင်ဆို တစ်နှစ်၊ နှစ်နှစ်ကြာတတ်ပြီး အလွန်ဆုံး သုံးနှစ်လောက်ထိတောင် ကြာတတ်သေးတာမို့ အံ့ဩခြင်း ဖြစ်သည်။

သွေးနှင့်ညီ အဆက်အသွယ်ပြတ်နေသည်မှာလည်း အတော်ကြာပြီ။ ညီက အရင်လို လူလွတ်မဟုတ်တော့သဖြင့် အားလပ်ချိန်လေး သူ့မိသားစုနှင့် ပျော်ချင်ရှာမှာပဲဟု တွေးပေးကာ ဖုန်းမဆက်ဖြစ်တာလည်းပါသည်။

"ဘာလဲ…ဘာတွေစိတ်ကူးပေါက်လို့ ဖုန်းမဆက်ရတာလဲ။ အခုရော ဘယ့်နှယ် မြန်မာနိုင်ငံ ပြန်ရောက်နေတာလား"

"ဟာ…ဟာ…သွေးရဲ့ပေါက်သံမကြားရတာ ကြာပြီ။ အခုမှပဲ ကြားရတော့တယ်။ ငါ မြန်မာနိုင်ငံကို ပြန်ရောက်နေတာမဟုတ်ဘူး သွေးရေ…သွားကို မသွားတော့တာ။ မိသားစုနဲ့ဝေးတဲ့ဒဏ်ကို မခံနိုင်ဘူးဟ။ ငါတို့သင်္ဘောသားတွေရဲ့ဘဝက ရေပြင်ကိုမြင်တိုင်း မိသားစုကို သတိရစိတ်နဲ့ အဆွေးလှိုင်းထနေရတာ။ စိတ်ပျော့တဲ့သူများဆိုရင် ကိုယ့်ကိုယ်ကို သတ်သေပစ်တာ ကြုံဖူးတယ်"

"ဒါတော့ ဒါပေါ့ဟာ"

"ဒါတော့ဒါပေါ့ဟာ…လုပ်မနေနဲ့၊ မေမေနဲ့ဖေဖေကလည်း ထပ်မသွားစေချင်တော့ဘူး။ ဒီမှာ လုပ်ငန်းထူထောင်ပြီး မိသားစုနဲ့ အိုးမကွာ အိမ်မကွာနေတော့လို့ဆိုတော့ နဂိုကမှ ဖိုးနေချင်ဖြစ်တဲ့ ငါ ဖိုးကျိုးတုတ်ဖြစ်ရော"

"ပိုပ့"

သွေးနှင့်ညီက မောင်နှမဝမ်းကွဲပင်ဖြစ်လင့်ကစား သူငယ်ချင်းလို၊ ညီအစ်ကိုလိုနေလာခဲ့သဖြင့် သူများတကာရဲ့ မောင်နှမတွေလို စိမ်းသက်မနေပါ။

တော်ရုံတန်ရုံ လျှို့ဝှက်ထားတာလည်း မရှိပါ။





"ဒီလောက်ထိ မြန်မာနိုင်ငံပြန်ရောက်ပြီး အခြေကျဖို့လုပ်နေတာတောင် ငါ့ဆီ ဖုန်းလည်းတစ်ချက် လှမ်းမဆက်တာတော့ နင်လွန်တယ်နော်"

"မဟုတ်ပါဘူးဟာ…ငါ တကယ်အလုပ်မအားလို့ပါ။ ငွေရှိပေမယ့်လို့ ကိုယ်ပိုင်လုပ်ငန်းထောင်ချင်ပေမယ့် သူများတကာတွေလို ဘီအီးတွေ၊ အမ်အီးတွေနဲ့ ပြီးထားတာမဟုတ်တော့ ဆောက်လုပ်ရေးလုပ်ငန်းအကြောင်း ဘာမှနားမလည်ဘူး။ အဲဒီတော့ ဖေဖေတို့ရဲ့ အသိ ဆောက်လုပ်ရေးလုပ်ငန်းမှာ လုပ်ပြီး အတွေ့အကြုံရပြီး နားလည်အောင် လေ့လာနေရတယ်ဆိုတော့ အလုပ်သမားတစ်ပိုင်းပဲဆိုပါတော့"

"အေးပါ…ငါ့အတွက် အချိန်ဖဲ့ပေးတာ ကျေးဇူးတင်ပါတယ်"

သွေးရဲ့ ခနဲ့တဲ့တဲ့စကားကို ညီက တဟားဟားနှင့် သဘောကျစွာ ရယ်လေသည်။ သွေးကိုယ်တိုင်လည်း စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေမေ့ကာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောရင်း သောကတွေ မေ့လျော့သွား၏။

"ဒါနဲ့ လေးသန့်ကော"

"ဖေဖေ ပြင်ဦးလွင်ဘက် သွားတယ်။ အခု ဖေဖေက ပင်စင်ယူလိုက်တော့ အချိန်တွေ အားလပ်လာတယ်။ ပင်စင်စားဆိုပြီး ကိုတွေးဒီတွေးနဲ့ အားငယ်စိတ်တွေ ဝင်လာမှာစိုးလို့ဆိုပြီး အနီးနား တော်ဝန်းကျင်တွေကို စိတ်ပြေလက်ပျောက် ခရီးထွက်တတ်တယ်"

"သြော်"

“တစ်ခါတလေ ငါ ကျောင်းပိတ်ရက်နဲ့တိုက်ရင် လိုက်သွား ဖြစ်တယ်”

“ကောင်းတာပေါ့”

“ဒါနဲ့ ဖေဖေနဲ့ ပြောစရာရှိလို့လား။ ငါ ဘာပြောပေးရမလဲ”

“မဟုတ်ဘူး…ငါ နင့်ကို ပြောစရာရှိလို့”

“ဘာပါလိမ့် ပြောလေ”

“အရေးကြီးတဲ့စကားဆိုပါတော့”

“ဘာလဲ…ပိုက်ဆံချေးဖို့လား၊ ပစ္စည်းပေါင်ဖို့လား”

“ချေးစရာလား”

“မသိဘူးလေ…ပြော…ဘာပြောမလို့လဲ”

“နင်နဲ့ကိုမဟူရာ အဆက်အသွယ်ရှိသေးလား”

“ညီ”

သွေး အသံတွေ ကတုန်ကယင်နှင့် အော်ဟစ်တားမြစ်မိ၏။

လေပြည်သွေးဟာ ယောကျ်ားတစ်ယောက် ဆက်သွယ်လာမှာကို စောင့်စားနေရတဲ့ မိန်းမတစ်ယောက်လား။

“နင် သူ့အကြောင်း ဘာလို့ ငါ့ကို လာပြောနေတာလဲ ညီ”

“မပြောလို့မရဘူး သွေး”

“ရတယ်မပြောနဲ့”

သွေး ခါးသီးနာကြည်းစွာ အော်မိတော့ ညီက ကျွတ်ခနဲမြည်အောင် ပြု၏။ ပြီးမှ ခပ်ဆတ်ဆတ် လေသံနဲ့…

“နင် သူ့အပေါ် ဘယ်လိုရှိလဲ။ ငါ သိတယ် သွေး…အဲဒါကို နင် ငြင်းလို့မရဘူး”





“ကျေးဇူးပြုပြီး မပြောပါနဲ့တော့ ညီရယ်…အဲဒါ ငါ့ရဲ့သိက္ခာတွေဆိုတာ နင် သိလား။ သူ အရင်က ငါ့အပေါ် ဘယ်လိုရှိရှိ၊ ငါက သူ့အပေါ် ဘယ်လိုရှိရှိ အခုချိန်မှာ အတိတ်ကအကြောင်း ပြန်ပြောနေလို့ ဘာထူးမှာလဲ…အတိတ်ကို အတိတ်မှာထား၊ ပစ္စုပ္ပန်ကို မြင်အောင် ကြည့်ပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဆိုရင် အတိတ်ကို ငါ ဘာလို့ ပြန်စဉ်းစားနေရဦးမှာလဲ”

“အဲဒါတော့ အသေအချာပဲ။ သူ ဟိုတစ်ယောက်နဲ့ သူ စင်တင်ပေးတဲ့တစ်ယောက်…ဘယ်သူလဲ…ကျွတ်”

“ကြယ်စင်ချိုလား”

“အေး…ဟုတ်တယ်။ သူနဲ့ ယူမလိုလိုတွေတောင် မီဒီယာတွေက ပြောနေကြပြီ။ နင် စဉ်းစားကြည့်…ဘယ်ဒါရိုက်တာက ခင်းသားအနေနဲ့ သရုပ်ဆောင်လို့လဲ။ အခုဆို အဲဒီကြယ်စင်ချိုနဲ့တွဲပြီး သရုပ်ဆောင်နေပြီ”

ကိုယ်က ဒါရိုက်တာလုပ်ရတာပဲ နှစ်သက်တာ။ သရုပ်ဆောင် လုပ်ချင်ဘူး။

သူ ပြောခဲ့ဖူးသော စကားသံများကို ပြန်ကြားယောင်သောအခါ သွေး ဖုန်းခွက်ကို ချလိုက်ပြီး မျက်ရည်တွေ လွှတ်ချပေးလိုက်သည်။

ယခုအချိန်မှာ သွေးအတွက် ငိုစရာရင်ခွင်တစ်ခု လိုအပ်နေပြီ။

“သူတို့ ယူတော့မလိုလိုတွေတောင် ဖြစ်နေကြပြီ”

ရှင် ဘယ်လိုလူလဲ…

ကျွန်မကို သူငယ်နှပ်စားလို့ သဘောထားပြီး ရှင် လှည့်စားခဲ့တာလား။ ရက်စက်တယ်…ရှင် သိပ်ရက်စက်တယ်။ ကျွန်မကို အရှုံး

တွေ တမွေ့တပိုက်နဲ့ပေးပြီး ထားခဲ့ရက်တယ်။ ရှင့်ကို မုန်းတယ်…

ပြန်လေ…ပြန်ပေါ့…မင်း သိထားဖို့က တစ်နေ့ မင်းက ငါ့ မိန်းမဖြစ်ကိုဖြစ်ရမယ်။ မန္တလေးပဲဖြစ်ဖြစ် နိုင်ငံခြားပဲဖြစ်ဖြစ် သွား ပါ။ ဒါပေမယ့် မလွဲမသွေ ငါ့ကို လက်ထပ်ရမှာကတော့ အသေအချာ ပဲ။

အချစ်ဆိုတာ မင်းနဲ့တွေ့မှ မင်းတစ်ယောက်ကိုပဲ ချစ်ခဲ့တာ နောက်လည်း အမြဲတမ်းချစ်နေမယ်။ တစ်ဘဝလုံးအတွက် မင်းဟာ ငါ့ရဲ့ချစ်သူ၊ ငါကလွဲရင် ဘယ်သူ့ကိုမှ မင်း စိတ်မဝင်စားရဘူး။

အခု…အခုတော့ ဒါတွေဟာ ပုံပြင်တွေပေါ့ ဦးမဟူရာ။ ကျွန်မ ကတော့ အမုန်းတကယ်လားဆိုပြီး ရူးသွပ်ခဲ့တာ။ အခုတော့ အဲဒါတွေ က ပုံပြင်တွေကိုး…

နှစ်များစွာ အမေ့မေ့အလျော့လျော့ သိမ်းထားသည့် ဆွဲကြိုးနှင့် ဓာတ်ပုံကို အံဆွဲထဲမှ ထုတ်ယူလိုက်၏။

မနေ့တစ်နေ့ကလို သူ့ရဲ့အပြုံးတွေ၊ အကြည့်တွေက လတ်ဆတ် နေဆဲ။ သူ့မျက်နှာဆီမှာ အကြာကြီး စူးစိုက်ကြည့်ရင်း ကလေး တစ်ယောက်လို ဝမ်းနည်းပက်လက် ငိုမိတော့၏။

ဒါဟာ မဟူရာဆိုသည့် ယောကျ်ားတစ်ယောက်နှင့်ပတ်သက်၍ နောက်ဆုံးကျသော မျက်ရည်သာ ဖြစ်ရမည်။

သွေး သူ့ကို မေ့ပစ်ရမည်။ သွေးဘဝထဲမှာ သူ ဘယ်တော့မှ ရောက်မလာနိုင်ဘူးဆိုပြီး မေ့ပစ်ရမည်။



# အခန်း (၃၃)

"တီချယ်က ဘယ်ထောင့်မှာလဲ"

"ဗုဒ္ဓဟူးထောင့်ပေါ့ရှိခိုးပြီးရင် ပြန်ဆုံမယ်လေ"

"ဟုတ်ကဲ့ တီချယ်"

ပြေးထွက်သွားသော တပည့်လေးတွေကို ကြည့်ပြီး ပြုံးမိ၏။

မနေ့က အဝေးသင် စာပေးစာယူကျောင်းသားတွေရဲ့ စာမေးပွဲ ပြီး၏။ တစ်နယ်တစ်ကျေးမှာလာကြသူများမို့ မပြန်ခင် လျှောက်လည် ဖို့ သွေးကို လာခေါ်ကြခြင်း ဖြစ်သည်။

သွေး ဘုရားရှိခိုးပြီး ထိုင်နေစဉ် တပည့်လေးတွေ ရောက်မလာ ကြသေးချေ။ သပ္ပာယ်လှသည့် မဟာအံ့ထူးကံသာဘုရားကြီးကို ကြည့်ညို့စွာ မော့ငေးမိ၏။

ဘုရားသို့ရောက်လျှင် ရင်တွင်း၌ ခံစားနေရသော ပူပင်သောကများ ပျောက်ပျက်သွားရသလို ခံစားရ၏။ ဘုရားရင်ပြင်တော်ထက်၌ လေများတဖြူးဖြူး တိုက်ခတ်နေလေသည်။ သွေး ဘုရားကို လက်ယာရစ်ပတ်၍ ရှိခိုးနေစဉ် တပည့်လေးတွေနှင့် ပြန်ဆုံကြသည်။

"တီချယ်…"

"အားလုံး ရှိခိုးပြီးသွားကြပြီလား"

"ဟုတ်ကဲ့…တီချယ်…သမီးတို့ အဆောင်က ဘာမှမစားခဲ့ရသေးဘူး။ တစ်ခုခုသွားစားရအောင်လေ တီချယ်"

ဘုရားရင်ပြင်အောက်ဘက်က ဆိုင်တစ်ဆိုင်ဆီသို့ သွေးတို့ ဦးတည်လိုက်၏။

"သမီးတို့ စားချင်တာမှာကြနော်"

"တီချယ်ကော ဘာစားမလဲ"

"တီချယ် အသုပ်စုံပဲစားတော့မယ်"

"အဲဒီလိုဆို သမီးတို့လည်း အသုပ်စုံပဲ စားတော့မယ် တီချယ်"

မှာပြီးစောင့်နေစဉ် ကျောင်းသူတွေက သူတို့သိချင်တာ ဟိုမေး ဒီမေးနှင့် သွေးလည်း ဖြေနိုင်တာဖြေပါသည်။

ဒီနေ့တော့ လျှောက်လည်ကြတာမို့ ဆံထုံးတွေဘာတွေနှင့် ခန့်ခန့်ကြီး လုပ်မနေတော့ပါ။

ပျော့စင်းနေသော ဆံပင်များကို ကလစ်နှင့်ညှပ်ထားသည်။ အဝါရောင်ပေါ်မှာ အပွင့်လေးတွေပါသည့် ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။ ကလေးတွေနှင့် အသက်အရွယ်အကွာကြီး မဟုတ်သဖြင့် ကျောင်းသူလေးလိုပင် ဖြစ်နေသည်။





"တီချယ်…လားရှိုးလိုက်လည်ပါလားရှင်"

လားရှိုးသူ မကျင်နွယ်စကားကြောင့် သွေးက ရယ်ရင်း-

"ကြုံရင်တော့ လာမှာပေါ့။ မကျင်နွယ်တို့က ဘယ်မှာနေကြတာလဲ။ တီချယ်တောင် သမီးတို့တွေ တစ်မြို့တည်းက လာကြတာလားလို့"

"မဟုတ်ပါဘူး တီချယ်…သမီးတို့က ရှမ်း(မြောက်)ချင်းတူပေမယ့် မို့မို့က ကျောက်မဲသူ၊ စံအေးက သီပေါသူ၊ ဓာဓာလည်း သီပေါသူပဲ။ နန်းမိုဟွမ်နဲ့ နွမ်ဆိုင်တို့က နမ့်စန်ကလေ"

"ဟုတ်လား…နယ်စုံလှချည်လား"

အသုပ်စုံတွေ ရောက်လာသဖြင့် စကားစပြတ်သွားပြီး ငုံ့စားနေစဉ် သွေးကို တစ်စုံတစ်ယောက်က ကြည့်နေသလို ခံစားရတာမို့ မော့ကြည့်မိ၏။

"ဟင်"

ဦး…

ဦးက သွေးနှင့် နှစ်ဝိုင်းကျော်မှာထိုင်ပြီး သွေးကို ငေးကြည့်နေ၏။ သွေးက မော့ကြည့်လိုက်သဖြင့် အကြည့်ချင်းဆုံသွားလေသည်။

ဦးက ပြုံးပြသော်လည်း သွေး ပြန်မပြုံးဖြစ်ဘဲ ခေါင်းငုံ့ချပစ်လိုက်မိသည်။ ဦး မည်သို့ဖြစ်သွားမလဲ သွေး မစဉ်းစားချင်တော့ပါ။

ဦးက သိပ်ပြီးမပြောင်းလဲပါ။ ဟိုတုန်းကလို တည်ငြိမ်နေဆဲ၊ ခန့်ညားနေဆဲပါ။ ဦးရဲ့မျက်ဝန်းတွေထဲမှာ တစ်ခုခုပြောချင်နေသလိုပါလား…

ဒါပေမယ့် သွေး မျှော်လင့်ချက်တွေနဲ့ မရှုးသွပ်ချင်တော့ဘူး

ဦးရယ်…

ဦးရဲ့ညီအတွက် တောင်းပန်ချင်လည်း သူက မမှားပါဘူး။ လင်းလင်းရဲ့သီချင်းထဲကလို ဆိုရရင်တော့ သွေးဘက်ကပဲ မှားခဲ့တာပါ။

ခေါင်းငုံ့ပြီး အသုပ်စုံစားနေရပေမယ့် ဘာမှအရသာမရှိသလို ခံစားရ၏။ စားသောက်ပြီး ပိုက်ဆံရှင်းကာ ပြန်ထွက်ကြသည်။

"သွေး"

"ဟင်"

ဦးက သွေးရဲ့အနောက်မှာ ထီးထီးကြီးရပ်လျက်… သွေး ရှောင်ပြေး၍ မရနိုင်တော့ပါလား။ ဘေးနားတွင် ကျောင်းသူလေးတွေကလည်း ရှိနေသည်။ ဦးကတော့…

"သွေးနဲ့ စကားနည်းနည်းပြောချင်တယ်။ အချိန်ရမလား"

မျက်လုံးပေါင်းများစွာရှိနေသဖြင့် ငြင်းပယ်၍ မကောင်းသောကြောင့်-

"မကျင်နွယ်တို့…ခဏစောင့်ကြဦးနော်…တီချယ် ခဏနေ ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ တီချယ်"

ဦးရဲ့နောက်မှ ခြေလှမ်းနှေးနှေးဖြင့် လျှောက်လာခဲ့ရပေမယ့် ဘာစကားမှ ပြောစရာမရှိသလို ခံစားရ၏။

"သွေးက ပိုပြီးလှလာတယ်။ အင်း…ပွင့်အသေးစားလေးပေါ့ လား"

"မေမေ့အကြောင်း မပြောပါနဲ့…ဦး"





သွေးက ဟိုယခင် သွေးလို့ ဆတ်ဆတ်ထိမခံ ဖြစ်သွားတာက ဘာကြောင့်မှန်းမသိ။ ဖေဖေတို့ရဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းတွေကို သိခဲ့ရပြီးနောက် သွေး သနားစရာက ဖေဖေသာ ဖြစ်သည်။ မေမေကတော့ ကျေးဇူးရှင်အပေါ်မှာ ကျေးဇူးတရားတွေမှ မထောက် အပြီးအာဃာတကြီးလွန်းသည်။ ထိုအဖြစ်ကို သွေး မည်သို့မှ မလိုလားချေ။

တကယ်ဆို ဦးကလည်း အပြစ်တင်စရာလူတော့ မဟုတ်ပါ။ ဒါပေမယ့် ဘာကြောင့်မှန်းမသိ…ဦးနှုတ်မှ မေမေနှင့်ပတ်သက်သည့် ဘာစကားမှ မကြားချင်ပါ။ ဘာကြောင့်လဲဆိုတာ သွေးကိုယ်တိုင်လည်း မခန့်မှန်းတတ်တော့ပါ။

"ဘာဖြစ်လို့လဲ ကလေးရဲ့"

သွေးက ဘာမှမဖြေဘဲ ခပ်မဆိတ် နေမိတော့ ဦးက ရယ်လေသည်။ ရင်ပြင်ပေါ်သို့ ဆက်မတက်ဖြစ်ဘဲ လှေကားထစ်တွေပေါ်မှာ ထိုင်လိုက်၏။

"အလည်လာတာလား"

"မဟုတ်ဘူး…ညီ ကားရိုက်တာနဲ့ကြုံလို့…နောက်…ရောက်တာလည်း ကြာပြီမို့ လာခဲ့တာလေ"

"သြော်…"

ဒါဆို သူ မန္တလေးမှာ ရောက်နေပြီပေါ့။ သူ့အကြောင်း နှုတ်ကထွက်မိအောင်လည်း နှုတ်ကို ထိန်းထားမိသည်။

မေ့လက်စနှင့် မေ့ကြတာကောင်းပြီး ပြန်ကြားရလျှင် အနာဟောင်းကို ဆွသကဲ့သို့ တဆစ်ဆစ် နာကျင်ရပါသည်။

"သမီးဖေဖေ အငြိမ်းစားယူပြီးပြီဆို"

"ဟုတ်…ပြီးခဲ့တဲ့နှစ်ကပါ…အခုတော့ အိမ်မှာပဲလေ"

"သမီးဖေဖေဆီလည်း လာဖို့ရှိသေးတယ်"

"ရှင်"

သွေး အလန့်တကြား မော့ကြည့်မိ၏။ ဦးက သွေးရဲ့အိမ်ကို ဘာလာလုပ်မှာလဲ။

ဖေဖေ အားတင်းမေ့ပစ်ထားသည့်အတိတ်ကို တူးဖော်ချင်တာလား။ ထိုသို့ဆိုလျှင်တော့ ဦးရဲ့လာခြင်းကတော့ လာခြင်းကောင်း မဖြစ်နိုင်ပါ။

"မလာပါနဲ့…ဦး"

"ဟင်…ဘာဖြစ်လို့လဲ ကလေး"

"ဦးက ဘာအတွက် ဖေဖေ့ဆီ လာချင်ရတာလဲ။ ဦးနဲ့ဖေဖေ ကြားမှာ ပြောစရာစကား ဘာရှိလို့လဲ။ မိတ်ဆွေတွေလည်း မဟုတ် ကြဘဲ ဦးကိုမြင်ရင် ဖေဖေ အတိတ်ကို သတိရပြီး စိတ်ဆင်းရဲရလိမ့် မယ်။ ဖေဖေ တစ်ခုခုဖြစ်မှာကို သွေး မလိုလားဘူး"

"သမီးရယ်"

ဦးက အကြာကြီး မျက်နှာပျက်သွား၏။ ပြီးတော့ ခပ်နွမ်းနွမ်း ပြုံး၍ လှမ်းမြင်နေရသည့် ဘုရားကိုငေးရင်း-

"ရိုက်ကွင်းကို လာလည်ပါလား"

ဦးရဲ့ရည်ရွယ်ချက်က ဘာလဲ။

လေပြည်သွေးရဲ့အရှုံးကို မြင်ချင်တာလား။ ဦးမဟူရာ ရိုက် သည့်ဇာတ်ကားတိုင်းတွင် ကြယ်စင်ချို့က ပါနေတော့ ယခုရိုက်ကွင်း မှာလည်း ကြယ်စင်ချို့ ပါနေပေလိမ့်မည်။ ထိုလူနှစ်ယောက် မခွဲအား





တတွဲတွဲဖြစ်နေတာကို သွေးအား မြင်စေချင်တာလား။

"တောင်းပန်ပါတယ် ဦး…အခု သွေး အဲဒါတွေ လုံးဝ ဝါသနာမပါတော့ဘူး။ ဖေဖေက 'ဟင်'ဆိုပြီး မကြိုက်သလို လုပ်ပြ၍ သွေးကလည်း လိုက်နာနိုင်အောင် လိုက်နာမှာ။ အခုလည်း ဒီလူ တွေနဲ့ မပတ်သက်နဲ့ဆိုရင် သွေးက ဘာလို့မနေနိုင်ရမှာလဲ…သိပ် နေနိုင်တာပေါ့"

ဟု အပြတ်ပြောလိုက်၏။ ဒါမှ လေပြည်သွေးဟာ မဟူရာ ဆိုသည့် ယောကျ်ားတစ်ယောက်ကို မျှော်လင့်နေတာမဟုတ်မှန်း သိအောင် ပြောလိုက်၏။

"သမီးကော ခုထက်ထိ တစ်ယောက်တည်းပဲလား"

စကားလမ်းကြောင်းလွဲကာ မေးလိုက်သည့် ဦးကြောင့် သွေး မဲ့ပြုံးပြုံးပြီး-

"အခုထက်ထိတော့ တစ်ယောက်တည်းပဲပေါ့"

"ခုထက်ထိဆိုတော့"

"ဟုတ်ပါတယ် ဦး…နောက်ဆိုရင် ဖေဖေ သဘောတူထားတဲ့ သူနဲ့ သွေးက လက်ထပ်ပြီးလောက်ပြီလေ"

"မိဘသဘောတူပေမယ့် ကိုယ်မှ မချစ်ဘဲ ကလေးရယ်"

မချစ်ဘဲနဲ့တဲ့။

ဘာကြောင့် ဦး ဒီလောက် ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ရတာလဲ။ ဒီလိုပြောနိုင်ရအောင်လည်း ဦးမဟူရာက ဘာတွေပြောထားတာမို့လဲ။

သွေးတစ်ကိုယ်လုံး တုန်ခနဲ ဖြစ်သွားပြီး…

"မချစ်နိုင်ဘူးလို့ ဘယ်သူပြောတာလဲ ဦး…ကိုမျိုးကို သွေး

က နဂိုကတည်းက လေးစားပြီးသား။ မချစ်နိုင်ဘူးလို့ ဦးက ဘာကြောင့် အတင်ပြောရဲရတာလဲ။ သွေး ဒီအရွယ်ထိ တစ်ယောက်တည်းဖြစ်နေတာ ဘယ်သူ့ကိုမှ စောင့်နေတာမဟုတ်ဘူး။ မယုံဘူးဆိုရင် ဖိတ်စာလှမ်းပို့လိုက်ပါ့မယ်"

"သမီးရဲ့ဆုံးဖြတ်ချက်ကြောင့် သမီး နောင်တရလိမ့်မယ်"

သွေး ဘာမှမပြောဘဲ ပြုံးပြလိုက်တော့ ဦးက ထိုင်နေရာမှ လေးကန်စွာထပြီး-

"ညီ…သွေးကို သတိရနေတာ"

သွေးကလည်း အတတ်နိုင်ဆုံး ပြုံးပြပြီး…

"သွေးလည်း သတိရတယ်လို့ ပြောပေးပါဦး။ ဒါပေမယ့် အမြဲတမ်းတော့ မဟုတ်ပါဘူးလေ။ တိုက်ဆိုင်တဲ့အခါတွေမှာပေါ့။"

"ညီကို ခုထက်ထိ မုန်းနေတုန်းပဲလားကွယ်"

ဦးမေးခွန်းကြောင့် သွေး ထိုင်နေရာမှထပြီး ဦးကို ကျောခိုင်းပစ်လိုက်ကာ-

"သူ့အပေါ်မှာ ချစ်ခြင်းမုန်းခြင်းတွေ မခံစားရတော့ပါဘူး။ သူနဲ့သွေးက ဘယ်တုန်းကမှ မသိသူလို၊ ဘယ်တုန်းကမှ မခင်ခဲ့ဖူးသူလို့ လမ်းမှာတွေ့ရင်တောင် ပြုံးပြနှုတ်ဆက်ဖို့ အတော်ခဲယဉ်းသွားပြီ။ ဦးကိုတော့ သွေး သတိရနေမှာပါ"

ဦးဆီမှ ဘာစကားမှမထွက်ခင် သွေး လှေကားထစ်တွေထက်မှ ခပ်မြန်မြန်ဆင်းခဲ့၏။





# အခန်း (၃၄)

"သွေးရေ…ထူးဆန်းတယ်ဟ"

"ဘာလဲ"

ရုတ်တရက် နားနေခန်းထဲဝင်လိုက်စဥ် ခင်လေးမူရဲ့စကားကြောင့် နားမလည်နိုင်စွာ ပြန်မေးမိ၏။ ခင်မူက မပြောသေးဘဲ စာအုပ်တွေ၊ ဖိုင်တွေကို ရှင်းနေသဖြင့် သွေးလည်း ဆက်မမေးဖြစ်တော့ဘဲ ကိုယ်တိုင်လည်း စားပွဲခုံကို ရှင်းနေမိ၏။

ခင်မူပြောသလောက် ဒီနေ့တစ်နေ့လုံး မည်သည့်ထူးဆန်းမှုမျိုး မတွေ့ရသေးချေ။

ကိုယ်တိုင်လည်း လောကနှင့် အဆက်အသွယ်ပြတ်သွားရှာလျှင်ထင်၏။

စိတ်ရှုပ်ထွေးမှုတွေကြောင့် ထမင်းစားဖို့တောင် စိတ်မဝင်စားခဲ့ချေ။ တော်သေးရဲ့…ဖေဖေက ပြင်ဦးလွင်ရောက်နေတာမို့ ဒီမှာရှိနေရင်တော့ ဘာကြောင့်မစားလဲ၊ မေးဖြစ်မေးပေလိမ့်မည်။

ကိုမျိုးနိုင်နှင့်တောင် အတွေ့မခံဘဲ ကိုယ်တစ်ယောက်တည်း တိတ်တိတ်လေး ပြန်ခဲ့မိ၏။

ဦးနှင့်တွေ့ပြီးသည့်နောက်ပိုင်းတွေမှာ ကိုယ့်ကိုယ်ကိုယ် မူမမှန် သိခဲ့ရသည်။

ညီက သတိရနေတယ်တဲ့။

ဟုတ်ပါ့မလား…မဟူရာဆိုသည့် လူတစ်ယောက်က မိမိကို သတိရနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

မဖြစ်နိုင်ပါ။ ကြားကောင်းရုံပြောသည့်စကားတွေသာ ဖြစ်ပေလိမ့်မည်။ သွေး နာကျင်စွာ ခေါင်းကို ယမ်းမိတော့-

"ဟဲ့…သွေး ဘာတွေခေါင်းယမ်းနေတာလဲ"

"ဟင်…ဪ"

ခင်လေးမူရဲ့အသံကြောင့် တစ်ယောက်တည်း ခေါင်းယမ်းမိတဲ့ အဖြစ်အတွက် မျက်နှာ ဖျန်းခနဲနေအောင် ထူပူသွားရ၏။

"ဘာမှမဟုတ်ပါဘူး ခင်မူရဲ့…ဘာထူးဆန်းစရာတွေ တွေ့လို့လဲ"

"ထူးခြားတာပေါ့ဟာ…ငါတို့တက္ကသိုလ်မှာ ရုပ်ရှင်လာရိုက်မလို့တဲ့"

"ဪ…ဒါများ ခင်မူရယ်…ထူးဆန်းလို့လား။ မကြာခဏ ရိုက်ကွင်းတွေရှိနေလို့ တို့တွေတောင် ကျူတိုရီရယ် လာမပြော





အတန်းလစ်ပြီး သွားကြည့်ကြတဲ့ ကလေးတွေကို လိုက်ဆူနေရတာ။ အခုမှ အရေးကြီးခွင်ကျယ်လုပ်လို့"

"ကြီးတယ်ဟဲ့…ကြီးတယ်"

ခင်လေးမူက သွေးရဲ့စကားကို လုံးဝ ပယ်ဖျက်လိုသည့်လေသံနှင့်ပြောကာ အားမလိုအားမရ ဖြစ်နေ၏။ ပြီးတော့ 'အ'ရန်ကောဟူသောပုံစံနှင့် သွေး ရှေ့ရောက်လာပြီး-

"ဒါရိုက်တာမဟူရာလေ…ခပ်ချောချောလေးနော်…ဒါရိုက်တာထက် မင်းသားတောင် လုပ်ဖို့ကောင်းနေပြီ။ တို့တွေနဲ့ဆိုရင် ကိုကိုနဲ့ ညီမလေးဖြစ်နေပြီ"

သွေး ယိုင်ခနဲဖြစ်သွားရကာ ခုံမှာ လျင်မြန်စွာ ထိုင်နိုင်၍ တော်တော့သည်။

ထိုအရာကို ခင်လေးမူက မရိပ်မိဘဲ ပြောချင်တာကိုသာ စိတ်ဝင်တစား ပြောနေလေ၏။

ရှင်ရယ်…ဘာကြောင့် အဲဒီလောက်ထိ ရက်စက်ချင်နေတာလဲ။

သွေး ဒီမှာရှိနေတာကို ရှင် သိကိုသိရမယ်။ ဦးကတော့ သွေးနဲ့တွေ့ကြောင်း ပြောမှာပါ။ ဒါကိုသိရက်နှင့် တမင် သွေးရှိတဲ့နေရာကို မရှောင်ဘဲ ရောက်လာပုံထောက်ရင် သွေးရဲ့ရင်ကို နာစေချင်တာလား။

"ကြယ်စင်ချို့နဲ့လေ…အရမ်းလိုက်တာပဲဟယ်…သိလား။ night dress ဝတ်စုံကြော်ငြာတာလေ"

"ဘာရယ်"

သွေး မျက်လုံးတွေပြူးကာ အသံတွေ တုန်ယင်စွာ မေးမိ၏။

အဲဒီလောက်တောင် ဖြစ်နေကြပြီလား။

"သြော်…အဲဒါ ဘာဖြစ်ရပြန်တာလဲ သွေးရဲ့။ နင် မကြည့်ရသေးဘူးလား။ အခုလည်း ဒီမှာ ကြယ်စင်ချိုနဲ့ ဘာဇာတ်ကားလည်း မသိဘူး။ ရိုက်နေတယ်…အရမ်းလိုက်တာပဲ။ သူတို့တွေက ဘာလိုလိုတောင် ဖြစ်နေကြပြီထင်တယ်"

"ခင်မူ ငါ အပြင်ခဏသွားမယ်"

ခင်မူ ထင်ချင်သလို ထင်ပါတော့လေ…

သွေး ကျောင်း Toilet ဘက်သို့ဝင်လာပြီး ငိုကြွေးမိ၏။ တကယ်ဆို ဘာလို့ ငိုကြွေးရမှာလဲ။ ချစ်သောသူက အရှုံးဆိုလျှင် သွေး သူ့ကို ရှုံးရပြီပေါ့။

သွေးသည် ကိုယ့်စိတ်ကိုမနိုင်ဘဲဖြစ်ရသည်က သူနှင့်ပတ်သက်မိခါမှ ဖြစ်သည်။

အမုန်းဆို ယခု ရဲရင့်သွက်လက်မှုတွေ မပျောက်ပျက်သင့်။ သူ့ကို အမြဲအနိုင်ပိုင်းနိုင်သောသူ ဖြစ်ရမည်။

အတော်ကြာမှ မျက်ရည်တွေကို ပြောင်အောင်သုတ်ပြီး မြင်ရသည့် ရှုခင်းများကို အမိပွါယ်မဲ့စွာ ငေးနေမိ၏။

မုန်းတယ် ဦးမဟူရာ…

နှုတ်က ခပ်ဖွဖွ ရေရွတ်ပြီး ငိုင်တွေနေမိ၏။

ဖေဖေ သဘောတူတဲ့လူကိုယူပြီး အရာရာကိုမေ့ဖို့ ကြိုးစားပြီး ဘဝကို တစ်ကနေ ပြန်စရမည်လား။

အိမ်ထောင်တစ်ခုမှာ ကိုယ်ချစ်တာ အရေးမကြီးပါဘူး သိမ်းရယ်…သူချစ်ကသာ အရေးကြီးတာ။ ဖေဖေ့ကိုပဲကြည့်…ကိုယ်ချစ်





ကြောင့် ဘယ်လောက်စိတ်ဆင်းရဲနေရသလဲ။ နောက်တော့ သံယောဇဉ်တွေရှိလာရင် အချစ်ထက်တောင် ခိုင်မြဲနိုင်တယ်။ အချစ်က အမုန်းလည်း ဖြစ်သွားနိုင်တယ်။

မောင်မျိုးနိုင်က သမီးအပေါ်မှာ သည်းခံအလိုလိုက်မယ့်သူဆိုတာ ဗေဒင်မေးစရာ မလိုအောင်သိတယ်။

ဘာကြောင့် လွဲချော်မှုတွေ ဖြစ်လာရတာလဲ။

အို…မဟုတ်သေးပါဘူး။

ဒါဟာ လွဲချော်မှုမှ မဟုတ်တာ။ ဒါဟာ အမုန်တရားတစ်ခုလေ။ သွေးဆန္ဒအတိုင်း ကိုမျိုးနိုင်ကို လက်ထပ်ရင်ထပ်၊ လက်မထပ်တော့ကော ဘာဖြစ်မှာလဲ။

တကယ်တမ်းစစ်စမ်းမယ်ဆိုလျှင် 'မဟူရာ' ဆိုသောယောကျ်ားကို တမ်းတနေရလောက်အောင် သူနှင့်မိမိတို့က ဘာတွေ ပြောစရာတွေ မှတ်မှတ်ရရ ရှိနေခဲ့လို့လဲ။

တကယ်ဆို ပွဲဦးထွက်အမှားတွေ ကျူးလွန်နေသူက သွေးပဲလေ။ သွေးက ကိုယ့်ကိုယ်ကိုယ် အထင်တွေကြီးနေခဲ့သည်။

ဟင်း…ဟင်း…ဟင်း…

မျက်နှာမော့ကာ ရယ်လိုက်ရပေမယ့် ရင်ဘတ်ထဲက အစိုင်အခဲတွေ ပြေပျောက်မသွားချေ။

'လွှမ်းရေးထက် ဝမ်းရေးကခက်' ဆိုသလို တာဝန်က ရှိသေးတာမို့ lecture room ရှိရာသို့ လျှောက်လာခဲ့၏။

မကြာမီ ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်။

ထို့ကြောင့် ဆရာ၊ ဆရာမအားလုံး အလုပ်ရှုပ်နေကြ၏။ ပွဲပြီး

လျှင် Day တွေ ပြန်ဖွင့်မည်။ စာသင်ခန်းဘက်ဆီသို့ ချိုးကွေ့လိုက်စဉ်

"အင့်"

"အမေ့"

"ဟာ"

အခန်းထဲမှ ထွက်လာသူနှင့် ရုတ်တရက် တိုက်မိသဖြင့် သွေး ယိုင်ခနဲ ဖြစ်သွားရ၏။ တံခါးဘောင်ကို အလျင်အမြန် ဆွဲထိန်းလိုက်၏။

"ဆောရီး ဆရာမ"

"ဟင်"

သွေးရဲ့ဦးနှောက်တွေ ချာခနဲနေအောင် အသံရှင်ဆီသို့ လှည့်သွားရ၏။

သူ...

သူဆို ဦးမဟူရာပေါ့။

သူက သွေးကိုမြင်တော့ မျက်နှာပျက်သွားသဖြင့် သွေး ထိတ်ခနဲ ဖြစ်သွားရ၏။ သူက သွေးတစ်ကိုယ်လုံးကို စုန်ချည်ဆန်ချည် ကြည့်၍နေ၏။ သွေးက အနေခက်စွာ မျက်နှာလွှဲပစ်ပြီး မျက်နှာကို တင်းပစ်ကာ-

"လမ်းဖယ်ပေးပါဦး"

လုံးဝ မသိမမြင်ခဲ့ဖူးသူတစ်ယောက်လို သွေး ခပ်စိမ်းစိမ်း ပြောလိုက်သောအခါ သူက သွေးကို မျက်မှောင်ကုတ်ကြည့်၏။ သူ့နှုတ်က တစ်ခုခုပြောဖို့ ပါးစပ်ဟလိုက်စဉ်-

"ကိုကို"





"ဘုရားရေ..."

ခပ်ချွဲချွဲခေါ်သံကြောင့် သွေး နောက်ဘက်သို့ ကယောင်ကတန်း လှည့်ကြည့်မိ၏။

ပခုံးမရောက်တရောက် ဆံပင်တိုပါးပါးနှင့် အင်္ကျီလက်ပြတ် နီရဲရဲကို ကွာတားပန်အဖြူရောင်နှင့်တွဲဝတ်ထားသည့် မိန်းကလေးက သူ့ကိုသာ မော့ကြည့်ပြီး သွေးကို ရှိတယ်ဟုမထင်။

သွေး ဘာစကားမှ ပြောစရာမလိုအောင် အရာရာကို နားလည်သွားခဲ့သည်။

ကိုကိုဆိုတဲ့ခေါ်သံမှာ ဆွဲဆောင်မှုတွေအပြည့်။

"ဘာဖြစ်နေတာလဲ ကိုကိုရဲ့...လာ...ကြယ်စင် စောင့်နေရတာ...ဘယ်လောက်ကြာနေပြီမှတ်လဲ"

ကြယ်စင်ချို...

ဒါဆို သူတို့က လက်ထပ်ကြမယ့်စုံတွဲတွေပေါ့။

သွေးရှေ့မှာရှိနေသည့် သူတို့စုံတွဲကို ကျောခိုင်းပြီး သူတို့နှင့် ဝေးရာသို့ ကျောခိုင်းခဲ့မိ၏။

အမုန်းတရားတစ်ခုကို သွေး ရှင်းရှင်းလင်းလင်း သိလိုက်ရပြီ။ သွေးက သူ့ကို စောင့်မျှော်သူအဖြစ်နှင့် ကျန်ခဲ့ရမှာလား...

# အခန်း (၃၅)

"သွေး အခုတလော တစ်ခုခုဖြစ်နေတယ်မဟုတ်လား"

ကိုမျိုးရဲ့ အမေးစကားကြောင့် သွေးက တသွင်သွင်စီးနေသည့် ရေပြင်ကို ငေးမိ၏။ မနက်အရုဏ်တက် နေကို မျက်နှာမူထားသဖြင့် ရေထဲ၌ ရောင်နီလာနေသည့်အရိပ်ကို မြင်ရ၏။

သွေးလည်း ရောင်နီလာချိန်တန်ပြီပဲ။

သွေးကို အရိပ်တကြည့်ကြည့် ကြည့်၍မေးသော ကိုမျိုးကို လှည့်ကြည့်ပြီး-

"သွေး ဘာမှမဖြစ်ပါဘူး ကိုမျိုး"

"မလိမ်ပါနဲ့ သွေးရယ်...သွေးအကြောင်းကို ကျွန်တော် အကုန် သိပါတယ်။ ကျွန်တော့်ကြောင့်ဆိုရင် သွေးကို စိတ်မပင်ပန်းစေချင် ဘူး"





"ဘယ်လို"

"ကျွန်တော့်အတွက် အဖြေပေးရမှာ ဝန်လေးလို့ဆိုရင် အပင်ပန်းခံပြီး မစဉ်းစားပါနဲ့။ ကျွန်တော့်ကြောင့် သွေးကို စိတ်မပင်ပန်းစေချင်ပါဘူးလေ"

"ကိုမျိုးရယ်"

ညှိုးငယ်နေသည့် ကိုမျိုးထံမှအကြည့်ကို ရုတ်ပြီး သွေး သက်မ ချမိ၏။

သွေးအပေါ်မှာ ဒီလောက်ထိချစ်တဲ့ ယောကျ်ားကို သွေး ဘာလို့ လက်မခံနိုင်ရတာလဲ။ အချစ်ဆိုတာ ဘယ်လောက်ထိ အရေးကြီးနေ လို့လဲ။

"သွေးကို စဉ်းစားခွင့်ပေးပါ ကိုမျိုး"

"ဗျာ"

ကိုမျိုးက သွေးကို အံ့သြတကြီးနှင့် သွေးမျက်နှာကို လှည့် ကြည့်၏။ သွေး တံတားကိုမှီပြီး-

"ကိုမျိုးအပေါ် လက်ခံနိုင်ဖို့ ကိုမျိုး မျှော်လင့်နေတဲ့အဖြေတစ်ခု ပေးနိုင်ဖို့ သွေး ကြိုးစားနေပါတယ်။ အဲဒီအတွက် သွေးကို အချိန် နည်းနည်းပေးပါဦးနော်"

"တကယ်လား...သွေး၊ ကျွန်တော် ဝမ်းသာလိုက်တာ... ရပါတယ်...စဉ်းစားချင်သလောက် စဉ်းစားပါ။ ဘယ်လောက်ထိ စောင့်ရစောင့်ရ ကျွန်တော် စောင့်ပါ့မယ်"

"သွေး နားလည်ပါတယ်"

နှစ်ဦးသားကြားမှာ စကားသံတွေ တိတ်သွားလျက် အတော်

ကြာ၏။

သွေးကတော့ အမျှင်မပြတ်သော အတွေးတွေနှင့် ဟိုဒီငေး လျက်။ သွေး ဆုံးဖြတ်ချက်တွေ မမှားပါဘူးလေ…

ဘာမှမရေရာတော့တဲ့ အနေအထားမှာ ဘာကို တွေဝေ၍ ဆုံးဖြတ်ချက်တွေ နှောင့်နှေးနေရမှာလဲ။

မနက်စောစောမို့ လူအနည်းငယ် ရှင်းနေသည်။

အဆောင်နေကျောင်းသူကျောင်းသား အနည်းငယ်ကိုသာ ဟိုနား တစ်စု၊ ဒီနားတစ်စု တွေ့ရ၏။

စက်ဘီးစီးနေသူများကိုလည်း တွေ့ရ၏။

"ဒီကအပြန် အမရပူရကို ခဏဝင်ချင်တယ်။ သွေး လိုက်ခဲ့ပါ လား။ မေမေ မှာထားတာလေးတွေ ဝင်ယူစရာရှိလို့"

"သွားလေ"

မယ်ဇလီပင်တန်းဘက်၌ ရပ်လိုက်သော ပါရာဒိုကားနှစ်စီးကို ဘာရယ်မဟုတ်ဘဲ သွေး လှမ်းကြည့်မိ၏။

ကားပေါ်မှာ လူလေးငါးခြောက်ယောက်ခန့် ဆင်းလာပြီး ကရိန်း၊ ကင်မရာတွေ သယ်ထုတ်လာသဖြင့် သွေး ထိတ်ခနဲ ဖြစ်သွား ၏။

တံတားပေါ်မှာ ထိုင်နေရာမှ ထဖို့ပြင်ပေမယ့် မမီတော့ချေ။

နောက်ကားထဲမှ ဦးရယ်၊ သူရယ်၊ ကြယ်စင်ချိုရယ် ထွက်လာ သည်။ ဦးက ရှေ့ခန်းမှာဖြစ်ပြီး သူနှင့်ကြယ်စင်ချိုက နောက်ခန်းမှာ ဖြစ်၏။

ကိုမျိုးက ထိုအချင်းအရာကို သတိမပြုမိဘဲ မတ်တတ်ရပ်နေ





သည့် သွေးကို မော့ကြည့်ပြီး-

"ပြန်တော့မလို့လား သွေး…ရောက်တာတောင် မကြာသေး ဘူး…နေပါဦးလား"

"မပြန်သေးပါဘူး"

သွေး သူတို့ထံမှ အကြည့်လွှဲ၍ ရေပြင်ကို မျက်နှာမူထားလိုက် မိ၏။ စိတ်ကတော့ ထိုနေရာသို့ ရောက်လျက်ရှိ၏။

"ဦးက သွေးအတွက် စိတ်ပူနေတာ"

"အလကားနေ ဒုက္ခခံလို့ ကိုမျိုးရယ်…သွေးက လူငယ်ပဲဟာ ဘာရောဂါ ကြီးကြီးမားမား ဖြစ်စရာရှိလို့လဲ"

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ သွေးရယ်"

တံတားဆီသို့ လျှောက်လာသော ပုံရိပ်များကို မျက်ဝန်းထောင့်မှ မြင်မိတော့ သွေး ခေါင်းတွေ တရိပ်ရိပ်ဖြစ်လာ၏။

တဖြည်းဖြည်း နီးလာသောစကားသံတွေ…

"သာယာလိုက်တာ ကိုကိုရယ်"

"ကိုယ်တောင် ဒီကိုမရောက်ဖြစ်တာ ကြာပြီ ကြယ်စင်ရဲ့… ရန်ကုန်ကို ပြောင်းကတည်းကဆိုပါတော့။ မန္တလေးကို တကူးတက ရောက်ဖြစ်ဘူး။ ရောက်လည်း အလုပ်တစ်ဘက်နဲ့ဆိုတော့ မလည် ပတ်ဖြစ်ဘူးလေ"

"ကြယ်စင်ကတော့ မန္တလေးမှာနေခဲ့တာကို သိပ်မမှတ်မိဘူး"

"ဘယ်မှတ်မိမလဲ…အဲဒီတုန်းက ကြယ်စင်က သုံးနှစ်ပဲရှိသေး တာ။ ကိုယ်တောင် ကြယ်စင်ကို စမြင်တုန်းကဆို လုံးဝ မမှတ်မိဘူး"

သူတို့ကတော့ တကယ်စိတ်အေးလက်အေးဖြင့် လျှောက်လာ

နေကြသည်။

လှည့်ကြည့်ချင်စိတ်တွေ ထိန်းထားရင်း မျက်ရည်များ အိုင်ထွန်းလာ၏။ ခေါင်းက တဆစ်ဆစ်ကိုက်ပြီး ရေပြင်က အရမ်းလှုပ်ခတ်နေသည်ဟု ထင်၏။

ကိုမျိုးက တိတ်ဆိတ်နေသည့် သွေးဘက်ကို ငဲ့ကြည့်လာစဉ် မျက်ရည်တွေ ကျဆင်းနေသည့် သွေးကိုမြင်တော့ ထိတ်ထိတ်ပျာပျာဖြင့်-

“ဟင်…သွေး…ဘာဖြစ်တာလဲ…ဘာဖြစ်တာလဲ”

မျက်ရည်က သုတ်မနိုင်ဖြစ်နေတော့ ဘယ်လိုမှ ကွယ်ဝှက်၍မရသဖြင့်-

“သွေး ခေါင်းတွေ အရမ်းကိုက်လာလို့ မျက်လုံးတွေလည်း ပူလာပြီ”

ဟု မုသားသုံးမိသောအခါ ကိုမျိုးက ခြေမကိုင်မိ လက်မကိုင်မိဖြင့်-

“ဒါဆို ပြန်ကြမလား…ပြန်ကြရအောင်လေ…ပိုဆိုးလာလိမ့်မယ်”

“မပြန်ချင်သေးပါဘူး…ကိုမျိုး”

“ဗျာ…သွေး ဘာလို့လဲ”

“သွေး…သွေး ခဏမှီချင်တယ်။ ကိုမျိုးရဲ့ပခုံးပေါ်မှာ ခဏမှီချင်တယ်…ရမလားဟင်”

ကိုမျိုးက သွေး၏ရဲ့စကားကြောင့် အံ့သြသွားပေမယ့် ချက်ချင်းပဲ ခေါင်းညိတ်ကာ…





“ရပါတယ် သွေး…ဘာလို့ မရရမှာလဲ။ ကျွန်တော်ကသာ သွေး တစ်မျိုးထင်မှာကြောက်လို့”

“သွေး မှီမယ်နော်”

သွေး ကိုမျိုးရဲ့ပခုံးပေါ်မှာ ခေါင်းမှီတင်ပြီး ကျဆင်းနေသည့် မျက်ရည်တွေက ကိုမျိုးရဲ့ပခုံးပေါ်သို့ ကျရောက်လျှင်…

တကယ်တော့ သွေးက သကြိန်အမြှောက်လိုပါပဲ။ ကိုယ့်ဘက်ကို ဘယ်လိုမှ လှုံ့ဆော်အောင်မကာနိုင်ဘဲ သတ္တိရှိရင် စိမ်လိုက်လေဟု အသံကောင်းဟစ်နေခဲ့မိသူ။

သွေးတို့ ဘေးနားကနေ တဖြည်းဖြည်း ဖြတ်လျှောက်သွားသည့် ခြေသံတွေ…နောက်…သိပ်မကြာခင် ပြန်ကွေ့လာသည့် ခြေသံတွေ…

ဒီတစ်ခါမှာတော့ သူဟာ သွေးကို မြင်သွားရသည့်ပုံနှင့်-

“မိန်းကလေးတွေများ ကဲလိုက်တာ”

“ဘာဖြစ်လို့လဲ ကိုကိုရဲ့”

“လူမြင်ကွင်းကြီးမှာတောင်…”

“အို”

“သွေး”

ကိုမျိုးရဲ့ခေါ်သံမှာ အားနာမှုတွေ…

သွေး ခေါင်းကိုမမတ်ဘဲ ယမ်းပြီးမှ-

“ရပါတယ် ကိုမျိုး…လူတွေက အမြင်နဲ့ပြောကြတာပဲ။ သွေးတို့ ကိုယ့်လိပ်ပြာကိုယ်လုံရင် ပြီးတာပဲလေ။ ဒီလို လူတွေက သူများ ဘာလုပ်သလဲ စောင့်ကြည့်ပြီး ဝေဖန်ဖို့ပဲတတ်တာ။ တကယ်တမ်း

သူတို့ကိုယ်သူတို့တောင် ဘယ်လိုလူစားလဲ ပြန်မဆန်းစစ်တတ်ကြဘူး"

သူ့စကားတွေက သွေးရဲ့ရင်ဘတ်ထဲထိတောင် နာကျင်နေရပါသည်။

ရှင် ထင်ချင်သလို ထင်လိုက်ပါ ဦးမဟူရာ။ လေပြည်သွေးက တစ်ယောက်တည်း ကျန်ရမယ်ဆို တရားမျှတမှု မရှိပါဘူးလေ။

"လူတွေကလည်း ခက်ပါတယ်ဗျာ…သမီးရည်းစားမှန်းမင်းမိတ်ဆွေမှန်းမသိနဲ့ သူတို့က ပါးစပ်က ပြောရုံပြောတာ။ တစ်ဖက်ကဘယ်လောက်သိက္ခာကျသွားမလဲ နည်းနည်းမှ မတွေးပေးတတ်ဘူးဗျာ။ တကယ်ဆို ယောကျ်ားကြီးတန်မဲ့ ဒီလို အတင်းတုတ်တာမကောင်းပါဘူးဗျာ"

ဦးမဟူရာ၌ ထိုသို့ အတင်းတုတ်တတ်သော ဝါသနာမရှိမယ့် သွေးကိုမြင်၍ စောင်းချိတ်ပြောသွားကြောင်း ကာယကံရှင်ဖြစ်သော သွေးတစ်ယောက်တည်းသာ သိလေသည်။

"ထားလိုက်ပါ ကိုမျိုး…သွေးက ကိုမျိုးကိုပဲ အားနာတာ"

"ကျွန်တော်တို့ကြားမှာ အားနာစကားတွေ မလိုပါဘူးဗျာ။ ကျွန်တော့်ကို ခင်တယ်ဆို အားနာတာတွေ၊ ကျေးဇူးတင်တာတွေ မပြောပါနဲ့လား သွေး…ဒါနဲ့ သွေး သက်သာပြီလား"

"ဟင့်အင်း"

"ကျွန်တော့်တို့ အမရပူရ မသွားဘဲ အိမ်ပြန်တော့မှထင်တယ်"

"ရပါတယ်…သွားစရာရှိတာ သွားပါ။ ခဏဆို သွေး သက်သာမှာပါ"





ကိုမျိုးက သွေးလက်ကို ထိန်းကိုင်ထားပေးပြီး-

"တစ်မျိုးမထင်ပါနဲ့နော် သွေး"

"ဟုတ်…ရပါတယ်"

မလုံမလဲနိုင်စွာ သွေး ထိုနေရာဆီသို့ မသိမသာ လှမ်းကြည့်မိ၏။

"ဘုရားရေ"

အခုကိစ္စက သူ့အတွက် နေသာသပ လေညာက မဟုတ်လား။ အခု ဘယ့်နှယ်ကြောင့် သွေးကို ဆူပုပ်တင်းမာစွာ ကြည့်နေရတာလဲ။

သူက သူ့ကောင်မလေးနဲ့ ဖြတ်သွားစဉ်က သွေး ဘာဖြစ်ခဲ့ရလို့လဲ။ သူ့ကျတော့ အဖြစ်သည်းစွာ သွေးကို ရန်လိုစွာကြည့်၏။ တတ်လည်းတတ်နိုင်ပါ ဦးမဟူရာရယ်…

## အခန်း (၃၆)

ဖေဖေက သူ့မိတ်ဆွေဆီမှ ပစ္စည်းတစ်ခု သွားယူနိုင်းသဖြင့် သွေး ဖေဖေရေးပေးလိုက်သည့် လိပ်စာအတိုင်း ထွက်ခဲ့သည်။

ဖေဖေ ညွှန်ပြလိုက်သောလမ်းမှာ အိမ်ကြီးရခိုင်တွေနှင့် အိုး အငြိမ်းစားဝန်ထမ်းတွေနေသောရပ်ကွက် ဖြစ်သည်။ ရပ်ကွက်ထဲ၌ တိတ်ဆိတ်နေသည်။

ဖေဖေပြောတဲ့အိမ်နံပါတ်ရှေ့သို့ရောက်တော့ ခြံတံခါးက ပိတ်ထားသည်။ သံတံခါးအပြာကြီးက သွေးတစ်ရပ်ထက် အထောင် မြင့်၏။ ခြံထဲက တိုက်ကလည်း ခပ်မြင့်မြင့်၊ ချောကလက်ရောင် နှစ်ထပ်တိုက် ဖြစ်သည်။ တိုက်ကြီးက အတော်ခံ့ညားသည်။





စီးညိုရောင်မှန်တွေနှင့် ကာ၍ထားသောကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရချေ။

ယခုလက်ရှိပုံစံအရ လူရှိသည့်လက္ခဏာ မတွေ့ရ။ တံခါးအားလုံးက ပိတ်ထားသည်မဟုတ်။

"တီ…တီ"

သွေး ဟွန်းကို နှစ်ချက်ဆင့်တီးလိုက်၏။ အိမ်ထဲမှ ထွက်လာသည့် လူရိပ်လူယောင်ကို မတွေ့ရချေ။

"တီ"

နောက်တစ်ခေါက် သံရှည်ဆွဲ၍ တီးလိုက်ပြီး သိပ်မကြာခင် အသားညိုညို တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက်ကို မြင်ရသည်။

ခြံတံခါးသော့ဖွင့်ပေးပြီးလျှင် သွေး ကားလေးကို ခပ်ဖြည်းဖြည်း မောင်းဝင်ရင်း…

"အိမ်ရှင်တွေရှိလား ဦးလေး"

"ဘယ်သူလို့ ပြောပေးရမလဲ ကလေးမ"

"ဟို…ကျွန်မကို ဦးသန့်ဇင်က လွှတ်လိုက်တာပါ။ သူ့သမီး လေပြည်သွေးလို့ ပြောပေးပါရှင်"

ထိုလူကြီးက အိမ်ထဲသို့ ဝင်သွား၏။ သွေးက ကားကို ပေါ်တီကိုအောက်ရပ်ပြီး စောင့်နေမိသည်။ ခဏကြာတော့ ထိုလူကြီးက ပြန်ထွက်လာပြီး-

"ဆရာက ဝင်ခဲ့ပါတဲ့"

ဘာကြီးလဲဟ။

တစ်ခါမှ ယခုလို လူမှုဆက်ဆံရေးကျဲသည့်အိမ်မျိုး မတွေ့ဖူးချေ။

ဇီးညိုရောင် အလူမီနီယံတံခါးက စေ့ထား၏။

သွေး တံခါးကို ဖွင့်၍ဝင်လိုက်၏။

လူမှုရေးမသိတတ်သူတွေနှင့် ခြားနားစွာ အိမ်ကတော့ နေချင်စဖွယ်။

ကြိမ်ကုလားထိုင်တွေနှင့် ကျွန်းပန်းပုရုပ်တွေကြောင့် ရှေးဟောင်းလက်ရာများကို ပြန်၍ မြင်ရသလိုပင် မှတ်ထင်မိသည်။

ဒါပေမယ့် သွေးကို စောင့်နေသူတစ်ဦးတစ်ယောက်မှ မရှိချေ။ အလိုမကျမှုတွေကြောင့် ယခုပင် ထပြန်ချင်စိတ် ပေါက်သွားရသော်လည်း ဖေဖေ ယူခိုင်းသည့်ပစ္စည်းက ရှိနေသေးတော့လည်း အိမ်ရှင်ကို မတွေ့တွေ့အောင် စောင့်ရမည်က သွေး တာဝန်ပင်။

အခန်းထောင့်၌ရှိသော တံခါးပေါက်ဝကနေ လှမ်းကြည့်မိတော့ လူမရှိသူမရှိသော မီးဖိုချောင်က သွေးကို စီးကြိုနေသည်။

ရှေ့ဘက်သို့ ပြန်ထွက်မည်ပြုစဉ် ဘယ်ဘက်ဘေးတံခါးက ဖွင့်လျက်...

ချိတုံချတုံ အတွေးတွေနှင့် အဖြူရောင်လိုက်ကာချထားသည့် အခန်းရှေ့သို့ ရပ်လိုက်စဉ်-

"အမလေး"

ရုတ်တရက် အထဲမှ လက်တစ်စုံက သွေးရဲ့လက်ကို စောင့်ဆွဲလိုက်သဖြင့် အရှိန်အဟုန်နှင့် အခန်းတွင်းသို့ ရောက်သွားသည်။

"အို"

သွေးတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရ၏။

"ရှင်...ရှင်"





မဟူရာကိုမြင်တော့ တစ္ဆေသရဲတစ်ကောင်လို မြင်လိုက်ရသကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားရ၏။ သူ့ကို ကြောက်လန့်စွာကြည့်ပြီး ဘာစကားမှ ရှေ့ဆက်၍ မရတော့ချေ။

သူကတော့ သွေးကို ခပ်ပြုံးပြုံးကြည့်၍ လျှောက်လာလေ၏။

သွေး အသိဝင်လာသူတစ်ယောက်လို အခန်းအပြင်ဘက်သို့ ပြန်ထွက်ပြေးဖို့ ကြိုးစား၏။

သို့သော်...

သူက သွေးရဲ့ဘေးသို့ အရှိန်နှင့်ရောက်လာပြီး သွေးကို ကျော်၍ တံခါးကို လော့ခ်ချပစ်လိုက်၏။

"ရှင် အဲဒါဘာလုပ်တာလဲ ဦးမဟူရာ...အခု တံခါးဖွင့်ပေးပါ"

သွေး သူ့ကို ဆွဲဖယ်၏။ ထုရိုက်ပြီး တွန်းပေမယ့်လည်း သူက ကိုယ်ကိုတောင့်ထားပြီး နေရာမှမရွေ့ချေ။

"ဦးမဟူရာ ခင်ဗျား ဒါ ဘာလုပ်တာလဲ"

သူက မပြောဘဲ စားပွဲဆီသို့ ပြန်လျှောက်သွားသဖြင့် သွေး သူ့ဘက်သို့ ပြန်လည်လှည့်ကြည့်မိပုံက အလောတကြီးနိုင်လှ၏။

"အို"

အခုမှ အခန်းကို သေချာကြည့်မိတော့၏။

နှစ်ယောက်အိပ် ခုတင်တစ်စုံက ပန်းနုရောင်လွှမ်းလျက်။ သွေးရဲ့မျက်နှာကလည်း ထိုအရောင်နှင့်အပြိုင်ရဲလျက်...

သူ ဘာသဘောနှင့် သွေးကို ဒီရောက်အောင် ခေါ်ခဲ့တာလဲ။ ဖေဖေ့မိတ်ဆွေဆိုတာ ဦးမဟူရာလား။

သူများလင်မယားအခန်းထဲမှာ ရောက်နေတာမို့ ဒီအခန်းရှေ့ကို စပ်စပ်စုစု ရပ်တန့်မိသည်က သွေးရဲ့အမှားပါ။ ထို့ပြင် ဒီလိုနေရည် သူနှင့်သွေး ကြာကြာရှိမနေသင့်ချေ။

“ဦးမဟူရာ…ခင်ဗျား ဘာသဘောလဲ”

တင်းမာသောမျက်နှာနှင့် သူ့ကို စူးရဲစွာ စိုက်ကြည့်ပြီး မေးသ လိုက်၏။

“ချာတိတ်”

“ကပ်မလာနဲ့နော်…အခု တံခါးဖွင့်ပေး”

“ကိုယ် မင်းကို စကားနည်းနည်းပြောချင်တယ်”

“ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး။ တံခါးပဲဖွင့်ပါ”

“မင်းဟာ အရင်အတိုင်းပါပဲလား ချာတိတ်ရယ်”

“ဟုတ်တယ်…လေပြည်သွေးတို့ကတော့ အရင်အတိုင်းပဲ။ ခင်ဗျားစိတ်နဲ့ မနှိုင်းစမ်းပါနဲ့…ရိုင်းပါတယ်”

“ဘယ်လို…ကိုယ်က ဘာတွေပြောင်းလဲလို့လဲ”

“ဒါကတော့ ကျွန်တော့်ကို လာမမေးနဲ့။ ပြောလည်းမပြောနဲ့၊ သိလည်းမသိချင်ဘူး။ ခင်ဗျားနဲ့ ကျွန်တော် ဘာမှပတ်သက်စရာမရှိ ဘူး။ အထင်လွဲတာလည်း မခံနိုင်ဘူး”

“ဘယ်သူကကော အထင်လွဲမှာမို့လဲ”

“ခင်ဗျား”

ဘာကြောင့် သူက ယခုထက်ထိ အေးတိအေးစက်နိုင်နေ တာလဲ။





သွေး သူ့ကို ဆတ်ခနဲ ကျောခိုင်းကာ တံခါးပေါက်ဆီ လျှောက် လာ၏။

“ဒိုင်း…ဒိုင်း”

တံခါးကို တဒုန်းဒုန်း တဒိုင်းဒိုင်းမြည်အောင် ဆောင့်ဖွင့်ဖို့ ကြိုးစားပေမယ့် အချည်းနှီး။

“သွေး”

“ဟင့်အင်း…ခင်ဗျား ကျွန်တော့်နားမကပ်နဲ့နော်”

“ကိုယ် တောင်းပန်ပါတယ်။ ကိုယ်တို့ အရင်လို…”

“လွှတ်…ကျွန်တော့်လက်ကိုလွှတ်”

သူက သွေးလက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်၍ စူးစိုက် ငုံ့မိုးကြည့်၏။

သွေးရင်ဘတ်ထဲမှ တထိတ်ထိတ် ခုန်လာရ၏။

သွေး…နင် မရူးစမ်းနဲ့၊ သူဟာ အခု ငါနဲ့ အဝေးဆုံးမှာ။ သူဟာ နင် ဘယ်လိုမှ စိတ်ကူးမယဉ်သင့်တဲ့လူ။

“လွှတ်”

“သွေးရယ်”

သူက သွေးကို ခပ်တင်းတင်းဖက်၍ သွေးရဲ့ပါးပြင်ကို နမ်းရှိုက် သောအခါ သွေး ခါးသီးစွာ အတင်းအကျပ် ရုန်းထွက်သော်လည်း အချည်းနှီး။

“ဦးမဟူရာ”

“ဘာမှမပြောနဲ့…ကိုယ် မကြားချင်ဘူး”

“ဟင့်အင်း…မရဘူး…မပြောလို့မရဘူး”

သွေး တိမ်တွေကြားမှာ လွင့်မျောနေသလို တလှိုက်လှိုက် ရင်ခုန်ခဲ့ပါတာကသက်သက်၊ ဒါက လုံးဝ မဖြစ်သင့်ဘူးဆိုသောအတွေးနှင့် အရှုံးမပေးတတ်သော မျက်ရည်တွေက စိတ်ခံစားချက်နှင့် ဆန့်ကျင်စွာ တိုးထွက်စီးဆင်းလာခဲ့၏။

“ခင်ဗျား ကျွန်တော့်ဘဝကို ဖျက်ဆီးဖို့ တမင်ကြံစည်တာလား”

“သွေး”

“ခင်ဗျားကို မုန်းတယ်။ ကျွန်တော့်ကို အညှာလွယ်တဲ့မိန်းမတစ်ယောက်လို့ ခင်ဗျား ထင်မနေနဲ့။ ခင်ဗျားမှာ လက်ထပ်ရမယ့်ချစ်သူရှိနေရက်သားနဲ့…ဘာလဲ…ခင်ဗျားအစ်ကိုအတွက် ကလဲ့စားချေချင်တာလား”

“မင်း”

“ဟင့်အင်း…မထိနဲ့”

“ကိုယ်”

“ဖြန်း…ဖြန်း”

သူ့လက်က လွတ်သည်နှင့် လက်ကလည်း အလိုအလျောက်လှုပ်ရှားမိ၏။ သူကတော့ မမျှော်လင့်ထားတာမို့ ယိုင်ခနဲ ဖြစ်သွား၏။

သွေး လှည့်ထွက်လိုက်ပေမယ့် သူက သတိမလစ်ဘဲ သွေးရဲ့လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်တော့ ပန်းနုရောင်ခုတင်ခြေရင်းပေါ်ထက် လဲကျသွား၏။

သွေး လူးလဲထပေမယ့် သူက သွေးအနီးသို့ ရောက်လာ၏။ သွေး ရိုက်လိုက်၍လား။ ဒါမှမဟုတ် ဒေါသကြောင့်လားမသိ သူ့





မျက်နှာက နီရဲနေသည်။

“ဦးမဟူရာ…ခင်ဗျား တရားလွန်နေပြီနော်”

သွေး အော်ဟစ်ပစ်လိုက်သည်။

“ကိုယ့်ကို မင်း ဘယ်ပုံစံနဲ့ အထင်သေးလိုက်တာလဲ။ မင်းက လွဲရင်…”

“မပြောနဲ့…မကြားချင်ဘူး”

သူက သွေးကို မတ်တတ်ပြန်မထနိုင်အောင် ပခုံးကို လက်နှင့်ဖိထား၍ ပြော၏။ သွေး မျက်နှာလွှဲကာ အော်ပြောမိတော့-

“မပြောလို့မရဘူး သွေး…ကိုယ် မင်းကို ဟိုကတည်းက ချစ်တာ။ ခုထက်ထိလည်း ချစ်တယ်”

“ယုံလောက်အောင် ပြောစမ်းပါ။ ခင်ဗျားရဲ့ သတင်းတွေက တိုင်းသိပြည်သိပါ။ လေပြည်သွေးက ခပ်ညံ့ညံ့ မဟုတ်ဘူး”

“ချာတိတ်”

“ခင်ဗျား ကျွန်တော့်ကို အော်စရာမလိုဘူး”

“အခု မင်းက ကိုယ့်လက်ထဲမှာနော်…တစ်ခုခုဖြစ်သွားရင်”

“အခု အဲဒီလိုဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ခင်ဗျား ဒီနေရာကို ကျွန်တော်ရောက်အောင် ခေါ်တာပဲမဟုတ်လား”

“အဲဒီလောက်ထိ အခွင့်အတန်းနိမ့်ရအောင် ငါက မသန်မစွမ်းတဲ့သူမို့လား”

“လွှတ်စမ်း…အဲဒါဆို လွှတ်ပါလား။ ခင်ဗျားအတွက် မိန်းမရှားမှန်းသိပါတယ်။ ကြော်ငြာစရာ မလိုပါဘူး။ ကျွန်တော့်ကို ခင်ဗျား ဒီလိုသာ လိမ်ခေါ်မှန်းသိရင်…ခင်ဗျားတို့ညီအစ်ကိုတွေက ဘယ်တော့

မှ ကျွန်တော်တို့သားအဖကို ကောင်းကျိုးမပေးခဲ့ဘူး။ ခင်ဗျားအစ်ကိုကြောင့် ကျွန်တော့်အဖေ တစ်သက်လုံး အထီးကျန်ခဲ့ရတယ်။ ကျွန်တော်ကလည်း ခင်ဗျားကြောင့် ခံစားခဲ့ရတယ်။ ခင်ဗျားကို မုန်းတယ်"

"ချာတိတ်"

"မခေါ်နဲ့...မကြားချင်ဘူး။ ဇော်ကားပစ်လိုက်စမ်းပါ။ ခင်ဗျား ထင်သလို မထူးစိတ်ပိုက်ပြီး လက်ထပ်မယ့်မိန်းကလေးထဲမှာ လေပြည်သွေး မပါဘူး"

"တော်တော့"

"ကလင်...ကလင်"

"လာခဲ့...အဲဒါ မင်းအဖေဆက်တာ"

သူက နီရဲခက်ထန် ကြမ်းတမ်းစွာ သွေးရဲ့လက်ကို ဆောင့်ဆွဲ၍ ဖုန်းစင်အနီးခေါ်လာကာ-

"ကိုင်လိုက်"





# အခန်း (၃၇)

"သမီး"

"ဖေဖေ"

"မောင်မဟူရာနဲ့ တွေ့ပြီးပြီမဟုတ်လား သမီး"

"တွေ့တယ် ဖေဖေ...သမီးတို့နဲ့ သူတို့က ပတ်သက်ရဖို့ အကြောင်းတရားတွေ မရှိတော့ဘူးလေ ဖေဖေ...အခု ဖေဖေက ဘယ်လိုတွေစီစဉ်လို့၊ ဒါမှမဟုတ် သူတို့က ဘယ်လိုလိမ်ညာပြောလို့ သွေးကို ဒီကို လွှတ်ရတာလဲ"

"အားလုံးကို ဖေဖေသိတယ် သမီး"

"ရှင်"

ဖေဖေ့စကားတွေကြောင့် သွေး အံ့သြသွားရ၏။ ဖေဖေက ဦးမဟူရာတို့နှင့်ပတ်သက်၍ ဘာကိုသိတာလဲ။

"သမီး ဒုက္ခရောက်ရမယ့်ကိစ္စကို ဖေဖေက ဖန်တီးပါ့မလား ကွဲ့။ သမီး မန္တလေးကို ပြန်ရောက်ကတည်းက နေလင်းနောင်တို့ ညီအစ်ကိုနှစ်ယောက် ဖေဖေ့ဆီ ဆက်သွယ်လာတယ်။ မန္တလေးလည်း လာတယ်။ တကယ်တမ်းပြောရရင် ဖေဖေတို့လူကြီးတွေရဲ့ပြဿနာမှာ နေလင်းနောင်ကြောင့် ဖြစ်ရတာမှမဟုတ်တာ။ ပွင့်နဲ့ ချစ်သူတွေ ဖြစ်ခဲ့တာမှန်ပေမယ့် ပွင့်ကသာ ဖေဖေ့ကို တစ်ဖွတ်ထိုး မုန်းနေခဲ့တာလေ"

သွေး မသိသေးသော အကြောင်းအရာတွေမို့ ငြိမ်ပြီး နားထောင်နေမိသည်။

"မဟူရာတို့ ရောက်လာပြီး သမီးကို လက်ထပ်ပါရစေလို့ ဖေဖေ့ကို ခွင့်တောင်းခဲ့တယ်။ အစက ဖေဖေ သဘောမတူခဲ့ဘူး။ သူတို့နဲ့လည်း မပတ်သက်စေချင်ဘူး။ တကယ်တမ်း ပတ်သက်လာရင်လည်း ဖေဖေ ဘာမှမတတ်နိုင်ဘူးဆိုတော့ ဖေဖေ ပရိယာယ်တစ်ခု လုပ်ခဲ့မိတယ်။ အဲဒါက နောက် (၅)နှစ်နေမှ လာတောင်း။ ဒီကြားထဲမှာ သမီးနဲ့ ဆက်လည်းမဆက်သွယ်ရဘူး။ အတွေ့မခံရဘူးဆိုပြီးလေ"

ဖေဖေက မောသွားသလို ခဏရပ်သွား၏။

သွေး သူ့ကိုလှည့်ကြည့်တော့ သူက ပြတင်းပေါက်ဘက်သို့ မျက်နှာမူပြီး သွေးကို ကျောပေးထား၏။

"ကတိအတိုင်း သူတို့ မဆက်သွယ်လာခဲ့ဘူး။ ပြီးခဲ့တဲ့လက (၅)နှစ်ပြည့်တဲ့အခါ သူတို့ ဆက်သွယ်လာတယ်။ ဒီတော့ ဖေဖေက





လည်း ယောကျ်ားကတိတည်ရတော့မယ်မဟုတ်လား။ ဒါကြောင့် မောင်မျိုးနိုင်နဲ့ပတ်သက်ပြီး 'သမီးကို အတင်းတိုက်တွန်းတာ မလုပ်တော့တာလေ။ နောက်…ဒီတိုင်းကြီး သူ့လက်ထဲထည့်ဖို့ မဖြစ်နိုင်လို့ ဖေဖေ သူ့အကြောင်းတွေ စုံစမ်းဖြစ်သေးတယ်။ ဘာသတင်းဆိုးမှ မကြားရတော့ ဖေဖေက လာတောင်းဖို့ပြောခဲ့တယ်"

"ဖေဖေ သဘောတူပေမယ့် သွေး သဘောမတူဘူး"

သူက သွေးကို ဆတ်ခနဲ လှည့်ကြည့်ကာ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လာ၏။ သွေးနားရောက်တော့-

"မရဘူးနော်…မင်း"

"ဘာလို့သဘောမတူရတာလဲ။ မောင်မျိုးနိုင်ကိုပဲ လက်ထပ်မယ်ဆိုပြီး သမီးရဲ့နှလုံးသားကို လိမ်ချင်လို့လား။ ကိုယ့်ခံစားချက်ကို မညာချင်ပါနဲ့။ သမီး မဟူရာကို မပြတ်နိုင်ဘူးဆိုတာ ဖေဖေ သိတယ်။ အခု တမင် သူ့ဆီ သမီးကို သွားတွေ့ခိုင်းတာ"

"အဲဒါကိုက အဓိပ္ပါယ်မရှိတာပဲ ဖေဖေ"

"တကယ်အဓိပ္ပါယ်မရှိတာကို လုပ်နေတာက သမီးပဲ။ ဒီမှာ ကိုနေလင်းနဲ့ဖေဖေတို့ သမီးတို့ရဲ့ မင်္ဂလာပွဲအတွက် တိုင်ပင်နေတယ်"

"မဖြစ်နိုင်ဘူး ဖေဖေ…သူက ဖေဖေထင်သလို မဟုတ်ဘူး။ သူတို့က မရိုးမသားလုပ်နေကြတာ။ သူ့မှာ စေ့စပ်ထားတဲ့သူရှိတာဦး‥မပြောဘူးလား။ သူတို့တွေရဲ့ အလိမ်အညာစကားတွေကို ဖေဖေ မှိုင်းမမိပါနဲ့"

သွေး အလျင်စလို ပြောလိုက်မိ၏။ ဖေဖေက လူကြီးတစ်ယောက်မို့ အစစအရာရာ မသိနိုင်ပေမယ့် သွေးကတော့ သူနှင့်ကြယ်စင်ချို့ရဲ့

အကြောင်း ကောင်းကောင်းသိနေခဲ့ပြီ။

"ချာတိတ်"

သွေးရဲ့စကားကြောင့် သူ့မျက်နှာ နီရဲသွားပြီး ပခုံးကို လှမ်းဆုပ်ကိုင်၏။ သွေးက သူ့လက်ကို ပုတ်ထုတ်ပြီး ရှောင်ပစ်လိုက်၏။

"ကြယ်စင်ချို့နဲ့ကိစ္စလား"

"ဖေဖေ သိရက်သားနဲ့"

"ဖေဖေ သိလို့ လက်ခံတာပေါ့။ အဲဒီကလေးမက သူ့နဲ့ ဆွေမျိုးတော်တယ်။ အဲဒီအတွက် ဘာမှစိတ်မပူနဲ့"

"ဖေဖေ သွေး လက်မခံဘူး"

"..................."

"ဟယ်လို…ဟယ်လို"

ဖေဖေက ဖုန်းချသွား၏။ သွေး ကျဆင်းနေသည့်မျက်ရည်တွေကို ဖြစ်သလိုသုတ်ပြီး သူ့ကို တွန်းတိုက်ကာ ထွက်သွားဖို့ပြင်တော့-

"ချာတိတ်"

"ဟင့်အင်း…သွေး…သွေး ပြန်မယ်"

"ကိုယ့်ကို ခွင့်မလွှတ်ဘူးလား"

သူက သွေးကို ခပ်တင်းတင်းဖက်ပြီး မေးသည်။ သွေး မဖြေဘဲ ရုန်းဖယ်မိတော့ သူ့မျက်နှာက တင်းသွား၏။

"ကိုယ် လုံးဝသည်းမခံနိုင်တော့ဘူး"

"အံမာ…သည်းမခံနိုင်တော့ ခင်ဗျားက ဘာလုပ်ချင်တာလဲ"

"မင်းကို ကိုယ် ချစ်ချင်တယ်"

"ဘာ"





ရေနွေးနှင့် ဖျန်းပက်ခံရသလို မျက်နှာက နီရဲထူပူသွား၏။

"ခင်ဗျားနော်"

"ရှက်တာဆို လက်ခံပေးနိုင်မယ်နော်။ ဆိုးတာဆို ခွင့်မလွှတ်ဘူး"

"ခင်ဗျားက ငါပိုင်တယ်ဆိုပြီးတော့"

"မဟုတ်ဘူး"

သူ့ရဲ့ ပိုင်စိုးပိုင်နင်းဆန်သောစကားများကို သည်းမခံနိုင်ဘဲ သွေး အေးစက်စက်ပြောလိုက်တော့ သူက ဖျာဖျာသလဲနှင့်-

"နားလည်မှုက လွဲပြန်ပြီ"

"ဘာလွဲလို့လဲ"

"ပိုင်စိုးပိုင်နင်း ဆန်ချင်ရင်တော့ မင်းကို ကျောင်းမှာ တွေ့ကတည်းက ကိုယ် ဆွဲခေါ်ပြီး ဒါ ကျွန်တော့်ချစ်သူ၊ ကျွန်တော်နဲ့ လက်ထပ်မယ့် သတိုးသမီးလောင်းလို့ ကြော်ငြာပစ်ချင်တာ"

ခပ်ချွဲချွဲစကားသံကို ပြန်ကြားယောင်မိတော့-

"အဝိုတွေ ပြောမနေပါနဲ့။ အဲဒီတုန်းက ခင်ဗျားရဲ့အာရုံတွေ ကျွန်တော့်အပေါ်မှာ မရှိဘူးဆိုတာ ကျွန်တော် သိတယ်"

"ကြယ်စင်က ကိုယ့်ညီမဝမ်းကွဲပါ ချာတိတ်ရယ်…မင်းက လွဲရင် မျက်စိထဲမှာ ဘယ်သူ့ကိုမှ မမြင်ဘူး…မင်းသာ"

"ဘာ…မင်းသာလဲ…လေပြည်သွေးတို့က ဒီနေ့ထိ ဘယ်သူ့ကိုမှ လက်ပွန်းတတီး မနေခဲ့ဘူး…နားလည်လား"

"ဟာ…စွာလိုက်တာ"

"အား"

သူက သွေးရဲ့နဖူးကို သူ့နဖူးနှင့် လာတိုက်သဖြင့် ခေါင်းတောင်မူးနောက်သလိုဖြစ်သွားကာ အတော်နာသွား၏။

သူပဲနာအောင်လုပ်သေးပြီးတော့ သွေးရဲ့အော်သံကြားတော့ နဖူးကို လက်နှင့်ပွတ်ကာ ဦး္ဖ…ဦး္ဖ လုပ်နေသေးသည်။

သွေး မျက်စောင်းထိုးတော့-

"ဒါက လုပ်ငန်းသဘောအရလေ…သူကလည်း အဲဒီတုန်းက ကြော်ငြာရိုက်ခါစဆို သူစိမ်းနဲ့ဆို သရုပ်မဆောင်ချင်ဘူးဆို ကိုယ်ဝင်တာ။ ကိုယ့်ဘဝမှာ ပထမဆုံး နမ်းဖူးတဲ့ ပါးပြင်က မင်းပဲ၊ မင်းကိုပဲ.."

"ခင်ဗျားနော်…ဆက်မပြောနဲ့တော့"

"ဆက်မပြောလို့တော့ မရသေးဘူး။ ကိုယ့်မှာ ပြောစရာတွေ အများကြီးရှိသေးတယ်။ မင်းက ဘာလို့ ဟိုကောင့်ပခုံးပေါ်မှာ ခေါင်းနဲ့ တင်ရတာလဲ"

"ကိုမျိုးကို ဟိုကောင်လို့ မပြောပါနဲ့"

"မပြောနဲ့…အဲဒီကောင် ဘာကောင်လဲ။ ငါ မသိချင်ဘူး။ အဲဒီတုန်းက ဘယ်လောက်ပူလောင်နေရတယ်ထင်လဲ။ မင်းလက်ကို ဆွဲပြီး ရိုက်ပစ်ချင်တာ"

"ဘာ… ခင်ဗျားကများ ကျွန်တော့်ကို ရိုက်ပစ်ချင်တယ် ဟုတ်လား။ ခင်ဗျားက စုံတွဲနဲ့၊ ကျွန်တော်က တစ်ယောက်တည်းဆိုရင် ခင်ဗျားက နိုင်မှာပေါ့"

"မင်းက ကိုယ့်ကိုနိုင်ချင်တာလား။ နိုင်ပါ သွေးရယ်… ကိုယ် မင်းကို ထာဝရအနိုင်ပေးထားတာပါ။ မင်းကလွဲရင် ဘယ်သူ့ကိုမှ





ကိုယ် စိတ်မဝင်စားဘူး။ မင်းကို ချစ်တယ်"

"ကျွန်တော်ကတော့ မချစ်ဘူး"

"ကိုယ် မယုံပါဘူး။ မင်း ကိုယ့်ကို ကိုကြီးလို့လည်း မခေါ်သေးဘူးနော်။ ဘာလဲ…ခုထက်ထိ စိတ်ဆိုးမပြေသေးတာလား"

"မခေါ်ချင်ပါဘူး"

အသံကမူ နွဲ့သွားသည်ဟု ထင်မိ၏။ သူက သွေးရဲ့ဆံစတွေ အသာသပ်တင်ပေးပြီး-

"ချာတိတ် မင်း အရမ်းလှလာတယ်။ ကိုယ် လုံးဝ စိတ်မချတော့ဘူး။ ကိုကြီးတို့ လက်ထပ်ရအောင်"

သွေး သူ့ရင်ခွင်ထဲမှာ ခေါင်းငုံ့ရှန်းဖယ်မိ၏။ သူက ပို၍ တင်းအောင်ဖက်ပြီး-

"မင်းကို အရမ်းလွမ်းတယ် ချာတိတ်ရယ်…မင်းကော ကိုယ့်ကို"

"တော်စမ်းပါဗျာ…ငါးနှစ်လုံးလုံး နေနိုင်ခဲ့ပြီးမှ"

"ဒါကလည်း ကိုယ့်ကတိနဲ့ကိုယ်မို့ပါ သွေးရယ်…ဒါပေမဲ့ မင်းရဲ့သတင်းတွေ ကိုယ် အမြဲတမ်း စုံစမ်းနေပါတယ်"

"ကိုကြီး ရက်စက်တယ်"

ပြေငြိမ်းခါမှ ငိုချင်တာက ဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား မသိ။ ပိုးပိုးပေါက်ပေါက် မျက်ရည်တွေကျကာ သူ့ကို ထုမိတော့…

"ဟာ…ဘာလို့အနိုင်ကျင့်တာလဲ"

"မသိဘူး…သူ နေနိုင်တိုင်း…မုန်းတယ်"

"ချစ်လား"

"ဟင့်အင်း"

"မစနဲ့ကွာ…အမုန်းဆို ကြားကိုမကြားချင်တော့တာ… အတိတ်တုန်းက လူကြီးတွေရဲ့ အငြိုးအာဃာတတွေနဲ့ပတ်သက်ပြီး ကိုယ်တို့ သင်ခန်းစာကောင်းကောင်းရသင့်ပြီ။ အဓိကက ကိုယ်တို့တွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းတွေနဲ့ နားလည်မှုရှိဖို့ပဲ"

"သွေး နားလည်ပါတယ် ကိုကြီးရယ်…သွေးလည်းလေ အဲဒီလိုဖြစ်လာမှာ အရမ်းကြောက်တယ်။ မေမေ့လိုလည်း အငြိုးမကြီးချင်ဘူး။ ဖေဖေ့လိုလည်း တဇွတ်ထိုး မဆန်ချင်ဘူး။ မချစ်လို့စွန့်သွားမှတော့ ဘယ်တတ်နိုင်မလဲနော်။ ကံကိုသာ အပြစ်ဖို့ရတော့မှာပဲလေ"

"စိတ်ချပါ ချာတိတ်ရယ်…ကိုယ် ဒီလောက်နှစ်များစွာ စောင့်လာခဲ့တဲ့ချစ်သူကို စွန့်ဖို့ဆိုတာကလည်း တော်ရုံမလွယ်တဲ့ကိစ္စပါ"

"ကိုကြီးရယ်"

သွေးကို ကိုကြီးက ညင်သာစွာ ထွေးဖက်ပြီး သွေးကတော့ ကိုကြီးရဲ့ရင်ခွင်ထဲမှာ မျက်နှာအပ်ကာ…

"ကိုကြီးကို အရမ်းချစ်တယ်"

ဟု စိတ်ထဲမှာ ပြောမိလေ၏။

လှိုင်းကြာဖြူ (လားရှိုး)

ရွှေပဒေသာစာပေ

၂၀၁၅ နိုဝင်ဘာလတွင်
ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်
ကြယ်တွေကြွေတဲ့ည
ကြယ်စင်မှူးဝေ
မာယာအသချော်
မိုးစက်ပွင့်
ပိတောက်နီမှ မုန်းမယ်ဆို
အလင်းသစ်
သူငြိုးလေသမျှ
လှိုင်းကြာဖြူ (လားရှိုး)
ကြေကွဲနေ့ရက် အဆုံးသတ်